www.burmeseclassic.com

# ဗိုးကျော့

ဂမ္ဘီရဤပင်လယ်

# ဝေယံလင်းခေါင်

ဂမ္ဘီရမဟာဂနိုင်

BURMESE CLASSIC .com



D...ing
Nanda Hlaing

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဂမ္ဘီရ ကျပင်လယ်

## ဗိုးကျော်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၄၇၈၀၉၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၇၅၁၁၂၀၈

စီစဉ်သူ
ဒေါ်ကြူကြူဝင်း (ရွှေအိမ်သူစာပေ)

ထုတ်ဝေခြင်း
ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဇွန်လ အုပ်ရေ ၅၀၀။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)၊ ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့။

ပုံနှိပ်သူ
ဦးမျိုးမြင့် (ပွင့်သစ်ရောင်စုံပုံနှိပ်တိုက်)
အမှတ် ၁၀၉၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖလင်
ကိုဦး၊ ရဲကျော်၊ ၄၂(၈ A)၊ မဟာဗန္ဓုလလမ်း၊ ကျိုက်တော်ရပ်။

စာအုပ်ချုပ်
ဝင်းပပ၊ ၁၉၅၊ အိုဒင် (ဗိုလ်တထောင်စျေးလမ်း)

ဖြန့်ချိရေး
ရမ္မာဝတီစာပေတိုက်
အမှတ် ၂၊ စံပါယ် ၂ လမ်း၊ ၃ ရပ်ကွက်၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

တန်ဖိုး
၁၄၀၀

"စာရေးဆရာ(ဖိုးကျော့)၏ ထုတ်ဝေပြီးသော စာအုပ်များ"

၁။ မြေဆီမဲမဲ သွေးရဲရဲ (ပ၊ ဒု) ကြိမ်
၂။ အောင်ပွဲသို့ ချီရာဝယ် အမျိုးသားစာပေဆုရစာအုပ် (ပ၊ ဒု၊ တ) ကြိမ်
၃။ လွန်လေပြီးသောအခါ (ပ၊ ဒု) ကြိမ်
၄။ ချစ်ငြိုးရစ်ချည် + ငြိုးမာန်လျှော့ဖြေ
၅။ ဝမ်းရေးထက်ပင် ခက်ပါသည် (ပ၊ ဒု) ကြိမ်
၆။ နန်းရပ်ထီးဖြူ လူယူမယ်မြင်သည်
၇။ အမှောင်လမ်းက သူတို့အပြန်
၈။ ဆင်လုပ်သား (ပ၊ ဒု) ကြိမ်
၉။ မျှော်ရသူတို့ ဗျာပါဝေ (ပ၊ ဒု) ကြိမ်
၁၀။ ပြန်မပြောချင်ဘူး
၁၁။ ဟူးကောင်းတောင်ကြား (ပ၊ ဒု) ကြိမ်
၁၂။ အလွမ်းကန္တာ တောကန္တာ (ပ၊ ဒု) ကြိမ်
၁၃။ ဆင်မိုးလုံးနှင့် နောက်ဆုံးအဖြေ (ပ၊ ဒု) ကြိမ်
၁၄။ သမုဒယ ဤပင်လယ် (ပ၊ ဒု) ကြိမ်
၁၅။ ဆောင်ရက်ရှည်တဲ့ နွေဒေသ (ပ၊ ဒု) ကြိမ်
၁၆။ အင်တွဲပွဲလျှက် အရှာထွက် (စာပေဗိမာန်ဝတ္ထုရှည်ဆုရစာအုပ်) (ပ၊ ဒု) ကြိမ်
၁၇။ သေရွာပြန်တို့၏ အဏ္ဏဝါခရီး(စာပေဗိမာန်ဝတ္ထုရှည်ဆုရစာအုပ်) (ပ၊ ဒု) ကြိမ်
၁၈။ ကမ္ဘဇိန္ဒီ (စာပေဗိမာန်ဝတ္ထုရှည်ဆုရစာအုပ်) (ပ၊ ဒု) ကြိမ်

www.burmeseclassic.com

www.burmeseclassic.com

၁၉။ မြန်မာ့မုဆိုး (စာပေဗိမာန်ဝတ္ထုရှည်ဆုရစာအုပ်) (ပ၊ ဒု) ကြိမ်

၂၀။ ရာဇဌာဏီ (စာပေဗိမာန်ဝတ္ထုရှည်ဆုရစာအုပ်) (ပ၊ ဒု) ကြိမ်

၂၁။ ပင်လယ်ကျား အဏ္ဏဝါမီးစုန်းများနှင့် အခြားဝတ္ထုတိုများ

၂၂။ ဆင်သချိုင်း ရှာပုံတော်နှင့် အခြားဝတ္ထုတိုများ

၂၃။ ဆင်သေကုန်းနှင့် အခြားဝတ္ထုတိုများ

၂၄။ မြန်မာပြည် မြောက်ဖျားမှ နဂါးမီးတောက်နှင့် ထူးဆန်းအံ့ဖွယ် မုဆိုးဘဝ ဖြစ်ရပ်မှန်များ

၂၅။ လူဆိုးကြီးတစ်ယောက်၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ (သို့မဟုတ်) အတောင်မကျိုးမချင်း ပျံသန်းခဲ့သော ပျံလွှား

၂၆။ လမိုင်းတိုက်ကျား (ရှားပါး မုဆိုးဝတ္ထုတိုများ)

၂၇။ လောဘမြစ်ပင်လယ်နှင့် ဂမ္ဘီရရွှေအိုးကြီး (ပ၊ ဒု) ကြိမ်

၂၈။ ကောတူန္တရာဇ် (သို့မဟုတ်) ရေအောက်မြို့တော်

၂၉။ မီးလောင်မြေနှင့် အခြားဝတ္ထုတိုများ

၃၀။ လွင့်မျောနေသော ဖြပ်စင်များနှင့် အခြားဝတ္ထုတိုများ

၃၁။ ကန္တာရမုဆိုးနှင့် ဂမ္ဘီရမြို့တော်

၃၂။ မိုးကောင်းကင်၏ အချစ်အလွမ်းနှင့် အခြားဝတ္ထုတိုများ

၃၃။ လူသားစား မိချောင်းနှင့် မုဆိုးတိုက်ပွဲ

၃၄။ ခပ်သိမ်းသော မြစ်တို့ကဲ့သို့ (ပ၊ ဒု) ကြိမ်

၃၅။ ပုလဲနက် ဝက်ပါ

၃၆။ နတ်စောင့်များနှင့် သားရဲတို့ရွာ (ပ၊ ဒု) ကြိမ်

၃၇။ မာယာမင်းသမီး

၃၈။ သံသရာဆုံးမည့်နေ့နှင့် အခြားဝတ္ထုများ

၃၉။ ကျွန်တော်တို့လူ

၄၀။ ရေခဲပြင်ပေါ်က တောင်နဂါးကြီးနှင့် ရှားပါးမုဆိုးဝတ္ထုတိုများ

၄၁။ ဟိမဝန္တာကလာသူ

၄၂။ အလွမ်းနှင့်သာ နေတော့မည် (ပ၊ ဒု) ကြိမ်

၄၃။ ကေရာဇ်တို့၏ တောတွင်းတိုက်ပွဲ

၄၄။ မဟာလီဒို

၄၅။ မမြင်သာသော ကြမ္မာရိုင်းနှင့် အခြားဝတ္ထုတိုများ

၄၆။ သံချပ်ဝတ် နယ်စားကြီး

၄၇။ ကျားနာမျက်ကန်းနှင့် အဏ္ဏဝါမုဆိုး (စာရေးဆရာသန်းဆွေသစ် နှင့် တွဲလျက်)

၄၈။ ဟူးကောင်းကျား

၄၉။ လက်မဲကြီးနှင့် ရွှေကိုကိုင်

၅၀။ မြေတူမြင့်မိုရ် (ပ၊ ဒု) ကြိမ်

၅၁။ ကျားဘီလူးနှင့် ကောကြီးဝက်ပါ

၅၂။ ရမ္မာဝတီကမ်းခြေ
( ယခုထွက်သည့် စာအုပ် )

၅၃။ ဂမ္ဘီရ ဤပင်လယ်နှင့် ဂမ္ဘီရ မဟာဂနိုင် (စာရေးဆရာ - ငွေယံလင်းခေါင်နှင့် တွဲလျက်)

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဉာဏ်ပင်လယ်

တောင်ပေါ်နေ တိုင်းရင်းသားများသည် ရိုးမတောင်ကြီးပေါ် တောမီးကြီးလောင်သောနှစ် သူတို့ရွာပေါ် မီးကျွမ်းပြာများ ထူးထူးကဲကဲ ကျတတ်သောနှစ်တွေနှင့် ပတ်သက်၍ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကို သက်ကြီးစကားသက်ငယ်ကြား ပြောဆိုမှတ်တမ်းထားခဲ့ကြသလို ကျွန်တော်တို့ပင်လယ်ကမ်းရိုးတန်းနေ ကမ်းရိုးတန်းသား ရခိုင်များကလည်း၊ မုန်တိုင်းနှင့်ပတ်သက်၍ ထူးဆန်းအံ့ဩဖွယ်ရာ ဖြစ်ရပ်များကို သက်ကြီးစကား သက်ငယ်ကြား၍ မှတ်တမ်းထား အစဉ်အဆက် ပြောကြားလာခဲ့ကြသည်သာ။

ကျွန်တော်တို့ ရခိုင်ကမ်းရိုးတန်းသားများ၏ မုန်တိုင်းမှတ်တမ်းကိုပြန်ကြည့်လျှင် နှစ်ပေါင်း ၁၀၀ အတွင်းမှာ မုန်တိုင်းကြီး(၁၂)ကြိမ် တိုက်ခတ်သွားသည်ကို တွေ့ရမည်။

ဤသည်မှာ တစ်နာရီလျှင် မိုင်လေးငါးဆယ် တိုက်သွားသော မုန်တိုင်းငယ်လေးများ မပါသေး။ တစ်နာရီလျှင် မိုင်လေးငါးဆယ်တိုက်သော မုန်တိုင်းလေးလောက်ကို ရခိုင်သူ ရခိုင်သားတို့က မုန်တိုင်းဟု မယူဆကြ။ မိုးဦးကျလေဦးကျ မိုးနှောင်းကာလတို့တွင် တိုက်ရိုးတိုက်စဉ် ဖြစ်ရိုးဖြစ်စဉ် လေပြင်းလေကြမ်းကျ

www.burmeseclassic.com



ခြင်းဟုလောက်သာ သဘောထားခဲ့ကြသည်။

ကျွန်တော်တို့ ဟစ်သက်တွင် ၁၉၆၇-ခုနှစ်က တိုက်ခတ်သွားသော မုန်တိုင်းကြီးမှာ အကြီးကျယ်ဆုံးနှင့် အဆိုးရွားဆုံး မုန်တိုင်းကြီးဖြစ်သည်။ လူနှင့် ကျွဲနွားတိရစ္ဆာန် ထောင်ချီ၍ သေကြေပျက်စီးခဲ့ကြသည်။ ငါးမန်းရဲကျွန်း တစ်ကျွန်းလုံးကို လှိုင်းရိုက်ဖုံးလွှမ်းသွားခဲ့သည်။ ကျွန်း၌ ရှိရှိသမျှ ရွာများအားလုံး အကုန်ပျက်စီးကုန်သည်။

ပင်လယ်မှ အသံနက်ကြီးများနှင့် ပြေးတက်လာကြသော လှိုင်းလုံးကြီးများသည် လူနှင့်တကွ ကျွဲနွားတိရစ္ဆာန် များကို စိစိညက်ညက်ကြေအောင် ချေမှုန်းရိုက်သတ်သွားသည်။ ထိုလှိုင်းလုံးကြီးများ ပင်လယ်ထဲသို့ပြန်အသွားတွင် သက်ရှိသက်မဲ့အရာဝတ္ထုအားလုံးကို ပင်လယ်ထဲသို့ ဆွဲယူသွားသည်။ တစ်ကျွန်းလုံးမှာ ပြောင်သလင်းခါ၍ ကျန်ရစ်ခဲ့သည်။

ထိုရခိုင်လေဘေးကြီးအတွက် နိုင်ငံတကာကပင် အကူအညီပေးခဲ့ကြရသည်။ ဤသည်မှာ ကျွန်တော်တို့တစ်သက်၌ ကြုံတွေ့ခဲ့ရသော မုန်တိုင်းကြီးများတွင် အဆိုးရွားဆုံးနှင့် ကြောက်ရွံ့မနစ်သက်လိုဖွယ်ရာ အကောင်းဆုံးသော သဘာဝ ဘေးအန္တရာယ် မုန်တိုင်းဆိုးကြီးဖြစ်သည်။

နောက်မုန်တိုင်းနှင့် ပတ်သက်နေသော လှို့ဝှက်ဆန်းကြယ် ဂမ္ဘီရပင်လယ်ကြီး၏ ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်စဉ်တစ်ခုမှာမူ. . . . . . .။

* * * * *



ရခိုင်ကမ်းရိုးတန်း၏ အနောက်ဘက်ရှိ ဘင်္ဂလားပင်လယ်အော်ထဲတွင် ကျွန်းကြီးကျွန်းငယ်ပေါင်းများစွာရှိသည်။ ထိုကျွန်းများထဲတွင် ခမောက်ကျွန်းမှာလည်း တစ်ကျွန်းအပါအဝင်ဖြစ်သည်။ ခမောက်ကျွန်း၏ အရှေ့ဘက်တွင် ကျွန်းစုများနှင့် ရခိုင်ကမ်းရိုးတန်းတို့ တည်ရှိသည်။ အနောက်ဘက်၌မူ မည်သည့်ကျွန်းမှ မရှိတော့ဘဲ သန္တာကျောက်တန်းကြီးများနှင့် ကမ်းမမြင်လမ်းမမြင် ဘင်္ဂလားပင်လယ်သမုဒ္ဒရာကြီးသာ ရှိတော့သည်။ ကျွန်းအနောက်ဘက်ရှိ သန္တာကျောက်တန်းများမှာ ပင်လယ်ဒီရေကျသွားတော့မှ ပေါ်လာသည်။ ပင်လယ်ဒီရေတက်ချိန်၌မူ ရေထဲမြုပ်နေကြသည်။ ထိုကျောက်တန်းတွင် ကျောက်ကြိုး၊ ကျောက်ခက်၊ ကျောက်ပွင့်များ ပေါက်ရောက်ရှင်သန်နေသည်။

ခမောက်ကျွန်းဟု ခေါ်ကြခြင်းမှာ အဝေးကကြည့်လျှင် ခမောက်တစ်လုံးကို မှောက်ထားသော ပုံသဏ္ဍာန်ရှိသဖြင့်ဖြစ်သည်။ ထိုကျွန်းတွင် ရွာဆို၍လည်း မည်ကာမတ္တ အိမ်ခြေနှစ်ဆယ်ကျော်ခန့်ရှိ ရွာတစ်ရွာသာရှိသည်။ ထိုခမောက်ကျွန်းကို အစွဲပြု၍ ထိုရွာကိုလည်း ခမောက်မော်ရွာဟု သမုတ်ခေါ်ဝေါ်ခဲ့ကြပုံရသည်။

ထိုခမောက်မော်ရွာမှာ တောင်ခြေရင်း၌တည်ရှိသည်။ ဘင်္ဂလားပင်လယ်အော်နှင့် သူတို့ရွာကို အနောက်ဘက်ကတောင်တစ်လုံး ဆီးကာခြားထားသည်။ အနောက်ဘက်တောင်ခြေရင်း

www.burmeseclassic.com



တွင် သဲသောင်ပြင်ကြီးရှိသည်။ ထိုသဲသောင်၏ အချို့နေရာများမှာ ဒီရေတက်လာလျှင် ရေထဲမြုပ်သွားတတ်သည်။ ရေထရက်ဆိုလျှင် လှိုင်းလုံးကြီးများက တောင်ခြေရင်းထိပင် ရောက်တတ်သည်။ ဒီရေကျသွားလျှင်တော့ သဲသောင်ပြင်ကြီးမှာ တစ်မျှော်တစ်ခေါ် ကျယ်ပြန့်သည်။

ခမောက်မော်ရွာနှင့် ပင်လယ်ကြားရှိ တောင်နှာမောင်းများတွင် ချောင်းတစ်ချောင်းရှိသည်။ ထိုချောင်းမှာကွေ့ကောက်လွန်းသည်။ ချောင်းထဲတွင် ရေနက် အင်းအိုင်များရှိသည်။ မိုးနှောင်းကာလရောက်တိုင်း ထိုချောင်းသည် ပင်လယ်လှိုင်းလုံးကြီးများ သယ်ဆောင်လာသော သဲတို့နှင့်ပိတ်ဆို့နေတတ်သည်။ ချောင်းဝရေနှင့် ပင်လယ်ရေကြား လှိုင်းဖျားတွင် သဲကုန်းတန်းခံနေသည်။ ဆောင်းနှင့်နွေလတို့တွင် ကုန်းတွင်းပိတ်ချောင်း ဖြစ်နေသည်။

မိုးကာလရောက်၍ ရေစီးရေလာကြမ်းတော့မှ ထိုချောင်းဝ သဲကုန်းတန်းမှာ ရေတိုက်စား၍ ချောင်းဝပေါက်သွားသည်။ ထိုအခါမှ ချောင်းရေနှင့် ပင်လယ်ရေတို့မှာ တစ်ဆက်တည်းဖြစ်သွားသည်။ ထို့ကြောင့် ထိုခမောက်မော်ချောင်းမှာ မိုးတွင်းဆိုလျှင် ရေအတက်အကျရှိသည်။ ဒီရေတက်လာလျှင် ပင်လယ်မှရေများချောင်းထဲဝင်လာသည်။ ဒီရေကျသောအခါ ချောင်းထဲကရေများပင်လယ်ထဲ စီးသွားကြသည်။ ထို့ကြောင့် ထိုချောင်းမှာ မိုးတွင်းဆိုလျှင် ရေရှင်ဖြစ်၍ နွေနှင့်ဆောင်းတွင် ရေသေချောင်းဖြစ်သည်။ ထို့ကြောင့် နွေဆိုလျှင် ကုန်းတွင်းပိတ်ချောင်းဖြစ်သည်။ ရေစီးရေလာ အလျှင်းမရှိ။ ပကတိ ရေသေချောင်းပင်။



သို့သော် ထိုချောင်းသည် အလွန်အကွေ့အကောက်များသည်။ ထို့ကြောင့်လည်း မနက်ကစပြီး ထိုချောင်းဝက ခြေလျှင်လျှောက်မည်ဆိုလျှင် မွန်းတည့်မှ ချောင်းဖျားအဆုံးသို့ရောက်သည်။ ခမောက်ကျွန်းမှာ မကြီးသော်လည်း ချောင်းက တစ်ကျွန်းလုံးရှိ တောင်ကြိုတောင်းကြား၊ တောကြိုတောကြားထိ ကွေ့ကောက်ရစ်ပတ်နေသဖြင့် ရှည်လျားနေသည်။ ချောင်းကမ်းဘေးနှစ်ဘက်တွင် သဲသောင်များ စံပန်းတောများ၊ လိပ်တက်နွယ်ချုံများ၊ ပြုံးဘော၊ ပြာတော၊ ကနစိုတော၊ စလူတောနှင့် ရွာသူရွာသားတို့၏ ဓနိတောများလည်းရှိသည်။

ခမောက်မော် ရွာသူရွာသားများသည် ထိုချောင်းနှင့်ပင်လယ်ကြီးကို အမှီသဟဲပြုနေကြသည်။ မိုးတွင်းလှိုင်းလေကြီး၍ ပင်လယ်မထွက်နိုင်လျှင် ချောင်းထဲ၌ သားငါးရှာကြသည်။ သူတို့ရွာတောင်ဘက်တွင် စူးထိုးယာစပါး စိုက်ကြသည်။ ချောင်းကြားနှင့်ရွာကြားရှိ သဲနင်းဖတ်နုံးမြေသောင်တွင် ကြက်သွန်၊ ငရုတ်၊ ခရမ်း၊ နှံလာ၊ ကန်စွန်း၊ ဖရဲစသည်တို့ စိုက်ကြသည်။ ဤသည်တို့မှာ စီးပွားဖြစ်မဟုတ်ကြ။

သူတို့၏ အဓိကစီးပွားဖြစ် လုပ်ငန်းမှာ ငါးလုပ်ငန်းနှင့် သန္တာကျောက်တန်းများပေါ်ကရသော ကျောက်ကြီး၊ ကျောက်ပွင့်၊ ကျောက်ခက်များသာ။ ဤသည်တို့ကို သူတို့သည် ခမောက်ကျွန်းနှင့် အနီးဆုံးဖြစ်သော ရခိုင်ကမ်းရိုးတန်းရှိ ရွာများသို့သွား၍ ရောင်းဝယ်ဖောက်ကား လုပ်ကြသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းကာလ ရောက်ပြီဖြစ်သဖြင့် ခမောက်မော်ရွာက လူအချို့သည် ပင်လယ်ရေလှိုင်း မုန်တိုင်း မြစ်ပြင်ကျယ်၏ အခြေအနေကိုကြည့်ကာ တစ်ဦးစ နှစ်ဦးစပင်လယ်ကို စ,ထွက်ကြသည်။ ဦးဆုံးအစ ပင်လယ်ထွက်ဝံ့ကြသောသူများသည် ဈေးကောင်းရကြ၍ သက်စွန့်ဆံဖျားထွက်သူများရှိသည်။ ပင်လယ်ထွက်ရန် အရွယ်မရောက်ကြသေးသော ဆယ်ကျော်သက်ရွယ် ကလေးငယ်များကလည်း မိရိုးဖလာ ပင်လယ်ကမ်းခြေနားသွားပြီး ညညပြင်သာလည်း ထွက်တတ်ကြသည်။

ခမောက်မော်ရွာမှ အောင်ပါစီနှင့် စောင်းကန်းတို့ ညီအစ်ကိုနှစ်ယောက်သည် ပြင်သာလည် လိပ်ဥရှာရန် ရွာက ထွက်လာကြသည်။ သူတို့ခမောက်ကျွန်းမှာ ပင်လယ်ထဲကကျွန်းဖြစ်သဖြင့် ပြင်သာလိပ်၊ လိပ်စောင်းလျားတို့ပေါသည်။ သူတို့ညီအစ်ကိုနှစ်ယောက်လိုပင် ရွာရှိ ဆယ့်သုံးလေးနှစ် ကလေးများကလည်း သင့်ရာသင့်ရာ ညီအစ်ကို ဦးလေးသားချင်း တော်စပ်သူများနှင့် လိပ်ဥရှာ အလျှိုအလျှိုထွက်တတ်ကြသည်။

လမိုက်ညဖြစ်သော်လည်း ကြယ်ရောင်နှင့် ပင်ကြီး၏ ရေတံလျှပ်အရောင်တို့ကြောင့် ပင်လယ်လိပ်များ ဥဥရန် သဲသောင်ပြင်သို့ တက်လာလျှင် ဝါးသုံးလေးရပ် အကွာအဝေးကပင် မြင်ရသည်။ အောင်ပါစီနှင့် စောင်းကန်းတို့ ကိုယ်ပေါ်တွင် လိပ်ရလျှင် ထည့်ထုပ်ရန် ပုဆိုးပိုင်းအပို တစ်ထည်စီနှင့် အောင်ပါ



မားရှည်တစ်စင်း၊ စောင်းကန်းက သဲပြင်တွင် လိပ်ဥရှိမရှိ ကြည့်ရန် တစ်လံလောက်ရှည်သော တစ်မတ်လုံးခန့် သံချောင်း ချောင်းကို ကိုင်လာသည်။

သူတို့ညီအစ်ကိုနှစ်ယောက်သည် အပြန့်ကျယ်သော သဲ ောင်ပြင်ကို လှမ်းကြည့်ကာ တိတ်တိတ်ဆိတ်ဆိတ်ပင် လျှောက် နေကြသည်။ သူတို့သည် လိပ်များဥဥရန် တက်လာကြမည့် သောင်ပြင်ကို လှမ်းလှမ်းကြည့်လာကြသလိုလှိုင်းထိပ်ပေါ်မှ ခုန်ပျံနေတတ်ကြသော ပင်လယ်ထဲက ငါးပျံများဆီလည်း ချက်တစ်ချက် အကြည့်ရောက်သည်။ လမိုက်ညတွင် ပျော် တတ်ကြသော ငါးပျံများမှာ လှိုင်းထိပ်ပေါ်မှ သုံးလေးလံ အ ကိုပင် မြူးပျော်ပျံသန်းနေကြသည်။ ငါးပျံများ ထထပျံလျှင် က်ည၌ ဖွေးကနဲဖွေးကနဲ လှမ်းလှမ်းမြင်နေရသည်။ လသာ လရောင်ကြောင့် သိပ်မသိသာသော်လည်း လမိုက်ညဆိုလျှင် ယ် အတော်နက်နက်ထဲက ငါးပျံများ ထထပျံနေကြသည်ကို ထင်ထင်ရှားရှား မြင်နေရသည်။

ညီအစ်ကိုနှစ်ယောက် ဟိုကြည့်သည်ကြည့် လျှောက်လာ အသူတစ်ရာချိုင့်ဟု သူတို့ခေါ်သော ပင်လယ်ကမ်းစပ် သဲ င်ကွေ့တစ်ခုသို့ ရောက်လာကြသည်။ အချိန်ကမူ သက်ငယ် းချိန်ပင် မရှိတတ်သေး။

"ကစ်"

"ကစ် ကိ"

အသူတစ်ရာချိုင်၏ သဲသောင်အစနှင့် ပင်လယ်ကြား

www.burmeseclassic.com

www.burmeseclassic.com



တွင်ရှိသော ကျောက်ဆောင်ပေါ်မှ ငါးဟစ်ငှက်တစ်ကောင်သည် လှုရိပ်မြင်သည်နှင့် အော်ဟစ်အသံပြုသည်။ ထိုတစ်ကောင်သော ငှက်က အသံပြုလိုက်သောအခါ နောက်ငါးဟစ်ငှက်တွေကလည်း တကစ်ကစ်မြည်ပြီး သူတို့လည်း လှုနှစ်ယောက် လာနေသည်ကို မြင်ပါသည်ဟူသောသဘောနှင့် အသံပေးအော်ဟစ်လိုက်ကြသည်

ကျောက်ဆောင်ခြေရင်း ရောက်လာသောအခါ စောင် ကန်းက အပေါ်သို့ တစ်ချက်မော့ကြည့်လိုက်သည်။ ငါးဟစ်ငှ ၏ မြည်သံက တိတ်မသွားသေး။ ကျောက်ဆောင်မှာ လူကြီးလေ ငါးရပ်ခန့်ပင် မြင့်သဖြင့် ငါးဟစ်ငှက်ကြီးများသည် ပင်လယ် လှိုင်းထိပ်မှ ငါးများကို ဆင်းကုတ်သုတ်ချီ စားသောက်ရန် ချော နေကြပုံရသည်။

ဤငါးဟစ်ငှက်ကြီးများသည် ပင်လယ်ထဲကငါးများ ထိုးသုတ်စားတတ်ကြသလို လိပ်ကလေးတွေပေါက်ပြီး ပင်လယ် အဆင်းကိုလည်း စောင့်ဖမ်းစားတတ်ကြသည်။ လိပ်ပေါက် လေးတွေမှာ အပေါ်ခွံကလည်း ပျော့ပျော့လေးသာရှိသေးရာ ထဲမှထွက်၍ သူ့မိခင်ရှိရာ ပင်လယ်ထဲအဆင်းကို ငါးဟစ်တွေ စောင့်ပြီး တစ်ကောင်ပြီးတစ်ကောင် ကိုက်ချီထိုးသုတ် စားတ ကြလေသည်။

ထို့ကြောင့် လိပ်တစ်ကျင်းပေါက်လျှင် ပင်လယ်ထဲရော သွားသည့်လိပ်က တစ်ဝက်ပင်မရှိတတ်ပေ။ တချို့ကျင်းများ လျှင် ငါးတစ်အုပ်နှင့်တွေ့၍ သူ့မိခင် လာစောင့်နေရာကို ကောင်မှရောက်မလာဘဲ အကုန်ငါးဟစ်စာ ဖြစ်သွားကြသည်



လည်း ရှိလေသည်။

ပင်လယ်လိပ်မကြီးကမူ သူ့သားသမီးများ သူ့ဆီ လာနိုး လာနိုးနှင့်စောင့်ရင်း ဒီရေကျသွား၍ သူသာ သဲခုံကျောက်ပြင် တွေပေါ် တင်ကျန်ခဲ့သည်။ သူ့သားသမီးကိုကား တစ်ကောင်မှ မမြင်ရ။ ထိုအခါ ရင်ကွဲနာကျ၍ သေလျှင်သေ၊ မသေလျှင်လည်း လူတို့၏လက်ချက်နှင့် အသက်စတေးသွားကြရရှာသည်။

သို့သော် လိပ်ဥရှာသူများကတော့ ဥဥပေးသော ပင်လယ် လိပ်များကို သတ်လေ့သတ်ထ မရှိကြ။ သားသမီးများကို ငါးဟစ် ငှက်တွေ ထိုးသုတ်စားသောက်၍ အကုန်သေကြပြီ ဆိုသည်ကို မသိဘဲ စောင့်ရင်း သဲပြင်ကျောက်တန်းတို့တွင် တင်၍ တွေ့ပါက ပင်လယ်ရေစပ်ထဲ ထမ်းချ ပို့ပေးတတ်ကြသည်။ သို့သော် လိပ် မကြီးကမူ သူ့သားသမီး တစ်ကောင်တစ်လေကို မမြင်ရမချင်း ပင်လယ်ထဲ ပြန်မဆင်းဘဲ အသေခံစောင့်နေတတ်သည်ဟု ပြော ကြသည်။ ထို့ကြောင့်လည်း လိပ်ဥရှာသူများသည် လိပ်ကျင်းထဲ တွင် ဥလေးငါးလုံးကိုတော့ အမြဲထားခဲ့ကြသော အစဉ်အလာရှိ လေသည်။

လိပ်ဥရှာသူများထားခဲ့သော ဥမှ လေးငါးကောင်ပေါက် လာလျှင် ထိုလိပ်ကလေးများသည် သဘာဝအသိနှင့် သူ့မိခင် စောင့်နေရာ ပင်လယ်ရေစပ်သို့ အလိုလိုဆင်းလာပြီး သူ့မိခင်၏ ကိုယ်ပေါ်သို့တက်ကြသည်။ ထိုအခါမှ လိပ်မကြီးကလည်း သူဥခဲ့ စဉ်က သုံးလေးဆယ်ဖြစ်သော်လည်း ယခု သူ့သားသမီးများ လေး ငါးကောင်သာ ရောက်လာသောအခါ ကျန်သားသမီးများသည်

www.burmeseclassic.com

www.burmeseclassic.com



လူသားများနှင့် ငါးဟစ်၊ ခွေးအ,တို့၏ အစာဖြစ်သွားကြလေပြီဟု သိလိုက်ရသည်။ သို့မဟုတ် ငါးဟစ်၊ခွေးအ,တို့၏ရန်မှ လွတ်လာသော သားသမီးများကလည်း မိခင်လိပ်မကြီးကို သူတို့ဘာသာဘာဝ အကြောင်းစုံပြောပြသောအခါ မိခင်လိပ်မကြီးမှာ ရောက်လာသမျှသော သားသမီးများနှင့်ပင် စိတ်ကိုဖြေ၍ မသေမပျောက်ရောက်လာကြသော သားသမီးများကို ကျောကုန်းပေါ်တင်ကာ ပင်လယ်ထဲ ခေါ်သွားလေသည်။

သို့သော် လိပ်မကြီးအတွက် အန္တရာယ်ကမူ မငြိမ်းသေး။ ပင်လယ်ထဲ အချောင်းမှာ မကန်း၊ ငါးမန်းနှင့် ငါးကြီးတို့က သူ့သားသမီးများကို တိုက်ခိုက် စားသောက်တတ်ကြသေးသည်။ လိပ်မကြီးကိုမူ အခွံမာ အကောင်ကြီးသဖြင့် မကန်း၊ ငါးမန်းတို့က တိုက်ခိုက်၍မရပေ။ မည်သို့ဆိုစေ သားသမီးအပေါ် ထားရှိသော လိပ်မကြီး၏ မေတ္တာကမူ ကြီးမားပေသည်။ သဲသောင်တွင်ကျင်းယက်၍ မြှုပ်နှံထားခဲ့သော လိပ်ကလေးများ ရှင်သန်ပေါက်ဖွားလာကြသည်မှာလည်း လိပ်မကြီးက သူ့သားသမီးများကို နေ့စဉ်မေတ္တာပို့နေသဖြင့် မေတ္တာဓာတ်နှင့် ပေါက်ဖွားလာကြသည်ဟု ဆိုသည်။ အထူးခြားဆုံးမှာ လိပ်မကြီးက သူ့သားသမီးများ ဤနေ့ဤရက် ဤအချိန်ဤညဥ့် ပေါက်လာကြလိမ့်မည်ကို အတတ်သိပြီး လာစောင့်နေသလို လိပ်ကလေးများကလည်း သူ့မိခင်ကြီး သူတို့ကို ဤနေရာ၌ မုချ လာစောင့်နေလိမ့်မည်ကို သိနေကြခြင်းသာ။

လမိုက်ညဥ့် ထီးတည်းတည်နေကြသော ကျောက်ချွန်ကျောက်စောင်းများပေါ်က ငါးဟစ်ငှက်များ တကစ်ကစ်အော်နေကြသောအခါ စောင်းကန်းသည် သဲပြင်ပေါ်က ကျောက်စရစ်တစ်လုံးကို ဆတ်ခနဲ လှမ်းကောက်လိုက်သည်။

"ဟော့ကောင်၊ မင်း ဘာလုပ်မလို့လဲ"

"ကျောက်ဆောင်ပေါ်က ငါးဟစ်တွေကို ခြောက်ပစ်မလို့လေ၊ အစ်ကို"

"မလုပ်စမ်းပါနဲ့၊ သူတို့ဘာသာသူတို့ နေနေကြတဲ့ဥစ္စာ"

သူ့အစ်ကိုက မလုပ်နဲ့ဆိုသည်ကို စောင်းကန်းက အတွန့်တက်၏။

"သူတို့ဘာသာသူတို့ နေနေကြတာက အကြောင်းမဟုတ်ဘူး၊ ဒီကောင်တွေ တည်ည့ံအော်နေကြရင် ပြင်သာလိပ်က ဒီကိုဘယ်တက်လာရဲတော့မလဲ၊ ဒီကောင်တွေ ပြင်သာလိပ်လေးတွေကို စားချင်လို့လာစောင့်နေတာလဲဖြစ်နိုင်တယ်လေ၊ ဒီကောင်တွေသာရှိနေလို့ကတော့ လိပ်မကြီးဆီ တစ်ကောင်မှတောင်မှ ရောက်မှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် လိပ်အန္တရာယ်ကောင်တွေကိုတော့ ဒီချိုင်က နှင်ထားမှအစ်ကို မနက်ဖြန်ညကျ ငါးပြောင်းနဲ့လေးခွ ယူလာမှဖြစ်မယ်"

သူ့ညီ စောင်းကန်းပြောသည်ကို အောင်ပါစီက တခစ်ခစ်ရယ်ပြီး -"မနေ့တစ်နေ့ကမှ ပြင်သာလည် လိုက်ဖူးတဲ့မင်းက ငါ့ကို ဆရာလုပ်နေပြန်ပြီ။ ငါးဟစ်ငှက်တွေက လိပ်ကလေးတွေကို စားရအောင် ဒီရာသီ လိပ်ပေါက်တဲ့ရာသီမှ မရောက်သေးဘူး၊ ခုမှ ဥချစလရှိသေးတယ်၊ နောက်နှစ်လသုံးလ အနည်းဆုံး

www.burmeseclassic.com



ကြာဦးမယ် ဆိုတာ ငါးဟစ်ငှက်တွေက မင်းထက်သိတယ်မှတ်"

"ဒါဆို ဒီကောင်တွေ ဒီကျောက်ဆောင်ပေါ် ညကြီးမင်ကြီး ဘာလာလုပ်နေကြလဲ"

ငါးဟစ်ငှက်များရှိရာ ကျောက်ဆောင်ပေါ် မော့ကြည့်ရ စောင်းကန်းကမေး၏။

"ဘာလုပ်မလဲ၊ လှိုင်းထိပ်ပေါ်က ငါးတွေကို ဆင်းသုတ် စားဖို့ လာစောင့်နေကြတာလေ၊ မင်းသွားပြီး ငါးဟစ်တွေကို စမ်း ဒါ သူတို့ဥပေါက်ချိန်မဟုတ်လို့ လူလာတာကို နှုတ်ဆက်ရုံပဲ အသ ပေးကြတာ၊ ဥပေါက်ချိန်သာဆို သူတို့အသိုက်နား လာသမျှ တွေကို အသေခံ ထိုးကုတ် ကိုက်တတ်ကြတယ်၊ ဘယ်လောက် ကြောက်စရာကောင်းလဲ၊ သူတို့နှုတ်သီးကော့ကော့ကြီးနဲ့ တ ချက်မိလို့ကတော့ တစ်ကျပ်နှစ်ကျပ်သား အသားစလေးပဲ့ပါသွ မယ်၊ ဘာမှတ်လဲ လာလာကိုယ့်လမ်းကိုသွား"

အောင်ပါစီက ငါးဟစ်ပစ်ရန် ရွယ်နေသော သူ့ညီလက် လှမ်းဆွဲပြီး ပြောလိုက်သည်။

ထိုအခါမှ စောင်းကန်းကလည်း ငါးဟစ်ငှက်ကြီးတွေ ကြောက်သွားပုံရသည်။ မှောင်ကြီးမည်းမည်းတွင် ကျောက်ဆော ပေါ်နားနေကြသော ငါးဟစ်ငှက်ကြီးတွေမှာ လူကြီးခါးစောင်း နီး မြင့်သည်။ အဝေးကကြည့်လျှင် လူတွေထိုင်နေကြသလာ တစ္ဆေခြောက်တာလားဟုပင် ထင်စရာ။

သူတို့ညီအစ်ကိုနှစ်ယောက် ခြေလှမ်းသုံးလေးလှမ်းသ လှမ်းရသေး၏။ ငါးဟစ်ငှက်ကြီးများသည် တကစ်ကစ်အော်ဟ



ထိုက်ကြကာ ပင်လယ်ထဲ လှိုင်းထိပ်မှငါးများကို ထိုးဆင်းကိုက်သုတ်ကြသည်။ ငါးဟစ်နှစ်ကောင်သုံးကောင်မှာ လက်သန်းလက်မ ငါးလေးတွေကိုမိပြီး စားရန် ကျောက်ဆောင်သို့ ကိုက်ချီပျံလာကြသည်။ တစ်ကောင်သော ငါးဟစ်ကမူ ငါးမည်းမျှကြီးကြီးကို လောဘဇောနှင့် ပြေးကုတ်မိသည်မသိ။ ချီမ,မရ။ ပျံတက်မရနှင့် ငါးကြီးဆွဲခေါ်ရာသို့ ဝရုန်းသုန်းကားနှင့် ပါနေသည်။

ရုတ်တရက်လောဘဇောနှင့် နိုင်မနိုင် မဆင်ခြင်နိုင်ဘဲ ပင်လယ်ထဲက ငါးကြီးကို ဆင်းကုတ်မိသော ငါးဟစ်မှာ သူ၏ရှည်သွားချွန်ထက်သော ခြေသည်းတွေကို ရုတ်တရက် ပြန်ဖြုတ်မရဘဲ နှုတ်သီးနှင့်လည်း ကုန်းမပေါက်နိုင်ဘဲ၊ ငါးကြီးဆွဲခေါ်ရာ ရေ ပေါ်မှာ တရွတ်တိုက်ပါနေရသလို ငါးကြီးမှာလည်း အတောင်ဖြန့်ခံထားသော ငါးဟစ်ကြီးကို ချက်ချင်း ရေထဲ ဆွဲမချနိုင်ဘဲ ရေပေါ်မှာ လျှောက်ပြေးနေရသည်။

မနိုင်မနင်း ငါးကြီးကို ဆင်းကုတ်ထားမိသော ငါးဟစ်ကြီးမှာ မိုးပေါ်ပျံတက်၍လည်းမရ၊ သူ့ခြေသည်းကိုလည်းဖြုတ်မရနှင့် အထိတ်တလန့်ဖြစ်ကာ တကစ်ကစ်အော်ဟစ်ပြီး လှိုင်းပေါ်ရေပေါ်တွင် တရွတ်တိုက် ငါးကြီးဆွဲခေါ်ရာသို့ ပါနေရသည်။ သူတို့အပေါင်းအသင်းအဖြစ်ကို မြင်၍ ကူရန်လိုက်နေကြသော ငါးဟစ်ငှက်တွေမှာလည်း အားကြီးသော ငါးကြီး၏ ဆွဲခေါ်ရာသို့ ဆောက်တည်ရာမရ လွင့်လိုက်ပါနေသော ငါးဟစ်ကို မကူနိုင် ငါးကြီးကို မကုတ်မိနိုင်ဘဲ အော်ဟစ်၍သာ ပျံဝဲလိုက်ပါနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အသူတစ်ရာချိုင် ပတ်ဝန်းကျင် တစ်ခုလုံးမှာ ငါးဟစ်များ အော်သံနှင့် ဆူညံသွားသည်။ အပေါင်းအသင်းကို ကူရန်၊ ကယ် ရန် လိုက်နေကြသော ငါးဟစ်သုံးလေးကောင်ကသာ သက်စွန့် ဆံဖျား လိုက်နေကြသော်လည်း ငါးရသွားသော တစ်ကောင် နှစ် ကောင် ငါးဟစ်တို့ကမူ ကျောက်ဆောင်ပေါ်တွင် အစားမပျက် စားရင်းက တစ်ချက်တစ်ချက်တော့ ပင်လယ်ထဲကငါးကြီးနှင့် တိုက်ခိုက်လိုက်ပါနေကြသော အပေါင်းအသင်းများကို လှမ်းကြည့် ကာ တစ်ချက်တစ်ချက်တော့ ကစ်ကစ် ကစ်ကစ်နှင့် အသံပေးနေ ကြသည်။

ဤသည်မှာ သူတို့အပေါင်းအသင်း ငါးဟစ်ကို တောင့် ထားရန် အော်ဟစ်အားပေးနေကြခြင်းလား၊ သို့မဟုတ် မတန်မ ရာ ကိုယ်နိုင်မှန်းမသိ၊ မနိုင်မှန်းမသိ ငါးကြီးကို ဆင်းကုတ်ရမည် လားဟု ကျိန်ဆဲနေကြခြင်းလား ဆိုသည်ကိုတော့ လူသားနှစ် ယောက်ဖြစ်သော အောင်ပါစီနှင့်စောင်းကန်းတို့က မသိ။ ကြည့် ကောင်းကောင်းနှင့်သာ လှမ်းကြည့်နေမိကြ၏။

သူ့ကျောကုန်းကို ထိုးကုတ်ထားသော ငါးဟစ်ကြီးအား ငါးကြီးက ရေထဲဆွဲနှစ်လိုက်သောအခါ ငါးဟစ်ကြီးမှာလည်း တိုက် ပွဲအတွေ့အကြုံတော့ ရှိပုံရသည်။ ငါးကြီး ရေထဲဆွဲနှစ်သည်နှင့် တစ်လံနီးပါးရှိသော သူ၏ အတောင်ပံနှစ်ဖက်ကို ရေပေါ် လေပေါ် တွင် ဖြန့်ခံထားသည်။ ထိုအခါ ငါးကြီးကလည်း သူထင်သလို ရေထဲဆွဲနှစ်၍မရဘဲ ပတ်ဝန်းဘယ်ညာရှိ လှိုင်းရေပေါ်၌သာ ရုန်း ရင်း လူးလာပြေးနေရသည်။



သည်လိုနှင့် ရေပေါ်တွင် လုံးထွေးနေကြရင်းက ကွမ်း တစ်ယာညက်လောက်သာ ငှက်ကြီးက တောင့်ခံထားနိုင်သည်။ နောက်ကကူရန် ကယ်ရန် လိုက်လာကြသော သူ့အပေါင်းအသင်း များကလည်း ငါးကြီးကိုကြောက်သဖြင့် တစ်ကောင်တလေမှ ဝင် တိုက်ချီဖော် မရသောအခါ ငါးကြီးဆွဲနှစ်လိုက်ရာ ရေအောက် ဘမ္ဘာသို့ မချိမဆံ့ အော်ဟစ်ပြီး ပါသွားလေသည်။ ထိုအဖြစ်အ ပျက်ကိုမြင်၍ လန့်သွားကြသော ငါးဟစ်ငှက်တွေမှာ ပိုပြီး အော် ဟစ်မည်တမ်းကာ ကျောက်ဆောင်ပေါ် ပြန်လာကြသည်။

ထို အခြင်းအရာတို့ကို ကြည့်ကောင်းကောင်းနှင့် ကြည့် နေကြသော အောင်ပါစီနှင့် စောင်းကန်းတို့မှာလည်း ထိုအခါမှ သတိပြန်ဝင်လာကြသလို ခြေလှမ်း စ,ရွေ့ဖြစ်ကြသည်။

"မင်း စောစောကပြောသလို ငါးဟစ်တွေ ဒီလောက် အ သိတ်တလန့်ဖြစ်ပြီး အော်ဟစ်နေကြရင်တော့ ဒီဘက်ကို လိပ်တွေ လည်း တက်ဥရဲကြတော့မှာ မဟုတ်ဘူး၊ တို့လည်း ချောင်းကြီးဝ ချိုင်ဘက် ပြန်လှည့်ကြရင် ကောင်းမယ်ထင်တယ်"

"ကောင်းတာပေါ့ စောစောကပင် ကျုပ်မပြောဘူးလား၊ ဒီငှက်တွေ ဒီလောက်သောင်းကျန်းနေ . . ."

"တော်စမ်းပါကွာ"

နှစ်နှစ်ကြီး နှစ်နှစ်ငယ်ဖြစ်သော သူ့ညီစောင်းကန်းမှာ သူ့ ကို အမြဲလိုလို ဆရာလုပ်တတ်သဖြင့် အောင်ပါစီက အော်ပစ် လိုက်သည်။ ထိုအခါမှ စောင်းကန်းလည်း ပါးစပ်ပိတ်ပြီး သူ့ အစ်ကို အောင်ပါစီ နောက် လိုက်လာလေသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



လိပ်များ တက်ဥနိုင်သော သောင်ပြန့်သဲခင်းပေါ် လျှောက်ရှာလာကြရင်း ချောင်းကြီးဝချိုင်အလွန် သဲသောင်စတစ်ဖက်အရောက်မှာ အောင်ပါစီတို့ ညီအစ်ကိုနှစ်ယောက်၏ ခြေလှမ်းတွေက မတိုင်ပင်ဘဲ အလိုလိုရပ်သွားကြသည်။

ပြင်သာလိပ်တစ်လုံးသည် ပင်လယ်ရေစပ်မှ တရွေ့ရွေ့တွားတက်လာရာ သောင်တစ်ဝက်ခန့်ကိုပင် ရောက်နေလေပြီ။ အမှောင်ထဲတွင် တရွေ့ရွေ့တက်လာနေသော လိပ်ကိုမြင်သည်နှင့် သူတို့ ညီအစ်ကိုနှစ်ယောက်သည် ချက်ချင်း သဲပြင်ပေါ် မှောက်ဝပ်လိုက်ကြသည်။ ပြီး လိပ်မကြီး တွားတက်လာရာဘက်ကို သေသေချာချာ စူးစိုက်ကြည့်နေလိုက်ကြ၏။

ပင်လယ်ထဲမှတက်လာသော လိပ်မကြီးသည် ပတ်ဝန်းကျင်တွင် သူ့ကို အန္တရာယ်ပြုမည့်သူ၊ သူ့ဥတွေကို ဖျက်စီးမည့်သူများရှိမရှိကို ခေါင်းထောင်ကြည့်လိုက်၊ တွားတက်လိုက်နှင့် ဥကျင်းလိုက်ရှာနေလေပြီ။ ဤသည်ကို မြင်နေရသော အောင်ပါစီနှင့် စောင်းကန်းတို့ကလည်း ဝမ်းသာအားရ ရင်တခုန်ခုန်နှင့် သဲပြင်ပေါ် ဝမ်းလျားမှောက်ကာ စောင့်ကြည့်နေကြသည်။

လိပ်မကြီးက ဟိုဟိုသည်သည် ခေါင်းမော့ လှည့်ကြည့်၍ ဥကျင်းမြေနေရာ ရှာနေသလို အောင်ပါစီတို့ ညီအစ်ကိုနှစ်ယောက်မှာလည်း ဝမ်းလျားမှောက်ရင်းက ပတ်ဝန်းဘယ်ညာကို လှမ်းကြည့်လှည့်ကြည့်ကြရသည်။ လိပ်မကြီးဥပြီး၍ ပင်လယ်ထဲ ပြန်မဆင်းမီ၊



မကြီး ဥထားခဲ့သော ဥများကို သူတို့ဖော်ယူမပြီးမီ သူတို့လို လိပ်ဥရှာသူများ ထိုပတ်ဝန်းကျင်သို့ ရောက်လာကြမည်ကို မ်နေကြသည်။ အကယ်၍ တစ်စုံတစ်ဦး ရောက်လာလျှင် ဥတွေကို တစ်ဝက်ခွဲပေးကြရမည်ဖြစ်သဖြင့် လောလောဆယ် ဤပတ်ဝန်းကျင်သို့ လိပ်ဥရှာသူများ တစ်စုံတစ်ယောက်မှ က်မလာကြပါစေနှင့်ဟုလည်း ဆုတောင်းနေကြရသည်။

အကယ်၍ သူတို့လိုပင် လိပ်ဥရှာသူ တစ်စုံတစ်ယောက် သင်းတစ်ဖွဲ့ ရောက်လာလျှင် ထိုသူများကလည်း သူတို့လိုပင် ပြင်ပေါ် ဝမ်းလျားမှောက်၍ လိပ်မကြီး ဥဥပြီးသည်ထိ ဆိုင်းကြည့်နေကြမည်မှာ မုချပင်။ တစ်ခါတစ်ရံတွင် လိပ် ကျင်းကို လိပ်ဥရှာသူ နှစ်ဖွဲ့နှစ်ဦးတွေ့၍ ခွဲယူကြရသည် သူတို့၏ အစဉ်အလာ ဥပဒေသဖြစ်သည်။

ထို့ကြောင့်လည်း လိပ်မကြီးနည်းတူ သူတို့ ညီအစ်ကိုနှစ် က်ကလည်း ရှေ့နောက် ပတ်ဝန်းဘယ်ညာကို ဂရုစိုက်ကြည့် ကြရခြင်း ဖြစ်သည်။

ပတ်လည်မှ ဥဥရန် တက်လာသော လိပ်မကြီးသည် ဥ လုပ်ရမည့် သဲမြေကိုတွေ့၍ ဥကျင်းကို စ,ယက်နေလေပြီ။ မကြီး ယက်ထုတ်လိုက်သော သဲမှုန်သဲပွင့်များ လွင့်စဉ်ဖွား နေသည်ကိုပင် အမှောင်ထဲ၌ ဝိုးတဝါးမြင်နေရပြီ။ လိပ်မ သည် သူလိုချင်သော သဲတွင်းအနက်ကို ယက်တူးပြီးလျှင် ဥ မည်။ တဖြည်းဖြည်းနှင့် လိပ်မကြီး၏ ကျောကုန်းသည်ပင် ၌ နစ်သွားပြီ။ သို့သော် လိပ်မကြီးကား ကျင်းထဲက သဲမှုန်

www.burmeseclassic.com

www.burmeseclassic.com



သဲပွင့်တွေကို သူလိုချင်သော အနက်ရအောင် ဘေးဘယ်ညာသို့ ယက်တူးကာ သဲတွေကို ကျစ်စာပစ်မြှ ပစ်ဖြန့်နေ၏။

သူတို့ညီအစ်ကို နှစ်ယောက်မှာ သဲထဲနစ်သွားသော လိပ်မကြီးကို မမြင်ရတော့ပြီဖြစ်သော်လည်း လိပ်မကြီးယက်ထုတ်ပစ်လိုက်သော သဲတွေကို အဆုပ်လိုက် အပြန့်လိုက် မြင်နေရသည်။ လိပ်မကြီးသည် မကြာမီကျင်းအနက်ရ၍ ဥချရန် သေချာနေပြီဖြစ်သဖြင့် လိပ်မကြီး ကျင်းယက်နေသည်ကိုထက် သူတို့ပတ်ဝန်းကျင်သို့ နောက်ထပ် လိပ်ဥရှာသူများ ရောက်လာမလာကိုသာ သူတို့ညီအစ်ကိုနှစ်ယောက်မှာ ပို၍ ဂရုစိုက်ကြည့်နေကြရသည်။

ယခုထိ သူကို့ပတ်ဝန်းကျင်တွင် လိပ်ဥရှာသူများကိုတော့ မမြင်မိကြသေးသလို သူတို့နောက်ဘက်မှာ လာနေကြသူများကိုလည်း မမြင်ရ။ သို့သော် သဲသောင်အစ စံပန်းတောဘက်မှ ခွေးအ,သားအမိ သုံးကောင်သည် ဘယ်ကဘယ်လို လိပ်မကြီးကျင်းယက်နေရာဘက် ရောက်လာကြသည်မသိ။ စိုက်စိုက် စိုက်စိုက်နှင့် သဲသောင်ပြင်အတိုင်း ဆင်းလာနေကြသည်။

အမှန်က ထိုခွေးအ,သားအမိသည် ဒီရေကျသွားလျှင် သန္တာကျောက်တန်းပေါ်ရှိ ရေခွက်ရေအိုင်ငယ်များ၌ တင်ကျန်ခဲ့ကြသော ပင်လယ်ငါးများကို ရှာစားရန် အလို့ငှာ အစာရှာထွက်လာခြင်းဖြစ်သည်။ သို့သော် ဤခွေးအ,မိုက်တွေမှာ ဒီရေတက်ချိန် ကျချိန်ကိုပင် မသိဘဲ စောစောစီးစီး အစာရှာထွက်လာကြသည်မှာ ဒေါသဖြစ်စရာပင် ကောင်းနေသည်။

အမှန်က တခြားတိရစ္ဆာန်များဆိုလျှင် ဒီရေ အတက်အ



ကျကို ဘုတ်ငှက်များမြည်သံ အီသံကို စောင့်၍သာ ပင်လယ်ကမ်းခြေသို့ ဆင်းတတ်ကြသည်။ ယခုတော့ ဘုတ်ငှက်များ၏ ဒီရေအတက်အကျ သတိပေးမြည်သံကိုပင် နားမလည်သော ခွေးအ,မိုက်သားအမိသည် လိပ်မကြီးကျင်းယက်နေရာ ဘက်သို့သာ စိုက်စိုက် စိုက်စိုက်နှင့် လာနေကြသည်။

သည်ခွေးအ,မ မိသားစုသုံးကောင်ကို လိပ်မကြီးကျင်းယက်နေရာဘက် မလာအောင် ခြောက်လှန့် မောင်းထုတ်ရန်ကလည်း ခွေးအ,မကြီးတို့ မိသားစုနှင့် အောင်ပါစီတို့ညီအစ်ကိုကြားတွင် လိပ်မကြီးက ခံနေသည်။ လူသံကြားလျှင် လိပ်မကြီးလည်း ပင်လယ်ထဲ ပြန်ဆင်းပြေးလျှင်ပြေး မပြေးလျှင်လည်း ကျင်းပြောင်းရန် တခြားနေရာသို့ ဆင်းသွားလိမ့်မည်။ ပင်လယ်ထဲပြန်ဆင်းသွားသော လိပ်မကြီး ဘယ်သောင်ဘယ်ကမ်းဘက်ဥမည်ကို မည်သူမှ အတတ်မသိနိုင်။ ထိုအခါ လိပ်ဥယူရန် စောင့်ကြည့်နေကြသော သူတို့ညီအစ်ကိုနှစ်ယောက်မှာ ပို၍ အချိန်ကြာသွားနိုင်သည်။

ရုတ်တရက် မည်သို့ လုပ်ကြရမည်မသိ ဖြစ်နေချိန်၌ပင် ခွေးအ,သားအမိက လိပ်မကြီးဥချရန် ကျင်းယက်နေသည်ကို ချက်ချင်း မြင်သွားကြသည်။ ထို့ကြောင့်လည်း အမေဖြစ်သူခွေးအ,မကြီးက လိပ်မကြီးအနား ပြေးချလာသလို ကလေးနှစ်ယောက်ကလည်း ညင်းညင်းညှဲညှဲ အသံပေးကာ သူ့အမေနောက် ပြေးလိုက်လာကြသည်။ ထိုအခါ ကျင်းယက်နေသော လိပ်မကြီး၏ လှုပ်ရှားမှုကလည်း ချက်ချင်းရပ်သွားလေသည်။ သဲလဲတွေပင်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပြန့်စဉ် တက်မလာတော့ ခဏချင်းပင် သဲမှုံသဲပွင့်များ အစား လိပ်မကြီးသာ ကျင်းပေါ်ပြန်တက်လာတော့သည်။

“တောက် ( - ) ခွေးအ,တွေ၊ အစ်ကို ကျုပ် ခဲနှင့်လှမ်းထုလိုက်မယ်ဗျ”

ဒေါသဖြစ်သွားသော စောင်းကန်းက သူ့အစ်ကို အောင်ပါစီကို ချက်ချင်း လက်တို့ပြီး တီးတိုးပြော၏။

“မင်းပစ်မှာက ဟုတ်ပြီ၊ ခွေးအတွေကို မထိဘဲ လိပ်မကြီးကို သွားထိရင်ကော”

မှန်သည်။ သူ့အစ်ကို ပြောလိုက်ချိန်မှာပင် ခွေးအ,မကြီးနှင့် ခွေးကလေးနှစ်ကောင်က လိပ်မကြီးကို ဝိုင်းထားကြပြီ။ လိပ်မကြီးကမူ သဲပြင်ပေါ် ဝပ်ချလိုက်ပြီး ပကတိ ငြိမ်နေသည်။ ခွေးအ,မကြီးက ငြိမ်နေသော လိပ်မကြီးကို သွားနမ်း အနံ့ခံကြည့်သည်။ ထိုအခါ လိပ်မကြီးမှာ မလှုပ်မချောက် ငြိမ် မနေရဲတော့။ ခြေလက်တွေ လှုပ်ရှားလာသည်။ နေရာရွှေ့သည်။ ဆင်းပြေးရန်ဟု ထင်ရ၏။ ပင်လယ်ဘက်ကို ခေါင်းလှည့်လိုက်သည်။

ထိုအခါမှ ခွေးအ,မကြီးကလည်း လိပ်မကြီးကို သက်ရှိသတ္တဝါမှန်း သိသွားပုံရသည်။ ရုတ်တရက် လန့်သွား၍လားမသိ၊ နောက်သို့ တစ်ချက်ခုန်ဆုတ်လိုက်သည်။ သူ့ကလေး နှစ်ကောင်ကလည်း သူ့အမေ လန့်သွားသည်ကို မြင်သဖြင့် နောက်သို့ ခုန်ဆုတ်ရှဲသွားကြသည်။ သို့သော် ထိုအခါမှ ခွေးအ,မကြီးသည် လိပ်မကြီးကို ခုန်အုပ်တော့၏။ လိပ်မကြီး သဲပြင်ပေါ် ဝပ်ကျသွားသည်။ ခွေးအ,မကြီးက လိပ်မကြီးကို ဖိထား၏။ ကလေးနှစ်ကောင်က



လိပ်မကြီးကို လက်နှင့်လှမ်းခုတ်ကြသည်။

လိပ်မကြီး ကုန်းထလိုက်သောအခါ ခွေးအ,မကြီး၏ ဖိထားသောလက်က လျှောကျသွားသည်။ ထိုအခါ ခွေးအ,မကြီးကလိပ်မကြီးကျောကုန်းကို ထိုးဟပ်ကိုက်ခဲသည်။ လိပ်မကြီး၏ ကျောကုန်းခွံကို ကိုက်မမိ၍ သွားကျဉ်သွားပုံရ၏။ တစ်ကိုယ်လုံး တုန်ခါလိုက်ကာ နောက်ဆုတ်သွားသည်။ ပင်လယ်ဘက် လှည့်နေသော လိပ်မကြီး ဦးခေါင်းကလည်း အနေအထားပျက်ကာ ကုန်းဘက် ပြန်ရောက်သွားသည်။

ခွေးအ,မကြီးက လိပ်မကြီးကျောကုန်းကို ထိုးဟပ်မကိုက်ရဲတော့။ သို့သော် ပင်လယ်ဘက် ခေါင်းလှည့်လိုက်သော လိပ်မကြီးအား ရှေ့လက်နှစ်ချောင်းနှင့် ခုန်အုပ်၍ လိပ်မကြီးကို ဖိထားပြန်သည်။ လိပ်မကြီးကလည်း အဖိမခံ။ သူပင်လယ်ဘက် ထွက်ပြေးနိုင်ရန် ခေါင်းလှည့်ပြန်၏။ ခွေးအ,မကြီးက တစ်ခါထပ်၍ လက်နှစ်ဖက်နှင့် ဖိထားပြန်၏။

ခွေးအ,မကြီးက လိပ်မကြီး ကျောကုန်းကို စောစောကလို ထိုးဟပ်၍ မကိုက်ဝံ့တော့။ ရှေ့လက်နှစ်ဖက်နှင့်သာ လိပ်မကြီးကို ဖိထားသည်။ ဤလိပ်မကြီးကို သူ မည်သို့ကိုက်ခဲ စားသောက်ရမည်ကို အကြံထုတ်နေပုံရသည်။ လိပ်မကြီးကလည်း တွင်တွင်သာ ရုန်းကန်လှုပ်ရှားပြီး အဖိမခံ။ လက်နှင့် ခုန်အုပ် ဖိထားပြ၏။ ထိုသို့ တစ်ကောင်တပြန် ဖြစ်နေကြစဉ် ခွေးအ,လေးနှစ်ကောင်ကတော့ အနားမကပ်ရဲဘဲ ပါးစပ်ထဲကသာ အသံသေးအသံကြောင်ပေးပြီး သူ့အမေနှင့်လိပ်မကြီးတို့ အခြေအတင် သတ်ပုတ်

နေကြရာသို့ ပြေးလာလိုက်ပြန်ပြေးလိုက်နှင့် သူ့အမေကို အားပေးနေကြပုံရသည်။

ထိုသို့ လိပ်မကြီးနှင့် ခွေးအ,မကြီးတို့ သူတစ်ပြန် ကိုယ်တစ်ပြန်ဖြစ်နေကြရာ တဖြည်းဖြည်းနှင့် အောင်ပါစီနှင့် စောင်းကန်းတို့ အနားသို့ပင် ရောက်လာကြသည်။ လိပ်မကြီးနှင့် ခွေးအ,မမိသားစုမှာ သူတို့ညီအစ်ကိုနှင့် ဝါးနှစ်ပြန်လောက်ကို ပင်ရောက်လာကြ၏။

ခွေးအ,မကြီးကခုန်အုပ်၍ ရှေ့လက်နှင့်ဖိထားလိုက်၊ လိပ်မကြီးက ကုန်းထလိုက် ဖြစ်လာကြစဉ် အောင်ပါစီတို့ အနားအရောက်တွင် လိပ်မကြီးသည် ကုန်း၍ပင်မထနိုင်တော့ဟု ထင်၏။ သဲပြင်တွင် ဝပ်ချသွားကာ ပကတိ ငြိမ်သက်သွားသည်။ ဤတစ်ခါတော့ လက်မြန်ခြေမြန်ရှိသော စောင်းကန်းက သူ့အစ်ကိုကိုပင် ဘာမှမပြောတော့ဘဲ သဲပြင်ပေါ်က ကျောက်စရစ်ခဲကို လှမ်းကောက်ကာ ခွေးအ,မကြီးကို ပစ်ပေါက်လိုက်သည်။

ထိုင်လျက်မတ်တတ် အနေအထားမဟုတ်ဘဲ သဲပြင်ပေါ်တွင် ဝမ်းလျားမှောက် ကြည့်နေရာက ရမိရာ ကျောက်စရစ်ခဲတစ်လုံးနှင့် လှမ်းပေါက်လိုက်သော စောင်းကန်း၏ ကျောက်စရစ်ခဲလုံးမှာ ခွေးအ,အမကြီးကို မထိဘဲ ခွေးအ,လေးတစ်ကောင်ကို သွားထိသည်။

စောစောကလည်း သူတို့ပတ်ဝန်းကျင်တွင် လူသူလေးပါး မမြင်ရမတွေ့ရဘဲ သူ့ကိုယ်ပေါ် ခဲလုံးလာကျသောအခါ ခွေးအ,လေးမှာ လန့်ဖျပ်ပြီး ဂိန်ကနဲ တစ်ချက်အော်လိုက်သည်။



ပြေးတော့ ထွက်မပြေး။ ဘယ်နားက သူ့ကိုပစ်ပေါက်ပါလိမ့် ဟူသော အကြည့်နှင့် တောတိရစ္ဆာန်ပီပီ ရန်သူရှာအကြည့်နှင့် နားရွက်နှစ်ဖက်ထောင်ကာ လေးဖက်ထောက် ရပ်စောင့်ကြည့်နေသည်။

ခွေးအ,လေးလိုပင် သူ့အမေ ခွေးအ,မကြီးကလည်း သူ့ကလေးအော်သံ ကြားလိုက်သောအခါ လိပ်မကြီးကို ဖိထားရာက ချက်ချင်း သဲပြင်ပေါ် ဝပ်ချလိုက်သည်။ ရန်သူတစ်ယောက်ယောက်သည် သူတို့အနီးသို့ ရောက်လာပြီဟူသော အသိနှင့် နားရွက်နှစ်ဖက်ကလည်း ချက်ချင်း ထောင်ထလာသည်။

လက်မြန်ခြေမြန်ရှိလှသော စောင်းကန်းက သူ့အစ်ကို ဘာလုပ်မှန်း မသိဘဲ ကြောင်ကြည့်နေစဉ် နောက်ထပ်ကျောက်ခဲတစ်လုံးကို လှမ်းကောက်ပြီး ခွေးအ,မကြီးကို လှမ်းထုရန် လက်ရွယ်လိုက်စဉ်မှာပင် ခွေးအ,မကြီးသည် ဂိန်ကနဲ တစ်ချက်အော်ကာ စံပန်းချုံတော ရှိရာဘက် ထွက်ပြေးသွားတော့သည်။ သူ့အမေ အော်၍ထွက်ပြေးသွားသောအခါ ခွေးအ,လေးနှစ်ကောင်မှာလည်း ဘာမသိညာမသိနှင့် ထိတ်ထိတ်လန့်လန့်ဖြစ်ပြီး သူ့အမေနောက် ပြေးထွက်သွားကြသည်။

အောင်ပါစီနှင့် စောင်းကန်းတို့ကလည်း ခွေးအ,မကြီး အော်တရက်အော်ပြီး ဘာကြောင့် ထွက်ပြေးသွားသည်ကို သဘောပေါက်သဖြင့် ကြောင်သွားသည်။ ခွေးအ,မကြီး စထွက်ပြေးခန်းကမူ အောင်ပါစီမှာ ခွေးအ,မကြီးကို သူ့ညီ ခဲနှင့်လှမ်းပစ်ပေါက်လိုက်၍ဟုပင် ထင်လိုက်မိသည်။ သို့သော် ညအမှောင်မှ

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်လင်ကစား သူတို့နှင့် ဝါးတစ်ရိုက်ခန့်၌သာ ရှိနေသေ
ခွေးအ,မကြီးကို သူညီ ခဲထိမှန်လျှင်လည်း မြင်သာသိသာနိုင်သ
ယခုမူ သူညီကလည်း ခဲနှင့်လှမ်းမပစ်ရသေးဘဲ ခွေးအ,မ
ထွက်ပြေးသွားသည်ကို အောင်ပါစီမှာ တွေးမရဖြစ်သွားသ
ထို့ကြောင့် ကပ်လျှက်မှောက်လျှက် အနေအထားတွင်ရှိနေသေ
သူညီမျက်နှာကို လှည့်ကြည့်သောအခါ သူညီကလည်း ခွေးအ,မ
ထွက်ပြေးသွားအောင် အစ်ကို ဘယ်လိုလုပ်လိုက်ပါလိမ့်ဟု သူ
ကိုမျက်နှာကို တအံ့တဩ ပြန်ကြည့်နေပြန်သည်။

အမှန်မှာ သူပင်လယ်ထဲဆင်းပြေး၍ ဘယ်လိုမှမရ
မှန်းသိသော ပြင်သာလိပ်မကြီးသည် သူတို့၏ ဗိုဇစိတ်အသိ
တိုက်ကွက် ပြောင်းတိုက်လိုက်ခြင်းဖြစ်သည်။ ခွေးအ,မကြီး
သူ့ကိုယ်ကို လက်နှင့်ဖိချလိုက်သောအခါ လိပ်မကြီးက သေ
သလို ငြိမ်နေလိုက်သည်။ ထိုအခါ လိပ်မကြီး သေပြီအထင်
ခွေးအ,မကြီးက သူကိုက်၍ရနိုင်မည့် အသားပျော့ အသားည
ရာကို အနံ့ခံလိုက်ရှာရာ စိုစွတ်နေသော လိပ်မကြီး ပါးစပ်ခေ
သွင်းထားရာကို သွားတွေ့သည်။ ထိုအခါ ထိုအသားပျော့ အ
ညှံ့နေရာကို ကိုက်ဖဲ့မည်ဟု နှုတ်သီးဟပ်လာသည်နှင့်ဦးခေါင်း
ကိုယ်ထဲကျုံ့သွင်းပြီး အားခဲစောင့်နေသော လိပ်မကြီးက ဆတ်
ပြေးဆောင့်ထိုးကိုက်လိုက်ရာ ခွေးအ,မကြီး၏နှာဖျားမှာ အ
နီလန်ထွက်သွားသည်။ ထို့ကြောင့်လည်း ခွေးအ,မကြီးသည်
ချိုးတည်း လန့်ဖျပ်ပြီး ထွက်ပြေးသွားခြင်းဖြစ်၏။

"ဟင်အစ်ကို ဘယ်လိုဖြစ်လို့ ခွေးအ,မကြီး လန့်ပြီး



ကြီးနားက ပြေးထွက်သွားတာလဲ"

"ငါလည်းမသိဘူးလေကွာ၊ ဘယ်လိုများဖြစ်သွားပါလိမ့်"

(အမှန်မှာ လိပ်မကြီး တိုက်ကွက်ပြောင်းတိုက်လိုက်သဖြင့်
ခွေးအ,မကြီးထွက်ပြေးသွားရခြင်းကို သူတို့ရွာရောက်၍ လူကြီး
များကို မေးကြည့်ကြတော့မှ သိကြရလေသည်။)

သူတို့ညီအစ်ကိုနှစ်ယောက် ထိုသို့အံ့ဩ တီးတိုး ပြောနေ
ကြချိန်တွင် လိပ်မကြီးကား ဘေးရန်ကင်းသွားပြီ ထင်သဖြင့် ဥဥ
ခဲ့ သူ့ကျင်းနားကိုပင် ပြန်ရောက်သွားပြီဖြစ်သည်။ လိပ်မကြီးအ
နေမှာ သူ့ရန်သူနှစ်ယောက် သူ့အနား၌ ပုန်းစောင့်နေကြသည်ကို
လုံးဝမသိ မရိပ်မိသဖြင့် ဥဥရန်သာ စိတ်စောပြီး သဲကျင်းယက်
နေ၏။

မကြာပါချေ လိပ်မကြီးသည် ကျင်းထဲ၌ ဥဥချထားခဲ့ပြီး
ကျင်းထဲက ပြန်တက်လာသည်။ ပတ်ဝန်းဘယ်ညာကို ခေါင်းမော့
ကြည့်သည်။ စောစောက ခွေးအ,မကြီးနှင့် တိုက်ခိုက်ခဲ့ရသည်
ကို ယခုထိ သတိရသေးပုံနှင့် သူ့ကျင်းကို သဲမြေစာတွေနှင့် မဖုံး
သေးဘဲ တွင်းဝတွင် ခဏငြိမ်နေသေးသည်။ ပြီးတော့မှ သူ့ဥကျင်း
လုပ်စဉ်က ယက်ထုတ်ထားသော မြေစာသဲများကို ကျင်းထဲယက်
ပြီး သူ့ဥတွေကို ပြန်ဖုံးတော့သည်။

သူ့ဥတွေကို မြေစာသဲတွေနှင့် လိပ်မကြီး ပြန်ဖုံးဝှက်နေ
သည်မှာ ကွမ်းတစ်ယာညက်မက ကြာသည်။ သို့နှင့်လည်း လိပ်
မကြီးမှာ သူ့ဥတွေကိုစိတ်မချသေးဘဲ သူ့ဥရှိနေရာ ပတ်ဝန်းကျင်
ကို ယက်လှည့်၍ ကျင်းဖျောက်သည်။ ရန်သူတွေ သူ့ကျင်းဥကို

www.burmeseclassic.com

www.burmeseclassic.com



ရှာမတွေ့နိုင်အောင် သဘာဝအသိနှင့် ကျင်းပတ်ဝန်းကျ
သဲပြင်ကို တလင်းရာတစ်ဝက် အကျယ်အပြန့်ဖြစ်အောင် လူးလ
ခေါက်တုံ့ ကစားပြီး ကျင်းဖျောက်သည်။ ထိုသို့ကျင်းဖျောက်ပြ
စိတ်ချရပြီဟု သူယူဆပြီးမှ လိပ်မကြီးသည် ပင်လယ်ထဲသို့ဆင
သွားလေသည်။

လိပ်မကြီး ပင်လယ်ထဲ ဆင်းသွားပြီးသည်နှင့် အောင်ပ
တို့ညီအစ်ကိုနှစ်ယောက်ကလည်း လိပ်မကြီး ကျင်းဖျောက်ထာ
ရာ သဲသောင်ပေါ် ပြေးတက်သွားကြသည်။ သူတို့နှစ်ယောက်
လိပ်မကြီး ဥကျင်းယက်ရာ နေရာနှင့် ဥဥခဲ့ရာနေရာကိုအစအဆ
မြင်လိုက်ကြရသူတွေ ဖြစ်သဖြင့် သံချွန်နှင့်ပင် ထိုးကြည့်စရာ
လိုဘဲ ခန့်မှန်းပြီး လိပ်မကြီး ကျင်းဖျောက်ထားခဲ့ရာ ဗဟိုချက်
ကို လက်နှင့်ယက်လိုက်ကြရုံနှင့် လိပ်ဥတွေကို တွေ့ရတော့သည်

အကယ်၍ လိပ်မကြီး တက်လာသည်ကိုလည်းကော
လိပ်မကြီး ကျင်းစယက်သည်ကို လည်းကောင်း၊ ဥဥသည်ကိုလည
ကောင်း အစအဆုံးသာ မမြင်လိုက်ကြရလျှင်တော့ သံချွန်နှင့်
ထဲထိုးပြီး မနည်းရှာယူကြရမည်။ သံချွန်နှင့် ထိုးရှာလျှင် လိပ်ဥ
ပျက်အစီးကလည်း အနည်းဆုံး တစ်လုံးနှစ်လုံးတော့ အလဟ
ဖြစ်သွားတတ်သည်။ ယခုမူ လိပ်ဥသည်ကို အစအဆုံး ကြည့်နေ
ကြသူတွေမို့ လွယ်လွယ်နှင့်ပင် လိပ်ဥတွေကိုတွေ့ရသည်။

လိပ်မကြီးကလည်း ခွေးအ,မကြီးနှင့် လုံးထွေးသတ်ပု
ထားသဖြင့် ပင်ပန်း၍လား၊ သို့မဟုတ် ခွေးအ,မကြီးကြောင့်
ချိန် နှောင့်နှေးသွားသဖြင့် စောစောဥချထားခဲ့၍လားမသိ။



လိပ်မကြီး၏ လိပ်ဥကျင်းမှာ သူတို့ညီအစ်ကို ရဖူးယူဖူးသမျှ လိပ်
ကျင်းထဲတွင် အတိမ်ဆုံးလိပ်ကျင်းဖြစ်လေသည်။

သူတို့ညီအစ်ကိုနှစ်ယောက်သည် သဲကျင်းထဲ လိပ်မကြီး
ဥချထားခဲ့သော လိပ်ဥ သုံးလေးဆယ်ကို ပုဆိုးနံငယ်ပိုင်းထဲ ထည့်
ကြသည်။ လိပ်ဥရှာသူတို့၏ အစဉ်အလာအတိုင်း လိပ်ဥလေးငါး
လုံးကိုလည်း ဥကျင်းထဲထားကာ လိပ်မကြီးဖုံးသလို သဲတွေနှင့်
ပြန်ဖုံးပြီး သန်းခေါင်မတိုင်မီ ရွာပြန်လာကြလေသည်။

* * * * *

မနေ့ညက လိပ်ဥရ၍ ရွာပြန်လာကြသော ညီအစ်ကိုနှစ်
ယောက်မှာ ယနေ့ည၌လည်း ပြင်သာလည် လိပ်ဥရှာထွက်ရန်
နေမဝင်မီကပင် ဖင်တကြွကြွ ဖြစ်နေကြသည်။ ကုန်ခဲ့သောညက
အတွေ့အကြုံကြောင့် ယနေ့ညတွင် ခွေးအ,မကြီးနှင့်တွေ့ပါက အ
သင့်ပစ်၍ ခြောက်လှန့်နိုင်ရန် လေးခွတစ်ခုကိုလည်း အပိုဆောင်
ယူလာကြသည်။

သည်လိုနှင့် ညမိုးချုပ်၍ သက်ငယ်ခေါင်းချချိန်လောက်
ကပင် အောင်ပါစီနှင့် စောင်းကန်းတို့သည် လိပ်ဥရှာရန် ပင်လယ်
နား ထွက်လာကြပြန်သည်။ သူတို့ရွာနှင့် ပင်လယ်နားမှာတောင်
လေးတစ်လုံးသာ ခြားနေသဖြင့် ကွမ်းတစ်ယာညက် အကြာမှာပင်
ပင်လယ်နားသို့ ရောက်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ညသို့ သူတို့ညီအစ်ကိုသည် ချောင်းဝနှင့် ပင်လယ်ပြင်ကိုခြားထားသော သဲပြင်ဘက် အရင်လျှောက်လာကြသည်။ ဤမှာဘက်တွင် ကျောက်ဆောင်ကျောက်တန်းများ နည်းသဖြင့် လိပ်တက်များသည်ဟု ရွာကလူကြီးအချို့ ပြောစကားကြောင့် အရင်လာကြည့်ကြခြင်းဖြစ်၏။

ချောင်းကြီးဝ သဲတန်းကိုလွန်၍ တာဝတီသာချိုင်သို့ ရောက်လာကြသည်။ သဲပြင်တွင် လိပ်တက်ရာများနှင့် ဥကျင်းရာများကို လျှောက်ရှာကြသည်။ မကြာမီ ဘယ်အချိန်ကပင် တက်ဥထားခဲ့သည်မသိ။ လိပ်မကြီးဥကျင်းပေါ်တွင် ကျင်းဖုက်ကစားထားရာ တစ်ခုကိုတွေ့ကြရာ လိပ်ဥရှိနိုင်မည်ထင်သော နေရာများကို သံချွန်နှင့်ထိုး၍ ရှာကြည့်ကြသည်။ သို့သော် တော်တော်နှင့် ထိုးရှာ၍မတွေ့။ သဲပြင်ထဲကို သံချွန်နှင့်ထိုးလိုက် ပြန်နှုတ်လိုက် သူတို့လက်ကို သူတို့စိတ်မချ၍ သံချွန်ဖျားကို နမ်းကြည့်လိုက် လုပ်နေကြသည်။ အကယ်၍ သံချွန်နှင့် ဥကျင်းကိုထိုးမိလျှင် ပျော့ပြီး လိပ်ဥထိုးမိသည့် အနေအထားကို သူတို့လက်က သိသည်။

လိပ်မကြီး တက်ဥသွားသည်မှာ သုံးလေးရက်ရှိသွား၍ သဲကျစ်ကာ လက်ကို စိတ်မချလျှင် သံချွန်အဖျားကို နမ်းကြည့်က သိရသည်။ လိပ်ကျင်းကို ထိုးမိ၍ပြန်နှုတ်လိုက်သောအခါ သံချွန်အဖျားမှာ အရိအရွဲ ပါမလာသည့်တိုင်အောင် ညှီစို့စို့အနံ့ရသည်။ ထိုသို့ အနံ့ရလျှင် ထိုနေရာသည် မုချ ဥကျင်းဖြစ်သည်။

သူတို့နှစ်ယောက် ထိုသို့ သဲပြင်ကို သံချွန်နှင့်ထိုး၍ ရှာနေကြစဉ် -



"ဟေ့ ဘယ်သူတွေလဲကွ" ဟု လူကြီးတစ်ယောက်အသံကြောင့် သူတို့ညီအစ်ကိုနှစ်ယောက် ခေါင်းမော့ ကြည့်လိုက်ကြသည်။

လူကြီးတစ်ယောက်သည် လိပ်ဥထုပ်ဟု ထင်ရသော အထုပ်တစ်ထုပ်ကိုထမ်းကာ သူတို့လိုပင် သံချွန်တစ်ခုကို ကိုင်ပြီး သူတို့အနား လာရပ်သည်ကို တွေ့ရသည်။

"ကျွန်တော်တို့ပါ"

သူတို့နှင့် တစ်လံကျော်က ရပ်၍မေးနေသော လူကြီးကို အမှောင်ထဲ၌ မည်သူမည်ဝါမှန်း အတတ်မသိသေးသော်လည်း အောင်ပါစီက ကျွန်တော်တို့ပါဟု ပြောလိုက်ရသည်။

လူကြီးကမူ သူ့အသံကို မှတ်မိသွားပြီး 'အောင်ပါစီတို့သားကွ' လှမ်းပြောပြီး သူတို့ရှိရာသို့လျှောက်လာသည်။ ထိုအခါမှ လူကြီး၏အသံကို မှတ်မိသွားသော အောင်ပါစီကလည်း 'အော် ဘကြီး ငတောင်ပိုကိုး' ဟု ဆိုလိုက်၏။ လူကြီးကလည်း -

"အေး ငါပါ၊ မင်းတို့ဒီနေ့ ဘယ့်နှယ်လဲ" ဟု မေးသည်။

"ဒီနေ့ နတ်မလိုက်သေးဘူး ဘကြီး၊ ခုမှ ဒီတစ်ကျင်း ရှာကြည့်ကြမလို့"

ဟု အောင်ပါစီ အပြောကို ကြားလိုက်ရသောအခါ ဦးငတောင်ပိုက ဟက်ဟက်ပက်ပက် ရယ်လိုက်သဖြင့် ညီအစ်ကိုနှစ်ယောက်မှာ ရုတ်တရက် ကြောင်သွားကြသည်။ သို့သော် 'ဘကြီး ဘာရယ်တာလဲ' ဟုတော့ လူကြီးမို့ မမေးဝံ့ကြ။

ဦးငတောင်ပိုကမူ သူတို့အနားရောက်မှ ဆေးတံပင်

www.burmeseclassic.com

www.burmeseclassic.com



သောက်နေလိုက်သေးသည်။

"အေး ငါကူရှာပေးရမလားကွ၊ ထုံးစံအတိုင်းပဲနော် ဟဲဟဲ"

ဆေးတံဖွာရင်းက အရယ်တစ်ဝက်နှင့် ပြောလိုက်ပြန်၏။

ဒါနှင့်လည်း အောင်ပါစီတို့ ညီအစ်ကိုနှစ်ယောက်က သဘောမပေါက်ကြသေး။

"တစ်ယောက်တစ်ဝက်ပေါ့ ဘကြီးရာ လုပ်ပါဦး၊ ကျွန်တော်တို့ရှာတာ ကွမ်းတစ်ယာညက်လောက်တောင်ကြာ . . ."

"ခွေးလေးတွေ ကွမ်းတစ်ယာညက်မဟုတ်ဘူး၊ မင်းတို့ တစ်ညလုံးရှာလည်း လေးငါးလုံးလောက်ပဲ ဒီကျင်းထဲ ရတော့မပေါ့။ ဒီမှာတွေ့လား စောစောကလေးတင်ပဲ ငါဖော်ယူထားပြီ။ ဒီမှာဒီမှာ"

ဟု သူ့လိပ်ဥထုပ်ကို ကိုင်ပြ၍ ပြောလိုက်သည်။

ရုတ်တရက် ရှက်သွားသော အောင်ပါစီမှာ 'ဟာ ဘကြီးကလဲ' လောက်သာ ပြောလိုက်နိုင်သည်။

"နောက် မင်းတို့ကလေးတွေ မှတ်ထား၊ လာ ဘကြီးပြမယ်" ဟု ပြောပြီး၊ လိပ်မကြီး ခြေရာဖျောက် ယက်ကစားထားရာ အဝိုင်းအဝန်း အလယ်နားကို ခေါ်ပြသည်။

"ဒီမှာ တွေ့လား၊ ဒီနေရာဟာ လိပ်မကြီး ဥကျင်းပဲ။ လူကယူသွားပြီဆိုရင် ဒီနေရာမှာ လိပ်ယက်ရာ ဘယ်ရှိတော့မလဲ၊ လူ့ခြေရာပဲ ကျန်မှာပေါ့။ နင်တို့ ကလေးတွေပဲ မျက်စိပိုကောင်းပါတယ်။ သေသေချာချာကြည့်ကြစမ်း"



ဟု စောစောက သူဖော်ယူထားသော ဥကျင်းဗဟိုချက်ကို ခွန်နှင့် ထောက်ပြသည်။

ထိုအခါမှ အောင်ပါစီတို့ ညီအစ်ကိုမှာလည်း သဘော ပေါက်သွားကြသည်။

"ကဲ မြင်ပြီလား၊ မှတ်မိတယ်နော်၊ ဒါ ဘကြီးခြေရာပဲ။ ဘကြီးပြန်မယ်။ အမှောင်ထဲပေမယ့် မင်းတို့လျှောက်လာကြတာ ဘကြီး ကြယ်ရောင်ရေရိပ်နဲ့ အဝေးကြီးကပင် မြင်တယ်။ မင်းတို့ ကို တစ်ဝက်ခွဲပေးရမှာစိုးလို့ ငါ ကမန်းကတန်း ဖော်ပြီး စံပန်း ရုံတောထဲ အသာဝင်ပုန်းနေတာ။ ဒီည မင်းတို့ ဟင်းစားမရရင် နက်ဖြန် ဘကြီးဆီ ဆယ့်ကိုးလုံး လာယူကြ"

"မနေ့ညက ကျုပ်တို့ အသူတစ်ရာချိုင်ဘက်က တစ်ကျင်း ရသားတယ်"

ဦးငတောင်ပိုကြီး ကြွားသည်ကို အောင်ပါစီက ဘာမှ မပြောသော်လည်း စိတ်ဆတ်သူ၊ စိတ်တိုတတ်သူ စောင်းကန်းက ပြန်ပြောလိုက်သည်။

"ဟုတ်လား ရာသီအစပဲရှိသေးတယ်၊ ငါတူတို့ တော်ကြသားပဲ။ ကဲ ဒါဆို ဘကြီးတော့ ပြန်တော့မယ်။ ညဥ့်နက်သန်းခေါင်ထိ တော့ မနေနဲ့နော်၊ ပင်လယ်ဆို စုန်းနဲ့ နတ်နဲ့"

"ဟုတ်ကဲ့ပါ" ဟု အောင်ပါစီက ပြောလိုက်သောအခါ ဦးငတောင်ပိုလည်း လိပ်ဥထုပ်ထမ်းပြီး ရွာဘက်ပြန်သွားလေသည်။

ဦးငတောင်ပိုမှာ သူတို့နှင့် ဆွေရိပ်မျိုးရိပ် မကင်းသော် လည်း သူတို့ကို ကလေးတွေပဲ ဟူသော သဘောနှင့် ပြောသွား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို စောင်းကန်းကတော့ ကျေနပ်ပုံမရ။ ထို့ကြောင့် ဦးငတောင် ဝေးသွားသည်နှင့် -

"ဒီလူကြီးက သူ့ကိုယ်သူ ရာသီစမှာ လိပ်တစ်ကျင်းရတာ ဟုတ်လှပြီထင်လို့ ကြွားသွားတာ အစ်ကိုသိလား။ အဲဒါ သူ့ထက် တောင် တစ်ရက်စောပြီး မနေ့ညကပင် ကျုပ်တို့ရပြီးပြီဆိုတာ သိအောင် ပြောလိုက်တာ"

ဟု စောင်းကန်းက မကျေမချမ်းဆိုသည်။

အောင်ပါစိကမူ -

"မင်းကလည်း ဘာဖြစ်လဲ လူကြီးကဆုံးမစကားပြောတာ ခံတွေ့လား ဘကြီးငတောင်ပိုသာ မပြောရင် မင်းနဲ့ငါ ဒီကျင်း ကျင်းကန်း(လူဦးပြီးကျင်း)မှန်း မသိလို့ ဘယ်လောက်ကြာကြာ ရှာနေကြဦးမယ် မသိဘူး။ မင်းက တဆိတ်ရှိစိတ်ချည်းပဲ။ လာလာ တောင်ပြိုဘက် သွားလည်ကြည့်ရအောင်"

ထိုအခါမှ စောင်းကန်းကလည်း အောင်ပါစိနောက် လိုက် လာတော့သည်။

ယနေ့ည၌ သူတို့ညီအစ်ကို လျှောက်ရှာရင်း သန်းခေါင်ပ နီးသွားသော်လည်း ဥကျင်းဆို၍ကား တစ်ကျင်းမှ မတွေ့သေး တောင်ပြိုဘက် သဲပြင်ကွေ့ရောက်သောအခါ သူတို့လိုပင် လိပ်ဥ ရှာသူနှစ်ယောက် သူတို့ရှေ့ ဝါးလေးငါးရိုက်အကွာက သွားနေသည် ကို အမှောင်ရိပ်တွင် လှမ်းမြင်လိုက်ကြရသောအခါ သူတို့ညီအစ် ကိုမှာ ပို၍ စိတ်ဓာတ်ကျသွားကြသည်။

ရှေ့ဆက်သွားလျှင်လည်း အကယ်၍ လိပ်တက်လာသည်



ကိုမြင်လျှင် လည်းကောင်း၊ လိပ်မကြီးဥချထားခဲ့ပြီး ပင်လယ်ထဲ ပြန်ဆင်းသွားသော လိပ်ကျင်းကို တွေ့သော်လည်းကောင်း၊ သူတို့ ရှေ့က သွားနေသူတွေသာရမည်။ အကယ်၍ရလည်း တစ်ယောက် တစ်ဝက်သာ ထုံးတမ်းစဉ်လာအရ ရမှာမို့ တောင်ပြိုဘက်မှ ချောင်းကြီးဝဘက် ပြန်လှည့်လာကြပြန်သည်။

လိပ်ဥရှာကြရသည်မှာ ခက်တော့ခက်သား။ တစ်ခါတစ် လေ၌မူ ရှေ့ကလိပ်ဥရှာသူကြားနှင့် နောက်ကလိုက်လာသူကြား သဲသောင်ပြင်ကိုလည်း လိပ်တွေက ဥရန် တက်ချင်တက်လာတတ် သည်။ ထိုအခါ ရှေ့ကသွားနေသူများမှာ နောက်သို့လှည့်မကြည့် မိသဖြင့် နောက်ကလိုက်လာကြသူများသာ ရသွားတတ်ကြသည် လည်းရှိသည်။

"ခုလောက်ဆို ဘကြီးငတောင်ပို ရွာတောင်ရောက်သွား ပြီလား မသိဘူးကွ၊ တို့က သစ်ချိုင်တစ်ချက် သွားကြည့်ပြီး မဟန် ရင် ပြန်ကြတာကောင်းမယ်ထင်တယ်"

ချောင်းကြီးဝဘက် ပြန်လှည့်လာကြရင်း လမ်းတစ်ဝက် လောက်အရောက်မှာ အောင်ပါစိကပြော၏။

"အိမ်ရောက်ရုံတင်လားဗျ အစားကြူးတဲ့လူကြီး ခုလောက် ဆို ထမ်းသွားတဲ့လိပ်ဥ ပြုတ်တောင်စားပြီးပြီနေမှာ"

ဦးငတောင်ပိုကြီး ကြွားသည်ကို ယခုထိ အစာမကြေ ဖြစ်နေသော စောင်းကန်းကလည်း သူ့အစ်ကိုကို ပြန်ပြောသည်။ သူ့အစ်ကိုက ညင်ညင်သာသာရယ်ပြီး -

"ဟုတ်မယ်ကွ၊ ဘကြီးတို့က အစားကျ လောင်းကြေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



တောင်စားတာ။ ခနီတောက ဦးသာပွင့်နဲ့ မြေပဲနှစ်ပြည်တောင်းကြေး စားကြတာ မကုန်လို့ ငါးခြောက်သုံးဆယ်ပိဿာ လျော့ရပါပကောလား။ တစ်နွေလုံး ရှာထားတဲ့ငါးခြောက် လောင်းကြေးပေးလိုက်ရလို့ ဘကြီးငတောင်ပိုကို အရီးဆဲတာကော" ဟု အောင်ပါစီက ပြောပြန်သည်။

"အရီးလေးဆဲတာ နည်းတောင် . . ဟင် အစ်ကို . . . ဟိုမှာ ဟိုမှာ ဘာကြီးလဲဗျ"

စကားတပြောပြောနှင့် လျှောက်လာကြရင်း ချောင်းကြီးဝချိုင်အရောက်မှာ ရှေ့ကိုလှမ်းကြည့်လိုက်သော စောင်းကန်းက ခြေလှမ်းတန့်ပြီး စကားဆက်ပြတ်ကာ အထိတ်တလန့် ပြောလိုက်သည်။

စောင်းကန်း အထိတ်တလန့် ပြောလိုက်တော့မှ အောင်ပါစီလည်း ရှေ့သို့ အကြည့်ရောက်သွား၏။

သူညီ ပြောသည်မှာ အမှန်ပင်ဖြစ်သည်။

ညီအစ်ကိုနှစ်ယောက်မှာ ချက်ချင်း ခေါင်းနားပန်းကြီးကာ အလေ့အကျင့်အရ သဲပြင်သို့ ပြိုင်တူ မှောက်ဝပ်ချလိုက်ကြသည်။ ပင်လယ်ကမ်းခြေ သဲပြင်၌ လမိုက်ညဆိုလျှင် ထိုင်လျက်၊ မတ်တတ်ရပ်လျက် ကြည့်ခြင်းထက်၊ သဲပြင်တွင် ဝမ်းလျားမှောက်ကြည့်က မြင်ကွင်း အဝေးကို ပို၍မြင်ရသည်။ အောင်ပါစီတို့ ညီအစ်ကိုနှစ်ယောက်မှာ ပင်လယ်နားမွေး၊ ပင်လယ်နားကြီးပြင်းလာကြသူများပီပီ ဤသည်ကိုတော့ အလိုလိုသိပြီးသား ဖြစ်ကြသည်။



ထို့ကြောင့်လည်း သူတို့နှင့် ဝါးသုံးလေးရိုက်အကွာ သဲပြင်ကွင်း လှမ်းမြင်နေရသော အကောင်ကြီးကို ကြောက်ကြောက်နှင့် သဲပြင်တွင် ပြားပြားဝပ်ကာ မျက်တောင်မခတ် လှမ်းကြည့်နေကြသည်။

အကောင်ကြီးမှာ မည်းမည်းပြားပြားကြီး။ အရှည်မှာ လူကြီးနှစ်လံခန့်ရှိပြီး ဘေးနှစ်ဘက်အပြန့်မှာ သင်ဖြူးဖျာတစ်ချပ်ခန့်ရှိသည်။ ကြယ်ရောင်ရေရောင်ထဲ၌ သူ့ကိုယ်လုံးကြီးပေါ်မှာ ဝန်းကြူးကောင်ငယ်များလောက် ပြေးနေကြသကဲ့သို့လည်း ထူးဆန်းဆန်း အရောင်ပွင့် အရောင်လက်များကို ကိုယ်လုံးအနှံ့ မြင်နေရသည်။ ထိုသတ္တဝါကြီးသည် ပင်လယ်ထဲက တက်လာသည်မှာတော့ သေချာသည်။ ချောင်းကြီးဝ အောက်ဘက်ရှိ သဲကုန်းတန်းပေါ် တရွေ့ရွေ့ တွားတက်နေသည်။

သူ တွားတက်နေသည်မှာ နှေးလွန်းသည်။ လိပ်မကြီးတစ်ကောင် ဥဥရန် သဲသောင်ပြင်ပေါ် တွားတက်လာသည်ထက် နှေးကွေးနေသည်။ လိပ်မကြီးလို ပတ်ဝန်းဘယ်ညာကို ကြည့်သလား၊ မကြည့်ဘူးလား ဆိုသည်ကိုတော့ သူတို့ညီအစ်ကိုလည်း ခန့်မှန်းတတ်ကြ။ အကောင်ကြီးမှာ လိပ်လို ဦးခေါင်း၊ အမြီးမှုံမရ။ တစ်ချက်တစ်ချက် လှမ်းမြင်လိုက်ကြရသည်။ ထို့ကြောင့် ဤအကောင်ကြီးတွင် ခြေလက်တို့တော့ ပါသည်ကို သိသာသည်။

"ဟင် အစ်ကို၊ ဘာကောင်ကြီးလဲဟင်"

သူ့အစ်ကိုနှင့် ယှဉ်လျက် သဲပြင်ပေါ် မှောက်နေရာမှ စောင်းကန်းက သူ့အစ်ကိုနား ကြောက်ကြောက်နှင့် တိုးကပ်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး လေသံနှင့်မေး၏။

"ဘာကောင်ကြီးလဲ ငါလည်း မသိဘူး"

သူ့အစ်ကိုအသံမှာ သူ့ထက်ပင် ကြောက်ရွံ့တုန်လှုပ်သ ပါနေသည်။

ခက်နေသည်မှာ သူတို့ညီအစ်ကို ရှာပြန်ရမည့် လမ်းက လည်း ဤချောင်းကြီးဝ သဲကုန်းတန်းကို ဖြတ်၍သာပြန်ရမည်ဖြ ရာ သူတို့ညီအစ်ကိုနှစ်ယောက်မှာ ဘယ်လိုလုပ်ရမှန်းမသိ ဖြ နေကြသည်။ အကယ်၍ ပင်လယ်ရေစပ်ဘက်က လှည့်ထွက်ပြေ ကြသည်ကို ဤအကောင်ကြီး မြင်သွားလျှင် သူတို့နောက်များ ပြေ လိုက်လာမလား ဟူသော အတွေးကလည်း ညီအစ်ကိုနှစ်ယောက စလုံးခေါင်းထဲ ရောက်နေကြသည်။ တစ်ခု တော်သေးသည်မှ ထိုအကောင်ကြီးသည် သူတို့ဘက်သို့ ယခုထိ လုံးဝပြန်လှည့် ကြည့်ဘဲ ချောင်းဘက်ကိုသာ ဦးတည်ရွေ့လျားနေသဖြင့် တော် သေးသည်ဟု ပြောရမည်။

"အစ်ကို လင်းပြန်ကြီးလား"

အကောင်ကြီးကို လှမ်းကြည့်ပြီး ပိုကြောက်လာသော စောင်းကန်းက မေးနေပြန်၏။

"မဟုတ်ဘူး"

အောင်ပါစီက ဤမျှသာ တိုတိုပြတ်ပြတ်ပြောသည်။

သူညီမေးသော လင်းပြန်ဆိုသော ရေသတ္တဝါကို အော ပါစီ အကြိမ်အခါပေါင်းများစွာ မြင်ဖူးသည်။ လင်းပြန်မှာ သူတ ဖူးပိုက်ထဲ တစ်ခါတစ်ခါ မျှင်တွေငါးတွေကိုစားပြီး ပါလာတတ



သည်။ လင်းပြန် ကိုယ်ခန္ဓာမှာ လိပ်ကျောက်ငါးလို ပြားပြားချပ် ချပ်ဖြစ်သည်။ လိပ်ကျောက်လို အမြီးရှည်ကြီးတော့မပါ။ သို့သော် ကျောကုန်းတွင် အရိုးမာဆူးတောင်တစ်ချောင်းပါသည်။ သူသွား လျှင် ကျွမ်းထိုးပြီး ပြန်လိုက် မှောက်လိုက် သွားတတ်သည်။ ထိုသို့ ပြန်လိုက် မှောက်လိုက် သွားရာတွင် သူ့ရှေ့၌ရှိသော တခြားရေ သတ္တဝါများကို သူ့ကျောကုန်းက ဆူးနှင့် ထိုးခုတ်သွားတတ်သည်။ ထို့ကြောင့် သူသွားလမ်းရှေ့ကို မည်သည့်ရေသတ္တဝါမှ မနှောက် ယှက်ရဲကြ။ မဖြတ်ရဲကြ။

လင်းပြန်၏ နောက်ထူးခြားချက် တစ်ခုမှာ ရေထဲ၌နေ သော ရေသတ္တဝါပင်ဖြစ်သော်လည်း သူ့ကိုယ်မှာ ပူနွေးပြီး ကြမ်း သော်နေသည်။ ပိုက်၌မိ၍ သူ့အသားနှင့် လူ့အသားကိုထိလျှင် မီးလောင်ဖုလို အဖုအပိန့်တွေထတတ်သည်။ ထို့ကြောင့် လင်း ပြန်တစ်ကောင်ကောင် ပိုက်၌မိလျှင် ကျောကုန်းတွင် တိုင်စိုက် ထားသလို ထောင်နေသော တစ်ချောင်းတည်းသော သူ့ဆူးတောင် အရင်းကို လူကကိုင်၍ ပစ်ချရသည်။ ထိုဆူးတောင်ကို ကိုင်မိပြီ ဆိုလျှင် လင်းပြန်မှာ အသေကောင်လို ငြိမ်ကျသွားတတ်သည်။ အသားမရှိသော သူ့အရိုးဆူးတောင်မှာ အဖျားကသာ ချွန် ထက်နေသော်လည်း ဆူးတောင်တစ်ချောင်းလုံးမှာ ချောမွတ် နေသည်။ ထို့ကြောင့်လည်း ပိုက်သမားများက ထိုဆူးတောင်ကို အမိအရ အရင်းကကိုင်မြှောက်ပြီး ပင်လယ်ထဲ ပြန်ပစ်ချကြခြင်း ဖြစ်သည်။ လင်းပိုင် လင်းရှူး ငါးများကဲ့သို့ပင် သူ့အသားကို တမ်းရှိုးတန်းသားများက စားလေ့စားထလည်း မရှိကြပေ။

www.burmeseclassic.com



"ဒါဆို ဘာကောင်လဲဟင် အစ်ကို"

ချောင်းဝဘက်သို့ တရွေ့ရွေ့ တွားတက်သွားနေသော အကောင်ကြီးကို ကြည့်လေ ကြောက်လာလေ၊ ကြောက်လာသော စောင်းကန်းက မေးပြန်၏။

"မသိပါဘူးဆိုကွာ၊ ကြည့်နေစမ်းပါ။ ယောဟိုမှာ ခြေ တွေလက်တွေလိုလဲ မြင်ရသလိုပဲ"

သူ့အစ်ကိုက ခြေတွေလက်တွေလိုလဲ မြင်ရသည်ဆိုသ ဖြင့် စောင်းကန်းကလည်း အမှောင်ထဲက အကောင်ကြီးကို စူးစူး စိုက်စိုက် လှမ်းကြည့်၏။ သူ့မျက်စိထဲတော့ ဘာမှမမြင်ရ မည်းမည်းပြားပြားကြီး ပက်ကျိသွားသလို တွားသွားနေသည်ကို သာ မြင်နေရသည်။ စောင်းကန်းစိတ်ထဲမှာ ဒီအကောင်ကြီး မြန် မြန် ဝေးဝေး ရောက်သွားပါစေဟုသာ ဆုတောင်းနေမိသည်။ အ ချိန်က သန်းခေါင်နီးနေပြီ။

"ဝုန်း"

သဲကုန်းတန်းဘက် တွားတက်သွားသော အကောင်ကြီး သည် သဲကုန်းတန်းအဆုံး ရောက်သည်နှင့် 'ဝုန်း' ခနဲ အသံနှင့် အတူ ရေထဲ ခုန်ချလိုက်သံကြောင့် ညီအစ်ကိုနှစ်ယောက်မှာ လန့် ဖျပ်ပြီး ရုတ်တရက် ထရပ်လိုက်မိကြသည်။ အကောင်ကြီး ခုန်ချ လိုက်သဖြင့် ရေလုံး၊ ရေသီးကလေးများ လွင့်စဉ်ထွက်သွားသည် ကိုလည်း အမှောင်ထဲက ကြယ်ရောင်ထဲ လက်လက်တောက်၍ မြင်လိုက်ကြရသည်။

"သူ့ရဲခြောက် . . ."



ဟူသောအောင်ပါစီ၏ အသံနှင့်အတူ ညီအစ်ကိုနှစ် ယောက်မှာ သဲပြင်အတိုင်း သူတို့ရွာဘက် လက်တွဲပြေးလာကြသည်။ လိပ်ဥရှာထွက်လာကြစဉ်က ခွေးအ,ပစ်ရန်နှင့် လိပ်ကျင်းရှာရန် ယူလာခဲ့ကြသောလေးခွနှင့် သံချွန်ပင် ဘယ်နေရာ ကျကျန်ခဲ့ကြ သည်မသိ။ ညီအစ်ကိုနှစ်ယောက်မှာ အသံတိတ်ပြေးလာကြသည်။

ညကြီးမင်းကြီး ရေငတ်သလို 'အဖေ အဖေ၊ အမေ အိုး အမေ' ဟုခေါ်ပြီး အိမ်ပေါ် ပြေးတက်လာကြသော သားနှစ်ယောက် အသံကြောင့် သူ့အမေအဖေတို့လည်း ချက်ချင်း နိုးလာကြသည်။

သူ့အမေအဖေတို့၏ အထင်မှာ ဤယနေ့ညသို့လည်း သူ့ သားနှစ်ယောက်သည် မနေ့ညကလို သို့မဟုတ် မနေ့ညကထက်ပင် လိပ်ဥများ ရလာကြသဖြင့် ဝမ်းသာအားရနှင့် မိဘနှစ်ပါးကို ပြ ရန် ခေါ်သည်ဟု ထင်လိုက်ကြသဖြင့် -

"ဟော့ကောင်လေးတွေ လိပ်ဥရလာတာများ ရွှေရလာ ဘာကျနေတာပဲ။ မီးဖိုထောင့်ကတောင်းထဲ သွားထည့်ထားလိုက် ကြတာ မဟုတ်ဘူး"

အိပ်ချင်မူးတူးနှင့် သူ့အဖေ အိပ်ယာထဲက လှမ်းပြော၏။

"လိပ်ဥရလာတာမဟုတ်ဘူး၊ ကျုပ်တို့ကို ချောင်းကြီးဝ ချိုင်ဘက်မှာ သရဲခြောက်ခံရလို့ ပြေးလာကြရတာဗျ"

ထုံးစံအတိုင်းပင် စောင်းကန်းက သူ့အစ်ကိုထက် အရင် အဦးပြောလိုက်၏။

"ပေါက်ပေါက်ရှာရှာ ချောင်းကြီးဝဘက်မှာ သရဲခြောက် ဘယ်ဆိုတာ မကြားဖူးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဖေ၊ ကျုပ်တို့ကို ခြောက်တဲ့သူရဲက . ."

"ဟာ ခြောက်ခြောက်ကွာ၊ မင်းတို့ ခု အိမ်ရောက်နေကြပြီပဲ။ ဘာဖြစ်လဲ အိပ်ကြတော့။ ငါတို့ မနက်ဖြန် မိုးလေသင့်ရင် ပင်လယ်တစ်ခေါက် ထွက်ကြည့်ကြဖို့ နင့်ဘကြီး ဦးဖြူသံနဲ့ ပြောထားကြတယ်၊ အိပ်ကြတော့။"

သားကြီး အောင်ပါစီ ပြောသည်ကိုလည်း သူ့အဖေမှာ စကားပင် ဆုံးအောင်နားမထောင်ဘဲ အိပ်ကြတော့ဟုသာ ပြောလိုက်သည်။ သူတို့ ညီအစ်ကိုနှစ်ယောက်ကမူ မျက်မြင်ကိုယ်တွေ့ ကြုံလာကြရသူတွေမို့ အိမ်ရောက်သည်အထိ တီးတိုးပြောနေကြသည်။ သူ့အဖေကမူ ခဏအကြာမှာပင် ဟောက်သံကြားရတော့သည်။

"ဟော့ကောင်လေးတွေ အိပ်ကြတော့လို့ပြောတာ မကြားဘူးလား၊ ဘယ်အချိန်ရှိပလဲ၊ နင့်အဖေက မနက်အစောကြီး ပင်လယ်ထွက်ရမှာ"

သူတို့ညီအစ်ကိုနှစ်ယောက်မှာ ယခု အိမ်ရောက်လာသည်အထိ အကြောက်မပြေချင်ကြသေးသလို့နှင့် ချောင်းကြီးဝက သရဲအကြောင်း တီးတိုး ပြောနေကြသည်ကို သူ့အမေကပါ ကြားသဖြင့် အတွင်းထဲက လှမ်းပြောနေပြန်၏။

ထိုအခါမှ အောင်ပါစီတို့ ညီအစ်ကိုနှစ်ယောက်၏ အသံမှာလည်း တိတ်သွားကြသည်။

သူ့အမေ ပြောသည်မှာလည်း မှန်၏။ သူတို့ညီအစ်ကိုနှစ်ယောက် မနက်အိပ်ရာက ထလာကြသောအခါ သူ့အဖေကို



...ခဲ့၍မှတွေ့ရတော့။ ဘယ်အချိန်ကပင် ထပြီး ဦးဖြူသံနှင့် ပင်လယ်ထွက်သွားကြသည်မသိ။ သူတို့နှစ်ယောက် နိုးလာကြသည်နှင့် သူ့အမေကလည်း ကပြင်မှ ရေအိုးတစ်လုံးကို ဆွဲကာ ရေခပ်ရန် ထွက်သွားသည်။

ထိုအခါ ညက သူတို့နှစ်ယောက်အား ချောင်းကြီးဝမှာ သရဲခြောက် ခံခဲ့ရသည့်အကြောင်း လျှာယားအောင် ပြောချင်နေကြသော ညီအစ်ကိုနှစ်ယောက်မှာ သူ့အဖေ ပင်လယ်ကို ဘယ်နေ့ထွက်မလဲဟု စောစောစီးစီးမေးရန်လာသော သူ့အမေမောင်ဘအောင်အား ညက သူတို့ ချောင်းကြီးဝချိုင်ဘက်တွင် သရဲခြောက်ခံခဲ့ကြရသည့်အကြောင်း သူ့ဦးလေးအား ပြောပြကြသည်။

သို့သော် သူတို့ပြောသည်ကို သူ့ဦးလေး ဦးဘအောင်ကလည်း မယုံ။

"ဒီကောင်လေးတွေ ပေါက်တတ်ကရ စောင်းလျှားလိပ်မကြီးတွေက အကြီးကြီးတွေကွ၊ လိပ်မကြီး ဥဥဖို့တက်လာတာ နင်တို့နှစ်ကောင်မြင်ပြီး ကြောက်လို့ ပြေးလာကြတာ ဖြစ်မှာပေါ့"

"ဟာ ဦးလေးကလည်း စောင်းလျှားလိပ်မကြီးတွေကိုများ ကျုပ်တို့က မသိဘဲနေမလားဗျ၊ တာဝတီံသာချိုင်ဘက်တောင် ဟိုနေ့က အဖေနဲ့လိုက်သွားလို့ ကျုပ်တို့ မြင်ဖူးတာပဲ၊ ခုဟာက သရဲခြောက်တာပါဆို"

စကားနည်းသူ မည်သူ့ကိုမျှ အတိုက်အခံလုပ် မပြောသူ အောင်ပါစီကမူ သူ့အဖေအမေတို့ကပင် သူတို့စကားကို မယုံကြသလို ယခု သူ့ဦးလေးလည်း မယုံသဖြင့် ဘာမှ မပြောသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်ထိ မခံတတ်သော စောင်းကန်းက သူဦးလေးကို မှင်နှင့်မောင်းနှင့် ပြောနေပြန်၏။ 'အဲဒါဆိုလည်း မင်းတို့ အဲဒီဘက်လိပ်ဥရှာ မသွားကြနဲ့တော့' လောက်သာ ပြောပြီး ပြန်သွားလေသည်။ သရဲ ဘယ်လိုခြောက်သလဲဟုပင် မေးမသွားခဲ့။

အမှန်က ဦးဘအောင်မှာ အောင်ပါစီတို့အဖေ သူ့ယောက်ဖကြီးနှင့် ပင်လယ် လိုက်ချင်နေသူ ဖြစ်သည်။ ယခုသူ့ယောက်ဖကြီးက ဦးဖြူသံနှင့် ထွက်သွားပြီ ဆိုသောအခါ သူရည်ရွယ်ချက်ပျက်ပြီး စောင်းကန်းတို့ သရဲအကြောင်း စိတ်မဝင်စားဘဲ ကြုံရာလူနှင့် ပင်လယ်လိုက်ရန် ကမန်းကတန်း ပြန်သွားခြင်းဖြစ်၏။

ထိုအခါ စောင်းကန်းတို့ ညီအစ်ကိုမှာလည်း တွေ့ရာလူကြုံရာလူကို ချောင်းဝကြီးမှာ ညက သူတို့ညီအစ်ကိုနှစ်ယောက်အား သရဲခြောက်သည့်အကြောင်း ပြောကြပြန်သည်။ သို့သော်သူ့အဖေ သူ့ဦးလေးတို့ကဲ့သို့ပင် လူကြီးတွေက သူတို့စကားကို မယုံကြ။ ထို့ကြောင့်လည်း သူ့ဦးလေး ဦးဘအောင်ပြောသလိုပင်စောင်းကန်းအား -

"မင်းတို့ဟာ မဟုတ်သေးပါဘူးကွာ၊ ငါတို့ ဘိုးစဉ်ဘောင်ဆက် ခမောက်ကျွန်း နေလာကြတာ တစ်ခါမှ ချောင်းကြီးဝ သဲတန်းမှာ တစ္ဆေသရဲ ခြောက်တယ်ဆိုတာ မကြားဖူးပါဘူး၊ မင်းတို့က စောင်းလျားလိပ်မကြီးတွေကိုများ မြင်မိခဲ့ကြလားမှ မသိတာ၊ မင်းတို့က စောင်းလျားလိပ်မကြီးများကို မြင်ဖူးကြလား" ဟု ဆိုပြန်သည်။



"ဟာ မမြင်ဖူးဘဲနေမလားဗျ၊ လိပ်ကလုံးလုံးခုံးခုံးကြီး။ ...ဘာက ပြားပြားကြီး။ သင်ဖြူးဖျာလောက်တောင် ရှိပါတယ်ဆို"

"စောင်းလျားလိပ်က ခုံးခုံးလုံးလုံးကြီးပြောရအောင် မင်း... ဘယ်လောက်ကြီးကြီးမြင်ဖူးလဲ"

ရွာသားကြီး၏ ခပ်တည်တည်အမေးကို သူ့အစ်ကိုကသာ ...လုံး ကလယ်ကလယ်လုပ်ပြီး မပြောတတ်ဖြစ်နေသော်လည်း ...င်းကန်းကမူ ကောက်ကာငင်ကာ 'နွားမတန်းလောက်ရှိတယ် ... အဖေက ပြောဖူးတာပဲ' ဟု ဆိုးဆိုးဆတ်ဆတ် ပြောလိုက်၏။

"ဒါ မင်းတို့ မြင်ဖူးတာမှ မဟုတ်တာ၊ မင်းအဖေမြင်ဖူး ...ပဲ။ အမှောင်ထဲမှာ ပင်လယ်ကရေရိပ်နဲ့ ကြယ်ရောင်နဲ့ဆိုတော့ ...တက်လာတာကို တစ်ခါတစ်ခါ အသွင်အမျိုးမျိုးမြင်တတ်တယ်။ ...းသဖြင့် ကျောက်ဆောင်အောက်တို့ ဘာတို့ဆို မင်းတို့ပြော ...လိုပဲ ကျောက်ဆောင်ရိပ်နဲ့ အလုံးကို အပြားလည်းမြင်ချင်မြင် ... . ."

"ဒါဆို ရေထဲခုန်ချပြီး ဝုန်းခနဲကြားလိုက်ရတဲ့ အသံကြီး ...ကောဗျာ၊ ရေထဲက ရေသီးရေလုံးတွေ စဉ်တက်လာတာကကော ...ခြောက်တာ မဟုတ်လို့ ဘာသံ . ."

"ဟာငစောင်း မင်း တော်တော်ပြောရခက်တဲ့ အကောင် ... မင်းတို့ကြားလိုက်ရတဲ့ အသံက ချောင်းကြီးဝဒိုင်က ငါးပွက် ...နေမှာပေါ့ကွ၊ တောပြောတောင်ပြော ရွာမှာလျှောက်ပြီး နောက် ...ပြောကြနဲ့နော်။ မင်းတို့နှစ်ယောက် မဟုတ်ကဟုတ်က ပြော ...နဲ့ တော်ကြာ ငါတို့ပိုင်းက ကလေးတွေပါကြောက်ပြီး ပင်လယ်

www.burmeseclassic.com

www.burmeseclassic.com



နား လိပ်ဥရှာ မထွက်ရဲ ဖြစ်ကုန်ကြဦးမယ်”

သူ့စကားကိုပင် ဆုံးအောင် နားမထောင်ဘဲ သူ့ကို ပြန်ပြောရမည်လားဟု စိတ်တိုသွားပုံရသော ရွာသားကြီးက စောင်းကန်းကို ဟောက်တော့၏။

ထိုအချိန်မှာ ရွာလယ်ပိုင်းက ဦးရွှေသောင်းကြီးနှင့် ညကမှ သူတို့ညီအစ်ကိုနှင့် ချောင်းကြီးဝဘက်တွင် ကြုံခဲ့ကြရသော ဦးငတောင်ပိုတို့လည်း သူတို့အနား ရောက်လာကြပြန်ရာ ဦးငတောင်ပိုက -

“ဟော့ကောင်လေးတွေ ညက မင်းတို့ရှေ့တင်ပဲလေ ငါလည်း ချောင်းကြီးဝသဲတန်းက ပြန်လာတာပဲကွ၊ ငါတို့တော့ မင်းတို့ပြောတဲ့သရဲ မခြောက်ပါလား။ ပြီးတော့ ကျောက်ကြီးချိုင်ဘက်က လိပ်ဥရလို့ပြန်လာတဲ့ ဦးလူဒေါင်းကြီးဆို မိုးလင်းပိုင်းမှ ရွာပြန်ရောက်လာတာ။ ဘာသံမှ မကြားရဘဲ မင်းတို့ညီအစ်ကိုမှ သူ့ရဲခြောက်တယ်ဆိုတော့ အံ့ဩစရာပဲ” ဟု ဆိုပြန်သည်။

ဦးငတောင်ပိုနှင့် အတူလာသူ ဦးရွှေသောင်းကြီးကလည်း -

“ငါ့အသက် ငါးဆယ်ကျော်ပြီ၊ ချောင်းကြီးဝဘက်မှာ သရဲခြောက်တယ်ဆိုတာ တို့လည်းတစ်ခါရုံဖူး မကြားဖူးပေါင် မောင်တို့ရာ၊ ငတောင်ပို ဘာမှမဟုတ်ဘူးကွ ဒီကောင်လေးတွေက ချောင်းကြီးဝဘက်မှာ သရဲခြောက်တယ် ပြောကြတာ အမှန်က ချောင်းကြီးဝဘက် သရဲခြောက်တယ်ကြားလို့ ရွာကတခြားကလေးတွေ မသွားရဲတော့ ဟိုတုန်းကဦးနှင်းပန်းကြီး လုပ်ကြံပြော



သလို ချောင်းကြီးဝဘက်တက်တဲ့ လိပ်ဥတွေ သူတို့ချည်း ညညသွားယူမှာမို့ မင်း တာမင်လုပ်ကြံပြောနေတာ မဟုတ်လား ငစောင်းကန်း ဉာဏ်မများနဲ့နော်” ဟု အတည်လိုလို နောက်သလိုလို ပြောပြန်သည်။

ဦးရွှေသောင်းကြီး ပြောသည်မှာလည်း သူတို့ရွာတွင် ယခင်က သာဓကတစ်ခု ရှိခဲ့ဖူးသည်။ ငှက်ရဲကျောက်ဆောင်ဘက်တွင် ညညဆိုလျှင် ဒီရေအတက်နှင့် ကွန်ပစ်က ငါးကြီးတွေ အလွန်ရတတ်သည်။ ဤသည်ကို ချက်သိထားသော ဦးနှင်းပန်းဆိုသူ အဘိုးကြီးက ငှက်ရဲကျောက်ဆောင်ဘက်တွင် အလွန် သရဲခြောက်သည်ဟု ရွာမှာလျှောက်ပြောသည်။ ဦးနှင်းပန်းမှာ လူကြီးဖြစ်သဖြင့် သူ့စကားကို ယုံကြည်ကာ နောက်မည်သူမျှ ညည ငှက်ရဲကျောက်ဆောင်ဘက် ကွန်ပစ်မထွက်ရဲကြ။ ထိုအခါမှ ဦးနှင်းပန်းမှာ သူတစ်ယောက်တည်း ငှက်ရဲကျောက်ဆောင်ဘက် သွားပြီး ကွန်ပစ်တော့သည်။

ဤသို့ ဦးနှင်းပန်းလုပ်နေသည်မှာ တစ်လလောက်ကြာတော့မှ နောက် လူတွေသိသွားကြသည်။ ထိုအခါမှ တခြားလူတွေက ငှက်ရဲကျောက်ဆောင်ဘက် ညည ကွန်ပစ် ထွက်ရဲကြတော့၏။ ဤသည်ကိုပင် ဦးနှင်းပန်းက 'မင်းတို့ ငှက်ရဲကျောက်ဆောင်ဘက် ကွန်ပစ်သွားကြမလို့လား၊ အဲဒီဘက် သရဲအရမ်းခြောက်တယ်နော်၊ ငါတစ်ခါသွားပြီး ကွန်ပစ်မိပါတယ် ငါးလည်းရရော အတင်းနောက်ကနေ ငါ့လိုက်တောင်းလို့ ငါ့မှာ ပြေးလိုက်ရတော့ ဗျာ၊ သရဲကြီးကလည်း မျက်လုံး လင်းကွင်းလောက်ရှိတယ်။ မင်း

www.burmeseclassic.com

www.burmeseclassic.com



တို့ အတင့်မရဲကြနဲ့နော်၊ ငှက်ရဲက သရဲကြီးနဲ့ တွေ့နေဦးမယ်’ ဟု ခြောက်လှန့် ပြောသေးသည်။

သူ့အကြောင်းသိထားသူ လူငယ်တွေက ‘ခြောက်ခြောက် ဗျာ၊ ငါးလိုက်တောင်းတော့လည်း ဘာဖြစ်လဲ တစ်ကောင်တစ်ေ ငှက်ရဲကျောက်ဆောင်သရဲ ပေးထားခဲ့ရတာပေါ့’ ဟု ပြောပြီး ငှက် ရဲကျောက်ဆောင်ဘက် ကွန်ပစ်ရန် သွားကြသည်။ ထိုအ ငှက်ရဲကျောက်ဆောင်ဘက်မှာ ညစဉ် ငါးကြီးကြီးတွေ ရနေက ဦးနှင်းပန်းက သူဘယ်လိုခြောက်ခြောက် မရမှန်းသိတော့မှ ‘အေ မင်းတို့လို ကာလသား လူငယ်တွေပါတော့ ဘကြီးလည်း လိုက် ရစေကွာ’ ဟု ပြောပြီး လူငယ်တွေနှင့် ကွန်ပစ်လိုက်တတ်သည်

ယခုလည်း မျက်လုံးတစ်ဖက်က ကြည့်မကောင်းလော အောင် စောင်းနေသော်လည်း ရွာမှာဆို ရန်အလိုဆုံး ဉာဏ်အ များတတ်ဆုံး စောင်းကန်းက တမင်ဉာဏ်ဆင်ပြောသည်ဟု ဦး ရွှေသောင်းကြီးက စွပ်စွဲပြောဆိုပြန်သည်။

သူတို့ညက အမှန်တကယ် တွေ့ကြုံခဲ့ကြရသော ချော ကြီးဝက သရဲအကြောင်း လူကြီးတွေကို ဘယ်လိုမှ ပြောမရသော အခါ အောင်ပါစီကမူ ဘာမှထပ်မပြောတော့သော်လည်း စော ကန်းကမူ သူနှင့်ရွယ်တူတန်းတူ အသက်အရွယ်တူ ရွာကလေးမျ ကို ပြောပြန်သည်။

ထိုအခါ လူကြီးတွေ လေသံကိုလိုက်၍ စောထွန်းဆိုသော ကောင်လေးက -

“မင်း ချောင်းကြီးဝ တစ်ဖက်က စံပန်းချုံနားမှာ ကျော



ျာပြားပြားကြီးတွေလဲ ရှိတာပဲ။ မင်းမျက်စိက တောင်ကိုကြည့် မြောက်ကိုမြင်တတ်တော့ စံပန်းချုံနားက ကျောက်ဖျာကြီးကို သွား မြင်လာတာ နေမှာပေါ့” ဟု သရော်တော့သည်။

တခြားကလေးတွေကပါ စောထွန်းအပြောကို ဝိုင်းဟာ ကြသောအခါ စောင်းကန်းမှာ တော်တော်ရှက်သွားသည်။ သူ့ကို ယ်ကျိုးငယ်နာ ပြော၍ သရော်သော စောထွန်းကို ဒေါသလည်း ဖြစ်သည်။

ဦးကြီးရှိန်တို့ မိသားစုမှာ ချောင်းဘေးရှိ သူတို့၏ ခနို တော အစတွင် တဲအိမ်နှင့် နေကြသူတွေဖြစ်သည်။ ဦးကြီးရှိန် မှာ သူများလို ပင်လယ်ထွက်၍ အသက်မွေးဝမ်းကျောင်းပြု သူ မဟုတ်။ သူ့ခနိခင်းမှရသော ခနိရည်ကို အရက်ချက်ကာ ပင် လယ်ထွက်သူများအား ရောင်းချခြင်း၊ သားငါးနှင့် အရက်ကို လှယ်ခြင်းဖြင့် သူတို့မိသားစု ဘဝကို ရပ်တည်နေသူဖြစ်သည်။

ထို့ကြောင့်လည်း ခမောက်မော်တစ်ရွာလုံးရှိ ပင်လယ် တံငါများမှာ မနက် လေးငါးနာရီလောက်ကပင် ပင်လယ်ထွက် များတန်းချကြပြီး ညနေ လေးနာရီကျော်မှ ရွာပြန်ရောက်တတ် ကြသူများဖြစ်ရာ ညနေဆိုလျှင် ဦးကြီးရှိန်၏ တဲအိမ်အရက်ခန်း တွင် တစ်ညနေလုံး ဆက်ရက်မင်း စည်းစိမ်ကို ခံတတ်ကြသည်။ ယခုမူ ရာသီဥတုက သိပ်မကောင်းသေးသဖြင့် ပင်လယ်ထွက် သူတွေက တစ်ယောက်စ နှစ်ယောက်စလောက်သာ ရှိသေးရာ ဦးကြီးရှိန်၏ သေတင်းကုပ်တွင် လူတော့မစည်သေး။

သည်လိုနှင့် ချောင်းကြီးဝတွင် အောင်ပါစီနှင့် စောင်း

www.burmeseclassic.com

www.burmeseclassic.com



ကန်းတို့အား သရဲခြောက်သည်ဆိုသောညာ၏ မနက်မိုးလင်းပိုင်တွင်ဖြစ်သည်။ သူတို့ဓနိခင်းအောက်ရှိ ချောင်းထဲမှ လှိုင်းရိုက်သံကြီးလိုလို ရေပွက်သံကြီးလိုလို အသံတစ်ခုကိုတော့ ဦးကြီးရှိန် ၍ ကြားမိလိုက်သည်။ သို့သော် လေပြင်းလည်းမကျ၊ လှိုင်းကြီးရေထန်တတ်သော ဝါဆိုဝါခေါင်လည်း မဟုတ်။ မိုးနှောင်းကာလသာဖြစ်သဖြင့် များစွာ ဂရုမထားမိသေး၊ အချိန်မှာလည်း ရွာမှကြက်ဦးတွန်သံကိုပင် ကြားနေရပြီဖြစ်သဖြင့် အိပ်ရာကထလာသည်။

သူမှာ စောစောထပြီး ညဥ့်ဦးကခံထားသော ဓနိရည်ကျည်တောက်တို့မှ ဓနိရည်များကို အိုးတစ်လုံးထဲ စုထည့်ပြီး အရက်ချက်နေသော နေရာသို့ သယ်ယူရမည်။ ဤသည်မှာ သူ၏နေ့စဉ်လုပ်နေကျ အလုပ်ဖြစ်၏။ ထို့ကြောင့် စောစောထပြီး မျက်နှာသစ်နေချိန်မှာပင် ချောင်းထဲမှ ဖျံများ ဝရုန်းသုန်းကားနှင့် အော်ဟစ် ဆူညံနေကြသံကို ကြားလိုက်ရပြန်သည်။ သို့နှင့်လည်း ချောင်းနားနေသူ ဦးကြီးရှိန်အတွက် ဤသည်တို့မှာ အဆန်းတကြယ် ကိစ္စအဟုတ်။

ချောင်းထဲရှိ ဖျံများသည် သူတို့တိရစ္ဆာန်ဘာသာဘာဝ မိတ်လိုက်ကြခြင်း၊ မိတ်ရှာကြခြင်း မြည်သံဟုသာ စောစော ထင်မိလိုက်သေးသည်။ သို့သော် ဤမျှဆူညံစွာ အော်ဟစ်ပြီး မိတ်လိုက်ကြသည်ကိုတော့ ဦးကြီးရှိန် တစ်ခါမှ မကြားဘူး။ ထို့ကြောင့် မျက်နှာသစ်နေရင်းက နားစွင့်ထားလိုက်မိသည်။

ထိုအချိန်မှာပင် သူ့မိန်းမ စိန်နုက "ကိုကြီးရှိန်၊ ကိုကြီး



ရှိန်" ဟု အိပ်ရာက လှမ်းခေါ်သည်။ မစိန်နုက သူ့ဘေးနားတွင် ဦးကြီးရှိန်ကို မတွေ့၍ ခေါ်ကြည့်ခြင်းဖြစ်၏။

"စိန်နု ဘာလဲဟ၊ ငါဒီမှာရှိပါတယ်။ နင်က အထိတ်တသန့်နဲ့"

"ဪ . . . မျက်နှာသစ်နေတာလား"

"အေးလေ"

"တော် မကြားဘူးလား"

"ဖျံတွေ ချောင်းထဲက အော်နေကြသံကို ပြောတာလား"

"ဟုတ်တယ်လေ၊ ကျုပ်အရင်က ဒီလောက် ဖျံတွေအော်ဟစ်ကြတာ မကြားဖူးပါဘူး၊ ဒီနေ့မှ ထူးထူးဆန်းဆန်း အော်မြည်လိုက်ကြ . . ."

"အိုကွာ . . . သူတို့ဘာသာဘာဝ မြူးကြတာနေမှာပေါ့"

ပြောသာပြောလိုက်ရသော်လည်း ချောင်းထဲက ဤမျှ ဖျံတွေ အော်ဟစ်ဆူညံနေကြသံကို ယခုလို သူတစ်နှစ်မှ မကြားဘူးသည်မှာတော့ အမှန်ပင်။ ထိုအချိန်မှာပင် ဖျံတွေ အော်ဟစ်ဆူညံသံတွေကလည်း ပိုကျယ်လာသည်။ ဖျံတွေ အော်ဟစ်နေကြသံများမှာ သူ့ဓနိခင်းထဲပင် ရောက်လာသလား ထင်လိုက်ရသည်။

ထို့ကြောင့် နားစွင့်နေရာက ကပျာကယာ မျက်နှာသစ်လိုက်သည်။ သူ့မိန်းမ မစိန်နုလည်း အိပ်ရာကထလာ၏။

"ကျုပ် နားထဲက ကျုပ်တို့ဓနိခင်းထဲကလိုလို ကြားသလားဟဲ့"

"အေး ငါလည်း အဲသလို ကြားတာပဲ၊ ဆင်းကြည့်ဦးမှ

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

အချိန်မှာ ဝေလီဝေလင်းပင် ရှိနေပြီဖြစ်သဖြင့် သူ ဓနိညှာ လှီးသည့် ဓားကိုဆွဲကာ သူ့ဓနိခင်းဘက် ဆင်းလာသောခါ သူ့မိန်းမလည်း ဓနိရည်လှယ်ထည့်ရန် လှယ်အိုးရွက်၍ နောက်ကဆင်း လိုက်လာသည်။

သူတို့နှစ်ယောက် ဓနိခင်းအစ အရောက်မှာပင် ဖျံများ ချောင်းရေထဲ ခုန်ချသံ၊ ပြန်တက်ပြေးလာကြသံ၊ ဆူညံအော်ဟစ် နေကြသံများက တိတ်မသွားသေး၊ အော်ဟစ်ဆူညံမြဲ အော်ဟစ် နေကြတုန်းပင်။

"ဒီကောင်တွေ ချောင်းထဲ ဆင်းလိုက်၊ တက်လိုက်နဲ့ ဘာ များဖြစ်နေကြပါလိမ့်နော်"

သူ့မိန်းမက လှယ်အိုးရွက်လာရင်း ညည်းသလို ပြောသည် ကိုတော့ ဦးကြီးရှိန်က ဘာမှ ပြန်မပြောလိုက်တော့။ ဖျံသိုးကြ များ မိတ်လုကြတာလား၊ အုပ်လုကြတာလားဟု နားစွင့်ရင်းသ ဓနိခင်းထဲ ရှေ့က ဆင်းလာသည်။

ချောင်းကမ်းစပ်နားတွင်လည်း ဓနိရည်ခံထားသော ဓ ပင် သုံးလေးပင်ရှိသဖြင့် ချောင်းစပ်နား ဓနိခင်းအစသ လျှောက်လာသည်။ ထိုစဉ်ပင် ရေစက်လက်နှင့် ချောင်းထဲကတ ပြေးလာသော ဖျံနှစ်ကောင်နှင့် ဓနိခင်းကမ်းစမှာ ပက်ပင်းသွာ တိုးမိကြသည်။

ဦးကြီးရှိန်က ကိုင်ပါလာသော ဓနိညှာတံလှီးဓားနှ လှမ်းပစ်လိုက်ရာ ချောင်းထဲ ရှောခနဲ ခုန်ဆင်းသွားကြသည်။ သ



ကို မြင်၍လားမသိ မြည်သံကလည်း ပိုကျယ်သွားသည်။ သူ့ဓား နှင့် လှမ်းပစ်လိုက်သဖြင့် ပိုလန့်သွား၍ အော်သည်ဟု ထင်လိုက်သည်။

ထိုအချိန်မှာပင် စောစောက ခုန်ဆင်းပြေးသွားသော ဖျံနှစ်ကောင်လား၊ ချောင်းထဲက နောက်ထပ် ဖျံနှစ်ကောင်လား တော့ ဦးကြီးရှိန်လည်း မဝေခွဲတတ်၊ နောက်ထပ် ဖျံနှစ်ကောင် ချောင်းထဲက ပြေးတက်လာသည်ကို လှမ်းမြင်ရပြန်သည်။ ထိုဖျံ နှစ်ကောင်ကတော့ ချောင်းထဲ ပြန်မဆင်းကြတော့ဘဲ ဓနိ တော ကို ဖြတ်ပြေးကာ ပြူတောထဲ ဝင်ပြေးသွားကြသည်။ ထိုဖျံများ နည်းတူ သူနှင့်မနီးမဝေး ချောင်းထဲမှ နောက်ဖျံများလည်း ဝရုန်း သုန်းကားနှင့် ချောင်းထဲက အော်ဟစ်ဆူညံစွာ တက်ပြေးလာကြ သံကို ကြားနေရသည်။

စောစောက ဖျံနှစ်ကောင်ကို ခြောက်လှန့်ပစ်လိုက်သော သူ့ဓားကို ငုံ့ကောက်လိုက်စဉ် ချောင်းထဲက ရေလှိုင်းတစ်လုံး ပြေး တက်လာပြီး ဓနိပင်ခြေရင်း သူ့ဓားနားဆီပင် လှိုင်းဖျားခတ်သွား သည်။ ဤသည်ကို သူက ဖျံနှစ်ကောင် စောစောကပြေးတက် သွားသော ရေလှိုင်းဟုသာ ထင်လိုက်သည်။ တခြား မည်သို့မှ မ ထင်မိ။ သို့သော် စောစောက တက်ရိုက်သွားသော ဓနိပင်ခြေ ရင်းရောက် လှိုင်းထက်ပင်ကြီးသည့် နောက်ထပ်လှိုင်းတစ်လုံးက ပြေးတက် ရိုက်ခတ်လာပြန်သည်။

ဤသည်ကိုလည်း ဦးကြီးရှိန်က ဖျံများ တစ်ကောင်ပြီး တစ်ကောင် ချောင်းရေကို အရှိန်နှင့် ပြေးကူး တက်ပြေးလာကြ

www.burmeseclassic.com

www.burmeseclassic.com



၍ ရေလှိုင်းရိုက်ခတ်နေခြင်းဟုသာ ထင်လိုက်သည်။ ဖျံများပြေ
ကူး ပြေးတက်နေကြသော်လည်း ဤမျှ လှိုင်းလုံးကြီး ဖြစ်ပေါ်လာ
နိုင်ခြင်း အကြောင်းမရှိ ဆိုသည်ကိုတော့ သတိမပြုမိ၊ မတွေး
လိုက်ပေ။

သည်လိုနှင့် မိုးလည်းစင်စင်လင်းသွားရာ ဖျံများအော်
မှာလည်း တဖြည်းဖြည်းနှင့် ဝေးပြီးပျောက်သွားသည်။ သူ
စောက ထင်ခဲ့သလို ဖျံသိုးကြီးများ အုပ်လုကြခြင်းဟုသာ ထပ်
ထင်လိုက်လေသည်။

ထို့ကြောင့်လည်း သူတို့လင်မယား နှစ်ယောက်မှာ နိ
မှုဝ လုပ်နေကျအလုပ်ကို ဆက်လုပ်ကြသည်။ သူတို့ ခနိခင်းဝ
ကျင်တွင် နောက်ထပ် ထူးခြားမှုလည်း ဘာမှမကြားရ မမြင်
တော့သဖြင့် ခနိခင်းထဲက ခနိရည်များကို လှယ်အိုးနှင့်ထည့်လှ
ပြီး သူတို့တဲအိမ်နားရှိ အရက်ချက်ဖိုနားကို တက်လာကြသည်။

နံနက်စာ စားပြီးသောအခါ ဦးကြီးရှိန် ရွာထဲဝင်လာ
ဆန်ဖွတ်နေကြသော မိန်းမသူ သုံးလေးယောက်ကို အဖျားဦးစု
တွေ့ရသည်။ ဦးကြီးရှိန်မှာ တခြားမြို့သတင်း၊ ပြည်သတင်း 
၍လည်း သူတို့ဇနပုဒ်တွင် ဘာမှပြောစရာ မရှိသဖြင့် ရွာသတင်
ဖြစ်သော ဤနေ့မနက်က သူ့ခနိခင်းနား ချောင်းထဲတွင် ဖျံတွေ
အော်ဟစ်ဆူညံသွားကြကြောင်း ဆန်ဖွတ်နေကြသော မိန်းမများ
ကို ပြောသည်။

"ဒီနေ့မနက်က တို့ခနိခင်းအနား ချောင်းထဲ ဘာဖြစ်
မသိဘူးဟ" ဟု လောက်သာစကား စရသေးသည်။ ဆန်ဖွတ် 



သော မိန်းမသူများအုပ်ထဲတွင် သူနှင့်ရွယ်တူဖြစ်သော ဝေမ
သာက -

"ရှင်တို့ချောင်းနား ဘာဖြစ်လို့လဲ ကိုကြီးရှိန်" ဟု လှမ်း
သည်။

"ဘာဖြစ်လဲမသိပါဘူးဟာ။ ချောင်းထဲက ဖျံတွေ အော်
လိုက်ကြတာ ဆူညံနေတာပဲ။ ချောင်းထဲက ပြေးတက်လိုက်
ချောင်းထဲ ပြန်ပြေးဆင်းလိုက်နဲ့"

"ဟား . . . ဟား . . . ဟား . . ."

"ခစ် . . ခစ် . . ခစ်"

ဟီ . . ဟီ၊ ဟဲ . . ဟဲ . ."

ဝေမသာနှင့် ကောင်မလေးတွေက ဦးကြီးရှိန် စကားကို
ကြသည်။

ဦးကြီးရှိန်မှာ တစ်ခါတစ်ခါလည်း အပြောင်အနောက်
ပြောတတ်သူမို့ သူတို့ကို သက်သက်အပြောင်အပြက် ရွှန်းနောက်
သည်ထင်သဖြင့် ရယ်ကြခြင်းဖြစ်သည်။ သို့သော် စပါးလုံးထိုင်
နေသော ခါးကုန်း ဘွားအုံးသင်ကမူ -

"ချောင်းနားမြောင်းနား နေတဲ့ကောင်၊ ရပ်ထဲရွာထဲလာပြီး
များမှာ သားပျိုသမီးပျို ရှိမှန်း မရှိမှန်း မသိ။ နင့်မယားတွေ
ရပ်ထဲရွာထဲ လာပြောရလားဟဲ့" ဟု ဆဲလိုက်သည်။ ထိုအခါ
မသာနှင့် ကောင်မလေးများမှာ မျက်နှာပိုးသတ်၍ အသံတိတ်
သွားကြသလို ဦးကြီးရှိန်မှာလည်း ဘွား၊အုန်းသင်ပါးစပ်ကို
ကြောက်သဖြင့် တစ်ချိုးတည်း လစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကိုပင် ဘွားအုန်းသင်ကလည်း ဆဲဖြစ်အောင်
လှမ်းဆဲလိုက်သေး၏။

"ချောင်းနားမြောင်းနား တစ်သက်လုံးနေတဲ့ခွေးတိရစ္ဆာန်
ရုပ်မှာရွာမှာ သူများသားပျိုသမီးပျို ရှိမှန်းမသိ။ အတုံးပါးစပ်က
အတုံးစကား လာပြောတာ။ ခြေရာတိမ်" ဟု ထပ်ဆဲသည်။

ဘွားအုံးသင်က ဦးကြီးရှိန်အား "အတုံး ခြေရာတိမ်" ဟု
ပြောခြင်းမှာ ယခုဦးကြီးရှိန်နှင့် မစိန်နုတို့မှာ အသက်လေးဆယ်
ကျော်ပြီ ဖြစ်သော်လည်း သားသမီး တစ်ယောက်မှ မထွန်းကား
တတ်သည်ကို ရုပ်မလေး ရွာမလေး စကားနှင့် ဆဲခြင်း ဖြစ်သည်။
တစ်နှစ်မှ ဤသို့ ချောင်းထဲက ဖျံများ အထိတ်တလန့် တက်ပြေး
ကြ၊ ပြန်ဆင်းပြေးကြ။ အော်ဟစ်ကြ သည်ကို ရွာသတင်းထူး
အဖြစ် ပြောမိခါမှ ခါးကုန်းဘွားအုန်းသင်ဆီ ဦးကြီးရှိန် အဆဲခံရ
သောနေ့ ညနေမှာပင် နောက်ထပ်ထူးဆန်းသော ရွာသတင်း
တစ်ခုကို မအေးမြင့်နှင့် မစိန်မြတို့က ပြောကြပြန်သည်။

"ကျုပ်တို့ ကန်ရေခပ်ဖို့ သွားကြတာ ဒီနေ့ညနေ တစ်ကန်
လုံးနောက်ကျိနေတာ ရွှံ့နွံတွေ ထည့်မွှေထားသလား ထင်ရတယ်
တော့"

မှန်သည်။ မအေးမြင့်နှင့် မစိန်မြတို့ ရွာရေကန်သို့ ရေ
ခပ်ရန်သွားကြရာ သူတို့ကန်ရေမှာ ရွှံ့ညွန်တွေကို ထည့်မွှေထား
သလို တစ်ကန်လုံးရှိ ရေတွေ နောက်ကျိနေသည်။ ထို့ကြောင့်
သောက်ရေမခပ်ခဲ့ဘဲ ပြန်လာကြ၏။

မိုးတွင်းလည်း မဟုတ်ပါဘဲ သူတို့ရေကန် ဤမျှ



နောက်ကျိနေသည်ကို သူတို့ တစ်နှစ်မှ မကြုံဘူးကြ။ တစ်နှစ်မှ
သာမဟုတ် သူတို့တစ်သက်ပင် မကြုံဘူးကြ။ သူတို့တစ်ရွာလုံး
သောက်သုံးကြရသော ရေကန်မှာ တစ်နှစ်တစ်နှစ် နွေနောက်
ပိုင်းတွင် ရေခန်းတတ်သည်။ ထို့ကြောင့် မိုးခေါင်လျှင်လည်း ရေ
အောင် နက်တူးလေ့ရှိကြရာ မိုးဦးကျ ဆိုလျှင်တော့ အသားမ
ကျသေးသည့် ကန်ရေက နည်းနည်းနောက်တတ်သည်။ သို့သော်
ယခု မိုးလည်း လုံးဝ မရွာသည်မှာ တစ်လလောက်ပင်ရှိနေပြီ
ဖြစ်ပါလျက် ကန်ရေ ဤမျှ နောက်ကျိနေသည်မှာ အဘယ့်
ကြောင့်နည်း ဆိုသည်ကို ထူးဆန်းသော ရွာသတင်းအဖြစ် ပြော
ဆိုကြ လေ့လာကြရပြန်သည်။

ထိုအခါ အသက်ခြောက်ဆယ်ကျော် အရွယ်ရှိ ဦးကျန်
ဆိုသော အဘိုးကြီးက သူတို့ရွာရှိ ဤကန်သည် သူ ဆယ့်သုံး
သားအရွယ်က ဤသို့ပင် ကန်ရေတစ်ခုလုံး နောက်ကျိခဲ့ဖူး
သည်ကို ပြောပြသည်။

ထိုစဉ်ကမူ ယခုလို ညနေပိုင်း ရေခပ်သွားသူများ ကန်
ရေနောက်ကျိနေသည်ကို တွေ့ရခြင်းမဟုတ်။ မနက်ပိုင်း ရွာက
သွားခပ်သော ကာလသမီးတစ်ယောက် ရေကန်ကြီးနောက်ကျိ
နေသည်ကို ရွာသတင်းအဖြစ် ထူးထူးဆန်းဆန်း စပြောသည်။ ထို
အခါ ကန်ရေနောက်သည်နှင့် ပတ်သက်၍ ဟိုလူပြော သည့်လူ
ပြော ထင်ရာမြင်ရာပြောကြရင်း အသက်ခြောက်ဆယ် ခုနစ်ဆယ်
ခန့်ရှိ ဦးငရိုင်ဆိုသော အဘိုးကြီးက တစ်ခါသူတို့ငယ်စဉ်တုံးက
တွေ့အကြုံကို ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကန်မှာ တစ်ရွာလုံး သောက်သုံးရေကန်ဖြစ်သော်လည်း ကလေးများသည် ချောင်းထဲ၊ ပင်လယ်ထဲက အရောင်အဆင်းနှင့် ငါးများကိုရလျှင် ရေကန်ထဲ အလှကြည့်ရန် ထည့်မွေးထားတတ်ကြသည်။ ထိုငါးများ ကြီးလာကြသောအခါ ချောင်းထဲကဖျံများ ကန်ထဲလာပြီး ထိုငါးများကို ကန်ထဲလာပြီး ထိုငါးများကို မွှေနှောက်လာဖမ်းစားတတ်ကြသည်။ ထို့ကြောင့် ကန်ရေနှောက်ခြင်းဖြစ်သည်ဟု ပြောပြသည်။

ထိုအခါ ကန်ထဲတွင် ငါးရှိသေးလားဟု ကြည့်ကြသည်၊ ကန်ထဲတွင် ရေနောက်သွားသဖြင့် ရှိသောငါးတွေက ပွက်ကြသည်၊ ထိုအခါ ကန်ထဲ၌ ငါးတွေရှိသေးသည်ကို သိကြရသည်။ ညက ဖျံ တက်ရှာစားသွားသော်လည်း ကန်ထဲရှိ ငါးတွေမှာ အကုန်မကုန်သေး။ ကျန်နေသေး၏။ ကန်ထဲ ငါးကျန်နေသေးလျှင် ညကလာသွားသော ဖျံသည် ဤည၌လည်း ကျန်သောငါးများကို ဖမ်းစားရန် မုချ လာလေဦးမည်။ ထိုဖျံကို မည်သို့ ဖမ်းဆီးသတ်ဖြတ်ရမည်ကို ရွာသားကြီးများ တိုင်ပင်ကြသည်။

ချောင်းနှင့်ရေကန်မှာ ကြက်သွန်ခင်းတစ်ခုနှင့် ပြူတောတစ်ခုသာ ခြားသဖြင့် ဖျံခြေရာကို လိုက်ရှာကြသည်။ ဖျံခြေရာမှာ တစ်ကောင်တည်း ခြေရာမဟုတ်။ ဖျံအုပ်လိုက် တက်လာပြီး ကန်ထဲက ငါးများကို ဖမ်းစားသွားကြကြောင်း တွေ့ရသည်။ ထိုအခါ ညဉ့် ဖျံအုပ်ကို ထောင်ဖမ်းရန် ပိုက်ကွန်တွေနှင့် ဖျံတက်လမ်းမှာ ဘီခုတ်ထောင်ကြသည်။ ဘီခုတ်ထောင်ကြရင်းကလည်း-

"တို့ချောင်းထဲ ဒီလောက်ငါးတွေပေါတာ ချောင်းထဲက



ငါးတွေတော့ ဖမ်းမစားဘဲ လူတွေ သောက်သုံးရေကန်ထဲ ငါးလာဖမ်းတဲ့ဖျံတွေ . . ." ဟူသော စကားမဆုံးမီပင် နောက်တစ်ယောက်က -

"မင်းမသိလို့ပါ၊ တို့ဘကြီးက ပြောဖူးတယ်၊ ဖျံတွေဟာ ရေချိုငါးကို ပိုကြိုက်ကြတယ်တဲ့၊ တို့ချောင်းက ရေငန်ဆိုတော့ ချောင်းထဲက ငါးတွေလည်း ရေငန်ငါးဆိုတော့ ဖျံတွေက ရေချိုငါးစားချင်လို့ တက်လာကြတာနေမှာ"

သူပြောသည်မှာလည်း ဖြစ်နိုင်သည်။ သူတို့ချောင်းမှာ ရေချိုချောင်းဝ ပိတ်နေသော်လည်း ချောင်းထဲကရေတွေမှာ ပင်လယ်ကဝင်လာသော ရေငန်တွေသာဖြစ်သည်။ ရေငန်မှ ဆားချက်၍ပင်ရသော ရေငန်စစ်ဖြစ်သည်။

"အေး ဒီလောက် ရေချိုငါးကြိုက်တဲ့ဖျံတွေ မိလို့ကတော့ ငါ့မှာ ငရုပ်သီးစိမ်းစပ်စပ် နံနံပင်နိုင်းချင်း ကြက်သွန်နိုင်နိုင်နဲ့ ငါးကြောင်သား ချက်သလို နုပ်နုပ် နုပ်နုပ် စဉ်းပြီး ချက်စားကြအောင်"

ဟု တစ်ယောက်က ဖျံက ဘယ်ဆီနေမှန်းမသိသေးဘဲ ကြိမ်းဝါးနေသည်ကို နောက်တစ်ယောက်က -

"မင်းအဘ နံနံပင်မကလို့ ကမ်းရိုးတန်းသွားပြီး ဟင်းခတ်မဆလာ ဝယ်ခတ်တာတောင် ဖျံသားက စားလို့ရမယ်ထင်သလား၊ ငါတော့ ချောင်းထဲ ငါးသွားရှာရင်း ဖျံတွေဖြတ်ပြေးသွားတဲ့ အနံ့ရတာနဲ့ကို နံလွန်းလို့ နှာခေါင်းပိတ်ထားရတယ်။ အသားဆိုရင်တော့ စားတာနဲ့ပြန်အန်ထွက်မှာပဲ" ဟု ဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နောက်တစ်ယောက်က -

"ဖျံမတွေက မနံပါဘူးတဲ့ကွ၊ နံတဲ့အကောင်တွေက ဖျံသို
ကြီးတွေတဲ့"

"ဟဲဟဲ ဟုတ်မယ်ကွ၊ ငါလည်းကြားဖူးတယ်။ ဖျံထီးကြ
တွေက နံ့ရင်သာနံ့ရမယ် ဟိုဟာကျတော့ တယ်စွမ်းဆိုပဲ၊ ဟီဟ"

"အဲဒါတော့ ဟုတ်တယ်ကွ။ ဘိုးဘိုးကြီးတိုးလူ ပြော
ဖူးတယ်။ သူတို့ငယ်ငယ်တုံးကလည်း ခုလိုပဲ ကန်ထဲငါးလာစာ
တဲ့ ဖျံသိုးကြီးတစ်ကောင် ရဖူးကြတယ်တဲ့။ ကမ်းရိုးကရွာတစ်ရွ
မှာ သွားရောင်းကြတာ ဆေးဆရာတစ်ယောက်က ငွေငါးဆယ်ကြ
များတောင်ပေးပြီး ဝယ်ထားလိုက်တာတဲ့။ အဲဒီခေတ်က ငွေ
ဆယ်ဆိုတာ နည်းလား။ ခုဆို လေးငါးရာတောင် ရချင်ရမှာ"

"အေး ရနိုင်တာပေါ့ကွာ။ ဒီည ဖျံသိုးကြီး သုံးလေးကော
မိရင် သိပ်ကောင်းမှာပဲ"

ကာလသားများက ဖျံဖမ်းရန်ကိစ္စကို စိတ်အားထက်သ
ပြီး ဘိခုတ်ထောင်၍ ညမအိပ် စောင့်နေကြသလို မိုးရိပ်လေရိ
မြင်၍ ပင်လယ် မထွက်ဝံ့ကြသူများကလည်း ချောင်းထဲဆင်း၍
ငါးများတန်းချကြ၊ ချောင်းကမ်းနားသွား၍ ကွန်ပစ်ကြနှင့်ကို
သန်ရာသန်ရာ သုံးယောက်တစ်စု နှစ်ယောက်တစ်စု၊ တချို့က
လည်း တစ်ယောက်တည်း ငါးရှာနေကြသည်။

ချောင်းကမ်းစပ် သို့မဟုတ် ချောင်းလက်တက်ငယ်များ
ဆီ ဤည ကွန်သွားပစ်ကြသူများမှာ ထူးထူးဆန်းဆန်း၊ အံ့ဖွယ်
ဘနန်း ငါးကြီးများကိုလည်း လူတိုင်းလိုလို ရကြသည်။ သို့သော်



ည်း သူတို့ယခုလို မရစဖူး ငါးကြီးတွေကို ရေတိမ်ကမ်းနား၌
ထူးခြားခြား ရနေကြခြင်းမှာ ကုန်ခဲ့သောညက ချောင်းကြီးဝ
ကုန်းတန်းတွင် စောင်းကန်းတို့ ညီအစ်ကိုအား ခြောက်လိုက်
ည်ဆိုသော သရဲကြီးနှင့် ဆက်စပ်နေပြီ ဆိုသည်ကိုတော့ မည်
တစ်ဦးတစ်ယောက်ကမျှ မတွေးမိ၊ မစဉ်းစားမိကြသေးပေ။

ယခင်က ချောင်းကမ်းနားသွား၍ ကွန်ပစ်သူများမှာ
င်းစားအဖြစ်သာ သွားပစ်ကြသဖြင့် ငါးတွေမှာလည်း အသေး
များတွေကိုသာ ရတတ်ကြသည်။ ယခုညဥ္မမူ ခြေသလုံး၊
င်လုံးလောက်ပင်ကြီးသော ငါးကြီးတွေကို ရကြသဖြင့် တစ်ည
ချောင်းထဲကမတက် ကွန်ပစ်နေကြသည်။ ယခင်က ရေနက်
ရေအိုင်ကြီးထဲ နေနေတတ်ကြသော ငါးကြီးများသည် ယခုအ
ချောင်းနား ကမ်းစပ်ထိ လာရောက် နေနေကြသည်ကိုလည်း
သူမျှ သတိမထားမိကြ။ ငါးရတိုင်း သူတို့မှာ ပျော်နေကြသည်။

ချောင်းကမ်းစပ်၌ ကွန်သွားပစ်ကြသူများသာ ထူးထူး
ခြား ဤညတွင် ငါးကြီးတွေကို ရနေကြသော်လည်း ချောင်းထဲ
က်ထဲဆင်းပြီး လှေလေးနှင့် မျှားတန်းချသူများကမူ ငါးဆို၍
ကောင်မှ မရကြပေ။ ခါတိုင်းညတွေဆိုလျှင် သူတို့ချောင်း
ဆင်း၍ မျှားတန်းချပါက ဟင်းစားလောက် သုံးဆယ်သား၊ ငါး
သား ငါးကြီးများကို နာရီပိုင်းအတွင်း ရတတ်ကြသည်။ ယခု
သူတို့မျှားတန်းထဲ ငါးကြီးတွေဆို၍ တစ်ကောင်တစ်မြီးမှ မရ
သော်လည်း ဤအဖြစ်ထူးမှာ ကုန်ခဲ့သောညက ချောင်းကြီးဝ
ကုန်းတန်းတွင် စောင်းကန်းတို့ ညီအစ်ကိုအား ခြောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သောသရဲနှင့် မည်သို့မည်ပုံ ပတ်သက်နေပြီ ဆိုသည်ကိုတော့ ယခု ထိလည်း မည်သူမျှ မတွေးမိကြသေး။

သို့သော် မိုးလင်းသည်နှင့် အကြောင်းထူးတစ်ခု ပေါ်လာ တော့သည်။ ညက ချောင်းထဲသွားပြီး မျှားတန်းချသော သာမောင် ပျောက်သွားသော ကိစ္စပင်။ သာမောင်မှာ ကာလသားကြီးဖြစ် သည်။ ရေကူးငါးရှာလည်း အလွန်ကျွမ်းကျင်သူဖြစ်သည်။ ထို ကြောင့်လည်း သာမောင်မှာ ရွာကလူကြီးများပင် နတ်ကြီးသည်ဟု သမုတ်ထားကြသော တစ်ယောက်တည်း မည်သူမျှ မသွားရဲကြ သော နဂါးတွင်းအိုင်ခေါ် ချောင်းထဲက ရေနက်အိုင်ကြီးကိုပင် တစ်ယောက်တည်းသွား၍ မျှားတန်းချရဲသူ ကာလသားများထဲက ရှာသူရဲကောင်းဖြစ်သည်။

ယခု ထိုရွာသူရဲကောင်း သာမောင်သည် မနက်မိုး လင်းမီ သူများတွေသာ အလျှိုအလျှို ရွာပြန်လာကြသော်လည်း သာမောင်တစ်ယောက်ကား ရွာပြန်ရောက်မလာ။ ညက ချောင်း ထဲ မျှားတန်းချရန် သွားသည်မှာလည်း သူတစ်ယောက်တည်း ညက ချောင်းထဲ ငါးမျှားတန်းချရန်သွားသော သာမောင် ပျောက် သွားသည့် သတင်းက ရွာကို ချက်ချင်းပြန့်သွားသည်။

ညက တစ်ညလုံး အိပ်ရေးပျက်ခံကာ ဖျံသွားစောင့်ကြ သော်လည်း တစ်ကောင်တစ်လေသော ဖျံကိုပင်မတွေ့ခဲ့ရဘဲ ခေါင်း ငိုက်စိုက်ချကာ အိပ်ချင်မူးတူးနှင့် ရွာထဲဝင်လာကြသော ကာလ သားများမှာ သာမောင့်သတင်းကို ကြားလိုက်ကြရသဖြင့် ဖျံမ သည်ထက်ပင် ပိုပြီး စိတ်မကောင်းဖြစ်သွားကြသည်။



ထိုအခါ သာမောင့်ကိစ္စကို စုံစမ်းမေးမြန်းကြသည်။ ဤ ည၌ မျှားတန်းချသွားကြသူများမှာ သာမောင်တစ်ယောက်တည်း ဟုတ်ဘဲ လေးငါးခြောက်ဦးရှိရာ တခြား မျှားတန်းချသူများကို လည်း လူကြီးတွေက ချောင်းထဲ၌ သာမောင်ကို တွေ့မတွေ့၊ ည က သာမောင် ချောင်းမည်သည့်အပိုင်းတွင် မျှားတန်းချသွားသည် ကို တွေ့လိုက်သူ၊ မြင်လိုက်သူ၊ ပြောကြားခဲ့သူများ ရှိမရှိ ရွာလူ ကြီးတွေမှာ အပူတပြင်း လိုက်လံစုံစမ်းကြရသည်။

ထိုအခါ အေးသန်းတို့ညီအစ်ကိုက ညက သာမောင်သည် စကြမ်းအိုင်ဘက်ကို မျှားတန်းချရန် အသွား၌ သူတို့ညီအစ်ကိုနှင့် တွေ့လိုက်သည်ဟု ပြောသည်။ မောင်ဦးကလည်း သူ စကြမ်းအိုင် အောက် မနီချောင်းဝတွင် မျှားတန်းချနေရင်း စကြမ်းအိုင်ဘက် မှ လူတစ်ယောက် အထိတ်တလန့် အော်သံလိုလို တစ်ခုကိုတော့ ကြားလိုက်မိသည်ဟု ဆိုပြန်သည်။

ထိုအခါ လူကြီးတွေမှာ လှေကြီးလှေငယ်တွေနှင့် စကြမ်း အိုင်ဘက် လိုက်ရှာကြရပြန်သည်။ သူတို့ ခမောက်ချောင်းမှာ အကွေ့အကောက်တွေကလည်း များရာ မနည်းကို အပူတပြင်း လိုက်ကြရသည်။ စကြမ်းအိုင်သို့ လူပျောက်ရှာသူများ ရောက်မ သွားမီပင် စကြမ်းအိုင်နှင့် ဆက်စပ်နေသော စလူးချောင်းဝက စလူချုံနားတွင် သာမောင့်လှေလေးကို သွား၍တွေ့ကြရသည်။ သာမောင့်လှေ ဟုတ်မဟုတ်ကို သာမောင်အားရှာရန် ရွာလူကြီး တွေနှင့်အတူပါလာသူ သာမောင့်အဖေကိုပြကြသည်။ သာမောင့် အဖေက သူတို့အိမ်ကလှေ မှန်သည်။ လှေဦးတွင် ဝံငှက်အဆိပ်

www.burmeseclassic.com



ပါသည်။ ညက သူ့သား မျှားတန်းချရန်သွားသော လှေပင်ဖြ
ကြောင်း ပြောသည်။

မျှားတန်းချရင်း ချောင်းထဲ၌ သာမောင်သေသည့်ကိုမ
မှာ အံ့ဩစရာဖြစ်လာသည်။ ရေကူးအလွန်ကျွမ်းကျင်သော သာ
မောင်သည် မည်သည့်နည်းနှင့်မျှ ရေနစ်သေသည်တော့ မဖြစ်နိုင်
သို့ဆိုလျှင် သာမောင် ဘာ့ကြောင့်သေသနည်း။ သာမောင်နှင့်
မည်သူသည် ရန်ငြိုးရန်စ ရှိကြသနည်း။ သာမောင်သေသည်မှာ
မရှိတော့။ သာမောင်မှာ ကာလသားဖြစ်သည်။ ရည်းစားလ
ဖက်များ ရှိလေသလား။ ယခင်က သူတို့ရွာတွင် ဤပြဿနာမျိုး
ဖြစ်ခဲ့ဖူးသည်။

ဤသို့ လူကြီးတွေက ခြေရာကောက်စုံစမ်းကြရာ ကုန်
တန်းပိုင်းက ဦးအောင်ကြည်သမီး အေးကြည်မဆီ အကြောင်းက
ရောက်သွားပြန်သည်။ အေးကြည်မကို သာမောင်နှင့် အပြိုင်ပိုး
နေကြသူ မည်သူရှိသနည်း။ အေးကြည်မကို သာမောင်နှင့် အ
ပြိုင်ပိုးနေသူမှာ မောင်ဦးဖြစ်သည်။ ညကလည်း မောင်ဦးသည်
စကြမ်းအိုင်အောက် ဓနိချောင်းဝတွင် မျှားတန်းချခဲ့သည်ဟု ဆို
သည်။ စကြမ်းအိုင်ဘက်မှ လူတစ်ယောက် အထိတ်တလန့် အော်
သံလိုလိုကိုလည်း ကြားလိုက်သည်ဟု သူကပဲ ပြောသည်။

ဦးအောင်ကြည်သမီး အေးကြည်မကို ပိုးကြရာတွင် အေး
ကြည်မက ရွာသူ့ရဲကောင်း သာမောင်ဘက်ကိုအလေးသာနေ
သည်။ ဦးအောင်ကြည်ကလည်း သာမောင်ကို မျက်နှာသာပေး
သည်။ ထို့ကြောင့် ညက သာမောင်ကိုသတ်သူမှာ မောင်ဦးသာ



နိုင်သည်။ စကြမ်းအိုင်ဘက်မှ လူတစ်ယောက် အော်သံလိုလို
ကြားမိသည်ဟု ပြောခြင်းမှာ သာမောင်ကို သူသတ်ပြီး ဥပါယ်တံ
လုပ် ပြောခြင်းသာဟု ဝေဖန်သူတွေက ဝေဖန်ကြပြန်သည်။
အထူးသဖြင့် သာမောင်၊ မောင်ဦး၊ အေးကြည်မတို့အကြောင်းကို
အများဆုံး သိနေကြသော ကာလသား၊ ကာလသမီးများ။

ထိုအခါ သာမောင့်ဖခင် ဦးသာထွန်းသည် သူတို့အိမ်
ခေါင်းရင်း ထရံတွင်ထိုးထားသော ငှက်ကြီးတောင် ဓားရှည်ကိုဆွဲ
တော့သည်။ သာမောင်ကိုသတ်သူ မောင်ဦးအား ချက်ချင်း လက်
စားချေရန် မောင်ဦးတို့အပိုင်းကို ပြေးသည်။ သာမောင့်အမေ
ဒေါ်စိန်ပွင့်က 'လုပ်ကြပါဦး ဆီးကြပါဦး တားကြပါဦး' အော်ကာ
သူ့ယောက်ျားနောက် ပြေးလိုက်လာသည်။ တစ်ရွာလုံးမှာ အုတ်
အော်သောင်းတင်း ဖြစ်ကုန်ကြသည်။

မောင်ဦးအား ခုတ်သတ်ရန် သာမောင့်အဖေ ဦးသာ
ထွန်း လိုက်လာပြီဆိုသည်ကို မောင်ဦးနှင့် သာချင်းမကင်းသူတွေ
က ပြေးပြောကြသည်။ ရှောင်နေရန်၊ တစ်နေရာရာကို သွားနေရန်
မောင်ဦးကို ဖျောင်းဖျသူက ဖျောင်းဖျကြသည်။ ဦးသာထွန်းမှာ
တ်လိုက်မာန်ပါ လုပ်တတ်သူဖြစ်သဖြင့် မောင်ဦးကိုသာ တွေ့လို့
တော့ သားစိတ်မွှန်ကာ မုချ ခုတ်သတ်တော့မည်ကို စိုးရိမ်ကြ
သည်။ ဦးသာထွန်းအား ဆွဲသူ၊ တားသူတွေနှင့် ဆူညံလာသော
အသံများလည်း မောင်ဦးတို့ဘက်နှင့် နီးလာပြီး ဦးသာထွန်းကို
အားမရကြသဖြင့် တချို့က ရွာသူကြီးဦးတင်အောင်ကို အရေးတ
ကြီး လိုက်ရှာနေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကြားထဲမှာ ပေဒင်ယောင်ယောင်၊ ဗိန္ဓောယောင်ယောင် ကမ်းရိုးတန်းဘက်သွား၍ ပဋ္ဌင်း ၂၂နှစ်ဝတ်ထားဖူးသော ပဋ္ဌင်းလူထွက် ကြောရန်က အရေးထဲ နိမိတ်ထဖတ်နေပြန်သည် ကန်ရေနောက်ခြင်းမှာ အတိတ်နိမိတ်ဖြစ်သည်။ ဖျံတက်၍မဟုတ် တမင် နိမိတ်ပြခြင်းဖြစ်သည်။ ရွာ၌ သွေးထွက်သံယိုဖြစ်ဖို့ အကြောင်းမြင်သည်။ ယခု ပျောက်သွားသော သာမောင့်အလောင် ကိုလည်း ရှာမရကြသေးခြင်းမှာ အကြောင်းရှိရမည်။ ပေဒင်ကိန်ခန်းနှင့် သူကြည့်မည်ဟု ပြောပြီး လူပျောက်နှင့်ကျွဲပျောက်၊ နွားပျောက်ဥစ္စာပျောက် အဟောစာကို စရွတ်သည်။

"အိုကြင်ရာ ဥဒကော၊ ကြာကံသူဝနေ စိတ်တူ၏"

"ဟဲ့ ပေဒင်ဆရာ၊ နင့်ဟာက ဘာလဲ၊ ဘာဝနေတဲ့ ငါ ကြားလိုက်ပါတယ်။ ဝနေဆိုတာ တောမဟုတ်လား၊ ခု သာထွန်း သားက ငါးမျှားတန်းချဖို့သွားရင်း ရေထဲပျောက်နေတာပါဆို၊ နင့် ဟာက မဟုတ်သေးဘူးထင်တယ်"

ဒေါ်ဂျမ်းမှုံ၏စကားကို ကာလသမီးများနှင့် မုဆိုးမ၊ တစ်လင်ကွာတို့က ဝိုင်းရယ်ကြသည်။ ရွာမှာ ကြက်ပျောက်ငှက်ပျောက် ကအစ တစ်ခုခုဖြစ်ပြီဆိုလျှင် ရွာပေဒင်ဆရာနားတွင် ဝိုင်းေ တတ်ကြသူတွေမှာလည်း လေတိုက်၍ သစ်ရွက်လှုပ်သည်ကိုပင် ရယ်စရာမြင်ကြသော ရွာအပျိုဖျန်းလေးများနှင့် မုဆိုးမ တစ်လင်ကွာများသာ။ တခြားအိမ်ထောင်သည် မိန်းမများမှာမူ သားေ သမီးရေးကစပြီး အလုပ်ရှုပ်နေကြရာ ကြောရန်နား မဝိုင်းအား ကြပေ။ ကြောရန်မှာလည်း ယခု အသက်လေးဆယ်ကျော်သည်



ယံ လူပျိုကြီး၊ လူပျိုဆွေး။

"ဒီမိန်းမ့က စကားဆုံးအောင်တော့ နားမထောင်ဘူး။ ဒီနေ့ ဘာနေ့လဲ"

"သြော် ပေဒင်ဆရာက ကျုပ်တို့ကို နေ့ပြန်မေးတယ်"

မိန်းမအုပ်က ရယ်ကြပြန်သည်။

"မသိလို့မေးတာ မဟုတ်ဘူးဗျ။ ကျုပ် ပေဒင်ကိန်းခန်း အရ မှန်နေလို့ ခု မေးတာ။ ဒီနေ့ တနင်္ဂနွေဟုတ်လား"

အများစုက "မသိဘူးလေ" ဟု ဆိုကြသည်။

တစ်ယောက်ကမူ "ဟုတ်တယ်၊ ဟုတ်ပါတယ်၊ ပေဒင် ဆရာကြီးရယ်" ဟု ပြောလိုက်၏။

"ဒီကောင် သွားကတည်းက အရှေ့အရပ်ဆိုတော့ နက္ခတ် နဲ့အချိန်နဲ့ ကြည့်ရင် ဆပွတ်လည်း တစ်ချက်မိသွားသေးတယ်"

"ဘာရယ်ဟဲ့၊ ဘာပွတ်မိတာ"

ဒေါ်ဂျမ်းမှုံ့စကားကို ကောင်မလေးတွေနှင့် တစ်လင်ကွာ၊ မုဆိုးမတို့က ဟားတိုက်၍ ရယ်လိုက်ကြပြန်သည်။

"ပဋ္ဌပွတ်ဗျ၊ ပဋ္ဌပွတ်၊ ခင်ဗျားနားက ဘာကြားလို့လဲ"

"စောစောက နင်ပြောတာ ပဋ္ဌပွတ်မဟုတ်ပါဘူးဟဲ့၊ ဘာ ပွတ်ဆိုလဲ . . ၊ နော် ဟုတ်တယ်နော်၊ ကောင်မလေးတွေ"

ဝိုင်းရယ်ကြပြန်သည်။

"ကဲ ကိုကြီးကြောရန်ကလည်း ဟောမှာဖြင့် ဟောစမ်းပါ တော်၊ ကျုပ်မောင်လေး သာမောင် သေသလား ရှင်သလား ပြော စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



သာမောင်နှင့် ရပ်ဆွေရပ်မျိုး မောင်နှမတော်စပ်သော တစ်ခုလပ်မတစ်ယောက်က ပြောလိုက်ပြန်သည်။

"ကဲ . . အားလုံးနား . . ."

"အဟမ်း"

"ဟေ့ကောင်မလေး၊ ဒါနောက်စရာ ထင်နေလား နင်က သာထွန်းဓားနဲ့ ပါချင်လို့လား"

ကောင်မလေးတစ်ယောက်က သူ့ဘာသာသူ ချောင်းဟန့်လိုက်သည်ကို ဗေဒင်ဆရာ ကြောရန်အား နောက်သည်ထင်သဖြင့် မုဆိုးမတစ်ယောက်က အော်လိုက်သည်။ ထိုအခါမှ တစ်ဝိုင်းလုံး တိတ်သွားကာ ဗေဒင်ဆရာ ကြောရန်မှာလည်း ဆက်ဟောနိုင်တော့၏။

"အို တနင်္ဂနွေနေ့၊ ရွှေငွေဥစ္စာ ကျွဲနွားပျောက်မှု . ."

"ဟောတော်၊ လူပျောက်တာ မပါဘူး"

"ဂျမ်းမှုံ နင့်ပါးစပ် ခဏပိတ်ထားစမ်းပါဟ၊ တို့ရွာမှာ နောက်ဘာဖြစ်လာဦးမလဲဆိုတာ ငါကြည့်နေပါတယ်ဆို။ ခုကြ တယ်မဟုတ်လား ဟိုဘက်ပိုင်းမှာ ဘာတွေဖြစ်နေကြပြန်လဲ မသိဘူး၊ ဆူညံပူညံ အော်ကြဟစ်ကြနဲ့"

ဗေဒင်ဆရာ ကြောရန်ပြောသည်မှာ မှန်သည်။ ဖြစ်နေကြသည့် ပြဿနာမှာ သူ့သား သာမောင်ကို ရည်းစားလုဘက် မောင်ဦးက သတ်သည်ဟု သံသယဝင်ကာ မောင်ဦးကို သတ်မည်ဟု ဓားဆွဲပြီး မောင်ဦးတို့အိမ်ဘက် ပြေးသွားသော ဦးသာထွန်းကို ဆွဲသူကဆွဲ၊ တားသူကတားနှင့် ဆူညံပူညံ ဖြစ်နေကြသည်။



ဦးသာထွန်းအား ပြောမရသဖြင့် သူကြီးဦးတင်အောင်ကို ပြေးခေါ်ရသည်။ ထိုအခါ ညက ပျောက်သွားသော သာမောင် အလောင်းကို ညနေပိုင်းတွင် တစ်ခါထပ်ရှာကြရန် စီစဉ်နေရသော သူကြီးဦးတင်အောင်မှာလည်း ဦးသာထွန်းကို ဟန့်တားရန် ပြေးလိုက်ရပြန်သည်။

ထိုအချိန်မှာ မောင်ဦးအဖေ ဦးသံခဲကလည်း သူ့သား မောင်ဦးအား ဦးသာထွန်း သတ်ရန်လာနေသည်ဟု လာပြောသူ ရှေ့၌ပင် "ဟေ့သား ဘယ်ကိုမှ ရှောင်နေစရာ မလိုဘူး၊ အိမ်မှာ နေစမ်း၊ သောထွန်းပဲ သတ္တိရှိလား၊ သံခဲပဲ သတ္တိရှိလားဆိုတာ ဒီနေ့တော့ တစ်ပွဲတစ်လမ်း စမ်းကြသေးတာပေါ့ကွာ။ လာပါစေ၊ ဒီအိမ်ရိပ်ကို နင်းတာနဲ့ ဒင့်ခေါင်း ပြတ်ပြီသာမှတ်" ဟု ဒေါသအကြီးကြီးကာ သူကလည်းသူ့ခေါင်းရင်းတွင် အမြဲထားသော ဓားရှည်ကိုဆွဲကာ အိမ်ရှေ့သို့ပင် ထွက်ရပ်နေလိုက်ပြန်သည်။ ထိုအခါ သူ့သား မောင်ဦးကလည်း သူ့ကို မဟုတ်တမ်းတရား စွပ်စွဲမည်လားဟု ဓားတစ်စင်းကိုင်ကာ သူ့အဖေနောက်မှာ စောင့်နေသည်။

မောင်ဦးအဖေ ဦးသံခဲမှာလည်းခေသူတော့မဟုတ်။ ခ ဘက်မော်ရွာတွင် သူကလည်း နာမည်တစ်လုံးနှင့် နေသူ၊ ရာဇဝတ် ကမ္ဗည်းမော်ကွန်းထိုးထားသူ ဖြစ်သည်။ သူ ကာလသားပေါက် ငယ်ကတည်းကပင် ရွာသူရဲကောင်းဘွဲ့ ရထားသူ၊ သာမညောင်းည (သာမည်ညောင်းည) မဟုတ်။

သူ့ဆယ့်နှစ်နှစ်သားက သူ့ဦးလေး ဦးတောလူနှင့် ပင်လယ်

www.burmeseclassic.com



ကို လိုက်သွားရာ သူတို့ငါးများတန်းတွင် သူတို့လှေထက်ပင်ကြီး
သော ငါးမန်းတစ်ကောင်က လာဟပ်သည်။ ငါးမန်းကြီးမှာ လူ
နှစ်ယောက်ပါသောလှေကို ဆွဲပြေးရသဖြင့် မောပြီးရပ်သွားသည်
နှင့် သံခဲတို့တူဝရီးက ငါးကြီးကို မှိန်းနှင့်ထိုးရန် မှိန်းတစ်ကမ်
အနီးသို့ ဆွဲခေါ်ကြသည်။ အစကမူ ငါးမန်းကြီးကမျောပြီး ပါလ
သေး၏။ သို့သော် လူနှစ်ယောက် ဆွဲနေသည်ကို သိသောအခါ
ငါးမန်းကြီးက ပြန်ဆွဲပြေးပြန်သည်။ ငါးမန်းကြီးမှာ သူတို့လေ
ထက်ပင်ကြီးရာ သူတို့ တူဝရီးနှစ်ယောက်မှာ ဘယ်လိုမှ ပြန်
တောင့်ခံ၍မရ။

ထိုအခါ သူတို့တူဝရီးနှစ်ယောက်မှာ ငါးမန်းကြီးဆွဲရာ
လှေရောလူပါ လွင့်ပါနေကြရပြန်သည်။ သည်လိုနှင့် ငါးမန်းကြ
ကဆွဲပြေးလိုက် သူတို့တူဝရီး နှစ်ယောက်က ပြန်ဆွဲလိုက်နှင့် ငါ
မန်းကြီးတစ်ပြန်၊ လူတစ်ပြန် ဆွဲလိုက်ကြသည်မှာ ပင်လယ်ထဲ
နှစ်ရက်နှင့်တစ်ည ကြာသွား၏။ ထို့ကြောင့်လည်း ရွာရှိလူအ
လုံးက သူတို့တူဝရီးကို ပင်လယ်ထဲ၌ သေပြီဟု ထင်ထားကြသည်
ဦးတောလူမိန်းမနှင့် သံခဲမိဘတွေက တငိုငိုတရီရီနှင့် ပင်လ
ကမ်းစထွက်ပြီး မျှော်ငိုနေကြသည်။

ထိုအချိန်မှာ ငါးမန်းကြီးတစ်ပြန်၊ လူတစ်ပြန်ဆွဲနေ
သော သံခဲတို့ တူဝရီးကား ကမ်းမမြင်လမ်းမမြင်သော ပင်လ
သမုဒ္ဒရာထဲတွင် ငါးကြီးနှင့် အားပြိုင်ကောင်းကြတုန်း။ နော
တော့ ငါးကြီးက အာခေါင်ကိုလည်း အဟက်ပါ တစ်လောင်
များချိတ်ကြီးက စူးထားရာ သံခဲတို့တူဝရီး ဆွဲခေါ်ရာသို့ ပါလ



န်သည်။ သူတို့ဆွဲခေါ်ရာသို့ ဤတစ်ခါပါလာသော ငါးမန်းကြီး
ကို မှိန်းတစ်ကမ်းရောက်သည်နှင့် သူတို့တူဝရီးက မှိန်းနှင့် လက်
သွတ်စပယ် ပစ်ထိုးလိုက်ကြသည်။

အာခေါင်ကို ငါးများချိတ်က ကန့်လန့်ကြီး စူးနေသည့်
အပြင် မှိန်းနှစ်လက်နှင့်လည်း ကျောကုန်းကို အထိုးခံလိုက်ရသော
အခါ ငါးကြီးမှာ သွေးရူးသွေးတန်းနှင့် ဆွဲပြေးပြန်သည်။ သူတို့
ဝရီးကလည်း ပြေးစမ်း၊ ဒင်း ဘယ်လောက်ဆွဲပြေးနိုင်မည်နည်း။
ီးရိုးအဆုံးတွင် တပ်ထားသောကြိုးကို နှစ်ယောက်စလုံးက ခါး
ာ ချည်ပတ်ပြီး လှေနံကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ငါး
န်းကြီးဆွဲပြေးရာသို့ လှေနှင့်အတူ ပါနေကြရသည်။ သို့သော်
ခင်က များတန်ကြိုးတစ်ချောင်းသာ သူ့အာခေါင်ကိုစူးပြီး ရှိခဲ့
သော်လည်း ယခုအခါ ကျောကုန်းကို ထိုးစိုက်စူးနေသော နောက်
ိန်းကြီးနှစ်ချောင်းနှင့် မှိန်းကြိုးနှစ်ပင်ကလည်း ဆွဲတုပ်ထား
သောအခါ ဤတစ်ခါတော့ ငါးမန်းကြီးမှာ ဘယ်လိုမှ ဝေးဝေးကို
ဆွဲမပြေးနိုင်တော့။ သံခဲနှင့်ဦးတောလူတို့၏ ဆွဲခေါ်ရာသို့သာ
လာရတော့သည်။

တဖြည်းဖြည်း သူတို့တူဝရီးနှစ်ယောက် ဆွဲခေါ်လာသော
ငါးမန်းကြီးက သူတို့လှေနားရောက်လာသည်နှင့် မြည့်နေအောင်
သွေးထားသော ငါးမန်းခွဲဓားနှင့် လှေပေါ်က ကုန်းကွ၍
ခုတ်လိုက်ကြသောအခါ ငါးမန်းကြီးမှာ စောစောက မှိန်းထိုး
ရတုန်းကလို သွေးရူးသွေးတန်းနှင့်ပင် မပြေးနိုင်တော့ပေ။ ထို
အခါမှ တူဝရီးနှစ်ယောက်မှာ ငါးမန်းကြီးကို လှေနှင့် ဆွဲခေါ်လာနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

သို့သော် ထိုငါးမန်းကြီးကို သယ်လာနိုင်ကြပြီဖြစ်သော်လည်း ထိုငါးမန်းကြီးမှထွက်သော သွေးညှီနံ့ကြောင့် နောက်ငါးမန်းအုပ်ကြီးက သူတို့လှေနောက် လိုက်လာကြပြီး သူတို့ရထားသော ငါးမန်းကြီးကို ဝိုင်းကိုက်လုယက် စားသောက်လာကြသည်မှာ ကမ်းနားကို ရောက်သောအခါ လှေနှင့် ကပ်ချည်ထားသောဘက်က တစ်ခြမ်းသာ ပါလာတော့သည်။ ထိုတစ်ခြမ်းမှာပင် ငါးမန်းအုပ်များ ဖွဲ့ကိုက် စားထားလိုက်ကြသဖြင့် အပေါက်အပြဲ ဒဏ်ရာဗ ပွနှင့်။

သူတို့တူဝရီးရလာသော ငါးမန်းကြီးလောက် ကြီးသော ငါးမန်းကြီးကို သူတို့ခမောက်မော်ရွာ၌ ဘိုးစဉ်ဘောင်ဆက် တစ်ခါမှ မရဘူးကြသဖြင့် ထိုနေ့ထိုရက် ထိုအချိန်ကစပြီး သူတို့ ခမောက်မော်ရွာ၌ သူရဲကောင်းဘွဲ့ကို ရခဲ့ကြသည်။

ထိုသံခဲနှင့် ယခု ဦးသာထွန်းတို့ ဖြစ်ကြတော့မည် ဆိုသောအခါ သူကြီးဦးဟင်အောင်မှာလည်း စိုးရိမ်တကြီး အူယားဖားယား ပြေးလိုက်လာရတော့သည်။

"ဟေ့ကောင် သာထွန်း၊ ဘာမှန်းညာမှန်း မသိရသေးဘဲနဲ့ မင်းဘာအရူးထပြီး ရပ်မှာရွာမှာ သောင်းကျန်းနေရတာလဲကွ ဟင်"

ဦးသာထွန်းကို မမြင်ရမီကပင် တားမရ၊ ဆီးမရ အသံကို ကြားနေရသဖြင့် ဦးတင်အောင်နှင့် ရွာလူကြီးအချို့ကလည်း လှမ်းအော်ပြီး ဦးသာထွန်း သောင်းကျန်းနေရာသို့ ပြေးလိုက်လာကြ



သည်။

"ဟိုမှာ ဟိုမှာ သူကြီးလာပြီ"

ဦးတင်အောင် အသံကိုကြားသည်နှင့် ဦးသာထွန်းအား ချုပ်ထွဲတားဆီးနေရသူ တစ်ယောက်က ပြောလိုက်၏။

ထိုအခါ ဦးသာထွန်းမိန်းမကလည်း ငိုငိုရီရီနှင့် -

"သူကြီးရယ် လုပ်ပါဦး၊ ဒီမှာ သတ်ကုန်ကြပါတော့မယ်" ဟု အော်ငိုပြောသည်။

"ဟေ့ကောင်၊ ပေးစမ်း မင်းလက်ထဲကဓား၊ ငါကတော့ မင်းသားအလောင်းကို ညနေတစ်ခေါက် သွားရှာကြမလို့ ချောင်းသွားပြီး စီစဉ်နေရတာ ကြားပဲမကြားဖူးဘူး၊ မင်းသားကို ဘယ်ကောင်ဦးသတ်တယ်လို့ မင်းကို ဘယ်လူပြောလဲ၊ ငါ့ကိုပြောစမ်း"

"ကာလသား ကာလသမီးချင်းက သူကြီးတို့ကျုပ်တို့ထက် သိတယ်၊ သိလို့ပြော . ."

"ဟေ့ကောင်ရာ ဘယ်ကာလသား ကာလသမီးတွေက ပြောလဲ။ ဘယ်နေရာမှသတ်တယ်။ ဘယ်လိုသတ်တယ်ဆိုတာ ပြောတဲ့ကောင် သက်သေပဲ။ ပြောစမ်း ဘယ်လူ့သားသမီးက ပြောလဲ၊ ပြောလေကွာ ဘယ်လူလဲဆိုတာ"

"ဒီလိုပဲ ရွာမှာ ပြောနေကြတာ သူကြီးမှ မကြားတာ"

"အေးလေ၊ အဲဒါဆို ပြောလေကွာ၊ ဘယ်လူ ပြောတယ် ဆိုတာ"

သူကြီးဦးတင်အောင်က သူ့ဆီမှ ဆွဲလုထားသော ဓားကို ကြည်းလုံးဆီ လှမ်းပေးလိုက်ရင်း မေး၏။ ဤတစ်ခါတော့

www.burmeseclassic.com

www.burmeseclassic.com



ဦးသာထွန်းမှာ မပြောနိုင်တော့။ ခေါင်းငိုက်စိုက်ချကာ ခါးတောင်း ကျိုက်ကိုလည်း ဖြုတ်လိုက်သည်။

"အဲဒါ ပြောတာပေါ့ သူကြီးရယ် တစ်ဆိတ်ရှိ ဒေါသကြီး ချည်းပဲ။ စုံစမ်းပါဦးလား"

ဦးသာထွန်း မိန်းမကလည်း ဝင်ပြောသည်။

"ငါတို့ ညနေတစ်ခေါက် ချောင်းထဲရှာကြည့်ဦးမယ် ပြေ တယ်မဟုတ်လား၊ မပြောကောင်း ပြောကောင်း ဆိုပါတော့ အ လောင်းတွေ့ပြီး၊ ဓားဒဏ်ရာတွေဘာတွေ တွေ့တယ်ဆိုလည် ကမ်းရိုးတန်းကိုသွားပြီး ပုလိပ်တွေကို တရားခံရှာဖို့ ခေါ်သင့်ခေ ရမယ်။ ငါ ခွေးတဲ့မ ခုတော့ တိတိကျကျလည်း မသိရသေးဘဲ တောရမ်းမယ်ဘွဲ့ တလွဲအထင်နဲ့ သူများတစ်ဖက်သားကို သ မယ်ဖြတ်မယ် ဟုတ်လား၊ ငါက မင်းတို့ရွာမှာ ခွေးလား။ သံခဲ သားအဖကို မင်းသွားသတ်ပြီဆိုပါတော့ ဟိုကရော လည်ဆင်း မလား၊ အားလုံး ဒုက္ခရောက်ကုန်မယ်၊ ဘာမှတ်လဲ၊ ကိုကြီးမည် ဒီကောင့်ခေါ်သွားစမ်းဗျာ၊ မင်းဆယ်အိမ်ခေါင်း အိမ်ကလွဲပြီး ဘ မှမသွားရဘူး။ ဟိုကောင် မောင်ဦးလေးကိုလည်း ငါ့အိမ်ခေါ်ထ မယ်။ ဘယ်မှ ထွက်မပြေးစေရဘူး၊ သွား ကိုကြီးမည်းနဲ့ လိ သွား"

"ကျုပ် ထမင်းမစားရသေးဘူး သူကြီး"

"အစား စားဖို့တောင် ခုမှ သတိရတယ် ဟုတ်လား သွ ကိုကြီးမည်းတို့အိမ်က ကျွေးလိမ့် . . ."

"ကျုပ် လာပို့ပါ့မယ်တော်၊ ရှင့် ဘာ . ."



သူကြီးဦးတင်အောင်နှင့် ဦးသာထွန်း မိန်းမတို့စကား ဆုံးမီပင် ရွာလယ်ပိုင်းက ပူညံဆူညံ အော်ကြဟစ်ကြသံကို ကြား လိုက်ကြပြန်ရာ -

"အရေးထဲ ဟိုမှာ ဘာဖြစ်ကြပြန်လဲ မသိဘူး၊ ကဲ ကိုယ့်လူ တို့ လာကြ၊ လာကြ၊ ဟေ့ကောင်သာထွန်း မင်းကိုယ့်အိမ်ကို ပြန် နေနော်။ ငါဒါပဲပြောမယ်"

ပြောရင်းဆိုရင်းနှင့်ပင် သူကြီးဦးတင်အောင်နှင့် ရွာလူ ကြီးတွေမှာ အသံကြားရာ ရွာလယ်ပိုင်းဘက် ကမန်းကတန်း ပြေး လိုက်လာကြရပြန်သည်။

ချောင်းထဲ မျှားတန်း သွားချရင်း ပျောက်ဆုံးသွားသော သာမောင်ကိစ္စနှင့် ပတ်သက်ပြီး သတ်မည်၊ ဖြတ်မည်နှင့် ရွာတွင် အုန်းအုန်းကျွက်ကျွက် ထိန်းရသိန်းရ၊ အော်ကြဟစ်ကြ၊ တားကြ ဆီးကြနှင့် တစ်ရွာလုံး ရုန်းရင်းဆန်ခတ် ဖြစ်နေကြချိန်တွင် တစ် ခုပေါ် နှစ်ပူဆင့်၊ မြွေပူရာကင်းမှောင့် ဆိုသလို ခိုင်မဖြူတို့ သမီး အမိနှစ်ယောက် 'ကယ်ပါ ကူပါ' အော်ဟစ်ကာချောင်းထဲက တက် ပြေးလာကြပြန်သည်။

အချိန်မှာ နေမွန်းစောင်းကြီးခန့် အချိန်။

ဖြစ်ရပုံမှာ -

သူတို့ သမီးအမိနှစ်ယောက်သည် ညက ချောင်းကမ်း နားသွားပြီး ကွန်ပစ်ကြသူများမှာ ငါးကြီးတွေ ယူမကုန်အောင် ကြသည်ဆိုသဖြင့် သူတို့ သမီးအမိနှစ်ယောက်မှာလည်း ချောင်း ကမ်းနားမှာ ငါးသွားသဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်၏။ သူတို့လည်း ခါတိုင်းထက် ငါး ပုစွန်များကို ရကြသည်။ သူတို့တစ်သက် တစ်ခါမှ မရဘူးသော ငါးကြီးများပ ဤနေ့၌ ချောင်းကမ်းစပ်တွင် ပါးဟက်တလှုပ်လှုပ်နှင့် ရွံ့စုပ်စာ နေသည်ကို တွေ့သဖြင့် အမေဖြစ်သူ ခိုင်မဖြူက ယက်သဲ့နှင့် အ သာလှမ်းထိုးဖမ်းလိုက်သည်။

သူ့အမေ၏ ယက်သဲ့ထဲတွင် ရုန်းကန်လှုပ်ရှားနေသော ငါးကြီးကို သမီးဖြစ်သူက ဖမ်းကိုင်လိုက်စဉ် ဝုန်းခနဲ ရေပွက်သ ကြီးနှင့်အတူ လှိုင်းလုံးကြီးတစ်လုံးသည် သူတို့ကမ်းပါးကို လာရိုက် သွားသည်။ လှိုင်းလုံးကြီးမှာ ဒူးခေါင်းသာသာ အနက်ရှိသော ချောင်းရေကမ်းစပ် ရေထဲ၌ ငါးသဲ့နေကြသော ခိုင်မဖြူတို့ သမီး အမိနှစ်ယောက်၏ ရင်ခေါင်းကိုပင် လာရိုက်ခတ်သွားသည်။ ထ အခါ သမီးအမိနှစ်ယောက်မှာ မဟန်နိုင်ဘဲ လဲကျသွားကြသည် ငါးကြီးလည်း လွတ်ထွက်သွားသည်။

စောစောကလည်း လေမတိုက်ဘဲ ရုတ်တရက် ဤသ လှိုင်းလုံးကြီးတစ်လုံး လာရိုက်သွားသဖြင့် ကမန်းကတန်း ပြေး ကြပြီး သူတို့နောက် ချောင်းရေဘက် လှမ်းကြည့်လိုက်ကြရာ " မလေး" ဟု အော်ဟစ်ကာ ခိုင်မဖြူတို့ သမီးအမိနှစ်ယောက် "ကယ်ပါ၊ ကူကြပါ" အော်ဟစ်ပြီး ရွာထဲ ဝင်ပြေးလာကြသည် သူတို့ ငါးသဲ့သော ယက်သဲ့နှင့်ပလိုင်းပင် နှစ်ယောက်စလုံး ကို ပေါ်တွင် ပါမလာကြတော့။

လူတွေ ထိုသို့ ရုတ်ရုတ်သဲသဲ ဖြစ်နေကြ၍လားမသိ၊ ဈေ တွေကလည်း ဤနေ့မှ ချောင်းဘက်ကြည့်ပြီး အူလိုက် ဟော



က်၊ ရွာရိုးကိုးပေါက် လျှောက်ပြေးနေကြပြန်သည်။

အော်ဟစ်ပြီး ရွာထဲ ပြေးဝင်လာကြသော ခိုင်မဖြူတို့ သ အမိနှစ်ယောက်ကို ဗေဒင်ဆရာ ကြောရန် အနားတွင် ဗေဒင် ဟော နားထောင်နေကြသော မိန်းမသူများက ပြေးထပြီး းဖက် ဆွဲထားကြသည်။ သမီးအမိနှစ်ယောက်မှာ ထဘီတွေ တ်စုတ် အကွဲကွဲ အပြဲပြဲနှင့် အကြောက်လွန်ကာ ယခုအထိ ခိုက်တုန်နေကြ၏။

"ဟဲ့ နင်တို့ နှစ်ယောက် ဘယ်လိုဖြစ်လာကြလဲ၊ ပြောကြ ပြီး"

အောင်မသာဆိုသော မိန်းမကြီးက ခိုင်မဖြူကို ဖက်ထား း မေးလိုက်၏။

"အမယ်လေး . . ယောက်မကြီးရယ် ကံကောင်းလို့တော့ င်း . . ဟင်း"

ခိုင်မဖြူမှာ အောင်မသာအမေးကို ချက်ချင်း မဖြေနိုင် ဘဲ ဟောဟဲလိုက် အမောဆို့နေသည်။

"ဟဲ့ ရေ ရေတိုက်လိုက်ကြဦးဟ၊ ဘယ်လောက်တောင် မောဖောက် ကြောက်လာကြတယ် မသိဘူး"

သူ့အဟောလည်း ပျက်သွားပြီဖြစ်သော ဗေဒင်ဆရာ ြောရန်က ရေတိုက်လိုက်ကြဦး ဆိုသဖြင့် သမီးအမိနှစ်ယောက် ကောင်မလေးတွေက ရေမှုတ်နှင့် ရေခပ် တိုက်လိုက်ကြသည်။

ရေတစ်ခွက်စီ သောက်ပြီးသွားကြတော့မှ သမီးအမိနှစ် ောက်မှာလည်း စကားဆက်နိုင်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ ညက ချောင်းကမ်းနားမှာ ငါးကြီးတွေ ရ တယ်ကြားတော့ ကျုပ်တို့လည်း ချောင်းနားသွား ငါးသဲ့ကြပါတ က်ကောင်းလို့"

"အေးပါဟာ၊ ကဲ ဘယ်လိုဖြစ်လာကြလဲ ပြောစမ်းပါ"

"ကျုပ်တို့ ငါးသဲ့နေကြတုန်း ငါးကြီးတစ်ကောင် အနာ လာပေါ်တာ ငါးကြီးပွက်လိုက်တဲ့ ရေလုံးနဲ့ ရိုက်မိလို့ သမီးရော ကျုပ်ပါ လဲကျသွားတယ်။ လှည့်ကြည့်လိုက်တော့ ငါးကြီးက ကျု တို့ကို ကိုက်မလို့ အနားတောင် ရောက်နေပြီ။ အဲဒါကြော ကြောက်လို့ ပြေးလာကြတာ။ ဒီလောက်ကြီးတဲ့ငါးကြီး ကျုပ် တစ်သက် မမြင်ဖူးဘူး"

"နင်တို့ကို ကိုက်ဖို့လာတဲ့ ငါးကြီးက ဘယ်လော တောင်ကြီးလဲ၊ ငါးက လူကို ကိုက်ရအောင် တစ်ခါရဲ့ မကြားဖူးပါဘူး"

ဤစကားကိုတော့ ဝေဒင်ဆရာ ကြောရန်က မတ်တ ထရပ်လိုက်ပြီး မေး၏။

"အိမ်လုံးလောက် ရှိတယ်"

"ကြဲကြီးစည်ရာ"

"ဟုတ်ပါတယ်ဆို ဘကြီးကလည်း၊ ကျုပ်နဲ့ အမေက ဟုတ်ဘဲ ပြောမလားတော့"

မြေပြင်တွင်ထိုင်ပြီး ကွဲလာသော ထဘီစကိုအရှက်လုံ ကိုင်ထားသော ခိုင်မဖြူ၏ သမီးလေးကပါ ဝင်ပြောပြန်သည်။

ထိုအချိန်မှာပင် ဦးသာထွန်းနှင့် သော်ခဲတို့ ရန်ပွဲကို ဖ



ရာက ပြန်လာကြသော ရွာသူကြီး ဦးတင်အောင်နှင့် ရွာလူ သုံးလေးယောက်ကလည်း ဤဘက်အပိုင်းမှ မိန်းမတစ်ယောက် ယ်ပါ ကူပါ' အော်လိုက်သံနှင့် ဆူဆူညံညံအသံများကို ကြား ပြန်သဖြင့် 'ဘာများ ဖြစ်ကြပါလိမ့်' ဟု ပြေးလာကြရာ သူတို့ က်မှ ပြေးလိုက်လာသူတွေကလည်း ခိုင်မဖြူတို့ အနားတွင် မ်တကြီး ရောက်ချလာကြပြန်သည်။

"ဒီ နှစ်ယောက်ကလည်း ရေစိုကြီးတွေနဲ့၊ နင်တို့ ဘာဖြစ် ကြလဲ၊ ရပ်မှာရွာမှာ ပြဿနာရှိရတဲ့အထဲ စောစောက အော် ကြားလိုက်တာ နင်တို့လား"

ရွာသူကြီး ဦးတင်အောင်က ခိုင်မဖြူတို့ သမီးအမိနှစ် ယောက်ကို ငုံ့ကြည့်ပြီး မာန်သလို မေးလိုက်၏။

ထိုအခါ ခိုင်မဖြူကလည်း၊ သူတို့အဖြစ်ကို စောစောကလို ပြောပြလိုက်သည်။

"ဟင်"

ခိုင်မဖြူ၏စကားကို ကြားလိုက်ရသောအခါ ရွာသူကြီး တင်အောင်နှင့် ရွာသားကြီးတွေမှာ ပါးစပ်အဟောင်းသား ဖြစ် ကြသည်။

သူတို့ချောင်းတွင် ဤမျှကြီးသော ငါးကြီး ရှိသည်ကို နေ ခွေး ချောင်းထဲဆင်းပြီး ငါးရှာနေကြရာ တစ်ခါမှ မကြုံဖူးဘူး၊ ကြားဖူးဘူး။

ထို့ကြောင့်လည်း -

"နင်တို့ အကြောက်လွန်ပြီးများ မျက်စိမှောက် မြင်ကြ

www.burmeseclassic.com

www.burmeseclassic.com



တာလားဟာ"

ဦးတင်အောင်တို့နှင့် ပါလာသူ လူကြီးတစ်ယောက်က ဆိုပြန်သည်။

"နေ့ခင်းကြောင်တောင်ကြီးမှာ မျက်စိမှောက်ပြီး မြင်မလား ကိုဘိုးရရဲ့၊ တကယ်ပါဆို ငါးကြီးက အိမ်လုံးလောက်ကြီးပါတယ်ဆို"

ရွာသူကြီး ဦးတင်အောင်ကမူ ဘာကို အတွေးပေါက်သွားသည်မသိ၊ ဘာမှ နိုင်မဖြူတို့ကို ထပ်မမေးတော့ဘဲ သူနှင့်အတူ လာကြသူ ရွာလူကြီး သုံးလေးယောက်ကိုသာ -

"လာလာ၊ ခင်ဗျားတို့လည်း ကိုယ့်အိမ်ကိုယ်ပြန်နေကြ ဒီတစ်ရက်နှစ်ရက်မှာ ရွာကလည်း ဘာဖြစ်မှန်းမသိဘူး၊ အထူး အဆန်းကြီးပဲ။ ကြောရန်၊ မင်းလည်း တောပြောတောင်ပြော ပေါက်ကရတွေ လျှောက်မပြောနဲ့နော်" ဟု ပြောကာ သူ့အိမ်ဘက် ထွက်သွားသောအခါ ရွာလူကြီး သုံးလေးယောက်တို့မှာလည်း ဦးတင်အောင်နောက် လိုက်ပါသွားကြသည်။

လမ်းတစ်ဝက် ရောက်သောအခါ ဦးတင်အောင်က -

"ညက သာမောင်ကို အလောင်းတောင် ရှာမတွေ့တာနဲ့ ခု နိုင်မဖြူတို့ကလည်း ချောင်းထဲမှာ အိမ်လောက်ရှိတဲ့ ငါးကြီး တစ်ကောင်ကို တွေ့ခဲ့ကြတယ်ဆိုတော့ စဉ်းစားစရာတော့ ဖြစ် လာပြီ ကိုယ့်လူတို့ရယ်" ဟု ပြောစကားကို ဦးဝေဒေါင်းက -

"အလကားဗျာ၊ ဒီမိန်းမစကား ကြီးလွန်းတာ ဖြစ်မှာပါ ကြံကြံဖန်ဖန် အိမ်လုံးလောက်ရှိတဲ့ငါး ချောင်းထဲ ဘယ်လိုလုပ်



မလဲ၊ ပင်လယ်ထဲတောင် အဲသလောက် ကြီးတဲ့ငါးဆို ကမ်းနား ဘယ်လာလို့လဲ၊ ခုတော့ ချောင်းထဲမှာတွေ့တယ်ဆိုတာ မဖြစ် ပါဘူး" ဟု ပြောသည်။

"တစ်ခုတော့ရှိတယ်နော် ဦးဝေဒေါင်း၊ ခင်ဗျားလဲ ကြား မှာပေါ့။ နဂါးတွင်းအိုင်မှာတော့ လူကို မျိုနိုင်တဲ့ ငါးတောက် ကြီးတွေ ရှိတယ်ဆိုတာ ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် ပြောလာ ကြတာနော်။ ခု နိုင်မဖြူတို့ တွေ့ခဲ့ကြတယ်ဆိုတဲ့ ငါးကြီးက နဂါး တွင်းအိုင်က ငါးတောက်တူကြီးလားမှ မသိတာ"

ဦးဝေဒေါင်း၏ အပြောကို ဦးသာဇံက တွေးတွေးဆဆ ဆိုသည်။

သူတို့ချောင်းထဲက နဂါးတွင်းအိုင်ကြီးတွင် ငါးကြီးများရှိ သည်ကိုတော့ မည်သူမျှမငြင်းနိုင်။ နဂါးတွင်းအိုင်ကြီးမှာ ကျောက် ခေါင်းလိုဏ်ကြီးများလည်း ရှိလေရာ သူတို့ချောင်းထဲက ငါးများ ကြီးလာလျှင်ပင် နဂါးတွင်း အိုင်ကြီးဘက်သို့ ရောက်သွားကြသည် ဟု အစဉ်အလာ ပြောလာကြသည်။ ထို့ကြောင့်လည်း ဦးသာဇံ က ယခု နဂါးတွင်းအိုင်ကို ဥပါဒ်စကား ဆိုခြင်းဖြစ်သည်။

"ဒီတစ်ရက်နှစ်ရက်မှာ တစ်ခုခုထူးခြားနေတာတော့ အ မှန်ပဲ ကိုယ့်လူတို့ရယ်၊ ဟိုတစ်ညက လိပ်ဥသွားရှာကြတဲ့ ငစောင်း မန်းတို့ ညီအစ်ကိုကလည်း ချောင်းကြီးဝ သဲတန်းကုန်းဘက်မှာ အခွေခြောက်တယ် ပြောတာရယ်၊ ရေကန်ကို ချောင်းထဲကဖျံတွေ တက်ဖူး တက်လာကြတာရယ်၊ ညက သာမောင် ချောင်းထဲမှာ ပျောက်သွားတာရယ်ကို ထောက်ရင်တော့ ချောင်းထဲမှာ လူကို

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ပေးနိုင်တဲ့ အကောင် တစ်ကောင်ကောင်တော့ အမှန်တကယ် ရောက်နေပြီလားလို့လည်း ကျုပ်တော့ တွေးမိတာပဲဗျ ကိုယ့်လူတို့ရယ်"

"အေးဗျာ၊ သူကြီးပြောတော့မှ ကျုပ်လည်း တွေးမိတယ်၊ ဟိုတုန်းက တစ်ခါတစ်ရံထူး မကြားဘူးတဲ့ အဖြစ်အပျက်တွေတော့ ကျုပ်တို့ရွာမှာ ဖြစ်နေပြီ။ အဲဒါ ရွာတော်ရှင်မ နတ်တစ်ပွဲလောက် စောစောစီးစီး တင်ပေးထားကြရင်ကော မကောင်းဘူးလား သူကြီး"

နတ်ဝါသနာပါသူ ဦးကြီးမောင်ကလည်း ရွာတော်ရှင်မ နတ်ပွဲတင်ရန်အတွက် အကြံပေးသလို ပြောပြန်သည်။

"ဒါကတော့ အမှားမရှိနိုင်ပါဘူး၊ ကြိုကြိုတင်တင် လုပ်ထားကြတာ . . ."

သူကြီးဦးတင်အောင် စကားမဆုံးမီ ခမောက်စုတ် တစ်ခု ဆောင်းပြီး မျက်နှာအေးတိအေးစက်နှင့် သူတို့ ဒနားသို့ ရောက်လာသော လောရှည်ကြီးက -

"ရွာလူကြီးတွေ စုံစုံညီညီတွေ့တာနဲ့ အတော်ပဲ။ အရေးတကြီး ပြောရဦးမယ်ဗျို့။ ကျုပ်တို့ ငယ်ငယ်တုံးက တစ်ခါဖြစ်သလို ကျုပ်တို့ရွာချောင်းထဲကို မိကျောင်းကြီးတစ်ကောင် ရောက်နေပြန်ပြီဗျ။ ကျုပ်လေ ကံကောင်းလို့ ရေထဲဆွဲချခံရဖို့ နည်းနည်းပဲလိုတယ်"

"ဟယ် . . ."

"ဟင် . . ."



"ဟာ . . ."

ကမ်းကြီးသတ်ဘက်ဟု ခေါ်ကြသော ချောင်းနားနေသူ လောရှည်ကြီး စကားကို ကြားလိုက်ကြသော အခါတွင် ဦးတင်အောင်အပါအဝင် ရွာလူကြီးတွေမှာ အံ့ဩတကြီး ဖြစ်သွားကြသလို သူတို့ရွာ၌ လောလောဆယ် ဖြစ်ပျက်နေသော အခြေအနေမှာ လောရှည်ကြီးလာပြောမှ ရှင်းတော့သည်ဟုလည်း ဝမ်းသာသွားကြသလိုပင်။

သူတို့ခမောက်ကျွန်းမှာ ပင်လယ်ထဲကကျွန်း ဖြစ်သဖြင့် ကျောင်းဆိုသည်ကတော့ ရှိကိုမရှိတတ်ပေ။

မိကျောင်းများမှာ များသောအားဖြင့် ရေချို ရေငန်စပ် ချောင်းမြောင်းများ၌သာ နေတတ်ကြသည်။ ထို့ကြောင့်လည်း သူတို့တစ်ရွာလုံးရှိ လူတွေမှာ မိကျောင်းကို မမြင်ဘူးသူက များသည်။ အထူးသဖြင့် သူတို့ရွာရှိ လူများထဲမှ အသက်လေးဆယ် ကျော်သေးသူများမှာ မိကျောင်းကို မည်သူမျှ မမြင်ဖူးဘူး။ ထိုကျွန်းကို မိကျောင်းကလည်းမလာ။

မိကျောင်းပေါသော နေရာတွေမှာ ကမ်းရိုးတမ်းက အနွန်းပိုင်း ချောင်းမြောင်းများ၌သာ ပေါသည်။ ပင်လယ်ထဲမှာလည်း လှိုင်းရိုက်သည့်ဒဏ်ကို မခံနိုင်ကြသဖြင့် ပင်လယ်ထဲ ဘယ်ကျောင်းမှမနေ။ ထို့ကြောင့်လည်း ခမောက်မော်ရွာသူရွာသားတွေမှာ မိကျောင်းကို မမြင်ဘူးကြခြင်း ဖြစ်သည်။

ဤသို့ မမြင်ဘူးကြသဖြင့်လည်း လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော်လောက်က ထွန်းညိုကြီးတို့ ညီအစ်ကို မိကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ခံရဖူးသည်။

ထိုမိကျောင်းတစ်ကောင်ကလည်း ဘယ်လိုကဘယ်လို သူတို့ခမောက်မော်ကျွန်းကို ရောက်လာသည် မသိ။ ချောင်းလ တိုက်ခိုက်ကြရင်း ကမ်းရိုးတန်းဘက်မှ မိချောင်းကြီး တစ်ကောင် ကောင်က လိုက်ကိုက်သဖြင့် အကြောက်လွန်ကာ ပင်လယ်ထဲ ထွက်ပြေးလာရင်း ပင်လယ်ထဲ လှိုင်းပုတ်သည့်ဒဏ် မခံနိုင်သော အခါတွင် ပင်လယ်ထဲကကျွန်းဖြစ်သော သူတို့ခမောက်မော်ကျွန်း ချောင်းထဲ လမ်းမှားဝင်လာပုံရသည်။

သူတို့၏ကျွန်း သူတို့၏ချောင်းထဲ မိကျောင်းမရှိသဖြင့် လည်း တစ်ခါတလေ ကမ်းရိုးတန်းကလူများ ငါးခြောက်ငါးခြမ် ဝယ်ရန် ရောက်လာပြီး သူတို့ဆီတွင် မိကျောင်းများ ပေါကြောင် နှင့် မိကျောင်းအကြောင်းသာ ပြောလျှင် ကမ်းရိုးတန်းသား အ နားမှာ လူကြီးလူငယ်၊ မိန်းမ၊ ယောက်ျားပါ မကျန် ဝိုင်းနေတတ် ကြသည်။

မိကျောင်းအကြောင်းသာ ကမ်းရိုးတန်းသားက ပြောနေ နိုင်မည်ဆိုလျှင် သူတို့ ခမောက်မော် ရွာသူရွာသားတွေမှာ မိုးတစ် လင်းပင် နားထောင်ကြမည်ထင်သည်။ သူတို့ မမြင်ဖူးဘူးကြသော မိကျောင်း အကြောင်းကို သူတို့ကား ဤမျှအထိ စိတ်ဝင်စားကြ သည်။

သည်လိုနှင့် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော် သူကြီး ဦးတင်အောင်တို့ ကာလသား ပေါက်စအရွယ် ဘဝတုန်းက မိ ကျောင်းမမြင်ဖူးဘူးသဖြင့် မိကျောင်းမှန်းမသိသော ထွန်းညိုကြီး



နှင့် ညီအစ်ကိုမှာ မိကျောင်းကိုက် ခံခဲ့ရခြင်းဖြစ်သည်။

ဖြစ်ပုံမှာ -

ရွာကာလသား ညီအစ်ကိုဖြစ်သော ထွန်းညိုကြီးနှင့် ထွန်း ညိုလေးတို့သည် ရွာချောင်းထဲ၌ ငါးမီးရှူးထွန်းရန် ချောင်းနား ဆင်းလာကြသည်။

အချိန်မှာ ည သက်ငယ်ခေါင်းချချိန်ဖြစ်၏။

ရာသီမှာ ပူအိုက်သော တန်ခူးလ။ သင်္ကြန်ရက်နီးချိန်။

ဤလိုရာသီတွင် ညညဆိုလျှင် ချောင်းထဲက ငါးပုစွန်များ ကမ်းနားစကို တက်နေတတ်ကြသည်။ အထူးသဖြင့် ထွန်းညိုကြီး တို့ ညီအစ်ကိုမှာ ငါးမီးထွန်းရန်လာကြသည် ဆိုသော်လည်း အမိ အကမူ ပုစွန်တုပ်ကြီးနှင့် ချောင်းကဏန်းကြီးများကို မှိန်ခွနှင့် ထိုး ခမ်းကြရန်သာဖြစ်သည်။

ချောင်းနားရောက်ကြသောအခါ ထမ်းလာသော ဝါးခြမ်း ခြောက် မီးရှူးကို မီးညှိထွန်းလိုက်ကြသည်။

ထွန်းညိုလေးက မီးရှူးပြပြီး ထွန်းညိုကြီးက မှိန်းကို တ ဆကိုင်ကာ ကမ်းနားအတိုင်း ပုစွန်တုပ်နှင့် ချောင်းကဏန်း ကြီးများကို လိုက်ရှာကြသည်။

နွေလ ရေဆုတ်ချိန်ဖြစ်သဖြင့် ချောင်းဘေးနှစ်ဘက်တွင် သောင်များလည်း ထွန်းနေသည်။ ချောင်းဝပိတ်နေသဖြင့် ရေ ရေသေဖြစ်သလို ရေငန်လည်းဖြစ်သဖြင့် ချောင်းရေက အလွန် ကြည်သည်။ ရေအောက်ထဲကို တစ်တောင်တစ်မိုက်ပင် ရှင်းရှင်း လင်းလင်းမီးရှူးရောင်နှင့် မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ထွန်းညိုလေးက ခြေသံလုံလုံနှင့် ရေနားကပ်ပြီး သူ့အစ်ကို ထွန်းညိုကြီးကို မီးရှူးထွန်းပြသည်။

ရေကြည်ထဲ ကမ်းစတွင် မီးရှူးရောင်နှင့် မြင်ရသော ကဏန်းလုံး ပုစွန်တုပ်များကို ထွန်းညိုကြီးက စွပ်ခနဲစွပ်ခနဲ မှိန်းခွနှင့်ထိုးဖမ်းနေ၏။

ထိုအချိန်မှာပင် ငှက်ကြီးတောင် တောစမှ ရှဲရှဲရှဲရှဲ မြည်သံတစ်ခုကြောင့် သူတို့ညီအစ်ကိုနှစ်ယောက် နောက်သို့ ဆတ်ခနဲ တစ်ပြိုင်တည်း လှည့်ကြည့်လိုက်ကြ၏။ ထွန်းညိုလေးက မီးရှူးကို အသံကြားရာဘက်သို့ မြှောက်ပြလိုက်စဉ် -

"ဟာ . . . ညီလေး၊ ဖွတ်ကြီးတစ်ကောင် ဆင်းလာတာကွ၊ မီးပြ မီးပြ"

'မီးပြ မီးပြ' ဟူသော သူ့စကား မဆုံးမီပင် ထွန်းညိုကြီးကား သူတို့နှင့် သုံးလေးလံမျှသာဝေးသော ဖွတ်ကြီးဆီ ပြေးသွားပြီး မှန်းနှင့် ထိုးပြီးသား ဖြစ်သွားသည်။

အမှန်က မိကျောင်း မမြင်ဖူးဘူးသော ထွန်းညိုကြီးက မီးရှူးနှင့် ဝိုးတဝါး သောင်ပြင်ထဲမြင်ရသော မိကျောင်းကို ဖွတ်ကြီးဟု ထင်သဖြင့် မှိန်းနှင့် ချက်ချင်းပြေးထိုးခြင်း ဖြစ်သည်။

မိကျောင်း မမြင်ဖူးဘူးသောထွန်းညိုကြီးက ဤမိကျောင်းအား ဖွတ်ဟုထင်မည်ဆိုကလည်း ထင်စရာ။

နွေလရောက်လျှင် သစ်ကလိန်ချုံ၊ စလူပင်များပေါ်တက်ပြီး ဖွတ်များ လေညှင်းခံနေတတ်ကြသည်။

ယခု မီးရှူးရောင်ကို မြင်သဖြင့် ကြောက်ပြီး ဆင်းပြေး



လာသည်အထင်နှင့် လက်မြန်ခြေမြန် နိုင်လွန်းသောထွန်းညိုကြီးက မိကျောင်းကို မှိန်းနှင့် ပြေးထိုးခြင်းဖြစ်သည်။

ပုစွန်တုပ်နှင့် ကဏန်းလုံးသားမှာ နေ့စဉ်စာနေကျ ဖြစ်သဖြင့် သူတို့အတွက် ရိုးအီနေပြီ။ ယနေ့ည သူ့အစ်ကိုက ဝမ်းသာအားရနှင့် ဖွတ်ကြီးကို ပြေးထိုးသောအခါ ထွန်းညိုလေးမှာလည်း 'ဒီနေ့တော့ ဖွတ်သားစားရပြီဟ' ဟူသော ဝမ်းသာအားရနှင့် မီးရှူးကို မြှောက်ကိုင်ကာ သူ့အစ်ကိုကြီးဆီ ချက်ချင်းပြေးလိုက်သည်။

ထိုအချိန်မှာ သူ့အစ်ကိုကြီးနှင့် မိကျောင်းတို့က သောင်ပြင်မှာ လုံးထွေးနေကြပြီ။

သူ့အစ်ကိုနှင့် ဖွတ်ကြီးအနားကို ရောက်သွားသည်နှင့် ဖွတ်မိကျောင်းက အမြီးနှင့် လှမ်းရိုက်လိုက်ရာ ပြေးချလာသော ထွန်းညိုလေးမှာ မီးရှူးတခြား လူတခြား ဖြစ်သွားသည်။

သို့သော် နောက်လက်တစ်ဖက်တွင် ကိုင်ထားသော မှိန်းခွကတော့ လွတ်ကျမသွား။ မိကျောင်းအမြီး ရိုက်ချက်ကြောင့် သောင်ပြင်ထဲ လဲကျသွားသော ထွန်းညိုလေး ပြန်မထမီခင်ပင် သူ့အစ်ကိုဆီက အသံထွက်လာသည်။

"ညီလေး၊ လုပ်ကွာ လုပ်လုပ်၊ ဖွတ်ကြီးက တအားကြီးအား၊ မနိုင်ဘူးဟ၊ မြန်မြန်လုပ်၊ ဟာ . . . အား"

သဲပြင်တွင် လွတ်ကျသွားသော မီးရှူးအလင်းရောင်ထဲ လုံးထွေးသတ်ပုတ်နေကြသော ဖွတ်ကြီးနှင့် သူ့အစ်ကိုတို့ကို မြင်လိုက်ရသောအခါ ထွန်းညိုလေးမှာ ရုတ်တရက် မှင်တက်မိသွားသည်။

www.burmeseclassic.com



ဤမျှကြီးသော ဖွတ်ကြီးကို သူတို့ချောင်းနားတွင် တစ်ခါ
မှ မရဖူးဘူး၊ မတွေ့ဖူးဘူး၊ ဖွတ်ကြီးမှာ သူ့ကိုယ်လုံးနီးနီးရှိသည်

"ဟော ဟောကောင်၊ မြန်မြန် မြန်မြန်ဝင်လုပ်ပါဆို။ ဘာ
လုပ်နေလဲကွ၊ ငါ့ဓား . . . ဓားမြှောင်နဲ့ပါ ထိုး . . ."

ရပ်ဓလေ့ ရွာဓလေ့အရ ကာလသားများမှာ ဘယ်
သွားသွား ခါး၌ ဓားမြှောင်ကိုယ်စီ ပါတတ်ကြရာ ယခု ထွန်းည
ကြီးမှာ တအား ပြေးထိုးလိုက်သော သူ့မှိန်းကို ပြန်နုတ်ပြီးနောက်
တစ်ချက် ထိုးသတ်ရန် အချိန်မရလိုက်၊ ဖွတ်မိကျောင်းက သူ့
အမြီးနှင့် လှမ်းရိုက်ရာ သူ့ကိုယ်မှာ ဖွတ်မိကျောင်းကိုယ်ပေါ် သွ
လဲကျသည်။

ထိုအချိန်ထိ ထွန်းညိုကြီးက မိကျောင်းကို ဖွတ်ကြီး
ထင်နေတုန်း။ ထို့ကြောင့်လည်း လောဘဇောနှင့် ဖွတ်မိကျော
ကြီးကို ဖက်လုံးနေသည်။

ထိုသို့ လုံးရင်းကလည်း သူ့ခါးမှ ဓားမြှောင်ကိုနုတ်
ရမိရရာ ဖွတ်မိကျောင်းကြီးကို အကြိမ်ပေါင်းများစွာ ထိုးသည်
ဖွတ်မိကျောင်းကြီးကလည်း ရမိရရာ သူ့ကိုယ်၊ လက်၊ ပေါင်တို့
ကိုက်သည်။

မိကျောင်းတို့ မည်သည်မှာ သူတို့ပါးစပ်တစ်လှမ်းရှိ သာ
ကောင်ကို တစ်ချက်တည်းနှင့် အမိအရသာ ထိုးဟပ်တတ်သော
အကျင့်ရှိရာ ယခု နီးနီးကပ်ကပ် လုံးထွေးနေရသော ထွန်းညိုကြ
ကို ကိုက်တော့ကိုက်၏။ သို့သော် သူ့ပါးစပ်ကို ဇေ့ထားပြီး သာ
ကောင်မလှုပ်နိုင်အောင် ပိုင်ပိုင်နိုင်နိုင် အံခဲအံကြိတ်မရ ဖြစ်



ချိန် ထွန်းညိုကြီး၏ ဓားမြှောင်ထိုးချက်တွေကလည်း တစ်ချက်
တစ်ချက် သူ့ကိုယ်ထဲ စူးဝင်လာလေရာ တောက်တောက် တောက်
တောက်အော်ကာ သူ၏ အားကိုးရာ ရေထဲသို့ ဆင်းပြေးရန် ကြိုး
စားရုန်းကန်နေသည်။

သို့သော် နွေလ ချောင်းထဲမှာ ရေကခန်းပြီး သောင်ပြင်
ကျယ်ကြီး ဖြစ်နေသဖြင့် ပြေးရန်မလွယ်။

ဖွတ်ကြီးထင်သဖြင့် သူ့ကို လုံးဝ အလွတ်မပေးသော လူ
သားကလည်း ဓားချက်ပေါင်းများစွာနှင့် သူ့ကို မွှန်းနေပြီ။ မိ
ကျောင်းမှာ အင်အားကုန်ခန်းနေပြီ။ အမှန်ကတော့ မိကျောင်း
သာမဟုတ် ထွန်းညိုကြီးမှာလည်း မထိတစ်ချက် ထိတစ်ချက်နှင့်
ခက်ကျောသော ဖွတ်မိကျောင်းကြီးကို ထိုးသတ်နေရသည်မှာ လက်
အသေနေပြီ။

မီးရှူးရောင် မှုန်တိမှုန်ဝါးထဲ သူ့အစ်ကိုနှင့် သွေးရဲရဲ လုံး
ထွေးသတ်ပုတ်နေကြသော ဖွတ်ကြီးကို မြင်လိုက်ရသောအခါ ရုတ်
တရက်မှ ထွန်းညိုလေးမှာ လန့်ဖျပ်သွားသည်။ သို့သော် သူ့အစ်
ကိုက ဆဲဆဲဆိုဆို ပြောလိုက်သောအခါ သူ့မှာလည်း မနေသာတော့
ဘဲ ဝင်လုံးထိုးသတ်ရတော့သည်။ သို့သော် ကြောက်တတ်သူ ထွန်း
ညိုလေး၏ ပါးစပ်ကမူ -

"ဖွတ်ကြီးဗျို့၊ ဖွတ်ကြီး ဖွတ်ကြီး၊ ကျုပ်တို့နဲ့လုံးသတ်နေ
သည်။ လာကြပါဦး၊ လာကူကြပါဦး"

အော်ရင်းက သူ့အစ်ကို နည်းတူ ဖွတ်မိကျောင်းကို ဖက်
လုံးကာ သတိရတိုင်း ဓားမြှောင်နှင့်လည်း ရမိရရာ ထိုးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ရွာက သူတို့လိုပင် ချောင်းနား၌ ပုဇွ
ထွန်း၊ ကဏန်းထွန်း ရောက်နေကြသောလူများ ပြေးလိုက်လာကြ
သည်။

သောင်ပြင်တစ်နေရာတွင် သူတို့ တစ်ခါမှ မမြင်ဖူး
ကြသော ဧရာမ ဖွတ်ကြီးတစ်ကောင်နှင့် လုံးထွေးသတ်ပုတ်
ကြသည့် ထွန်းညိုကြီးတို့ ညီအစ်ကိုကို မြင်လိုက်ကြရသောအ
တွင် အံ့ဩပြီး ရုတ်တရက် မည်သူမျှဝင်မကူ ဝင်မလုပ်ရဲ ဖြ
သွားကြသည်။

သို့သော် မီးရှူးကိုယ်စီမြှောက်ကာ ထွန်းညိုကြီးတို့ ညီအ
ကိုနှင့် ဖွတ်ကြီးကို ဝိုင်းထားလိုက်ကြသည်။

ထိုအချိန်မှာ ဖွတ်ကြီးကလည်း မလှုပ်နိုင်တော့၊ ထွန်း
ကြီးကလည်း မတ်တတ်ပင် မထနိုင်တော့။

ထွန်းညိုလေးကမူ ရုတ်တရက် ထပြီး သူ့အစ်ကို ထွန်း
ကြီးအား ဖွတ်ကြီးနှင့်ဝေးသွားအောင် ဆွဲဖယ် ပစ်လိုက်သည်။

ယခုအချိန်မှာ လူတွေလည်း လာရောက်ဝိုင်းထားကြ
ဖြစ်ရာ ဖွတ်ကြီးထွက်ပြေးလျှင်လည်း လူတွေလက်ထဲက မလွ
နိုင်မှန်းသိ၍ သူ့အစ်ကိုအား ဆွဲဖယ်လိုက်ခြင်း ဖြစ်သည်။

သို့သော် ဖွတ်ကြီးကမူ ထွက်ပြေးရန်ကို မဆိုထား
ခြေလက်တို့သာ ယက်ကန်ယက်ကန်နှင့် သဲသောင်ကို ယက်
နိုင်တော့၏။

ထိုအထဲ ဖွတ်ကြီး လှုပ်လာသည်ကို မြင်သဖြင့် ရပ်ကြ
နေသူတစ်ယောက်က မီးရှူးနှင့် ဖွတ်ကြီးကို ဝင်ထိုးလိုက်သော



ယခုမှ သတိရ၍ နောက်တစ်ယောက်ကလည်း ကပိုင်သားတုတ်
ဖွတ်ကြီးကို လေးငါးချက် ဆင့်ရိုက်ပစ်လိုက်သည်။

ဖွတ်ကြီးခမျာလည်း ထိုအခါမှ ခြေလက်တို့ပင်မလှုပ်နိုင်
ဘဲ သူ့ကိုယ်လုံးကြီးကို တစ်ပြန်နှစ်ပြန် လှိမ့်လိုက်ကာ သဲ
သောင်ပြင်တွင် စန့်စန့်ကြီး ငြိမ်ကျသွားလေသည်။

"အံ့ရောကွာ၊ ဒီလောက်ကြီးတဲ့ ဖွတ်ကြီး၊ မင်းတို့နဲ့ တွေ့
တွေ့တတ်ပလေ၊ တစ်ရွာလုံးတောင် စားမကုန်နိုင်တဲ့ အကောင်
ကြီးပဲဟ"

စန့်စန့်ကြီး သေနေသော ဖွတ်မိကျောင်းကြီးကို ကဏန်း
ထွန်းသမားကြီး တစ်ယောက်က ဆွဲလှန်လိုက်ပြီးပြော၏။ ထိုလူ
လှန်လိုက်တော့လည်း သေနေပြီဖြစ်သော ဖွတ်မိကျောင်းကြီး
ပက်လက်။ ထွန်းညိုကြီး ဓားမြှောင်နှင့် မွှန်းထားသဖြင့် ဗိုက်
လည်း ဓားဒဏ်ရာ သွေးအလိမ်းလိမ်းနှင့်။

အမှန်က ဓားဒဏ်ရာသာမက ဖွတ်မိကျောင်းကြီး၏
ကိုယ်ပေါ်တွင် ဘယ်တုံးကပင် ရထားသည်မသိသော အမြီးရင်း
ကုတ်ဆက်တို့တွင် ငါးတွေတွတ်ထားသော အနာဟောင်း အ
ကြီး နှစ်ပေါက်ကလည်း အသားနီလန်နေသည်။ ပြီးတော့
မှာလည်း တစ်ပိုင်းပြတ် ဖြစ်နေသည်ကို နောက်မှ သိကြရ
သည်။

ဤ မိကျောင်းမှာ ခေါင်းတို အသေးမျိုးဖြစ်သည်။ မိ
ကျောင်းကြီးများ လိုက်ကိုက်ထားသော ဒဏ်ရာလား သို့မဟုတ်
ကျောင်းကြီးများ လိုက်ကိုက်၍ ပြေးမိပြေးရာ ကမ်းရိုးတန်းသို့ကပ်

www.burmeseclassic.com

www.burmeseclassic.com



က ပင်လယ်ဘက် ထွက်ပြေးလာရာ ပင်လယ်ထဲရောက်မှ ငါး ကြီးများ ကိုက်ဆွဲကုတ်ခြစ်လိုက်သော ဒဏ်ရာလား ဆိုသည် တော့ သူတို့က မဝေခွဲတတ်။

ဤသို့ ဒဏ်ရာဒဏ်ချက်များနှင့် နာနေသော မိကျော ဖြစ်သဖြင့်လည်း ထွန်းညိုတို့ ညီအစ်ကိုမှာ ယနေ့ အသက်ရှင်နို ခြင်းဖြစ်သည်။ သို့မဟုတ်ပါက ဤမျှကြီးသော မိကျောင်းကြီ သူတို့ညီအစ်ကို ဘယ်လိုမှ လုံးထွေးသတ်ပုတ်၍ နိုင်နိုင်သော ခြေအနေ မရှိပေ။

သေနေပြီးဖြစ်သော ဖွတ်ကြီးကို ရွာထမ်းယူရန် ခြေ တုတ်ချည်နေကြစဉ်မှာပင် ချောင်းနားက လူအော်သံနှင့် ညံညံ အသံကြားရပြီး မီးရှူးတိုင် ကိုယ်စီနှင့် ပြေးလိုက်လာကြ ရွာသားကြီးများလည်း သူတို့အနားသို့ ရောက်လာကြပြန်သည

ရွာက လူကြီးများမှာလည်း ထွန်းညိုကြီးတို့ ညီအစ်က ဖွတ်ကြီးကို ဝိုင်းကြည့်ကြကာ အံ့ဖွယ်ဘနန်း ဖြစ်သွားကြသ

ခြေလက်တုတ်ထားသော ဖွတ်ကြီးအား ပြုုသား လျှို၍ လူနှစ်ယောက်က ထမ်းလိုက်ကြသည်။

ထိုအခါ -

"ကဲ - လာလာ ရွာပြန်ကြမယ်"

လူကြီးတစ်ယောက်က ဆော်ဩလိုက်သော်လည်း အလိမ်းလိမ်းနှင့် ဖြစ်နေသော ထွန်းညိုကြီးမှာ မောလွန်း၍ ကားလည်းမပြောနိုင်၊ မတ်တတ်လည်းမထနိုင် ဖြစ်နေပြန်သ ဖွတ်မိကျောင်းကြီး ကိုက်ထားသဖြင့် သူ့ခြေထောက် တစ်ဖ



လုံး၀ မထောက်နိုင်တော့။ ထိုအခါ ရွာသားတစ်ယောက်ဆီတွင် အပိုပါလာသော လုံချည်စုတ်တစ်ထည်ကို ပုခက်လုပ်ကာ ထွန်း ညိုကြီးကိုလည်း ဖွတ်ကြီးအသေ နည်းတူ နှစ်ယောက်ထမ်း ခေါ်လာကြရသည်။

သူတို့အဖွဲ့ ရွာရောက်လာကြစဉ် ရွာသူရွာသားများမှာ သည်း အားလုံးလိုလို နိုးနေကြပြီ။ ထို့ကြောင့်လည်း ဖွတ်သေ ကောင်ကြီးနှင့် ထွန်းညိုကြီးတို့အား သူတို့အိမ်ရှေ့တွင် ချလိုက်ကြ သောအခါ ထွန်းညိုကြီးတို့အမေ မုဆိုးမ အိမ်ဖုံဖြူက သူ့သားကို ပြေးဖက်ငိုသည်။ ပြီးတော့ ရွာလူကြီးများနှင့် တိုင်ပင်ကာဆေး ပေးကုသကြရသည်။

ထွန်းညိုကြီးအတွက် စိုးရိမ်တကြီး လူကြီးတွေကဆေးကု သနေကြချိန်တွင် ရွာကလေးများနှင့် လူမမာအား ဒေါကူအပံ့ မ ပေးတတ်ကြသူများက အံ့ဖွယ်သရဲကြီးသော ဖွတ်ကြီးကို ဝိုင်း ကြည့်နေကြသည်။ သူတို့မှာ ဤနေ့၌ ရွာသတင်းထူးကြီးကြောင့် ညသူမျှ အိပ်ရန်ပင် သတိမရကြပဲ ဖွတ်ကြီးကိုသာ မီးရှူးတစ်ခု ပြီးတစ်ခု ဆက်ထွန်းပြီး ဝိုင်းကြည့်နေကြ၊ ထင်မြင်ချက်ပေးကြ၊ ထွန်းညိုကြီးတို့ ညီအစ်ကိုကို ရွာသူရဲကောင်းအဖြစ် ချီးမွမ်းကြ၊ ပြောဆိုကြနှင့် ညကြီးမင်းကြီး တစ်ရွာလုံး ကျွက်ကျွက်ညံနေကြ သည်။ သို့သော် ထွန်းညိုကြီးတို့ ညီအစ်ကို ချောင်းနားက ရရှိ လာကြသော အကောင်ကြီးကို မိကျောင်းကြီးဟု မသိကြသေး။ ဖွတ်ဟုသာ ထင်နေကြတုန်း။

သည်လိုနှင့် ကမ်းရိုးတန်းဘက် အရောက်အပေါက်များ

www.burmeseclassic.com

www.burmeseclassic.com



သော ဦးဘကျော်ကမူ -

'ဟဲ့ ငါ့ခွေးတဲ့မှ ဒါ ဖွတ်မဟုတ်ဖူးဟ၊ ကမ်းရိုးတန်းသား တွေ ပြောပြောနေကြတဲ့ မိကျောင်းဆိုတဲ့ အကောင်မျိုးထင်တယ်' ဟု အနားကပ်ကြည့်၍ ပြော၏။

"ဟင်- ဟုတ်လား၊ မိကျောင်းဆိုတာ ဒီလိုအကောင်လား ဟုတ်မှ လုပ်စမ်းပါ ဘကျော်ကြီးရာ၊ ပင်လယ်ထဲက မကန်းကြီး လားလည်း သေသေချာချာ ကြည့်ပါဦးကွ"

ပင်လယ်သား အဘိုးကြီးတစ်ယောက်က ဆိုပြန်သည်။

သည်လိုနှင့် 'ဖွတ်ဟ၊ မိကျောင်းဟ၊ မကန်းဟ၊ လင်းပိုင် ဟ၊ လင်းရှူးဟ၊ လင်းပြန်ဟ၊ ရေသရဲဟ၊ ပင်လယ်မျှော့ကြီးဟ' နှင့် အငြင်းပွားနေလိုက်ကြသည်မှာ မိုးစင်စင်လင်းသွားသည်။

ထိုအခါမှ သာညွန့်ဆိုသည့် လူတစ်ယောက်က သူ့အိမ် ပြေးသွားပြီး ပြက္ခဒိန်ရွက်ကို ဆွဲကိုင်ကာ ဖွတ်ကြီးအသေနှင့် လူ အုပ်ရှိရာသို့ ပြေးချလာပြန်သည်။

"ဟာ - ဒါ မိကျောင်းမှ မိကျောင်းကြီး အစစ်ဗျို့၊ ဒီမှာ ဒီမှာ လာကြည့်ကြ၊ ဒီအထဲက မိကျောင်းဆိုတဲ့ အကောင်နဲ့ ထွန်း ညိုကြီးတို့ အကောင်က တစ်ထေရာတည်းပဲဗျ၊ ဒါမိကျောင်းပဲ ဖွတ်မှမဟုတ်တာ။ ဒီအထဲ ဖွတ်လည်းပါတာပဲ။ ဒီမှာတွေ့လား"

သူသည် ပြက္ခဒိန် မျက်နှာဖုံးထဲက ပလ္လင်လာလုသော စစ်သည်ဗိုလ်ပါများ ဖြစ်ကြသည့် ဆင်၊ ကျားကစပြီး မိကျောင်း ကင်းလိပ်ချော့အထိပါသော တိရစ္ဆာန်ပုံများထဲမှ မိကျောင်းရုပ်ကို ထောက်ပြပြီး ယခု ထွန်းညိုကြီးတို့ အကောင်မှာ ကေန်စင်စစ်



မိကျောင်းဖြစ်ကြောင်း အခိုင်အမာ ဆိုသည်။

သူပြသောပုံထဲမှ အကောင်နှင့် တူ မတူကို လူကြီးတွေ ကလည်း ဝိုင်းကြည့်ကြသည်။

"ဟုတ်တော့ ဟုတ်တယ်ကွ၊ မင်းစာရွက်ထဲကပုံနဲ့တူတာ တော့ အမှန်ပဲ။ ဒါပေမယ့် အဲဒီအရုပ်က မိကျောင်းလို့ မင်းကို ဘယ်သူကပြောလဲ"

"ဟာ ဘကြီးသာဖြူက ခက်လိုက်တာ၊ ဒီပုံက ဘယ်က ယူလာလဲ သိလား"

သူ့ကို သာညွန့်က ခက်လိုက်တာဆိုသဖြင့် ရုတ်တရက် ဘာပြောရမှန်း မသိဘဲ သာညွန့်မျက်နှာကိုသာ ကြည့်ပြီး ကြောင် ငိုင်ဖြစ်နေသော ဘသာဖြူကြီးနှုတ်ကို မစောင့်တော့ဘဲ နောက်တစ် ယောက်က -

"အေးလေ ပြောပေါ့၊ ဘယ်ကယူလာလဲ"

"ဒါ ကမ်းရိုးတန်း ဆွေမျိုးအိမ်က ယူလာတာဗျ"

သာညွန့်က ကမ်းရိုးတန်း၌ သူ့ဆွေမျိုးတွေရှိကြောင်း အ ခွင့်အခါကြုံတုန်း ကြွားပြော ပြောလိုက်ပြန်သည်။

"ယူလာတာတော့ ဟုတ်တာပေါ့ကွ၊ ယူလာလို့ပဲ ခု ဒီ ကောင်ရောက်နေပြီပဲ။ ငါပြောတာက အဲဒီအကောင်ကို မိကျောင်း လို့ မင်းကို ဘယ်သူက ပြောလိုက်လဲ"

"ကမ်းရိုးတန်းက အမျိုးတွေ ပြောလိုက်ပါတယ်ဆို၊ ပုံထဲ က အကောင်ကို ကျုပ်မသိလို့ မေးတာနဲ့ အဲဒါ မိကျောင်းလို့ သူ တို့ကပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ ပါးစပ် ပိတ်သွား၏။

"ဒီကောင်ဟာ မင်းစာရွက်ထဲကပုံနဲ့ တူတာတော့ ဟုတ်ပြီ။ ဒါပေမယ့် စာရွက်ထဲကပုံမှလို အမြီးမရှည်တော့ မိကျောင်းစစ်စစ် ဖြစ်ချင်မှ ဖြစ်မှာ။ ဖွတ်ကဖြစ်လာတဲ့ မိကျောင်းလားမှ မသိတာ။ ဖွတ် မိကျောင်းဖြစ် ချောင်းမြောင်းမချမ်းသာ ဆိုတဲ့ စကားပုံရှိတယ်ဆို။ ဟုတ်လား ဘကြီးသာဖြု"

တစ်ယောက်သောသူက သူ့ဘာသာသူပြောပြီး ဦးသာဖြုကြီးကိုပင် အကူအညီတောင်းစကား ဆိုလာပြန်၏။

"ဖွတ်ကပဲ ဖြစ်ဖြစ်၊ ပုတ်သင်ကပဲ ဖြစ်ဖြစ် မိကျောင်းဟာ မိကျောင်းပဲ"

သာညွှန့်က သူ့စကားကို ယခုထိ အတည်မပြုရကောင်းလားဟု စိတ်တိုတိုနှင့် ပြောပြန်သည်။

မိုးစင်စင်လင်းပြီဖြစ်သော်လည်း ဖွတ်မိကျောင်းပြဿနာက ရှင်းမရသေး။ သူတို့မှာ မိကျောင်းကိုက်၍ အိပ်ရာထဲလဲနေသော ထွန်းညိုကြီးကိုထက် အကောင်ကြီးကိုသာ စိတ်ဝင်စားနေကြသည်။

မိုးလင်းသည်နှင့် ကလေးသူငယ်များကလည်း မမြင်မတွေ့ဘူးကြသော မိကျောင်းဆိုသည့် အကောင်ကို ကြည့်ရန် သူဦးငါဦး ပြေးရောက်လာကြ ပြန်သည်။ သို့သော် ဝိုင်းနေသောယောက်ျားမိန်းမ လူအုပ်ကြီးကို တိုးမရ။

ထိုအခါတွင် ကလေးအမေတစ်ယောက်က -

"တစ်ညလုံးလဲ ကြည့်နေကြပြီ၊ ကျုပ်တို့ ကျွန်းသားတွေ



ိကျောင်းကို မြင်ဖူးကြတာမဟုတ်ဘူး။ ကလေးများကလည်း
ူး ကြည့်ဖူးတယ်ရှိအောင် လူကြီးတွေက တစ်ဆိတ်လောက်
ပေးကြပါဦးလားတော် တကတည်းမှပဲ" ဟုပြောလာပြန်သည်။

ထိုအခါမှ ကလေးခေါင်းတွေကလည်း လူကြီးတွေ၏ အ
ကြားမှ ပေါ်လာကြပြန်သည်။ သူတို့မှာ တစ်ခါမှ မမြင်ဘူး
သော မိကျောင်းဆိုသည့် အကောင်ကို ပြူးတူးပြဲတဲ ကြည့်မဝ
နေကြပြန်၏။

သည်လိုနှင့် နေထန်းတစ်ဖျားခန့် မြင့်လာသောအခါတွင်
ကျောင်းကို ဖျက်ပြီး စားသူက စားကြသည်။ မိန်းမသူများက
အသားတော့ မစားဝံ့ကြ။ သို့သော် ကမ်းရိုးတန်းက သူတို့ကျွန်း
ငါးခြောက်၊ ငါးပိ လာဝယ်ကြသူ အချို့၏ စကားကို သတိရ
မိကျောင်းခြေသည်း၊ လက်သည်းတွေကို တောင်းကြသည်။

မိကျောင်း ခြေသည်း၊ လက်သည်းကို ကလေးများလည်
ှ ဖောက်ချည် ဆွဲထားပေးလျှင် သူငယ်နာနှင့် မာတြာ
ှိသ် ဖမ်းစားခြင်း မပြုနိုင်ဟု ဆိုသဖြင့်ဖြစ်သည်။

ထိုစဉ်က ထွန်းညိုကြီးတို့ ညီအစ်ကို ရခဲ့ဖူးကြသော မိ
ျောင်းကြီးကို ကြည့်လိုက် မြင်လိုက်ရသူတွေမှာ ယခု အသက်
းဆယ် ကျော်ကြပြီ။

ထို့ကြောင့်လည်း ယခု အသက်လေးဆယ်ကျော်အရွယ်
်းကြီးသတ် (ကမ်းစောက်) ဟု ခေါ်သော ချောင်းနားနေသူ
ာရှည်ကြီးက သူ့အား ရေထဲဆွဲချမည့် အကောင်မှာ မိကျောင်း
ပြောခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး - မင်းပြောမှ ရှင်းတော့တယ်ကွာ၊ ဒါနဲ့ မိကျောင်းကြီးက မင်းကို ဘယ်လို ဆွဲချဖို့လုပ်တာလဲ ပြောပါဦး"

ဦးတင်အောင်က မေး၏။

"ဟာ သူကြီးနှယ်၊ ဘယ်လို ဆွဲချလဲဆို၊ ကျုပ်ကြက်သွန်ခင်းက ကမ်းကြီးသတ်ဆိုတော့ ကမ်းစောက်တယ်လေ၊ အဲဒါ ကျ... လည်း ဒီနေ့ မိုးရိပ်မိုးခြည်မြင်တာနဲ့ စောစော အိမ်ပြန်မယ်... ဆိုပြီးချောင်းစပ်က ကြက်သွန်ခင်းထဲ ညနေ တို့စားဖို့ ကြက်သွ... မြိတ် တစ်ပင်နှစ်ပင် နုတ်တာဗျ။

အဲဒါ ချောင်းကမ်းစပ်မှာ ကြက်သွန်နုတ်နေတဲ့ ကျုပ်... ဘယ်အချိန်ကပင် လာချောင်းနေတယ် မသိဘူး။ 'ဝူး' ဆိုတဲ့... ပွက်သံနဲ့အတူ လက်ကြီးနဲ့ ကျုပ်ကို လှမ်းဆွဲတာ၊ ကံကောင်းတယ်... မိကျောင်းလက်ကြီးက ကျုပ်ရှေ့ ကြက်သွန်ပင် တစ်ပင်နှစ်ပင်... ပဲ ဆွဲမိသွားလို့ပေါ့။ နို့မို့လို့ကတော့ ခုလောက်ဆို မိကျောင်း... ဖြစ်နေပြီ"

အမှန်က မိကျောင်းမှာ လက်အရှည်ကြီးမရှိ။ မိကျောင်း... လက်က တိုတိုလေး။ ကမ်းမည်မျှစောက်စောက် မိကျောင်းလ... က ချောင်းကမ်းစပ်နှင့် ကပ်နေသော ကြက်သွန်ခင်းထဲ... လူကိုတော့ ဘယ်လိုမှ မဆွဲနိုင်တန်ရာ။ သို့သော် မိကျောင်း... ဟုတ်တိပတ်တိ မမြင်ဘူးသော လောရှည်ကြီးက ကြောက်ကြော... နှင့် တောရမ်းမယ်တွဲ့ လျှောက်ပြောနေ၏။

ဆယ့်သုံးလေးနှစ်သား အရွယ်က ထွန်းညိုကြီးတို့ ညီအ... ကို၏ မိကျောင်းကို မြင်ဖူးလိုက်သော ရွာသူကြီး ဦးတင်အော...



မှာ လောရှည်ကြီး ပြောကာမှ ဇဝေဇဝါ ဖြစ်သွားတော့သည်။

ထို့ကြောင့် ထွန်းညိုကြီးတို့ ညီအစ်ကို၏ မိကျောင်းကို သူနှင့်အတူ လူကြီးတွေကြားထဲ တိုးဝှေ့ ကြည့်ခဲ့ကြသော ဦးမဲလုံးကြီးမျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ထိုအခါ မိကျောင်းကို ဦးတင်အောင်နှင့်အတူ ကြည့်ခဲ့ရသောဦးမဲလုံး ကလည်း -

"လောရှည်ကြီးရာ၊ မင်းဟာက မဟုတ်သေးဘူးနဲ့တူတယ်။ တို့ငယ်ငယ်တုန်းက ကိုထွန်းညိုတို့ရတဲ့ မိကျောင်းကတော့ ခြေလက်တွေ တိုတိုလေးပဲကွ၊ ခု မင်းမိကျောင်းက လက်ကြီးနဲ့ လှမ်းဆွဲတယ်ဆိုတော့ တစ်ကောင်ကောင်"

"ခက်လိုက်ပါဘိ ကိုကြီးမဲရာ လက်နဲ့ ဆွဲတာမှ လက်ကြီးက အမွေးတွေများ ခုတွေးကြည့်မိတာနဲ့တောင် ကြက်သီးက ထလာပြီဗျ။"

"ဟာ ခုမှ အကျိုးနည်း ကဲ ကိုတင်အောင် ခင်ဗျားနဲ့ ကျုပ် ကိုကြီးထွန်းတို့ မိချောင်းကို ကြည့်ခဲ့တုံးက အဲဒီမိကျောင်းလက်ခြေတွေမှာ ဘယ်မှာ အမွေးပါလို့လဲဗျာ၏။ ပြုပ်ချပ်ကြီးပဲဟုတ် . . . "

"အဲဒါကြောင့် ခက်တယ်ပြောတာပေါ့ ကိုကြီးမဲရ၊ ကမ်းဒီတုန်းက ကျုပ်အမျိုးတွေ ပြောဖူးတယ်။ မိကျောင်း အမျိုးမျိုးရှိသယ်တဲ့။ ခေါင်းတို၊ ခေါင်းရှည်၊ နောက် ဘာ- အဲ ငမိုးရိပ်ဆိုသား၊ ဦးလေးထွန်းညိုတို့ရတဲ့ မိကျောင်းက အမွေးမရှိတဲ့ အမျိုးသားမှမသိတာ။ ကဲ . . . မိုးရွာလာပြီ၊ သွားမယ်ဗျာ၊ ခုလေးတင်

www.burmeseclassic.com

www.burmeseclassic.com



ပဲ ကျုပ်ကို ကမ်းကြီးသတ်မှာ မိကျောင်းဆွဲတာတော့ အမှန်ပဲ။ ဘုရားစူး မိုးကြိုးပစ်ရစေရဲ့"

ပြောပြောဆိုဆိုနှင့်ပင် ကမ်းကြီးသတ်က လောရှည်ကြီး မိုးပွားတွေထဲ ခမောက်ဆောင်းပြီး သူ့အိမ်ဘက် ပြန်သွားသည်။

"လေရှည်ကြီး ပြောသလို ဖြစ်နိုင်တယ်နော်၊ ကျုပ်တို့ ငယ်ငယ်က မြင်ဖူးတဲ့ ငထွန်းညိုတို့ မိကျောင်းက အမွေးနည်းတဲ့ အမျိုးလားမှ မသိတာ"

ရွာလူကြီး ဦးရွှေဒေါင်းက ဦးတင်အောင်၏ မျက်နှာကို ကြည့်၍ ပြော၏။ မိကျောင်းဆိုသည်ကို ထွန်းညိုကြီးတို့ ညီအစ်ကိုရ၍ တစ်ခါသာမြင်ဖူးသော ဦးတင်အောင်မှာလည်း အဖြေမပေးတတ်ပြန်။ ထို့ကြောင့် -

"ကဲ - ဘာကောင်ဖြစ်ဖြစ်၊ ဒီညတော့ ချောင်းထဲ ဘယ်သူမှမဆင်းကြဖို့ ရွာဆော်ကြီး ကိုဖန်သီးကို ပြောရမယ်။ ကျုပ်တစ်ခု စဉ်းစားမိတယ်"

"ပြောပါဦး သူကြီး စဉ်းစားတာ"

"ဒီအတိုင်းဆို ချောင်းထဲ ဘယ်သူမှ ဆင်းရဲကြတော့မှာ မဟုတ်တော့ဘူး။ ကျုပ်တို့ တစ်ရွာလုံးမှာလည်း ဒီချောင်းနဲ့ ပင်လယ်ကြီးပဲ အမှီသဟဲ ပြုနေကြရတာဆိုတော့ ခိုင်မဖြူ ပြောသလို ငါးကြီးပဲဖြစ်ဖြစ်၊ လောရှည်ကြီးပြောသလို မိကျောင်းပဲဖြစ်ဖြစ် ဒီအကောင်ကြီးကိုတော့ နှိမ်ကို နှိမ်နင်းကြရတော့မယ် ကိုယ့်လူတို့ ဒီတော့ ကမ်းရိုးတန်းအတွင်းပိုင်းမှာတော့ မိကျောင်းထိုးတဲ့ မုဆိုးတွေရှိတယ်လို့ သူတို့က ပြောဖူးကြတယ်။ မနက်ဖြန်ကျရင် ကို



[illegible]နဲ့ ကိုယ့်လူတို့ တစ်ယောက်ယောက် ကမ်းရိုးတန်းကိုသွားပြီး [illegible]ကျောင်းသတ်နိုင်တဲ့ မုဆိုးတွေထဲက မုဆိုး တစ်ယောက်ယောက် သွားရှာကြတာ ကောင်းမယ် ထင်တယ်။ ငါးပိ ငါးခြောက် [illegible]အိမ် တစ်ပိဿာဆိုလည်း ကျုပ်တို့ ပေးပါ့မယ်ပြော၊ ဟုတ် [illegible] ကိုကြီးမဲ"

"ကမ်းရိုးတန်းမှာ ကိုကြီးမဲက ဆွေမျိုးရင်းတွေလည်း ရှိ [illegible] စုံစမ်းရင် ရမှာပါ မကောင်းဘူးလား ကိုယ့်လူတို့"

သူကြီးဦးတင်အောင်၏ စကားကို ဦးမဲလုံးကြီး အပါအ[illegible] ရွာလူကြီးတွေအားလုံးက သဘောတူလိုက်ကြသည်။

"ကဲ - ဒါဆို ဟုတ်ပြီ၊ မိုးလည်းချုပ်နေပြီ။ ကိုယ့်လူတို့ [illegible]ကြွ"

ဆိုသဖြင့်အားလုံး မတ်တတ်ထလိုက်ကြသည်။

မနက်ဖြန်မနက် ကမ်းရိုးတန်းကို မုဆိုး သွားရှာရမည့် [illegible]လုံးကြီးက ဦးဆုံး အိမ်ရှေ့ထွက်သွားသည်။ သူ့မှာ ခရီးထွက် [illegible]ကိစ္စနှင့် ဆယ်အိမ်ခေါင်းပိပိ ဦးဖန်သီးအား ရွာဆော်ဖို့ကိစ္စ [illegible]ကလည်း ရှိသေးသည်။ သို့သော် ဦးဆုံးထသွားပြီးမှ လမ်း[illegible]ရောက် အိမ်ရှေ့ကပြန်ဝင်လာ၏။

"အပြင်မှာ မိုးပွားတွေ ကျနေတာပဲ။ မစိန်လှ ကျုပ်ကို [illegible]က် ခဏငှားလိုက်ပါဦး"

မတ်တတ်ကပြော၏။

ထိုအခါ ဦးမဲလုံးသာမဟုတ် ရွာလူကြီးသုံးယောက်ကပါ [illegible]းအိမ်ရှိ ခမောက်များကို သူကြီးကတော် ဒေါ်စိန်လှဆီက

www.burmeseclassic.com

www.burmeseclassic.com



ငှား၍ တစ်ယောက်တစ်ခုစီ ဆောင်းပြီး ထွက်လာကြသည်။

ရွာလမ်းသို့ ရောက်သည်နှင့် ဦးအောင်မြကု -

"မိုးကလည်း အရေးထဲ ရာသီမဟုတ် ရွာလာပြန်ပြီ" တစ်ချက် ညည်းလိုက်၏။

"ကိုယ့်လူကလည်း မိုးနှောင်းမိုးပဲဗျာ၊ အတော်ကြာ စဲသွား မှာပေါ့"

ဦးမဲလုံးက ပြော၏။

သူတို့ကျွန်းမှာ ပင်လယ်ထဲ၌ဖြစ်သဖြင့် ဦးမဲလုံးကြီးပြော သည်မှာ မှန်ပေသည်။ အမှန်က သူတို့လို ပင်လယ်ကျွန်း၌သာ မဟုတ် မိုးနှောင်းမိုးမှာ ကမ်းရိုးတန်း၌လည်း ရွာတတ်သည်သာ

"မိုးတင်လားဗျ၊ ကျုပ်နားထဲတော့ တောင်ပင်လယ်ဘ က လှိုင်းအူသံလိုလိုလည်း ကြားမိလားလို့"

ရွာသူကြီးထဲတွင် အငယ်ဆုံးဖြစ်သူ မောင်ထွီးခေ သွားနေရင်းမှ ပြောပြန်၏။

"လေတိုက်နေတာပဲ ထွီးရာ၊ ဟုတ်ချင် ဟုတ်မှာပေ

သည်လိုနှင့် မိမိတို့အိမ်ရှေ့သို့ ရောက်ကြသောအခါ လူကြီးတွေမှာ ကိုယ့်အိမ်ကိုယ့်အိမ် အသီးသီး ဝင်သွားကြသည်

ကုန်ခဲ့သောညတုန်းက သာမောင် ချောင်းထဲ ပျော သွားသည်နှင့် နေမွန်းစောင်းကြီးလောက်က ချောင်းထဲတွင် မဖြူတို့ သမီးအမိ ငါးကြီးတွေ့ခဲ့ကြသည်နှင့်၊ ညနေပိုင်းတွင် က ကြီးသတ်က လောရှည်ကြီး မိကျောင်း အဆွဲခံရသည် ဟူ သတင်းတွေကြောင့်လား မသိ။ သူတို့ ခမောက်မော်ရွာလေး



နေ့ ချောက်ချားစရာ ကောင်းလောက်အောင် တိတ်ဆိတ်နေ သည်ကိုတော့ ရွာလူကြီးများ အားလုံး သတိပြုမိကြသည်။ ခါတိုင်း ညတွေဆို မြင်မြင်ကရာတွေ ထိုးဟောင်တတ်သော လူလှကြီးတို့ မိက နေက်ပင် သည်ည တိတ်နေ၏။

သို့သော် ထို တိတ်ဆိတ်မှုမှာ ခဏသာ။ မိုးသံလေသံ င်းသံတို့က ဆူညံလာပြန်သည်။

ထိုအခါ ရွာသူကြီး ဦးတင်အောင်၏ အစီအစဉ်တွေမှာ ည်း ဘာတစ်ခုမှ အကောင်အထည် ပေါ်မလာတော့။

အကြောင်းမှာ မိုးမချုပ်မီကပင် စရွာလာသောမိုးက မစဲ။ ည်ကြားထဲ လေကလည်းကြမ်းလာရာ ယခုညတွင် ချောင်းထဲ မည်သူမျှ မဆင်းကြရန် ရွာဆော်ကြီး ဝေန်သီး ဆော်စရာ မလိုတော့။ မိုးနှင့် လေပြင်းထဲ ညကြီးမင်းကြီး မဖြစ်စဖူး သလူပျောက်နှင့် ငါးကြီး၊ မိကျောင်းဆိုသည့် အကောင်က ည်း ချောင်းထဲ မှချရှိနေပြီဟု သိထားကြရာ ချောင်းထဲကို မည် က ဆင်းဝံ့တော့မည်နည်း။

ညဥ့်နက်လာလေ လေကလည်း တဖြည်းဖြည်း ပြင်းလာ ပင်။ ခမောက်မော်ရွာက လူကြီးတွေမှာ မုန်တိုင်းများ ထ လေမလားဟု စိုးရိမ်လာကြသည်။ တစ်ညလုံး တိုက်နေသော သက်လေသည် မနက်မိုးလင်းသည်ထိ ပို၍သာ ပြင်းလာ၏။

ထိုအခါ ကမ်းရိုးတန်းသွားပြီး မိကျောင်းသတ်ရန် မုဆိုး ရှာသွားမည့် ဦးမဲလုံးကြီးတို့ အစီအစဉ်မှာလည်း ပျက်သွား သည်။ ကမ်းရိုးတန်းနှင့် သူတို့ ခမောက်မော်ရွာမှာ ဝေးသင့်

www.burmeseclassic.com

www.burmeseclassic.com



ရေသင့်ပင် နေ့ဝက်ခရီးခန့်ရှိသည်။ ဤလို လေပြင်းကို ဆန်တို သွားနိုင်မည့် လှေကြီးလည်း သူတို့ရွာ၌ မရှိ။ သူတို့ရွာမှာ ရှိ လှေအားလုံးကား လေးလံ နှစ်တောင် တံငါလှေငယ်များချည်း

မိုးစနေ လေရာဟု ဆိုသည့်အတိုင်းပင် ရာဟုထော စတိုက်သော လေပြင်းသည် နောက်တနေ့မနက်မှာပင် မုန်တ ဖြစ်လာသည်။ ပင်လယ်မှ လှိုင်းလုံးကြီးများသည် ချောင်း တစ်လုံးပြီးတစ်လုံး ဟည်းသံကြီးနှင့်အတူ ချောင်းထဲဝင်လာသ သူတို့ရွာမှာ တောင်ကြား တောင်ကမ်းပါးယံများမှာ ဆောက် ကြ၍သာ ယခု မုန်တိုင်းလေကို ခံနေနိုင်ကြသေးသည်။

သို့သော် ချောင်းကြီးဝမှ တစ်လုံးပြီးတစ်လုံး ဝင်လာ သော လှိုင်းလုံးကြီးများကြောင့် ချောင်းထဲ ရေလျှံတက်လာသ တဖြည်းဖြည်း မြင့်တက်လာသော ချောင်းထဲကရေမှာ ကန်န ရောက်လာသည်။ နေမွန်းမတည့်မီပင် သောက်ရေ ကန် နစ်မြုပ်သွား၏။ ချောင်းကြီးဝဘက် လှိုင်းလုံးကြီးများနှင့် အတူ လိုက်လာသော လေကြမ်း လေပြင်းတို့ကြောင့် အိမ် မိုးတွေ လန်ကုန်ကြသည်။ အုန်းပင်များမှာ တစ်ပင်ပြီးတ တဝုန်းဝုန်းလဲကျသည်။

လဲကျသော အုန်းပင်များက အိမ်တွေကို လာဖိရိုက် ထိုအခါမှ ရွာသူရွာသားတို့၏ အော်ကြဟစ်ကြသံ ထွက်လာသ

အိမ်ထဲတွင် အုန်းပင်ပိနေသူ၊ အုန်းပင်က အမိုး ထုပ်လျှောက်ဒိုင်းများ တွေပေါ်ကျရာ ထုပ်လျှောက်ဒိုင်းမျာ ကျိုးကျပြီး အိမ်ထဲကလူတွေကို ထိပြန်သည်။



ထိုအခါ အော်ကြဟစ်ကြ ငိုကြယိုကြသံတွေနှင့် တစ်ရွာ လုံးမှာ ကျွက်ကျွက်ညံလာသည်။ သို့သော် တောင်မင်းမြောက် င်း မကယ်နိုင် ဆိုသလို လူတွေမှာ ကယ်ကြကူကြဖို့ မဆိုထားနှင့် တစ်အိမ်နှင့် တစ်အိမ်ကို လေပြင်းကြောင့် ကူးသွားဖို့ပင် မလွယ် တော့။

ထိုအချိန်မှာပင် ယေက ပိုပြင်းလာသလို ရေကလည်း သူတို့ ရွာထဲထိ ရောက်လာတော့သည်။ ထိုအခါ အိမ်ပြိုအိမ်ပျက် ထဲ ကုပ်ကပ်နေ၍ မရကြတော့။ လူကြီးတွေက အိမ်ပြိုအိမ်ပျက် ထဲမှ မိသားစုအလိုက် ပြေးထွက်ကြကာ တတ်နိုင်သမျှ အသံကျယ် ကျယ်နှင့် 'တောင်ပေါ်ကိုတက်ကြ၊ တောင်ပေါ်ကို မြန်မြန်တက် ကြ' ဟု သူတို့လည်းတက်ရင်း အော်ဟစ် သတိပေးကြသည်။

သို့သော် အိမ်ထဲက ပြေးထွက်သူတချို့မှာ လေပြင်းနှင့် လွင့်ပါသွားပြီး မြင့်တက်လာသော ရေထဲ သွားကျကြသည်။ ထို အခါ တောင်ပေါ်ကို ရောက်နိုင်သမျှ လေးဘက်ကုန်း တက်နေ ကြရသလို တချို့မှာလည်း လေနှင့်လွင့်ပါသွား၍ ရေထဲ အော် ဟစ် ကူးနေကြရပြီ။

ရေနေ သတ္တဝါတစ်ကောင်၏ ဘေးအန္တရာယ်ကြောင့် လူ တွေမှာ အထိတ်တလန့် ဖြစ်နေကြရသည့်အထဲ ယခု သဘာဝ ဘေးဆိုးကြီးက ခမောက်မော်ကျွန်းကို ရောက်လာပြန်ရာ လူတွေ မှာ နေစရာ မရှိတော့။

နေ့ချင်းညချင်း ပေါ်ပေါက်လာသော ရေဘေးလေဘေး တို့ကြောင့် ရေလွတ်ရာ တောင်ပေါ်ကို လေးဘက်ထောက်၍ တက်

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။ မတ်တတ်ရပ်လိုက်သည်နှင့် မုန်တိုင်းသည် သူတို့ကို ရေထဲ ပစ်ချထားခဲ့မည်။ ချောင်းထဲမှ မြင့်တက်လာသော ရေ တွေမှာ မိနစ်ပိုင်း၊ နာရီပိုင်းတွင်တောင်ကြိုတောင်ကြား တော ခြေရင်းများသာမက တောင်တစ်ဝက်ထိ မြင့်တက်လာသည်။

မကြာမီ တစ်ကျွန်းလုံးရှိ တောတွေတောင်တွေမှာ အ လုံး ရေအောက်ရောက်သွားတော့မှာလားဟု တောင်ထိပ်နား ရောက်သွားကြသူတွေက တောင်အောက်ကို လှမ်းမျှော်ကြည့် ရင်ထိတ်နေရ၏။

သည်ကြားထဲတွင် လေကလည်း ယခုထိ အရှိန်မသေ သေး။ သဘာဝ မုန်တိုင်းကြီး ဟည်းတိုက် အော်ဟစ်လာသံနှ အတူ တောတောင်တွေကို တရစပ် တိုက်ခတ်နေဆဲ။ လူတွေ ဘယ်သူသေ၍ ဘယ်သူပျောက်မှန်းမသိ။ မိုးသံလေသံကြော အော်ခေါ် အော်မေး၍လည်းမရ။ ယခုမှ သူတို့ ပင်လယ်ကြီး အားကိုးတကြီး ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်စားသောက်လာ သော ခမောက်မော် ရွာသူရွာသားများကို သူတို့ပင်လယ်ကြီး လှလှကြီး ဒုက္ခပေးတော့သည်။

အမှန်က သူတို့ ဤသို့ ဒုက္ခလှလှ ရောက်ကြတော့မည် ပင်လယ်ကြီးကလည်းကောင်း၊ ချောင်းကလည်းကောင်း၊ ကန် လည်းကောင်း၊ တိရစ္ဆာန်ကလည်းကောင်း သူတို့အား အကြိမ်ကြ သတိပေးခဲ့ကြသည်။

သို့သော် သူတို့ကား ထိုသင်္ကေတများကို သတိမထား ခဲ့ကြ။ ထိုသို့ သတိမထားမိခဲ့ကြ၍လည်း သူတို့မှာ ယခုတော့



အကျယ် အန္တရာယ်ကပ်ဆိုးကြီးနှင့် ကြုံနေကြရလေပြီ။

အိမ်ပျက်ရာပျက် ရေတက်လာ၍ တောင်ပေါ်ကို လူတွေ တက်ကပ် တွယ်တက် နေကြချိန်တွင်မှာပင် 'ဝုန်း ဝေါဝေါ' အသံ များနှင့်အတူ ရေလုံးရေခဲကြီးများသည် တောင်ပေါ် ကျော် တက်ပြီး တောင်ပေါ် တွယ်တက်နေကြသူများအပေါ် ထိုးကျလာ သည်။

ထိုအခါ ကယ်ပါကူပါ အော်ဟစ်၍ တောင်ပေါ် တွယ် တက်နေကြသူတွေမှာ ရေလုံးကြီး ဖိရိုက်လိုက်သည့် ဒဏ်ကြောင့် အားလုံး တောင်တစ်ဝက်မြုပ်နေသော ရေထဲရောက်သွားကြသည်။

မိုးပေါ်က ကျလာသလို အိမ်လုံး၊ ပုတ်လုံးလောက် ထိုး ကျလာသော ရေလုံးကြောင့် တောင်ပေါ်ကုတ်တွယ် တက်နေကြသူ တွေမှာ သေသူသေ၊ မျောသူမျော၊ ငိုယိုအော်ဟစ်သံတွေနှင့် ကမ္ဘာ ပျက်နေသလား ထင်လိုက်ကြရသည်။ သူတို့အတွက်မူ အမှန်ပင် ဖျက် လေကြီးမိုးကြီး ကျနေလေပြီ။

ယခု သူတို့ကိုယ်ပေါ်သို့ ကျလာသော အိမ်လုံး၊ ပုတ်လုံး လောက် ရေလုံးရေစိုင်ခဲကြီးများမှာ သူတို့တွယ်တက်နေသော ပင် ယ်ဘက်အခြမ်းရှိ တောင်တစ်ခြမ်းကို ပင်လယ်လှိုင်းလုံးကြီးများ ခတ် တိုက်လိုက်ရာမှ ပြိုပျက်စဉ်တတ်လာသော ရေလုံးရေ ကွဲများသာ ဖြစ်သည်။

ထိုရေလုံး ရေလှိုင်းကွဲများသည် သူတို့ကိုယ်ပေါ်၊ သူတို့ရွာ တစ်လုံးပြီးတစ်လုံး ကျလာသည်။ တောင်ထိပ်နား တက် ကပ်နေကြသူများကိုမူ တစ်ဖက်တောင်နံရံကြီးက ကာကွယ်ထား

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သက်သာရာ ရနေကြသော်လည်း ထိုတောင်ထိပ်ကိုကျေ
ပြီး ကုတ်ချိုးဆင်းလာသော တောင်တစ်ဝက်ထိ မြုပ်နေသော
ရေပြင်ပေါ်ကိုလည်း တဝုန်းဝုန်း အဆက်မပြတ်ကျနေသည်။

သည်လိုနှင့် နောက်တော့ မုန်တိုင်းကြီးမှာ တဖြည်းဖြည်း
အရှိန်လျော့ကာ နောက်တနေ့မနက်မှာ စဲသွားသည်။

သို့သော် ရေကမူ ချက်ချင်းကျမသွားသေး။ ထို့ကြော
တောင်ထိပ်နား ရောက်နေကြသူများမှာ သူတို့ရွာသို့ မဆင်းနို
ကြသေး။ ရေအကျကိုသာ တောင်ပေါ်က လှမ်းကြည့်နေကြ
ရေပေါ်တွင် လူကြီး၊ လူငယ်၊ မိန်းမ၊ ယောက်ျား၊ ကလေးသူငေ
အလောင်းများကို အိမ်တိုင်၊ တဲတိုင်၊ ထုတ်လျောက်၊ ဒိုင်းမှ
တောင်း၊ ပုတ်၊ မနိလက်၊ အမိုးအကာ၊ ထရံ အမှိုက်သရိုက်မ
နှင့်အတူ ရေထဲ ပေါလောမျောပေါ်နေကြသည်ကို လှမ်းမြင်
ရသည်။

တစ်နေ့နှင့် နှစ်ည တိုက်သွားသော မုန်တိုင်းကြီးကြော
ကောင်းကင် ကြည်လင်သွား၍ နေထွက်လာသော် ရေလည်းက
ပြုနေသဖြင့် အလောင်းကောင်များနှင့် အမှိုက်သရိုက်များ
ရေနှင့်အတူ ချောင်းကြီးဝဘက် မျောပါနေကြသည်။

မုန်တိုင်း မတိုက်ခတ်မီက သဲကုန်းတန်းဖြစ်နေသော
ချောင်းကြီးဝမှာ ချောင်းဖျား၊ ချောင်းလက်တက်ငယ်များမှ
ကျလာသော ရေအားကို မခံနိုင်သဖြင့် ချောင်းပေါက်သွား
သည်။ ထိုအခါ ချောင်းရေနှင့် ပင်လယ်ရေက တစ်ဆက်တည
ပြန်ဖြစ်သွား၏။



ချောင်းဝ ပေါက်သွားသောအခါ ရေကျမြန်ပြီး ရွာနှင့်
တောတောင်တို့ ရေထဲမှ နာရီပိုင်းအတွင်း ပြန်ပေါ်လာကြ
ည်။ သို့သော် ချုံများ၊ တောများ၌ အမှိုက်သရိုက်များနှင့် တင်
နေခဲ့ကြသော အလောင်းကောင်များမှာ မြင်မကောင်း
ကောင်း ဖြစ်ကျန်ရစ်သည်။ ကျိုးတိုးကျဲတဲ ကျန်နေခဲ့သော
တိုင်များနှင့် အရွက်အခက်အလက် ပင်စည်မကျန် ရွံ့ညွန်
လူးလူးနှင့် မြင်မြင်သမျှ အရာဝတ္ထုတွေ အားလုံးမှာ အရုပ်ဆိုး
ကြည်းတန်ကာ အနိဋ္ဌာရုံချည်း ဖြစ်ကျန်လိုက်သည်။

ရေစဲ၊ မိုးစဲ၊ လေစဲသွားသောအခါ မသေ၍ ကျန်ရစ်ခဲ့
သော လူများ တောင်ပေါ်က မိမိရွာကို ဆင်းလာကြသည်။
စားစရာ ဆန်ရေစပါးဆို၍လည်း တစ်စေ့မှ မကျန်တော့။
လောဆယ်မှာ လူသေအလောင်းများကို ရှာဖွေမြှုပ်နှံကြဖို့
မိမိတို့၏ တစ်ရက်တစ်ည ဘာမှမစားကြရသော ဝမ်းပိုက်
ဖြည့်ဆည်းရန် လုံးပန်းနေကြရသည်။

အရေးကြီးသည်မှာ ရေအသက်တစ်မနက် ဆိုသော
က်ရေပင်။

ဖျဲတွေဝင်နှောက်သွားသော သူတို့ရွာရေကန်မှာ ယခုအခါ
ယ်ထဲက ရေငန်၊ ရွှံ့နှစ်၊ ညွန်နှစ်တွေနှင့် ပြည့်နေသည်။ ထို
လဲကျပြီး ရွှံ့ညွန်ဖုံးနေသော အုန်းပင်တွေကိုဖော်ကာ အုန်း
ကိုသောက်ပြီး အုန်းသီးတွေကိုသာ စားနေကြရသည်။

ထိုသို့ အုန်းရေသောက်၊ အုန်းသီးစားပြီး အသက်ရှင်ကျန်
များက လူရှာ လူစစ်ကြရာ အိမ်ခြေနှစ်ဆယ်ကျော်ရှိ ရွာ

www.burmeseclassic.com



ရေ ကိုးဆယ်ကျော်တွင် အသက်ရှင်ကျန်သူ ကလေးငါးယောက် မိန်းမသူကိုးယောက်၊ ယောကျ်ားကြီး ဆယ့်ခုနစ်ယောက်သာ ရှိ တော့သည်။

နောက်လူတွေအားလုံးမှာ အကုန်သေပြီလား၊ မသေ[...] ရှင်နှင့် ပင်လယ်ထဲများ မျောပါသွားကြသလား ဆိုသည်ကိုတော[...] မသိကြတော့။ လောလောဆယ်တွင်ဟိုချုံတင်၊ ဟိုအပင်နား၊ [...] ခင်းနားမှာပါ ဆိုလျှင် အလောင်း နှစ်ဆယ် ကျော်ကျော်လောက် တော့ သူတို့ပတ်ဝန်းကျင် ရွာပြင်ရွာနား၌ ရှိနေသေးသည်။

သို့သော် အသက်ရှင် ကျန်နေကြသူများမှာ ထိုအလောင်း များကို လိုက်ရှာ လိုက်ကောက်၍ မြှုပ်နှံသင်္ဂြိုဟ်ကြရန်ထက် သူ[...] အသက်ရှင်ရေးအတွက် အစာအာဟာရ ရရှိရေးကိုသာ အဓိက ထား၍ လုံးပန်းနေကြရသည်။ စပါးမရှိ၊ ဆန်မရှိ၊ သောက်ရေ မရှိသော သူတို့ဘဝကို မည်သို့ ရပ်တည်ကြမည်နည်း။

အထူးခြားဆုံး အထူးခြားကြီးမှာ ရွာရှိ လူဦးရေသုံးပုံတ[...] ပုံ သေကုန်ကြသော်လည်း ခွေးနှင့်ကြောင်တို့မှာမူ တစ်ကော[...] တစ်မြီးပင် မသေကြ။

ဘယ်အချိန်ကပင် တောင်ပေါ်တက်ပြီး ရေဘေး၊ [...] ဘေးလွတ်ရာကို ရှာကြံ နားခိုနေခဲ့ကြသည်မသိ။ ရေကျသွား သည်နှင့် တစ်ကောင်နှင့်တစ်ကောင် အူအော် အချက်ပေး[...] တောင်ပေါ်က ဆင်းလာကြသည်။

သည်ထက် အံ့သြစရာ ကောင်းလိုက်သည်မှာမျက်စိ[...] ခါစသာ ရှိသေးသော ခွေးကလေးငါးကောင်နှင့် ဦးတော[...]



[...]မိမှ ခွေးမကြီးသည်လည်း တခြားခွေးများနည်းတူ တောင်ပေါ် [...]က သူ့သားသမီးများနှင့်အတူ ဆင်းလာခြင်းပင်။ သို့သော် သူတို့ [...]အရှင်သခင်များကမူ တစ်ယောက်မှမရှိတော့။

ရွာ ဆို၍လည်း မရှိ၊ စားစရာဆို၍လည်း နတ္ထိ၊ နောက် သောက်စရာပင် ရေမရှိသော ခမောက်မော်ရွာမှ အသက်ရှင်ကျန် နေခဲ့ကြသူများမှာ အကြောက်လွန်ကာ သူ့မိ၊ သူ့ဖ၊ သူ့သား၊ သူ့ သမီး အလောင်းများကိုပင် မြှုပ်နှံသင်္ဂြိုဟ်ရန် သတိမရကြတော့ဘဲ ဟိုတင်သည့်တင် ဟိုနားသည့်နား ပက်လက်မှောက်ခုံ ဖြစ်နေကြ သော တံငါလှေငယ်များကိုသာ အရေးတကြီး အပူတပြင်းဖာထေး [...]ပြင်ကာ ကမ်းရိုးတန်းရွာများရှိ ဆွေမျိုးများဆီ ပြေးချလာကြ လေသည်။

သူတို့ရွာ ဤကဲ့သို့ ပျက်စီးသွားရသည့် မူလဘူတမှာ ပင် လယ်မုန်တိုင်းကြီးပင်။

ထို့နောက် စောင်းကန်းတို့ညီအစ်ကို သူတို့ချောင်းကြီးဝ ချိုင့်တွင် သူရဲကြီးတစ်ကောင်ကို စတင်တွေ့စဉ်ကပင် မုန်တိုင်း ကြီးကျလာတော့မည် ဆိုသည်ကို မည်သူမျှမသိ၊ မရိပ်မိခဲ့ကြပေ။

ရွာရှိ ခွေးနှင့်ကြောင်တို့ကမူ လေစတိုက်သော ညကပင် ရေလွတ်လေလွတ်ရာ တောင်ပေါ်ကို ပြေးရှောင်သွားကြလေပြီ ဆိုသည်နှင့် ထိုည တစ်ညလုံး ခွေးသံ၊ ကြောင်သံ မကြားရသည် ကိုလည်း သတိ မထားမိခဲ့ကြ။

ချောင်းကြီးဝချိုင့်၌ စောင်းကန်းတို့ ညီအစ်ကိုအား ခြောက်သောသရဲမှာ အမှန်က သရဲမဟုတ်ဘဲ ပင်လယ်မကန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်သာ ဖြစ်သည်ကိုတော့ ခမောက်မော် ရွာသားများသ[ည်]
ကမ်းရိုးတန်းရွာများသို့ ရောက်မှ တွေးမိကြသည်။

ထိုမကန်းကြီးသည် ပင်လယ်ထဲ၌ လှိုင်းတံပိုးဒဏ်၊ မု[န်]
တိုင်းဒဏ် မခံနိုင်၍ ကမ်းဘက်ပြေးလာပြီး ပင်လယ်ထဲရှိ သူ[...]
ခမောက်မော်ကျွန်းကို ရောက်လာသည်။ အဝတွင် ဆီးပိတ်[...]
သော ခမောက်မော် ချောင်းရှိသည်ကို ရေနေသတ္တဝါပီပီ ရေ[...]
ကာ ချောင်းထဲ ခိုအောင်းနေရန် သဲကုန်းတန်းကို ကျော်တက်လ[ာ]
သည်။ သို့မဟုတ် နောက်တစ်ရက်နှစ်ရက် ကြာလျှင် ပင်လ[ယ်]
ပြင်တွင် သူနေ၍မရလောက်အောင် မုန်တိုင်းကြီး ထန်လာတေ[ာ့]
မည်ကို သဘာဝ ဗီဇစိတ်နှင့်သိပြီး ပင်လယ်နှင့်နီးရာ ခမော[က်]
မော်ချောင်းထဲ ယာယီ လာခိုနေခဲ့သည်။ ထိုသို့ ခေတ္တလာခို[...]
ကလည်း လူသားစားဖူးသွားလေသည်။

အလွန်နက်ရှိုင်းသည့် ပင်လယ် သမုဒ္ဒရာထဲနေသေ[ာ]
မကန်းဆိုသော အကောင်မှာ ရေနေ ဆယ်ကုဋ္ဌေထဲက အကော[င်]
တစ်မျိုးဖြစ်သည်။ မကန်းကောင်ကို ပင်လယ်သားများကလွဲ[...]
မြင်ဖူးသူရှားသည်။ ပင်လယ်သားများထဲ၌ပင် ငါးသွားများ[...]
မုန်တိုင်းမိကာ သမုဒ္ဒရာနက်ထဲ ရောက်ဖူးသွားသူများသာ မြင်[...]
ကြသည်။

မကန်းကောင်နှင့်ပတ်သက်၍ ၂၀၀၃ ခုနှစ်၊ အမှ[တ်]
(၇၅) အောက်တိုဘာလ နရသုခိမဂ္ဂဇင်း၌ ဆရာစောရဲ[...]
(သိမ်ဇရပ်)က အောက်ပါအတိုင်း ရေးသားခဲ့သည်။



ကောင်းကင်တွင် တွေ့မြင်ရသော တိမ်တောင်တိမ်လိပ်
[...]၏ အလှအပကို ရှေးခေတ်ပညာရှင်များကစာဖွဲ့ရာတွင် -

ရစ်သိုင်းငယ်မှောင်
မကန်းစုကာနှောင်လို့
(မြဝတီမင်းကြီး ဦးစ)
မကန်းငယ်ဆင်
ရစ်သိုင်းဝလာခွင်က
(မြဝတီမင်းကြီး ဦးစ)
ဩော် . . . ဆွေမစုံဖက်
ဖြေပုံခက်အောင်
မကန်းကွက်ချွန်
တိမ်ရွက်ကွန်လည်း
( ဦးကြင်ဥ )
ဟူ၍ တွေ့ရသည်။

ဤတွင် မကန်းဆိုသော ဝေါဟာရကို စိတ်ဝင်စားမိသည်။

မြန်မာ အဘိဓာန်အကျဉ်းချုပ်တွင် မကန်းဝေါဟာရကို
အောက်ပါအတိုင်း ဖွင့်ဆိုသည်။

ဆူးရှိသော ကိုယ်ခွံ အထပ်ထပ်ရှိ၍ အမြီး၊ လက်ခြောက်
[...]နှင့် လက်မကြီးနှစ်ခု ပါရှိသည့် မြေတွင်းအောင်း ပင်လယ်
သတ္တဝါတစ်မျိုး။

ဒဏ္ဍာရီများနှင့် ဇာတ်တော်များတွင် ဖော်ပြလေ့ရှိသည့်
[...]မော်ငုံး၊ ကိုယ်၊ အကြေးခွံ၊ ခြေလေးဖက်၊ အမြီး စသည်ပါရှိ

www.burmeseclassic.com

www.burmeseclassic.com



သော ရေနေသတ္တဝါတစ်မျိုး။

မကန်း ဝေါဟာရ အရေးအသားကို မကရ်း ဟု ရေးသ
သည်ကိုလည်း တွေ့ရသည်။ မကန်းသည် ပါဠိ 'မကရ'သ
ရိုက် 'မကရ၊ ထိုမှ မြန်မာ 'မကာရ၊ မကန်း' ဖြစ်လာသည်။

ပြာသိုလသည် မကာရ ရာသီဖြစ်၍ မကန်းကောင်အ
ရှိသည်ဟု ပြဆိုသည်။

ဗုဒ္ဓဝင် ဇာတ်တော်များအရ ကြည့်လျှင် မကန်းသည်
သားစားသတ္တဝါဖြစ်ကြောင်း မဟာဇနက ဇာတ်တော်တွင် -

သဘော်သား ခုနစ်ရာသည် ငါး၊ လိပ်၊ မကန်းတို့၏အ
ဖြစ်ကုန်သည် ဟူသော စကားကို ထောက်ဆသိနိုင်သ
ဟိန္ဒူရှေးဟောင်း စာပေများတွင် မကန်းကို -
ဝါဂုကာ မည်သော နတ်မင်း၏ စီးတော်ယာဉ်အ
လည်းကောင်း ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

ဟိန္ဒူ ရှေးဟောင်းစာပေများတွင် မကန်း၏ ပုံသဏ္ဌာ
ကို အောက်ပါအတိုင်း ဖော်ပြသည်။

မကန်း၏ ခြေလက်တို့သည် မြင်း၏ ခြေလက်ကဲ့သို့ ရှိ
လျှင် ခွာမှာ ကွဲသောခွာရှိသည်။ သွားများသည် ကျ
ခြသေ့ တို့ကဲ့သို့ ချွန်ထက်သည်။ ဆင်၏နှာမောင်းကဲ့
ရှိသည်။ ကိုယ်၏အမြီးပိုင်းသည် ငါး၏ ကိုယ်ကာယကဲ့
ရှိ၍ အမြီးမှာ ငါး၏အမြီးကဲ့သို့ဖြစ်သည်။ ဝက်နားရွ
ရှိသည်။ ပါးစပ် အမြဲတမ်း ဟထားသည်။

အချို့ ဟိန္ဒူစာပေများတွင်မူ -



မကန်းသည် ဦးခေါင်းနှင့်နှာမောင်းမှာ ဆင်၏နှာမောင်း
နှင့် ဆင်၏ဦးခေါင်း ရှိလေသည်။ သွားမှာ မျောက်၏
သွားကဲ့သို့ဖြစ်သည်။ လက်သည်း၊ ခြေသည်းတို့မှာ ခြသေ့
နှင့်တူသည်။ ကိုယ်ကာယမှာ ငါး၏ကိုယ်ကာယဖြစ်၍ အ
မြီးမှာ ဥဒေါင်း၏ အမြီးသဏ္ဌာန်ဖြစ်သည်ဟုဖော်ပြသည်။

မကန်းကောင်၏ ပျော့ပျောင်းသော ကိုယ်ရေကို မာကျော
သောအခွံဖြင့် ဖုံးအုပ်ထားသည်။ အခွံလွှာမှာ အထပ်လိုက်ဖြစ်
နေပြီး အထပ်တိုင်းတွင် ချွန်ထက်နေသော ဆူးများ အထပ်လိုက်
ဖြစ်နေသည်။ မကန်းကောင်၏ အခွံမှာ အထပ်လိုက်ပေါ်နေပြီး
အမြီးပိုင်းကြီးသည်။ အမြီးပိုင်းတွင် ဝိုင်းပု၍ ကားနေသော၊ ချွန်
ထက်သောဆူးများက ဖောင်းထွန်း၍ရှိသည်။ အမြီး၏အနားတွင်
လက်နှစ်ဖက်ကဲ့သို့ လက်မနှစ်ခုရှိသည်။

ထိုလက်မနှစ်ခုသည် သွားလိုရာဒိုးကို လှော်ခတ်နိုင်သလို
အဖြစ်လည်း အသုံးပြုသည်။ မကန်း၏ ဦးခေါင်းမှာ ပုလင်း
တစ်လုံး၏ ဘူးဝသဏ္ဌာန်ကဲ့သို့ရှိပြီး ခေါင်း၏ အောက်ပုခုံးနေရာ
များတွင် တစ်ဖက်လျှင် လက်သုံးခုစီဖြင့် လက်ခြောက်ခု ထွက်နေ
သည်။ ထိုလက်များသည် ရေထဲတွင် လျင်မြန်စွာ ကူးနိုင်ပြီး ရွှံ့
များတွင်လည်း တွား၍ပြေးနိုင်သည်။

ကိုယ်ခန္ဓာအောက်ဖက် ဝမ်းဗိုက်နေရာတွင် တစ်ဖက်လျှင်
ဆူးတောင်(၈)ခု၊ စုစုပေါင်း(၁၆)ခု ရှိသည်။ ထိုဆူးတောင်များ
သည် ပင်လယ်ထဲတွင် လျင်မြန်စွာ ကူးခတ်နိုင်ရန် အသုံးဝင်သည်။
ခေါင်းထိပ်တွင် မျက်လုံး နှစ်လုံးကို ကာကွယ်ပေးသည့် လက်ကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ ဆူးတောင်နှစ်ခုရှိသေးသည်။ မကန်း၏ မျက်လုံးသည် တောင် ပြောင်ကာ ရှေ့သို့ပြူး၍ထွက်နေသည်။ မျက်လုံးရှေ့တွင် ရန်သူ ကို ပယ်ရှားနိုင်သည့် မာကျောသော အမွေးတန်းလေးပင် ရှိသည်

မကန်း၏ဦးခေါင်း တစ်ဖက်တစ်ချက်တွင် အလွန်ခိုင် ၍ ထက်မြက်လှသော လက်ကြီးနှစ်ချောင်းရှိသည်။ ထိုလက်နှ ဖက်သည် မာကျောပြီး ချွန်မြသောဆူးအချောင်း(၂၀)ခန့်ရှိသည် အားအလွန်သန်ပြီး လက်ဖြင့် ညှပ်မိလျှင် ပြတ်သွားရုံမက အဆ တက်သကဲ့သို့ ခံစားရသည်။ မကန်းသည် တစ်ဖက်ကို ရန်ပြုတော့ မည်ဆိုပါက ကိုယ်ကိုကွေးပြီး တစ်ချက်တည်းဆန့်ကာ ရန်သူ တိုက်ခိုက်သည်။ မကန်းကို ရေသတ္တဝါတိုင်း ကျောက်ရွံ့သည်

မကန်းသည် ပင်လယ်ရေအောက်၌ တွင်းဖောက်၍ တ ကောင်တည်းနေသည်။ မကန်း၏ ထူးခြားချက်တစ်ရပ်မှာ ဓ မှတ်အားကောင်းခြင်း ဖြစ်သည်။ မကန်းတွင်း တစ်တွင်းကို ခ လေးဖြင့် လေ့မှတ်၍ တူးနိုင်သည်။ ရှည်လျားသော လိုက်ခေါ် များကိုပင် ရေအောက်၌ နာရီပိုင်းတွင်း တူးဖေါ်နိုင်စွမ်း ရှိသည်

မကန်းသည် တွင်းတစ်တွင်းထဲတွင် ကြာရှည်စွာ မနေ ဘဲ တစ်လတစ်ကြိမ် တွင်းပြောင်းတတ်သည်။ မကန်းသည် ခြော လက်မမှ ဆယ်ပေခန့်အထိ ရှည်လျားကြီးမားသော မကန်းကြ များလည်းရှိသည်။

မကမ်းသည် အလွန်ချိုသော အရသာရှိသည်။ မကန်း ကိုစားလျှင် အရှင်လတ်လတ် ချက်ပြုတ်၍စားသည်။ မကန်းအ သေသည့် အသားများ မကျန်တော့ဘဲ အခွံချည်းသာ ဖြစ်တ



သည်။ မကန်းကို ဇွပ်ပြုတ်ဟင်းချိုအဖြစ် အဓိက စားသောက် ကြသည်။

မကန်းကောင်ကို အခြောက်လှမ်း၍ အိမ်တွင်ထားပါက တစ္ဆေ၊ သရဲ၊ မကောင်းဆိုးဝါးများကို ကာကွယ်နိုင်သည်။ ပင်လယ် င်းနေသူ လူများသည် ကလေးငယ်များ၏ ပုခက်တွင် မကန်းအ ခြောက်များကို အဆောင်အဖြစ် ဆွဲထားပေးကြသည်။

မြန်မာ့ဝေါဟာရတွင် 'မကန်းကွက်' ဟူ၍ အသုံးရှိသည်။ တစ်ဖက်ဝိုင်း၍ တစ်ဖက်ချွန်သော အကွက်ပုံစံကို မကန်းကွက်ဟု ခေါ်သည်။ မကန်းကောင်၏ ကိုယ်မှ အကြေးကွက် ပုံသဏ္ဌာန် ဖြစ်သည်။

အမြည်

ရခိုင်ကမ်းရိုးတန်းရှိ တံငါသည်များ ကြုံဖူး၊ တွေ့ဖူး၊ ရဖူး စားဖူးကြသော မကန်းကောင်နှင့် ဆရာစောရဲသွေး၏ စာပါ ပုံ သဏ္ဌာန် အကြောင်းအရာမှာ တစ်ထပ်တည်းပင်ဖြစ်ပါသည်။

မကန်းမှာ လင်းရှူး၊ လင်းပြန်၊ လင်းပိုင်၊ ငါးမန်းများလို သားသမီးများကို အကောင်လိုက် မပေါက်ဘဲ အခြားငါးများလို ဥပေါက်သည်။

အမြီး၏အဖျားတွင် လိပ်ကျောက်ဆူးလို ဆူးပါသည်။ သို့သော် လိပ်ကျောက်မြီးလို အရှည်မဟုတ်။ သူ့ကိုယ်တစ်ရပ်ခန့် သာ ရှည်သည်။ ဆူးတောင်မှာ မာကျောပြီးအဆိပ်ပါသည်။ အမြီးသည် ပတ်လည်လှုပ်ရှား၍ရသည်။ အမြီးလှုပ်ရှားမှုမှာ ရေဝဲ၌ လျှင်မြန်လွန်း၍ ပန်ကာပမာ လည်ပတ်ပြီး သူ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် စက်ဝိုင်းသဏ္ဍာန် အုပ်မိုး၍ မြင်ရသည်။ အဆိပ်ပ
သော အမြီးနှင့် ရန်သူကို ထိုးသတ်တတ်သည်။ လက်များနှင့်လည်
လှမ်းဖမ်းသတ်ဖြတ်တတ်သည်။

ထို့ကြောင့် မကန်း၏အနားကို မည်သည့်ငါးများမျှ
ကပ်ရဲကြ။

မကန်း ရရှိဖူးသူများက မကန်းကောင်၏ ဝမ်းထဲတွ
ဥများကို တွေ့ရသည်ဟု ဆိုသည်။ ငါးများကဲ့သို့ပင် သူ့ဥမှ
ကောင်များစွာ ပေါက်သည်။

ထို့ကြောင့်လည်း ရှယ်တူ အရွယ်အစားများကို ပင်လယ
နက်ထဲ၌ တစ်ခါတစ်ခါ အုပ်လိုက်လည်း တွေ့တတ်ကြသည်
တ်ငါသည်များက ပြောပြကြပါသည်။

ဖိုးကျော့







ဝေ
ယံ
လင်း
ခေါင်

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရမဟာဂနိုင်

၁၉၉၀ ပြည့်နှစ်၏ နောက်ပိုင်းတွင် နိုင်ငံတော်၏ ဈေး ကွက်စီးပွားရေးကာလ ဖြစ်သည်။

မြန်မာနိုင်ငံသားများ အနေနှင့် ယခင်က မကြားဘူး၊ မ ကြုံဘူး၊ အိပ်မက်ပင် မမက်ဘူးကြသော နိုင်ငံတစ်ဝန်းလုံးရှိ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတ သဘာဝ ပစ္စည်းများသည် နိုင်ငံခြားသားတို့၏ မျက်စိထဲတွင် ငွေခဲချည် မြင်လာကြသည်။

ထို့ကြောင့်လည်း တောတောင်၊ ရေမြေ၊ ပင်လယ်သမုဒ္ ရာထဲရှိ သယံဇာတ သဘာဝပစ္စည်းများကို နိုင်ငံခြားသားတို့သည် ကုမ္ပဏီကြီးငယ်များ ဖွင့်ကာ အပြိုင်အဆိုင် အလုအယက် ဝယ ယူလာကြသည်။

ရေထဲမှ သားငါးပုစွန်၊ ကဏန်း၊ မိကျောင်းများအပြ ကမ်းလွန်ပင်လယ်သားများ ဘိုးစဉ်ဘောင်ဆက် စားရကောင်းမှန်း မသိခဲ့ကြသော ပင်လယ်ရေခူများကိုပင် ဒိုင်ဖွင့်၍ ဝယ်လာ သည်။ ရေခူများကိုသာမက ပင်လယ်ထဲက ခရု၊ ဝေါင်း၊ ယော



ား အသေအရှင် အခွံများနှင့် ကျောက်ပွင့်၊ ကျောက်မွတ်၊ ကျောက်ကြိုး၊ ကျောက်ခက်၊ ဂြင်းကောင် အသေးအကြီးပါမကျန် ကြီး မဲကြီး ဝယ်လာကြသည်။

ကုန်းပေါ်မှာ ဆိုလျှင်လည်း မန်ကျည်းစေ့၊ ကုက္ကိုစေ့၊ ဆီး စေ့၊ စံပန်းစေ့၊ တမာသီး၊ ဂုံညင်းဒိုး၊ မှိုမျိုးစုံသိ ဝယ်ယူကြသည်။

တောတိရစ္ဆာန်များ အနေကလည်း ကျား၊ ကျားသစ်၊ ဝက် ၊ မြွေ၊ လိပ်၊ မြွေပါ၊ သစ်ခွေး၊ တောခွေး၊ ခွေးအ၊ ခွေးတူဝက်တူ၊ ၊ ဆတ်၊ သမင် ဖွတ်၊ အရိုးအရေ၊ သည်းခြေ၊ ကပ္ပိအိပ်နှင့် မျိုးစုံတို့ကိုပါ ရသမျှ အကုန် စုဝယ်လာကြတော့သည်။

ထိုအခါ မြန်မာပြည်မှာ ငွေတွေချည်း ဖြစ်လာလေသည်။

မဟာမြိုင်တောကြီးနားရှိ ရွာများသို့ ကြိမ်အဝယ်တော် ား အလျှိုအလျှို ရောက်လာကြသည်။ (၆)ပေရှည် ကြိမ်တပိုင်း သုံးကျပ်၊ ငါးကျပ်၊ တစ်ဆယ်၊ ဆယ့်ငါးကျပ်ထိ သူ့ဈေးနှင့်သူ းဝယ်လာကြရာ တောနားတောင်နား ဝန်းကျင်ရှိ ဒေသခံ အ သားများမှာ မိုးလင်းသည်နှင့် ကြိမ်ခုတ်ရန် ဓားဆွဲ၍ တောထဲ က်ကြသည်။ ရလာသမျှသော ကြိမ်ပင် အကြီးအသေးများကို ထဲရှိ အဝယ်တော်များဆီတွင် ရောင်းချ၍ အပိုဝင်ငွေ ရနေ ကြသည်။

တစ်စတစ်စနှင့် ရွာနားဝန်းကျင် တောတောင်ထဲ၌ ကြိမ် ကြိမ်တောများ ပြုန်းတီးသွားရာ လယ်တဲယာတဲ ဝင်သလို းအိုးစားခွက်များနှင့် မိသားစုလိုက် တောင်ခြေတောနားတွင် သို့၍ ကြိမ်ခုတ်ကြပြန်သည်။ ယောက်ျားကြီးတစ်ယောက် တစ်

www.burmeseclassic.com



နေ့ရှာခုတ်သော ကြိမ်ရောင်းရငွေမှာ တစ်ရာနှစ်ရာထိရှိလာ
သဖြင့် ဒေသခံများအနေနှင့် ကြိမ်ခုတ်လုပ်ငန်းကို ပို၍ မက်မေ
လာကြသည်။ ထို့ကြောင့်လည်း ကြိုးစားပမ်းစား ကြိမ်များ
ရှာဖွေ ခုတ်ရောင်းနေကြခြင်းဖြစ်သည်။

* * * * *

ဦးပြောတို့မိသားစု ယခုကြိမ်ခုတ်ရန် ရောက်နေကြသော
နေရာမှာ မဟာမြိုင်တောစကျပြီး သူတို့ရွာနှင့် တစ်မွန်းတည့်ခ
နီးနီးရှိသည်။ ထို့ကြောင့် ရွာမှလာ၍ ကြိမ်ခုတ်မည်ဆိုလျှင်
ဝက်နီးနီး အချိန်ကုန်သဖြင့် အလုပ်ပိုတွင်ကျယ်အောင် မဟာမြ
တောစတွင် တဲထိုး၍ ညဥ့်အိပ်ညဥ့်နေ ကြိမ်လာခုတ်နေကြခြ
ဖြစ်သည်။

ဦးပြောနှင့် သူ့သားကြီးတို့ ကြိမ်ခုတ်ရန် တောတက်သွာ
ကြချိန်တွင် ဦးပြောဇနီး မေသင်က တဲတွင်ထမင်းချက်ရသည
ပြေးလေးကမူ သူ့အမေ တောက်တိုမယ်ရ ခိုင်းသည်ကို လုပ်ပေ
ရသည်။ ရက်သတ္တတစ်ပတ်လောက် တောစတွင် နေနေရသော
အခါ ပြေးလေးကို တဲတွင်မတွေ့သဖြင့် ဦးပြောက -

"မေသင် သားလေးရော" ဟု မေးလိုက်၏။

"ဦးဖိုးစောတို့တဲမှာ နေမှာပေါ့တော်"

မေသင်က ခါတိုင်းလည်း သွားကစားနေကျ ဖြစ်သ



ပေါ့ပေါ့ပင်ပြောလိုက်သည်။ တစ်ဆက်တည်းမှာပင် -

"ဒီကနေ့ ရှင်တို့သားအဖ ပြန်လာကြတာ စောသားပဲ"
ဆို၏။

"စောဆို ကြိမ်ခုတ်သူတွေ များလာတော့ ကျုပ်တို့တဲနား
ဝိုက်မှာ ကြိမ်ပင်တွေရှားလာပြီအမေ၊ ရွာက အချို့ဆို အထက်
ဘက်ကိုတောင် တက်နေကြပြီ။ အဲဒါ အဖေကလည်း နောက်
ရက်နှစ်ရက်ဆို ရွာပြန်ပြီး လူများတွေလို အထက်တောတက်
လူရှာရမှာမို့ စောစောပြန်လာကြတာ"

သူ့သားကြီး ငအောင်က သူ့အမေကို ပြောပြနေစဉ် ဦး
ပြားသည် တစ်စုံတစ်ခုကို သတိရသွားသလိုနှင့် -

"သားလေးက ဦးဖိုးစောတို့တဲ ဘာသွားလုပ်လဲ" ဟု မေး
က်၏။

BURMESE CLASSIC
"ခါတိုင်းနေ့တွေလို ဖိုးစောကလေးတွေနဲ့ သွားဆော့နေ
ပေါ့တော်"

ဤစကားကိုလည်း မေသင်က ပေါ့ပေါ့ပင် ပြောလိုက်
၏။

"ဟင် . . . ဖိုးစောတို့ အထက်တောတက်ဖို့ လူရှာရမယ်
ပြီး ရွာပြန်ဆင်းသွားကြတာ သုံးလေးရက်တောင် ရှိနေပြီပဲဟ၊
လေးက ဘယ်က ဖိုးစောတို့ကလေးနဲ့ သွားကစားရမှာလဲ"

"ရှင့် ဘယ်လူပြောလဲ"

"ဘယ်လူပြောရမလဲ၊ ဖိုးစောကိုယ်တိုင် ကြိမ်ခုတ်ရာမှာ
ထွေ့လို့ ငါ့ကို ပြောသွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"မပြန်ဖြစ်ကြသေးလို့ နေမှာပေါ့တော့"

ဤသည်ထိလည်း မေသင်ကား စိုးရိမ်ကြောင့်ကြမပါသော စကားကို ဆိုနေတုန်း။

"မဟုတ်သေးဘူးထင်တယ်ဟ၊ ငါ့ကိုတော့ 'အစ်ကိုကြ ကျုပ်တို့တော့ မနက်ဖြန် ရွာဆင်းကြတော့မယ်။ ရွာမှာ တစ်ရ နှစ်ရက်နေပြီး အထက်တောတက်ဖို့ လူရှာရဦးမယ်' လို့ပြောသွ တာ။ ဖိုးစော ငါ့ကို ပြောသွားတာ လေးငါးရက်တောင် ရှိနေပြီဟ"

"ရှင့်ပြောသွားတာတော့ ဟုတ်မှာပေါ့။ ဒါပေမယ့် ကြ ပစ်တော အသစ်တွေ့လို့ ထပ်ခုတ်နေကြလားမှ မသိတာ။ အဲ ကြောင့်လည်း ရှင့်သားက ဒီနေ့ထိ ဖိုးစောကလေးတွေနဲ့ သွား စားနေတာပါဆို"

"အေး နင်ပြောတာလည်း ဟုတ်များ ဟုတ်နေလားဟ ဒီနားတစ်ဝိုက်မှာ ဖိုးစောတို့ ကြိမ်ပစ်တော အသစ်တွေ့ဖို့တော မလွယ်ဘူး ထင်တာပဲ။ ဂုံမင်းသားတွေက ဒီဘက်တောတွေ ပိုကျွမ်းတာပေါ့။ ဂုံမင်းရွာသားတွေတောင် ရွာဆင်းသွားကြတာ တစ်ပတ်လောက်ရှိနေပြီ"

"ရှင်ကများ ဖိုးစောကို အထင်သေးလိုက်တာ၊ ဂုံမင်းသာ မဟုတ်ပေမယ့် ဒီကညင်ချောင်း ဝန်းကျင်ဆိုတာ သူ့ယောက္ခ ကိုင်းနဲ့ နီးနီးလေးရှင့်၊ ဖိုးစောနဲ့မေပွင့် ညားခါစက သူ့ယောက္ခ ကိုင်း ဖိုးစောက သုံးနှစ်လောက် သွားလုပ်ဖူးထားတော့ ဖိုးစောက ကညင်ချောင်းတစ်ဝိုက်ကို ရှင်တို့ထက် ကျွမ်းမှာပေါ့တော့"

ဤသည်ထိလည်း မေသင်က ပြေူးအတွက် စိုးရိမ်သော



တစ်စုံတစ်ရာ မရှိသေးဘဲ ဖိုးစောတို့ အကြောင်းသာ အတိ ဘရာဏာသီယံ လုပ်ပြောနေပြန်သည်။

"နေတောင် အတော်ကျသွားပြီ၊ ဒီကောင် ခုထိမပြန်သေး ငါသွားခေါ်ဦးမှထင်တယ်"

"ဟိုမှာ သားကြီးတောင် ရေချိုးပြန်လာပြီ။ အချိန်တန် ာ့ သားလေးလည်း ပြန်လာမှာပေါ့တော့။ ဒီကောင်က ကစား က်သလားမပြောနဲ့၊ ရှင့်ဘာသာရှင် ရေသွားချိုးလိုက်စမ်းပါ"

မေသင်ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ သူတို့သားကြီး ာင်သည် စမ်းထဲ ရေသွားချိုးရာမှ ပြန်လာသည်ထိ သူတို့ ယားကား ပြေူးကိစ္စ ပြောနေကြတုန်း။

ထိုအချိန်မှာပင် သူတို့လို မဟာမြိုင်တောစကို ကြိမ်ခုတ် သော ငယောင်းလည်း သူတို့တဲကိုရောက်လာပြန်သည်။ ဤ ကြိမ်ပင်ကြိမ်တော ရှာမရသဖြင့် ငယောင်းမှာလည်း ဦးင တို့လိုပင် စောစော တောထွက်လာပုံ ရသည်။

"ငယောင်း ဘာလဲကွ၊ ကိစ္စရှိလား"

"ကိစ္စရယ်လို့တော့ အထူးမဟုတ်ပါဘူး ဘကြီးပြား။ ခု တို့တဲနား တစ်ဝိုက်မှာ ကြိမ်ရှားလာတော့ ရွာဆင်းကြမလို့ ပြားတို့ကို လာပြောတာပါ"

"အေးကွ၊ တို့လည်း မနက်ဖြန် သဘက်ခါဆို ရွာဆင်း မလို့"

"ဟုတ်လား"

"အေးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးပြားတို့ အထက်တောကိုတော့ ကြိမ်ခုတ်တက်
ဦးမယ် ဟုတ်လား"

"ဟာ တက်ရမှာပေါ့ ငယောင်းရာ။ ငါတို့တစ်သက်
ဒီလို အခွင့်အလမ်းမျိုး မင်း ကြားဖူးလား၊ ငါတို့ မပြောနဲ့ မင်း
ဘိုး ကိုင်းသူဌေးတောင် သူ့ကိုင်းကိုပစ်ပြီး ကြိမ်ခုတ်လိုက်နေ
မင်းသိသားနဲ့"

"အဘိုးတို့ကတော့ လောဘကြီးလွန်းပါဘယ်ဗျာ"

"လောဘရှိလို့လည်း ဆင်းရဲသား အငှားလိုက်က လယ်
ကိုင်းနဲ့ ဖြစ်လာတာကိုးကွ"

"ဟိုမှာ တော့သား ပြန်လာပါပြီ"

ပြူး ပြန်လာသည်ကို မြင်သဖြင့် မေသင်က ပြောလို
၏။

ဦးပြားက သူ့သားပြူးကို တစ်ချက်လှမ်းကြည့်ပြီး -

"သားလေးက ဘယ်သွားနေတာလဲ"

"ကျုပ် ပေသီးတို့ ထွန်းပုံတို့နဲ့ သွားကစားနေတာ အ

"ဖိုးစောကြီးကော တွေ့ခဲ့လား"

"ကြိမ်ခုတ်ရာက မပြန်သေးဘူး နေမှာပေါ့"

"မင်းအဘ ဟုတ်မယ်၊ ဦးစောကြီးတို့ ရွာဆင်းသွားတာ
သုံးလေးရက်မကလို့ မနေ့ကပဲ ပျဉ်းမတောင်ချိုင့်ဘက် ကြိမ်
တောင် တက်သွားကြပြီ"

ပေသီးတို့ ထွန်းပုံတို့နှင့် သွားကစားနေသည်ဟု ပြေ
ပြောလိုက်တုန်းက ပေသီးတို့ ထွန်းပုံတို့ဆိုသည်မှာ ဦးဖိုးစော



ဘာသမီးတွေမှန်း မသိသော ငယောင်းက ဦးဖိုးစောဆိုမှ ဝင်
ပြောလိုက်ခြင်းဖြစ်သည်။

"ဟင် . . ."

ငယောင်း၏ စကားကို ကြားကြားခြင်း အစက ရုတ်တ
ော် အံ့ဩသွားကြသော်လည်း နောက်တော့ သူ့သား ငပြူးအား
မှာလို စ,နောက်နေကျအတိုင်း နောက်ပြောခြင်းဟု ထင်လိုက်
ကြသဖြင့် ဦးပြား၊ မေသင်နှင့် ငအောင်တို့မှာ ပြုံးပင်ပြုံးမိလိုက်
ကြသည်။ ငပြူးကလည်း လူကြီးတွေစကားကို အလေးမထား၍
သား၊ သူ့ကို ကိုကြီးငယောင်း တမင် စ,သည့်ထင်၍လား မသိ။
"အမေ ကျုပ်တော့ ဗိုက်ဆာတယ်ဗျာ။ ထမင်းစားတော့မယ်" ဟု
ပြောပြီး တဲနောက်ဘက် မီးဖိုချောင်ထဲ ဝင်သွားသည်။

ထိုအခါမှ ဦးပြားက ဦးဖိုးစောရွာပြန်ဆင်းတော့မည်
ဟု ပြောသွားသည်မှာလည်း တစ်ပတ်နီးပါးပင် ရှိပြီးဖြစ်သဖြင့်
သံသယစိတ်နှင့် -

"ဟင် ငယောင်း၊ မင်းပြောတာ တကယ်လားကွ၊ ဟုတ်
သား" ဟု မေးလိုက်၏။

"ဘာကိုလဲ ဘကြီးပြား"

ငယောင်းကလည်း ဦးပြား ဘာကိုမေးမှန်းမသိ။ ကြိမ်
ခုတ်ကိစ္စလားထင်ပြီး ဦးပြားအမေးကို နဝေတိမ်တောင် ဖြစ်
သွား၍ ပြန်မေးနေ၏။

"ဘာကို ရမှာလဲကွ။ ဖိုးစောတို့ ရွာပြန်ဆင်းပြီး ပျဉ်းမ
တောင်ချိုင့်ဘက်တောင် ကြိမ်ခုတ် တစ်ခါတက်သွားကြပြန်ပြီလို့

www.burmeseclassic.com



မင်းပြောတာ တကယ်လားလို့လေ"

"ဟာ ဘကြီးပြားကလည်း မဟုတ်ဘဲ နေမလားဗျ။ နေ့ကတင် ကျုပ်တို့ကြိမ်တွေ လှည်းနဲ့သွားပို့ယင်း ကျုပ်နဲ့ လ မှာတွေ့လို့ ဦးဖိုးစောကြီး ပြောသွားပါကော။ သူတို့ကြိမ်ခုတ်တ သွားကြတဲ့ အဖွဲ့ထဲမှာ ဦးလေးရွှေလူတို့တောင် ပါသွားသေးတယ်

"ဟေ"

"ဟင်"

ဦးပြား၊ မေသင်နှင့် အောင်တို့မှာ ယောင်းစကား ကြောင့် ဤတစ်ခါတော့ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည် ပြီးတော့မှ မေသင်က အထိတ်တလန့်နှင့် -

"ဟင် ဒါ . . . ဒါဆို သားလေး ဦးဖိုးစော ကလေး နဲ့ သွားကစားနေတယ်ဆိုတာ ဘယ်ဟုတ်တော့မလဲ။ ဟဲ့သားလေ နင် ဦးဖိုးစော ကလေးတွေနဲ့ သွားကစားနေတာ ဘယ်နေ့ကတ

"အို . . . အမေကလည်း ဘယ်နေ့က ရမလဲဗျ။ ကြာ ပဲဟာ"

မေသင်အမေးကို မီးဖိုချောင်က ပြူး လှမ်းပြော၏။

"ဟိုနေ့ ဟိုနေ့တွေကကို မေးတာမဟုတ်ဘူးဟဲ့။ ဒီနေ့ နင်ဘယ်လူနဲ့ သွားကစားခဲ့လဲ မေးတာ"

"အို အမေကလည်း ခက်လိုက်တာဗျာ၊ ဦးဖိုးစောကလေ ထွန်းပုံတို့နဲ့ပါဆို"

"ဒီနေ့ ညနေကလည်း နင် ထွန်းပုံတို့နဲ့ ကစားလာတာ

"ဟုတ်တယ်"



ဤတစ်ခါတော့ ဦးပြားတို့မိသားစုထက် ခေတ္တခဏ ကနေသူ ယောင်းက ပို၍ အံ့သြသွားသည်။ တစ်နေ့မနက် သူတို့ထဲမှ ခုတ်ပြီးသား ကြိမ်ပင်များကို ရွာသို့ လှည်းနှင့် သွား ဦးဖိုးစောတို့ ကြိမ်ခုတ်ရန် အထက်တောဘက် တက်သွား သည်ကို သူကိုယ်တိုင် မြင်တွေ့လာခဲ့သည်။ ယခု ပြူးလေးက စောကလေးများနှင့် သွားကစားရာမှ မိုးချုပ်၍ ပြန်လာသည် ခြင်းမှာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်သဖြင့် ပို၍ ထိတ်ထိတ် လန့် ဖြစ်သွားသည်။ ထိုအခါ သူ့အဖေ ပြောဖူးသော ကညင် င်းနားက ဦးဘသာကြီးအကြောင်း သွားပြီး သတိရမိလိုက် သည်။

ဦးဘသာ၏ ကိုင်းများမှာ ယခု ဦးဖိုးစောတို့ ကြိမ်ခုတ် း နေခဲ့ကြသော ကညင်ချောင်းနားတွင်ရှိသည်။ ဦးဘသာ ကိုင်းတွေမှာ ရွာနှင့်ဝေးသဖြင့် ဦးဘသာက သူ့တဲ၌ညတိုင်း အိပ်ပြီး ကိုင်းစောင့်ရသည်။ ကိုင်းသီးနှံများ ရင့်ချိန်တွင် တိရစ္ဆာန်များ၏ ရန်ကို ကြောက်ရသလို ကိုင်းသူခိုးများကို း ကြောက်ရသည်။

အထူးသဖြင့် ကိုင်းသူခိုးများသည် နှမ်းခင်း ပဲခင်းများကို တ် ဝင်ရိတ် သွားတတ်ကြသဖြင့် ဦးဘသာ ကိုင်းစောင့်၍ နေရာ တစ်ညတွင် ကိုးနှစ်ဆယ်နှစ်အရွယ် ကလေးသုံးလေး ာက်က ဦးဘသာကို လာနှိုးကြသည်။

ဤသို့ ညကြီးမင်းကြီး ကလေးသုံးယောက်က သူ့အား နှိုးကြသည်ကို အစကမူ ဦးဘသာ အံ့သြသွားသည်။ ကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေက သူ့အား ပြောပုံမှာ -

"အဘိုး အဘိုး အဘိုးနှမ်းခင်းတွေကို ဘယ်သူတွေလဲ… သိဘူး လာနှုတ်နေပြီဗျ" ဟု ဆို၏။

သူ့နှမ်းခင်းဆိုသဖြင့် ဦးဘသာမှာ ကမန်းကတန်း … ထသည်။ ပြီး လကလည်း သာနေသဖြင့် သူ့နှမ်းခင်းရှိရာသို့ … ဆွဲ၍ ပြေးသည်။ ကလေး သုံးလေးယောက်ကလည်း သူ့နော… လိုက်လာကြသည်။ နှမ်းခင်းနား ရောက်သောအခါ သူ့နှမ်း… ထဲတွင် နှမ်းသူခိုး မပြောနှင့် လူရိပ်လူယောင်ပင် မတွေ့ရ… ထိုအခါ ဦးဘသာက -

"ဟေ့ကောင်လေးတွေ မင်းတို့ဘယ်ကလဲ၊ ဘယ်မှာ… နှမ်းသူခိုး" ဟု မေးလိုက်သောအခါ ကလေး သုံးလေးယောက်… "ဟိုမှာ ဟိုမှာ" ဟု လက်ညှိုးထိုးပြပြီး နှမ်းခင်းကို ပတ်ပြေးကြသ… ဦးဘသာကလည်း နှမ်းခင်းတစ်ဖက်တွင်များ သူခိုးက ပုန်းနေ… မြင်၍ ကလေးတွေက ပြောခြင်းလားဟု အထင်နှင့် ကလေး… ပြေးသွားရာနောက်သို့ လိုက်ပြန်သည်။

သို့သော် နှမ်းခင်းတစ်ဖက်မှာလည်း ဘယ်သူခိုးမှ မတွေ့… ပြီးတော့ ထိုကလေးသုံးယောက်ကိုလည်း မတွေ့တော့။

ထိုအခါ ဦးဘသာက ဘယ်တဲက ကလေးများ ငါ့ကို… နောက်ကြပါလိမ့်ဟု အစက ထင်သည်။ သို့သော် သူ့တဲနား… ဝန်းကျင်တွင် နီးနီးနားနားလည်း မည်သူ့တဲမျှ မရှိ။ တစ်ခေါ်… ပါးမှာတော့ ဦးရွှေရတို့ မိသားစုတဲ ရှိ၏။ သို့သော် သူတို့တွင်… လို့ ကိုးနှစ်ဆယ်နှစ်အရွယ် ကလေးဆို၍ကား တစ်ယောက်မှ…



သို့ဆိုလျှင် သူ့ကို ညကြီးမင်းကြီး လာနှိုးကြသော ကလေးများမှာ ဘယ်က ကလေးများနည်း။

နောက်တော့ ငါ့ကို တစ္ဆေခြောက်တာပဲဟု ဦးဘသာ သိသွားသည်။ သို့သော် ဦးဘသာကား တစ္ဆေသရဲခြောက်သည်ကို ကြောက်တတ်သူမဟုတ်။ ထို့ကြောင့်လည်း ရွာနှင့်ဝေးသော တောကိုင်းခင်းထဲ အဖော်မပါ တစ်ယောက်တည်း အိပ်နေဝံ့သူဖြစ်သည်။ ထို့ကြောင့် ဦးဘသာသည် သူ့တဲပေါ် ပြန်တက်ကာ ပြန်အိပ်နေလိုက်သည်။

နောက်တစ်နေ့၌လည်း သက်ငယ် ခေါင်းချချိန်ပင် မရောက်သေး ကလေးသုံးလေးယောက်သည် သူ့တဲထဲ ဝင်လာကြသည်ကို လသာည ဖြစ်သဖြင့် ဦးဘသာမြင်နေရပြန်သည်။ သို့သော် သူက မျက်စိကို မပွင့်တပွင့် ဖွင့်ကြည့်ပြီး အသာလေး အိပ်ပျော်ယောင် ဆောင်နေသည်။ ဤနေ့တွင် ဆံရစ်ဝိုင်းနှင့် မိန်းကလေးတစ်ယောက်ပါ အပိုပါလာသည်ကိုလည်း ဦးဘသာ သတိထားမိသည်။

သူ့အနားရောက်တော့ ကလေးတွေက "ခိခိ . . . ခိခိ" နှင့် မတိုးမကျယ် ရယ်ကြသေးသည်။ ပြီးတော့မှ ကလေးတစ်ယောက်က သူ့ခြေထောက် ကိုင်လှုပ်ပြီး -

"အဘိုး အဘိုး၊ အဘိုးနှမ်းခင်းထဲ ဘယ်လူ့နွားတွေလဲ မသိဘူး ဝင်စားနေကြတယ်ဗျ" ဟု ပြောလာ၏။

"ဟေ့ကောင်နာလေးတွေ သွားကြစမ်းကွာ။ ပေါက်တတ်ကရ"

www.burmeseclassic.com



ဦးဘသာက ခြေထောက်နှင့် လှမ်းခတ်၍ အော်ပစ်လိုက်၏။

"တကယ်ပြောတာ ဘိုးဘိုး၊ ထကြည့်စမ်းပါဦး"

သူ့ခြေရင်းတွင် ဝိုင်းနေကြသော ကလေးများထဲက တစ်ယောက်သောကလေး၏ စကားအဆုံးတွင် ဦးဘသာ၏နားထဲ သူ့နှမ်းခင်းဘက်မှ နွားခလောက်သံ တစ်ခုကို အမှန်ပင် "ခေါင်ဒေါင် ဒေါင်ဒင်" ကြားလိုက်မိသည်။

တကယ်လား ဟူသော စိုးရိမ်စိတ်နှင့် ဦးဘသာ ရုတ်တရက် ထထိုင်လိုက်စဉ် ကလေးများက တဲအောက်ပြေးဆင်းသွားကြသည်။ ဦးဘသာလည်း မားဆွဲ၍ တဲအောက်သို့ ဆင်းလာ၏။ ထိုအချိန်ထိ သူ့နှမ်းခင်းဘက်မှ နွားခလောက်သံတွေကို ကြားနေတုန်း။ တဲပြင်ထွက်၍ သူ့နှမ်းခင်းဘက် လှမ်းကြည့်လိုက်ရာ ဦးဘသာ မျက်လုံးပြူးသွားသည်။

ညဦးလယ်ထဲ ဦးဘသာ အထင်အရှား မြင်နေရသည်မှာ အမှန်တကယ်ပင် သူ့နှမ်းခင်းထဲ နွားသုံးလေးကောင် ဝင်စားနေကြပြီ။ နွားများကို လှမ်းမောင်း အော်ဟစ်ရင်း ဦးဘသာ အပြေး လိုက်သည်။ သို့သော် ဦးဘသာ သူ့နှမ်းခင်းနားလည်းရောက်ရော သူ့နှမ်းခင်းထဲတွင် နွားကိုမဆိုထားနှင့် ဆိတ်တောင် တစ်ကောင် မရှိပေ။ ထိုအခါမှ တစ်နေ့က တစ္ဆေကလေးများသည် သူ့ကိုလာ ခြောက်ကြပြန်ပြီ ဆိုသည်ကို ဦးဘသာ အတပ်သိလိုက်သည်။ ထို အခါ ဦးဘသာသည် တဲပေါ်ပြန်တက်ပြီး ပြန်အိပ်နေလိုက်ရပြန် သည်။



သည်လိုနှင့် နှစ်ညလွန်မြောက်ပြီး သုံးရက်မြောက်ညကျ ပြန်သောအခါ ထိုတစ္ဆေလေးများသည် ယခင် နှစ်ညကလိုပင် ဦးဘသာ၏ တဲပေါ်သို့ တက်လာကြပြန်သည်။

"ဟေ့ကောင်လေးတွေ၊ ဘာလဲ ဒီညလည်း ငါ့ယာခင်းထဲ သူခိုးဝင်ပြန်ပလား"

"မဟုတ်ပါဘူး ဘိုးဘိုး"

ကောင်လေးတွေထဲက အကြီးဆုံးဟု ထင်ရသော ကောင်လေးတစ်ယောက်က ဦးဘသာအနား လာထိုင်၍ပြော၏။

"ဒါဆို ဘာလဲကွ၊ နွားဝင်စားနေလို့လား"

"ဘိုးဘိုးယာခင်း ကျုပ်တို့ စောင့်ကြည့်ထားပါတယ်။ ဘယ်နွားမှ ဝင်မစားရပါဘူး"

"ဒါဆို မင်းတို့ ဘာလာလုပ်ကြတာလဲ"

"ဘိုးဘိုးကို လာခေါ်ကြတာ"

"ဟေ ဘာလုပ်ဖို့လဲ"

"ကျုပ်တို့နဲ့ တူတူပုန်းတမ်း ကစားရအောင်လေ ဘိုးဘိုး"

"ကြံကြံဖန်ဖန် မင်းတို့နဲ့ငါက ကစားရအောင် မင်းတို့က ဘာကောင်တွေလဲ"

"ကျုပ်တို့က မှင်စာလေးတွေပါ ဘိုးဘိုး၊ ကျုပ်တို့က ပျင်းနေလို့ပါ။ ဒီလို လသာတဲ့ညတွေမှာ ကစားရတာ သိပ်ပျော်စရာကောင်းပါတယ် ဘိုးဘိုး။ လာပါ၊ ထပါ၊ ကျုပ်တို့နဲ့ တူတူပုန်းတမ်း ကစားရအောင်"

အစကမူ တစ္ဆေလေးတွေဟု ထင်ထားသော ဦးဘသာမှာ

www.burmeseclassic.com

www.burmeseclassic.com



ယခု သူတို့ပြောမှ သူ့ဆီ ညတိုင်းလာကြသော ကောင်လေးတွေ
မှာ မှင်စာလေးတွေဖြစ်မှန်း သိရ၏။

မကြောက်တတ်သော ဦးဘသာသည် နာနာဘာဝမှင်စာ
လေးတွေနှင့် ကစားရမည် ဆိုသောအခါ နည်းနည်းတော့ကြောက်
သွားမိသည်။ ထို့ကြောင့် -

"ဘိုးဘိုးက ယာတစ်ခင်း အသစ်ထွင်နေလို့ သိပ်ပင်ပန်း
နေပါတယ် မြေးတို့ရယ်၊ မကစားပါရစေနဲ့ အိပ်လည်းအိပ်ချင်နေ
ပါပြီကွယ်"

"ဟာ ဘိုးဘိုးကလည်း အစောကြီးပဲ ရှိသေးတယ်။ လာ
ပါ။ မနက်ကျရင် ဘိုးဘိုးထွင်လက်စယာခင်းကို မြေးတို့ အပြီးဝိုင်း
ထွင်ပေးပါ့မယ်။ လာပါ ဘိုးဘိုးရယ် ယာခင်းတစ်ပတ်လောက်
ကစားကြရအောင်ပါ။ နောက်ဆို မြေးတို့က ဘိုးဘိုးယာခင်းထဲ
သူခိုးမလာအောင် နွားဝင်မစားအောင်လည်း စောင့်ရှောက်ပေး
ကြမှာပါ။ လာပါဘိုးဘိုးရယ်။ မြေးတို့က ပျင်းလွန်းလို့ပါ။ ခဏ
တော့ ကစားရအောင်နော် ဘိုးဘိုး"

ဦးဘသာအား မှင်စာလေးတွေက ပြောလည်းပြော
တစ်ဖက်ငါတစ်ဖက် ဦးဘသာလက်ကို ဝိုင်းဆွဲ ခေါ်ကြရာ ဦးဘ
သာမှာလည်း ဘယ်လိုမှ နေမရတော့သဖြင့် မှင်စာလေးတွေနှင့်
တူတူပုန်းတမ်း လိုက်ကစားရသည်။ သို့သော် ကြာကြာမကစား
ရ မှင်စာလေးတွေက -

"နေ့ခင်းက ဘိုးဘိုး ကိုင်းထွင်လို့ ပင်ပန်းနေတယ်
သွားအိပ်တော့။ မနက်ဖြန်ကျရင် မြေးတို့နဲ့ အကြာကြီးက



ကြရအောင် ဘိုးဘိုးထွင်လက်စ ကိုင်းခင်းကို မြေးတို့ အပြီးထွင်
ထားပေးမယ်နော် ဘိုးဘိုး" ဟု ပြောပြီး ဦးဘသာကို ပြန်လွှတ်
ပေးလိုက်ကြသည်။

နောက်တစ်နေ့ မိုးလင်း၍ ဦးဘသာ သူထွင်လက်စ ကိုင်း
ခင်းသစ်ကို လှမ်းကြည့်လိုက်ရာ အမှန်တကယ်ပင် ကိုင်းသစ်မှာ
ခုတ်ထွင်ရှင်းလင်းပြီးသား ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရလေ
သည်။

သည်လိုနှင့် ကညင်ချောင်းနားရှိ မှင်စာလေးတွေနှင့်
အပေါင်းအသင်းဖြစ်ကာ မှင်စာလေးတွေကို ကိုင်းထွင်ခိုင်း၊ လယ်
ဆည်ခိုင်း၊ ချုံရှင်းခိုင်းနှင့် သူက ဘာမှမလုပ်ရဘဲ ဦးဘသာမှာ
ကိုင်းတစ်ခင်းပြီးတစ်ခင်း လယ်တစ်ကွက်ပြီးတစ်ကွက် တိုးပွား
လာသည်။

ရွာသူရွာသားများကမူ ဦးဘသာကြီး နေ့မအား ညမအား
လုပ်နေသဖြင့် ယခုကဲ့သို့ ယာတွေ လယ်တွေ တိုးပွားလာသည်ဟု
ထင်နေကြသည်။ ဤသည်ကို ဦးဘသာကြီးကလည်း မည်သူ့
ကိုမျှ မပြော။ သူ့မိသားစုကိုလည်း ဤကိစ္စ မည်သူ့ကိုမျှ မပြော
ကြရန် လျှို့ဝှက်ထားခဲ့သည်။

နောက် ဦးဘသာကြီး အသက်ခုနစ်ဆယ်ကျော်ရောက်
၍ သူ့သားသမီးများ မှင်စာလေးတွေ လုပ်ပေးသော လယ်ယာ
ကိုင်းခင်းများကို လုပ်စားနေကြပြီး မြေးတွေရလာသည်။ ဦးဘ
သာမြေးတွေမှာ ခပ်တေတေ ခပ်ပေပေများဖြစ်ပြီး အလုပ်ကို
ကောင်းစွာ မလုပ်ကြ။ ခိုင်း၍လည်းမရတော့မှ "ငါ ဟိုတုန်းက

www.burmeseclassic.com

www.burmeseclassic.com



မှင်စာမြေးလေးတွေကို သတိရလိုက်တာ၊ မင်းတို့ကောင်တွေ ငါ့မြေး မှင်စာလေးတွေလောက်မှ အသုံး မကျကြဘူး” ဟု ယောင်မှားစကား ထွက်မိခါမှ ဦးဘသာကြီးက ထိုမှင်စာလေးတွေ အကြောင်း သားသမီးမြေးများကို ပြောပြပြီး သေဆုံးသွားလေသည်။

ဤသည်ကို သူတို့ရွာ၌ ပုံပြင်သဖွယ် သက်ကြီးစကား သက်ငယ်ကြား ပြောလာကြရာ ဦးဘသာကြီး ပုံပြင်ကို ယခု ဦးငပြား၊ မယ်သင်၊ ငအောင်နှင့် သူတို့တဲကို ခဏရောက်နေသော ငယောင်းတို့လည်း ကြားဖူးနေကြသည်။

ထို့ကြောင့် ယခု ဦးငပြား၏ သားငယ် ငပြူးလေး ဦးဖိုးစောတို့၏ သားသမီးများနှင့် သွားကစားသည်ဟု ပြောသောအခါ ငပြူးတစ်ယောက်ကလွဲပြီး အားလုံးတို့မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။ ဦးဖိုးစောတို့ ကြိမ်ခုတ်တဲမှာ ကညင်ချောင်းနှင့် နီးပြီး ဦးဘသာ၏သားသမီးများ လယ်ယာကိုင်းတောနှင့်လည်း မဝေးသောကြောင့် ပိုပြီး စိုးရိမ်သွားကြခြင်း ဖြစ်သည်။

သို့သော်. ကိုးနှစ် ဆယ်နှစ်ရွယ် ငပြူးလေး ကြောက်လန့်ပြီး လိပ်ပြာစဉ်သွားမှာ စိုးသဖြင့် တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်မျက်ခြည်ပြကာ တဲထဲဝင်သွားပြီး သူ့ဘာသာသူ ထမင်းနှူးခပ်စားနေသော ငပြူးလေးကို ထိုကိစ္စ လုံးဝ မမေးကြတော့ပေ။ မယ်သင်ကို ငပြူးနှင့် တဲမှာထားခဲ့ကြပြီး ဦးငပြား၊ ငအောင်၊ ငယောင်းတို့က ဦးဖိုးစောတို့တဲကို ကမန်းကတန်း ပြေးပြီး သွားကြည့်ကြသည်။

ဦးဖိုးစောတို့တဲမှာ အမိုးသက်ငယ်ပျစ်တွေကိုပင် ခွာယူ



ားကြပြီဖြစ်သဖြင့် အမိုးဗလာဖြစ်၍ တွေ့ကြရသည်။ လူကိုမဆို ားနှင့် တဲနားဝန်းကျင်မှာလည်း ခွေးတစ်ကောင် ကြောင်တစ်မြီးမှ ကြပေ။ ထိုအခါမှ ဦးဖိုးစောတို့မှာ လွန်ခဲ့သော လေးငါးရက် ပင် ရွာပြန်ဝင်သွားကြပြီး ယခုအခါ အထက်တောကိုပင် လူစု ကြိမ်ခုတ် ထွက်သွားကြပြီ ဆိုသော ငယောင်း၏ စကားကို အ ည်ပြုကြရသည်။

ဦးငပြားတို့မှာ နောက်တစ်နေ့၌ပင် ခုတ်ရသမျှသော ကြိမ် ကို လှည်းနှင့်တင်ကာ ရွာပြန်ဝင်လာကြ၏။ သို့သော် သူတို့ တ်စော၍ မနက်ကပင် ရွာကိုရောက်နေနှင့်သော ငယောင်း သား၍လားမသိ။ ဦးငပြားတို့မိသားစု ရွာကိုဝင်လာကြသည် အိမ်နားနီးချင်းတွေက သူတို့မိသားစုကို အထူးအဆန်းလို ကြည့်ကြပြီး အလိုက်ကန်းဆိုး မသိတတ်သော မိန်းမသူတစ် က်ကမူ ငပြူးလေးကို စိုက်ကြည့်ပြီး “ဒီမောင်လားဟဲ့ ဖိုးစော တဲဟောင်းမှာ မှင်စာနဲ့ ကစားလာသူဆိုတာ။ အာဂကောင် ပဲ” ဟု ဆိုလိုက်၏။

ထိုမိန်းမသူ၏စကားကို ငပြူးလေးကမူ ဘာမှ မသိသော် း မိဘနှစ်ပါးဖြစ်ကြသော ဦးငပြားနှင့်မယ်သင်တို့မှာမူ ထိုမိန်း မလိုတမာနှင့် မျက်စိပျက်မျက်နှာပျက် ဖြစ်သွားကြသည်။

အမှန်က ဤအဖြစ်အပျက်မှာ ကြိမ်ခုတ်သမားများအ မဟာမြိုင်တောကြီး၏ အစပဏာမသာ ရှိသေးသည်ကို မည် မသိကြသေးချေ။

ဦးငပြားကြီးသည် အများနည်းတူ မဟာမြိုင်တောကြီး၏

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ခုတ်သွားရန် မိမိရွာကိုရောက်သည်နှင့် လူရှာသည်။ ယခ
သူတို့ ကြိမ်ခုတ်တက်ကြမည့် မဟာမြိုင်တောကြီးမှာ ယခင်က
တောစ,လယ်နားယာနားမဟုတ်။ တောနက်ကြီးထဲကို တက်ကြ
မည် ဖြစ်သဖြင့် သူထက်တောကျွမ်းသောသူကို ရှာရသည်။

ထိုအခါ မဟာမြိုင်တောကြီးထဲမှ သစ်ခုတ်၊ သစ်တိုက်
ဝါးဖောင်ချလုပ်ဖူးသူ ဦးသာဖြည့်ကြီးကို အဖော်စပ်ရသည်။ ကြ
ဈေးကောင်းနေသော ကာလ၊ လူကြီးတစ်ယောက်ယောက်၏ ကြ
ခုတ်ဝင်ငွေမှာ တစ်နေ့ ရာချီရနိုင်သဖြင့် ဦးသာဖြည့်ကြီးကလည်
မငြင်း။

"မင်းတို့သားအဖရယ်၊ ငယောင်းရယ်၊ လူမောင်ရယ်
ငါလိုက်ပါ့မယ်" ဟု ကတိစကားဆိုသည်။ လူမောင်မှာလည်း
ခင်က ဦးသာဖြည့်ကြီးတို့နှင့် ဝါးဖောင်ချ လိုက်ဖူးသဖြင့် အတွ
သိ အစဉ်းသိမို့ ပိုအဆင်ပြေသွားသည်။

သည်လိုနှင့် တစ်မနက်ထ ကြက်ဦးတွန်စမှာ လှည်းဆင်
မဟာမြိုင်တောကြီးထဲ သူတို့အဖွဲ့ ကြိမ်ခုတ်ထွက်လာကြလေ၏

* * * * *



မနက်လင်းကြက် မတွန်မီကပင် ရွာမှ ထွက်လာကြသော
တို့ အဖွဲ့သည် လယ်ကွင်း၊ ယာခင်း၊ ကိုင်းတောများကို
ကြသည်။ မဟာမြိုင်တောစကို ရောက်သည်နှင့် မိုးစင်
သည်။ ဤသို့ဖြစ်အောင်လည်း သူတို့သည် အချိန်ကိုက်၍
လာကြခြင်းဖြစ်၏။

ခအောင်ဝေသော တပေါင်းနွေလပင် ဖြစ်သော်လည်း
သဲပြန့်ချောင်းမှ လှည်းကြောင်းဖဲ့ အဆင်းမှာ လှည်းပေါ်
အားလုံး ကျောထဲ စိမ့်သွားကြသည်။ ထို့ကြောင့် ငပြူးလေးက
ယ်ဗျ၊ အဖေတို့ အစ်ကိုတို့ စောင်ထုပ်ဖွင့်ဗျာ အမေရာ"
ပြောလိုက်၏။

"တောက်တီးတောက်တဲ့၊ မင်းတစ်ယောက်တည်း အသက်
မဟုတ်ဘူး၊ ငါတို့လည်း ချမ်းတာပဲ၊ မထုတ်နိုင်ပါဘူး"
ငအောင်က စောင်ထုပ်ကို မျက်စောင်းထိုးပြီး ပြန်ပြော
၏။

ထိုစောင်ထုပ်မှာ သူတို့ မဟာမြိုင်တောကြီးထဲ ရောက်၍
ညအိပ်မှ ခြုံအိပ်ကြရမည့် စောင်ထုပ်ဖြစ်သည်။
"အလုပ်ရှုပ်မယ်၊ အတော်ကြာ နေထွက်လာတော့မှာပဲ
ယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤစကားကိုတော့ ဦးပြေးက ပြော၏။

သူ့အဖေ ပြောလိုက်၍လားမသိ။ ပြေးလေးက နော
ထပ် ဘာမှ မပြောတော့ဘဲ သဲချောင်းထဲဆင်းပြီး ဖုတ်လူးနေ
သော မြေဝတ်ငှက်တွေကို ငေးကြည့်၍ ပါလာသည်။

သဲချောင်းမှာ မိုးတွင်းက ရေပြည့်နေခဲ့သော်လည်း ယ
လို နွေလယ်လမှာတော့ ရေခန်းခြောက်သွားပြီ။ သို့သော် ချော
တစ်လျှောက်လုံး ခြောက်နေသည်တော့မဟုတ်။ တချို့နေရာမှ
တွင် ရေတင်အိုင်ဖြစ်ကာ ခြေမျက်စိသာသာနှင့် တချို့နေရာမှ
တွင် လူကြီးဒူးခေါင်းခန့်ထိ အိုင်ထွန်းကျန်နေသေးသည်။ သူ
လှည်းသည် ထိုကဲ့သို့သော ရေအိုင်ရေခွက်များကိုလည်း ဖြတ်
အပေါ်ချောင်းဖျားဘက် တက်လာကြသည်။

"ကိုကြီးဖြည့် ရှေ့မှာတော့ လှည်းတစ်ကြောင်း တောတ
ရာတွေ့တယ်၊ အဲဒီက ကျုပ်တို့ တက်ကြရမှာလား"

လှည်းမောင်းလာသူ ဦးပြေးကရှေ့တွင် သဲချောင်းမှ တော
တက်သွားသော လှည်းလမ်းကြောင်းတစ်ခုကို လှမ်းမြင်သဖြင့် ဦး
သာဖြည့်ကြီးကို မေးလိုက်သည်။

"မတက်နဲ့ဦးကွ။ ရှေ့မှာ တက်လမ်းတွေ ရှိပါသေးတယ်"

ဦးသာဖြည့်ကြီးကသဲချောင်း ဘေးနှစ်ဘက်ကို အကဲခ
ဝေ့ကြည့်၍ ပြော၏။ သဲချောင်းထဲတွင် ရေခွက်ရေအိုင်များ
ပိုတွေ့လာရသလို ကျောက်ခဲကျောက်လုံးများနှင့် ချောင်းကလည်
ကျဉ်းသထက် ကျဉ်းလာလေသည်။

"ဟော ဟိုမှာ တောကြက်တွေဗျ။ လေးခွယူလာရင် အ



ကို အစ်ကိုတို့ ညစာအတွက် ဟင်းမပူ . . ."

"လူလေး၊ တောထဲတောင်ထဲ စကားမချွန်ရဘူး"

"ဟော့ကောင်၊ မင်းပါးစပ် ပိတ်ထားစမ်း"

ဦးသာဖြည့်၏ စကားကို သံယောင်လိုက်ပြီး ငအောင်က
သည်ကို ပြေးလေးက မကျေမနပ်ကြည့်ပြီး နှုတ်ခမ်းပုံပြ၏။
တော့ သူ့လက်မနှင့် လက်ညှိုးကို လေးခွပုံလုပ်ပြီး ရှေ့မှာမြင်
သော တောကြက်တွေကို လေးခွနှင့်ပစ်ဟန် ရွယ်သည်။ ဤ
ကို သူ့အမေ မေသင်က စကားမပြောဘဲ မျက်နှာထားတင်း
နှင့် ပြေးလက်ကို ဖျတ်ခနဲ ရိုက်ပစ်လိုက်သည်။

ပြေးက သူ့အမေကို ပေစောင်းစောင်း ကြည့်နေစဉ်
င်းတွန်သံနှင့် ကြက်တွန်သံများကို ကြားလာရသည်။ သစ်ပင်
များရှိ ဒေါင်းတို့က နေရောင်ခြည်ကို ဦးစွာမြင်ကြရသဖြင့်
တယ် ဂါထာကို တွန်ကျူးလာကြသည်။

လှည်းမောင်းနေသူ ဦးပြေးနှင့် ဦးသာဖြည့်တို့မှာ အဖွဲ့
ဆောင် လူကြီးများဖြစ်ကြသဖြင့် သဲခြောက်ချောင်းမှ တော
တက်နိုင်သော ကမ်းပါးပြန့်တို့ကို ဝေ့ဝဲ ရှာလာကြသည်။

"ပြေး ဟိုရှေ့ ယင်ရွဲချုံနားရောက်ရင် လက်ယာဘက်
န့်က လှည်းတက်လို့ရပြီကွ။ ဒီနားတစ်ဝိုက် ကြိမ်ပစ်တော
ည်း ရှိတတ်တာပဲ"

"ဟုတ်ကဲ့ ကိုကြီး"

ဦးပြေးသည် နောက်သို့ လှည့်၍ပင်မကြည့်ဘဲ နွားနှ
ကို ကြိမ်တို့လိုက်သည်။ ဦးပြေး၏ နွားနှစ်ကောင်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ' ဆိုကာ ကြိမ်တံမြှောက်ရုံနဲ့ သွားလိုရာ တိမ်ယံရောက်နိုင်သော နွားညီနောင်သည် သဲခြောက်ချောင်းမှ ကမ်းပြန့်အတိုင်း တောထဲသို့ စဆွဲဝင်ကြသည်။

ပြားနှင့်ဂနိုင်၊ မြိုင်နှင့်ရဂုံ၊
စုံနှင့်ဟေဝန်၊ ဟေမံ ဟေမာ၊
ရိုင်းသာဆိုင်ဆိုင်။ အင်တိုင်းစေးပျစ်၊
တောချည်းဖြစ်၏။

ဟူသော တောကြီး ဆယ်မျိုးတို့တွင် လေးငါးမျိုးပါဝင်သော သူတို့၏ ပြားနှင့်ဂနိုင်တောကြီးကား ဤနေရာကစ၍ ဦးသာဖြည့်ကြီးတို့ အဖွဲ့ကို မှိုင်းပျမှုန်ရီ ဆီးကြိုနေပေတော့သည်။

သူတို့၏နွားလှည်းသည် အောက်ခြေရှင်းသော အင်တိုင်းတောထဲ ဖြတ်မောင်းလာကြ၏။

ထိုစုံခွင်မှာ ရွက်ကြင်ရွက်ဟောင်း ကျကြွေပြောင်း၍ တပေါင်းနွေဦး လေရူးဝေ့စိုက် ဟူသကဲ့သို့ မြေပြင်မှရွက်ကြွေခြောက်များကို နွားတက်နင်းသံ၊ လှည်းဘီးတက်ကြိတ်သံ၊ သစ်ရွက်ကြွေသံ၊ ပျဉ်ကတိုးစေ့ ကြွေကျသံတို့က တဖြောက်ဖြောက် မြည်နေကြသည်။ တောထဲတောင်ထဲ မရောက်ဖူးသူများဆိုလျှင် တောခြောက်တာလား၊ တစ္ဆေခြောက်တာလားဟုပင် ထင်စရာ။

ထို့ကြောင့်လည်း တောနက်ထဲ မရောက်ဖူးဘူးသော ငပြုံးလေးက လည်ပင်းကြောထောင်ကာ မျက်စိပြူး မျက်ဆန်ပြူးနှင့် သူ့အမေ မေသင်ကို လက်ကုတ်ပြီး မျက်နှာကို တစ်ချက်ဖျတ်ခနဲကြည့်သည်။ ဤသည်ကို မေသင်ကလည်း အထာပေါက်သည်။



"ဘာမှမဟုတ်ဘူးသား၊ လေတိုးလို့ သစ်ရွက်ကြွေသံရယ်၊ ပျဉ်းသီးတွေ နေပူလို့ကွဲတာနဲ့ ပျဉ်းစေ့တွေကြွေကျသံပါ"

"ဟုတ်လား အမေ၊ ကျုပ်တို့ အပြန်မှာ ပျဉ်းစေ့တွေ ကောက်သွားပြီး အိမ်ရောက်မှ လှော်စားကြရင်ကောင်းမယ်"

"မင်း ဘယ်မှာ ပျဉ်းစေ့ စားဖူးလဲ"

"အမယ် ဘိုးလေးတို့ တောင်ယာစပ်က ပျဉ်းစေ့တွေ ကြွေရင် ဘွားဘွားက ကောက်လှော်ကျွေးတာကော"

"အေး ဟုတ်တယ်ဟ၊ ငါမေ့နေလို့"

ငပြုံးအစ်ကို ငအောင်၏ စကားကို သူ့အမေ မေသင်က ပြုံးသည်။ ဦးပြားနှင့် ဦးသာဖြည့်တို့မှာကား သူတို့စခန်းချ၍ကောင်းမည့် နေရာကိုသာ ရှာကြည့်ရင်း လှည်းပေါ် တိတ်တိတ်ဆိတ်ဆိတ် ပါလာကြသည်။ ငယောင်းနှင့် လူမောင်တို့ကမူ သူတို့မိသားစုကြားထဲ စကားတစ်ခွန်းမှ ဝင်မထောက်ကြ။ ဥဩသံ ဒေါင်းတွန်သံတို့ကို ကြားရ၍ ရွာတွင်ကျန်ခဲ့ကြသော သူတို့၏ သားမယားများကိုပင် သတိရနေကြသည်လားမသိ။ အတွေးကိုယ်စီနှင့် ငြိမ်၍လိုက်လာကြသည်။ လူမောင်၏မိန်းမမှာ ကိုယ်ဝန် ငါးလခြောက်လနှင့် ကျန်ခဲ့သဖြင့် သတိရမည်ဆိုကလည်း ရစရာပင်။

သည်လိုနှင့် အင်တိုင်းတောထဲ လှည်းဖြတ်မောင်းလာ၍ ဆယ်မိနစ်ခန့် အကြာမှာ လှည်းက ရှေ့ဆက်သွား၍မရတော့။ ချုံနွယ်ပိတ်ပေါင်း တွေနှင့် တောရှုပ်လာ၏။ နေကလည်း ထန်းတစ်ဖျားနီးနီး မြင့်တက်လာပြီး အင်တောထဲ နေပြောက်တွေ ကျလာသည်။ ထို့ကြောင့် ထိုနေရာမှာပင် လှည်းရပ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လှည်းရပ်လိုက်သည်နှင့် လှည်းပေါ်က ထမင်းထုပ်န ပစ္စည်းပစ္စယများကို ချကြသည်။ ပစ္စည်းချပြီးသည်နှင့် ဦးပြေးက

"ကဲ မေသင်၊ နင်တို့ ပြန်ကြတော့၊ တို့လာလမ်း မှတ် တယ်မဟုတ်လား။ လှည်းလမ်းကြောင်း အတိုင်းပဲနော်" ဟု ဦး ပြေးကပြောလိုက်၏။

"အဖေ၊ ကျုပ် အဖေတို့နဲ့ နေချင်တယ်ဗျာ။ အဖေ သုံးလေးရက်ကြာလို့ ကြိမ်လာပို့တော့မှ ရွာပြန်လိုက်မယ်လေ"

"မင်းက ဘာအသုံးကျလို့ ဒီမှာနေခဲ့မှာလဲ"

ငအောင်စကားကို အားလုံးက ဝိုင်းရယ်လိုက်ကြသည်။

"ဘာအသုံးကျရမလဲ ခင်ဗျားတို့ စားသောက်ဖို့ လေး သာပါရင် တောကြက်ပစ်ပေးလို့ရတယ်ဗျ၊ သိလား"

"အာဂကောင်ပဲ"

ဟုသော သဘောနှင့် လူမောင်နှင့် ငယောင်းတို့က ပြေ လေးကို အေးတိအေးစက် မျက်နှာနှင့် ငေးကြည့်နေကြသည်။

"နောက်တစ်နှစ် နှစ်နှစ်ဆို သားလေးက အဖေတို့ ကြိမ်ခုတ် အတူလိုက်ရတော့မှာပါကွာ၊ မပူပါနဲ့။ ခုတော့ လူလေး က ငယ်သေးတယ်။ ကဲတက်တက် လှည်းပေါ်တက်၊ မင်းအမေနဲ့ ရွာပြန်လိုက်သွားဦး၊ အဖေတို့ ရွာကို ကြိမ်လာပို့မှ ခေါ်မယ်နော်"

ဦးပြေးက သူ့သားငယ် ပြေးကို ချော့မော့၍ လှည်းပေါ် ရွှက်တင်ပေးသည်။

"ဘယ်တော့ လာပို့မှာလဲ အဖေတို့ကြိမ်က"

"မကြာပါဘူးကွာ၊ နောက်လေးငါးရက်ပေါ့။ ကဲ အချိန်



ဘူး၊ လူလေးအမေနဲ့ လိုက်သွားလိုက်ပါနော်"

ဤစကားကိုတော့ ဦးသာဖြည့်ကပါ ဝင်ချော့ပြောရ၏။ ကောင်လေး ပြေးမှာ တောယဉ်သူဖြစ်ရာ ဤကောင်ဆိုးလေး ာပြောတောင်ပြော ပြောနေတာနှင့် တောစည်းတောင်စည်း က်တော့မည်ကို စိုး၍ ဦးသာဖြည့်က ဝင်ပြောရ၏။

"မေသင် ဒီနေရာတော့ နင် မှတ်မိပါတယ်နော်၊ နောက် ြိမ်တိုက်လာရင်"

ဟူသောစကား မဆုံးမီမှာပင် ပြေးလေးက တစ်ခါ -

"အဖေ ကျုပ်လည်း ကြိမ်တိုက် လိုက်လာမယ်နော်" ဟု ြာရင်း သူ့အမေနှင့်အတူ လှည်းပေါ် ပြန်ပါသွားလေသည်။

မေသင်နှင့်ပြေးလေးတို့ ပြန်သွားကြသည်နှင့် ဦးပြေး အဖွဲ့မှာ ညအိပ်ရန် လင့်အိမ်ကို ချက်ချင်း အမြန်ဆုံး ထိုးကြ ည်။ သစ်ဝါးပေါသော နေရာဖြစ်သော်လည်း လင့်အိမ်ဆောက် သည်မှာ တစ်ရက်တည်းနှင့် မပြီးနိုင်ပေ။ ထို့ကြောင့် ရွာက ပါလာကြသော ထမင်းထုပ်ကိုပင် နေ့လယ်တစ်နာရီကျော်ကျော် ောက်မှ စားဖြစ်ကြသည်။

မေသင်တို့ကတော့ ဤအချိန်ထိ နေကြလိမ့်မည်မဟုတ်။ လေးက ဆာသည်ဟု ပူဆာသည်နှင့် ချောင်းခြောက်သဲသောင် စ်နေရာရာများ ထမင်းစားကြလေမလား၊ သို့မဟုတ် သဲချောင်း တက် ယာဟောင်း ဖုန်းဆိုးတောရောက်မှ စားကြလေလိမ့်မ ဟု ဦးပြေးက သူ့မိန်းမနှင့် သားလေးကို သူတို့တောထဲ င်းစားကြစဉ်က သတိရလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့ မေသင်နှင့် ပြေူးလေးတို့သည် ကြိမ်ခု အဖွဲ့အား မဟာမြိုင်တောထဲ ပို့ထားခဲ့ကြပြီး အပြန်မှာ သူတို့ ရန် ထုပ်လာသော ထမင်းထုပ်ကို ထိုမနက်က မစားလိုက် ထမင်းတစ်နပ် ဝေ်သွားကြသည်ကို ဦးပြောနှင့် ကြိမ်ခုတ်သ များကား မဟာမြိုင်တောထဲ ကြိမ်ခုတ်၍ တစ်ပတ်ခန့် အ ကြိမ်တစ်စီးတိုက်စာရ၍ ရွာကို လှည်းသွားဆင့်ကြသောအ သိရလေသည်။

ထို့ကြောင့်လည်း မေသင်နှင့်ပြေူးတို့မှာ ကြောက်ပြီး ကြ တိုက်လာခေါ်သော လူမောင်နှင့် မဟာမြိုင်တောကြီးထဲ မလိ ဝံ့ကြတော့ဘဲ ရွာသားတစ်ယောက်ကိုသာ လူမောင်နှင့် ကြိမ်တို ထည့်လိုက်ကြလေသည်။ သူတို့သားအမိ ဖြစ်ရ ကြုံခဲ့ရသည်

ဦးပြောနှင့် ကြိမ်ခုတ်အဖွဲ့အား မဟာမြိုင်တောထဲ ထားခဲ့ကြပြီး မေသင်နှင့် ပြေူးလေးတို့ သားအမိနှစ်ယောက်သ လာလမ်းအတိုင်း လှည်းလမ်းကြောင်းကို ကြည့်ပြီး လှည်း မောင်းလာကြသည်။

အင်တောအဆင်းတွင် မေသင်က လှည်းကို ဂရုစိုက် မောင်းချလာသည်။ အချိန်မှာ နေမွန်းတည့်တော့မည်။ သဲခြော ချောင်းထဲ ရောက်၍ လှည်းကို လာလမ်းလှည်းဘီးရာအတိုင်း မောင်းလာကြရာ ချောင်းထဲက ရေအိုင်တစ်ခုရှေ့ ရောက်လာ ၏။ ထိုအချိန်မှာပင် ခြူသံတလွင်လွင်နှင့် လှည်းတစ်စီး ချော ခြောက်အတိုင်း သူတို့ဘက်သို့ တက်လာနေသံကို ကြားရသည်

ကြားစကမူ သူတို့လိုပင် မဟာမြိုင်တောကြီးထဲ ကြိမ်ခု



နဲ တက်လာကြသော လှည်းတစ်စီးဟု မေသင်က ထင်လိုက် သည်။ သဲခြောက်ချောင်းမှာ ချောင်းဖျား ချောင်းကျဉ်းဖြစ်သဖြင့် မေသင်စိတ်ထဲက သူတို့မျက်နှာချင်းဆိုင်မှ လာနေသော လှည်း ကို ဘယ်ကွေ့တွင် လှည်းရပ်ပြီး ရှောင်ရလျှင် ကောင်းမည်နည်း ဟုပင် တွေးမိလိုက်သည်။ ထို့ကြောင့်လည်း ကွေ့တွင် မျက်နှာ ချင်းဆိုင် ဆုံမိပါက အလွယ်တကူ တိမ်းရှောင်ရန် သတိထား မောင်းလာသည်။

သို့သော် ခြူသံတလွင်လွင်နှင့် ကြိမ်ခုတ်တက်လာသော လှည်းမှာ သူတို့လှည်းရှေ့ တောတော်နှင့် ရောက်မလာ။ သို့သော် ခြူခလောက်သံကမူ ပိုကျယ်လာသလိုပင်။ ထို့ကြောင့်လည်း မေ သင်က လှည်းနှစ်စီး ရှောင်ရန်အတွက် သူ့လှည်းကို ပို့ပြီး ဂရုစိုက် မောင်းလာမိသည်။

မကြာပါချေ။ ခြူသံကြားရသော လှည်းသည် သူတို့လှည်း ရှေ့ ရောက်လာ၏။ လှည်းပေါ်ကလူတွေကို မြင်လိုက်ရသော အခါ မေသင်မှာ အံ့ဩသွားသည်။ လှည်းပေါ်တွင် မိန်းမသူနှစ် ယောက်သာပါ၏။ အရွယ်ကလည်း အပျိုအရွယ်လေးတွေ။ နှစ် ယောက်စလုံးမှာ သနပ်ခါး အဖွေးသားနှင့် ခေါင်းတွင် ပန်လာ ခဲ့ကြသည့် ပန်းတွေမှာလည်း တစ်ခေါင်းလုံး ပြည့်လျှံနေသည်။ ပြီးတော့ ဝတ်ဆင်လာလိုက်ကြသည်မှာလည်း ရွှေအပြည့် ငွေအ ပြည့်။ ဝတ်ကောင်းစားလှတွေနှင့်၊ ဘုရားပွဲ သွားကြသည့် အတိုင်း ။

မေသင်က သူ့လှည်းကို ချောင်းကမ်းပါးဘက် ကပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်သည်။ အတက်လှည်းကို ဦးစားပေးရမည်မှာ ဓမ္မတ ဖြစ်သည်။ ထိုစဉ် ပြေးလေးက -

"မမသန်းတို့ ဘယ်သွားကြမလို့လဲဗျ။ ကျုပ်တို့တော့ ဖေတို့ကို ကြိမ်ခုတ် ပို့ထားခဲ့ပြီး ပြန်လာကြတာလေ" ဟု လှ ပြောလိုက်၏။

ပြေးလေး လှမ်းနှုတ်ဆက်သဖြင့် မေသင်က လှည်းပေါ် ရှိ မိန်းကလေးနှစ်ယောက်ကို သေသေချာချာ လှမ်းကြည့်လိုက် ကျောထဲမှာ ကြက်သီးထသွားသည်။ သူ့သားလေးပြေး လှမ်းနှု ဆက်သော မိန်းကလေးနှစ်ယောက်မှာ တစ်ယောက်မှ သူတို့အိမ် နားက မေသန်းတို့ ညီအစ်မ မဟုတ်ကြ။ ထိုစဉ် လှည်းပေါ် မိန်းကလေးတစ်ယောက်က -

"ငါတို့ ဘုရားပွဲ သွားကြတာလေ မောင်လေး၊ မမတို့ လိုက်မလား ဟား . . . ဟား . . . ဟား . . ." ဟု အကျယ်ကြ ရယ်လိုက်ကြကာ သူတို့လှည်းနားက ကပ်ပြီး ချောင်းဖျားဘက် လှည်းမောင်း တက်သွားကြသည်။

ဤသည်ကိုပင် ပါးစပ် အငြိမ်မနေတတ်သော ပြေးလေ က - "ဘာဘုရားပွဲလဲဗျ၊ မမသန်း" ဟု လှမ်း မေးဖြစ်အော မေးလိုက်သေးသည်။

အကယ်၍ သူတို့အိမ်နားက မေသန်းနှင့်မေလှတို့ ညီအ မယားသိုလျှင် မေသင်ကို နှုတ်မဆက်ဘဲ သွားကြမည်မဟုတ်။ တို့ညီအစ်မမှာ မေသင်ကို ဘယ်နေရာတွေ့တွေ့ "ကြီးကြီးမေ ဘယ်လဲ၊ ဘယ်ကပြန်လာတာလဲ" ဟု မေးနေကျ။ ယခုတော့ သူ



ဘာကောမှမဆိုဘဲ ပြေးကမေးတော့မှ ဘုရားပွဲဟု ပြောကြသည်။ ဤတောဤတောင်ထဲ ဘယ်ဘုရားမှမရှိ။ ပြီးတော့ မေသင်တို့ ဝင်တလျှင် မေသန်း၊ မေလှတို့မှာ ဆင်းရဲ နွမ်းပါးကြသည်။ ရွှေ တွေ ညွတ်နေအောင် ဝတ်လာနိုင်ကြဖို့ မဆိုထားနှင့် ရွာမှာ လှူအတန်းရှိ၍ ညီအစ်မနှစ်ယောက် အတူသွားကြတော့မည် လျှင်ပင် ဟိုလှူအိမ် သည်လှူအိမ် အဝတ်ငှားတတ်ကြသည်။

ယခု သူ့သား ပြေးက ဘယ်လိုဖြစ်လို့ မမသန်းဟု လှမ်း နှုတ်ဆက်သည်ကို မေသင်မှာ ပို၍ ကြက်သီးထသွားမိသည်။ ကြောင့် လှည်းကိုသာ မြန်မြန်မောင်း၍ ချောင်းအောက်ဖက် ဆင်းလာရင်းက

"ဟဲ့သား၊ ဘယ်က မမသန်းလဲ" ဟု သူ့သားပြေးကို မေး လိုက်မိသည်။

"အမေကလည်းဗျာ။ ဘယ်က မမသန်းရမလဲ ကျုပ်တို့ အိမ်နားက မမသန်းနဲ့ မမလှကိုတောင် အမေ မသိတော့ဘူးလား" ဆိုလိုက်သော အခါမှာတော့ မေသင်မှာ ပို၍ မျက်လုံးပြူးသွား သူ့သားကိုပင် ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားလေသည်။ တွေလား တစ္ဆေမှင်စာတွေလား၊ တစ်ခုခုတော့ တစ်ခုခုပဲဟု မိကာ အကြောက်ကြီး ကြောက်သွားမိသည်။

သို့သော် သူ့သားအား ထပ်မေးမိလျှင် သူ့သားပြေးပါ ကြောက်သွားမှာစိုးသဖြင့် လှည်းကိုသာ အမြန်နိုင်ဆုံး မောင်းပြီး ချောင်းအောက်ဘက် ဆင်းလာရသည်။ မကြာပါချေ။ နောက်တင် နွားလှည်းတစ်စီး ခြူသံတလွင်လွင်နှင့် ချောင်းဝ အောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



မှ တက်လာသံကို ကြားလိုက်ရပြန်သည်။ ဤတစ်ခါတော့ မေသ
မှာ အကြောက်လွန်ပြီး နွားနှစ်ကောင်ကို ယောင်ယောင်မှား
နှင့် ကြိမ်တို့မိလိုက်သည်ထိ ဖြစ်သွားလေသည်။

နွားခြူသံက ပိုနီးလာသည်။ လှည်းကိုသာ မမြင်ရ
သော်လည်း ခုပင် မျက်နှာချင်းဆိုင် ဆုံမိကြတော့မလောက်
ခလောက်သံတွေက နီးလာသည်။ သို့သော် စောစောကလို လှ
လမ်း ဖယ်ပေးရန်လည်း သတိမရ။ ချောင်းခြောက်ထဲက ကု
တက်လမ်းဘက်ကိုသာ မြန်မြန်ရောက်အောင် မောင်းချလာ
သူ့သား ပြူးကိုလည်း "သား . . လှည်း . . လှည်းပေါ်မှာ ရွာ
ဘယ်သူတွေ့တွေ့ လှမ်း နှုတ်မဆက်ရဘူးနော်" ဟု သတိ
ပြောလိုက်ရသည်။

နေခင်းကြောင်တောင်ပင် ဖြစ်သော်လည်း မေသင်
စိတ်မှာ ဆောက်တည်ရာမရ ဖြစ်နေပြီ။ ဤသည်ကို ရိပ်မိပုံ
သော သူ့သားပြူးက "ဘာဖြစ်လို့လဲ မေမေ" ဟု ပြန်မေးနေ
သည်။

"ဘာဖြစ်ဖြစ်ဟာ တောမှာတောင်မှာ ကိုယ့်အချင်း
တောင် လှမ်းနှုတ်မဆက်ကောင်းဘူးဆိုတာ နင်မသိဘူးဟုတ်လ
ဒီတစ်ခါ ရွာက အသိတွေတွေ့လည်း နှုတ်မဆက်ရဘူးနော်၊ နှ
ဆက်လို့ကတော့ ဒီမှာတွေ့လား" ဟု ပြောပြီး နှင်တံ တံဖျာ
ကိုင်လှုပ်ပြလိုက်ရသည်။ ထိုအခါမှ ပြူးကလည်း နှုတ်ဆိတ်သ
၏။ သို့သော် လှည်းမောင်း တက်လာသံကိုတော့ ကြားမြပင်

"အမေ ကျုပ် ထမင်းဆာပြီဗျ။ ခုလောက်ဆို ကိုကြီး



တို့တောင် စားပြီးကြလောက်ပြီ။ ရှေ့ကရေအိုင်နားရောက်
ထမင်းစားကြမယ်ဗျာ။ နေတောင် မွန်းတည့်တော့မယ်" ဟု
အမေကို စိတ်ကောက်သွားသည့် လေသံနှင့်ပြော၏။

"ကုန်းတက် ရောက်တော့မယ်လေ သား၊ ကုန်းတက်
ကတော့ နင့်အဘိုးလေးတို့ ယာဟောင်းနားရောက်ရင် စား
ာပေါ့" ပြူးလေး ကျေနပ်အောင် ကမန်းကတန်း ပြော
ရ၏။

ထိုအချိန်ထိလည်း ချောင်းခြောက်အတိုင်း မောင်းတက်
သော နွားလှည်းမှာ သူတို့ရှေ့ ရောက်မလာသေး။ သို့သော်
လောက်သံနှင့် လှည်းထောက် ဝင်ရိုးအီသံတို့ကို ကြားနေရ
၏။

ထိုအခါ မေသင်က သူတို့လိုပင် ကြိမ်ခုတ်သမားများကို
မြိုင်တောထဲ သွားပို့ပြီး ပြန်လာကြသော လှည်းလားဟု တစ်
တွေးမိလိုက်ပြန်သည်။ ထိုအခါ ကြောက်စိတ်တော့ နည်း
ပြသွား၏။ သို့သော် သူတို့လှည်း ချောင်းခြောက်ထဲမှ ကုန်း
ယာဟောင်းတွေနားသာ ရောက်လာကြသည် ခြူသံပေး၍
သော လှည်းကိုကား လုံးလုံးမမြင်လိုက်ရ။ သူတို့လှည်း
ခြောက်ထဲက တက်လာပြီး ယာဟောင်းနား အရောက်မှာ
လုံးလုံး ပျောက်သွားလေသည်။

ထိုအခါမှ မေသင်က နေ့ခင်းကြောင်တောင်တွင် တစ္ဆေ
မန်း သိလိုက်ရသည်။ ထို့ထက် အံ့သြစရာ ကောင်းလိုက်
တော့ ယာဟောင်းနားရောက်၍ ထမင်းစားကြရန် ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ထုပ်ကို ဖြေလိုက်ကြသောအခါ ထမင်းထုပ်ထဲတွင် ထမင်းဆို၍ ကား တစ်စေ့တစ်လေပင် မရှိတော့ပေ။ ထိုအခါမှ ပြေပြုလေးက လည်း အံ့သြတကြီးနှင့် -

"ဟင်အမေ ကျုပ်တို့ ထမင်းထုပ်ထဲက ထမင်းတွေကော ဗျ" ဟု ငိုသံပါကြီးနှင့် မေးသည်။

"ဟိုဟို ကာလနာ နှစ်ကောင်က ထမင်းတွေယူထားလိုက် ကြပြီး အမေတို့ကို သက်သက် နောက်လွှတ်လိုက်ကြတာ နေမှာ ပေါ့သားရယ်။ အိမ်ရောက်မှ စားတော့ လူလေးရယ်"

ဟု ပြောကာ မေသင်မှာ ရှာဘက်သို့သာ နွားလှည်းကို အပြင်း မောင်းပြေးလာရလေသည်။

ဤတစ်ခါတော့ ပြေပြုလေးကလည်း ငေးငိုင်သွားသည်။ သူ့စိတ်ထဲမှာ ယောင်းနှင့် ဦးလေးလူမောင်တို့က သူ့အမေနှင့် သူ့အတွက် ထုပ်ယူလာသော ထမင်းထုပ် နှစ်ထုပ်ထဲက ထမင်း တွေကို ထုတ်ယူထားလိုက်ပြီး နောက်မည်ဆိုက သူမြင်ရမည်။ ထမင်းထုပ်ထဲက ထမင်းများကို ထုတ်ယူပြီး နောက်ရန်လည်း ဘယ်လိုမှ အချိန်မရ။ လှည်းမောင်းမရနိုင်သည့် နေရာ ရောက် သည်နှင့် ချက်ချင်းလှည်းရပ်ပြီး လှည်းပေါ်ကချကာ သူတို့ ပြန် လာကြသည်သာ။

ဤသည်ကို ပြေပြုလေးက ဘယ်လို သံသယ ဝင်သွားသည် မသိ။

"အမေ မဟုတ်သေးဘူးထင်တယ်ဗျ။ ကိုကြီးယောင်း နဲ့ ဦးလေးလူမောင်တို့ နောက်တယ် . . ."



ဟူသော စကားမဆုံးမီမှာပင် လယ်ကွင်းနား ရောက် ကြရာ မေသင်က -

"နောက်နောက် မနောက်နောက် နင့်ကို စကားမရှည်ပါ လို့ ပြောနေတယ်မဟုတ်လား၊ တောစကားတောပျောက်၊ တောင် ား တောင်ပျောက်ဆိုတာ နင်ကြားဖူးတယ် မဟုတ်လား။ ရွာ က်ရင် မေသန်းတို့ကို တွေ့ခဲ့ရတယ် ဆိုတာရယ်၊ ထမင်းထုပ် က ထမင်းတွေကို ယောင်းနဲ့ လူမောင်တို့ နောက်ထားလိုက် လို့ လမ်းမှာ ထမင်းငတ်လာကြတယ် ဆိုတာရယ်ကိုပါ ဘယ် မပြောရဘူးနော်။ ငါပြောတာ ကြားလား"

ဟု ပြောလိုက်တော့မှ ပြေပြုလေးက -

"အေးပါ အမေရာ" ဟု ဆိုလေသည်။

ခဏ အကြာမှာပင် မေသင်နှင့် ပြေပြုတို့သည်လည်း ရွာ လှည်းမောင်း ဝင်လာကြလေ၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



မဟာမြိုင်တောကြီးထဲ ကြိမ်ခုတ်ရန် ရောက်နေကြသော ဦးငပြားတို့ အဖွဲ့မှာ လူလေးငါးယောက်စာ အိပ်သာနေသာသော လင့်အိမ်ကို အရင်ဦးဆုံး တည်ဆောက်ကြသည်။ လင့်အိမ်၏အမြင့်မှာ လူကြီးနှစ်ရပ်ခန့်မြင့်သည်။ ဤသို့မြင့်မြင့် ဆောက်ကြရခြင်းမှာ မဟာမြိုင်တောကြီးထဲ၌ လူကိုအန္တရာယ်ပြုတတ်သော ကျား၊ ဝံ၊ မြွေ၊ ကင်းများ ပေါများသဖြင့်ဖြစ်သည်။ သူတို့ဆောက်လုပ်သော လင့်အိမ်မှာ အမာခံသစ်ပင်လေးပင်၏ ခွကြားကို ထုပ်လျှောက် ဒိုင်းမြားတင်၍ ဆောက်ကြခြင်းဖြစ်သည်။ လင့်အိမ်အောက်ရှိ သစ်ပင်ချုံနွယ်များကိုလည်း ခုတ်ထွင် ရှင်းလင်းထားရသည်။

လင့်အိမ် ဆောက်ရသည်မှာ သစ်ဝါးကြိမ်နွယ် ပေါသောအရပ်ဖြစ်သဖြင့် အခက်အခဲ မရှိပေ။

လင့်အိမ်အောက်တွင် နေ့ညမပြတ် မီးရှို့နေရန် အနီးဝန်းကျင်မှ လဲကျနေသော သစ်တုံးခြောက်များကို ထမ်းရွှေ့၍ မီးဖိုထားရ၏။ လင့်အောက်တွင် တောတိရစ္ဆာန်များ ကြောက်တတ်သော မီးဖိုကြီးရှိနေသလို လင့်အိမ်ပေါ် လူအိပ်ရာဘေး၌လည်း မီးဖိုလေး တစ်ဖိုကို ဖိုထားရသည်။ ဤသည်မှာ ညရေးညဥ့်တာအတွက်ဖြစ်သည်။



ထိုမီးဖိုလေးမှာ ကြမ်းခင်းပေါ် အင်ဖက်ခင်းပြီး ထိုအင်ဖက်စိမ်းပေါ်တွင် ချောင်းထဲက နွံ့စေး သဲခြောက်တွေကို တင်ကာထားခြင်းဖြစ်သည်။ လင့်အိမ်တိုင်ဖြစ်သော သစ်ပင်လေး၏ ဝည်ကိုင်းခက်များတွင် ရေကျည်တောက်၊ လွယ်အိပ်၊ ပေါက်တံ၊ စားအိုးစားခွက်နှင့် ငါးပိဆားများ၊ ရိက္ခာပလုံးတောင်းများ ဆွဲချိတ်ထားကြသည်။

ထို့နောက် လင့်အိမ်ပေါ်တက်ရန် ကြက်တက်လှေကား ခုကို ဝါးနှင့် အပေါ်ပါးဆုံး လုပ်ကြရသည်။ ထိုကြက်တက်လှေကားမှာ ညနေ ထမင်းဟင်း စားသောက်ပြီး၍ လူတွေအား လင့်စင်အိမ်ပေါ် ရောက်ကြသည်နှင့် ထိုကြက်တက်လှေကား ချင်ကို လင့်အိမ်ပေါ် ဆွဲတင်ထားရသည်။ ထိုလှေကားကို ဆွဲတင်ထားလျှင် ထိုထောင်ထားသော ကြက်တက် လှေကားမှ တောင်းဆိုးဝါးများနှင့် ငါးပိငါးခြောက်နံ့ ရသောအခါ တောရစ္ဆာန် ကြောင်၊ မျောက်၊ ရှဥ့် စသည် မြွေပါးကင်းပါး တက်ကြမှာစိုး၍ ဖြစ်သည်။

ရောက်စနေ့က နေ့ဝက်နှင့် အကြမ်းတည်ဆောက်ပြီးသော လင့်အိမ်ပေါ်တွင် ထိုတစ်ညတော့ ဖြစ်သလိုအိပ်လိုက်ကြသည်။ သို့သော် မီးချုပ်သည်နှင့် ပိုးကောင် မွှားကောင်များ ထွက်၍ အစာရှာတတ်ကြသော ညငှက်များ မြည်တွန်သံနှင့် မျောက်သံ၊ ကျားဟစ်သံ၊ ဝံအီသံ၊ ခွေးအ,အူသံ၊ တောခွေးများ လိုက်ကြသံတို့နှင့် တစ်တောလုံး တစ်တောင်လုံးညံစီနေရာ တွင်မှာ မေးပျော်လိုက် ပြန်နိုးလိုက်နှင့် တောအထာမကျသေး

www.burmeseclassic.com



ဘဲ ကြွက်အိပ်ငှက်အိပ်သာ အိပ်ကြရသည်။

နောက်တစ်နေ့မှာ လင့်အိမ်ကို အချောသတ်ပြီး လင့်အိ
ဝန်းကျင်ကို ရှင်းလင်းပြီးမှ ကြိမ်ရှာ ထွက်ကြရသည်။ ယနေ့တွေ့
သော ကြိမ်ပြစ်တော ကြိမ်ပုတ်များမှ ကြိမ်တစ်ပင်စီကို ခုတ်ယ
လာကြခြင်း သင်္ကေတမှာ ဤကြိမ်ပြစ်တော ဤကြိမ်ပုတ်များ
ဦးစွာ တွေ့ထားသူ ရှိနေပြီး မနက်ဖြန် ဆက်ဆက် လာခုတ်
တော့မည်ဆိုသော အသိအမှတ်ပင်။

ထိုသို့ ပြုလုပ်ထားခဲ့လျှင် သူတို့ဝန်းကျင်၌ ကြိမ်ခုတ်
ရောက်နေကြသော အခြားအခြားသော ကြိမ်ခုတ်အဖွဲ့များက
ကြိမ်ပြစ်တော၊ ကြိမ်ပုတ်များကို မခုတ်ကြတော့ပေ။ ဤသည်မှာ
တောစည်းတောင်စည်း အလုပ်ခွင် စည်းကမ်းဖြစ်သည်။

နောက်တစ်နေ့ရောက်၍ မနေ့က တွေ့ထားခဲ့ကြသော
ကြိမ်ပြစ်တော ကြိမ်ပုတ်များ ရှိရာသို့ ဦးသာဖြည့်၊ ဦးပြော၊
ယောင်းနှင့် လူအောင်တို့ ကြိမ်ခုတ် ထွက်လာကြသည်။

သူတို့အထဲတွင် အသက်အရွယ် အငယ်ဆုံးဖြစ်သော
အောင်ကမူ တဲစောင့် ထမင်းဟင်းချက် ကျန်ခဲ့ရ၏။ ငအော
၏တာဝန်မှာ လင့်တဲပတ်ဝန်းကျင်မှ ဟင်းသီးဟင်းရွက်နှင့် စမ်း
မှ ကျောက်ပုစွန်၊ ကဏန်း ငါးသေးသေးများကို ရှာကြံကာ ည
နက် ထမင်းချက်ရမည်ဖြစ်သည်။

ထမင်းထုပ် ကိုယ်စီနှင့် နံနက်စောစော ကြိမ်ခုတ်ထွ
ကြသော ဦးသာဖြည့်တို့ အဖွဲ့သည် မနေ့ကတွေ့ထားခဲ့ကြသော
ကြိမ်ပြစ်တော၊ ကြိမ်ပုတ်နှင့် မနီးမဝေး အရောက်မှာပင် သူ



ယောက်၏ ခြေလှမ်းများမှာ တိုင်ပင်မထားကြဘဲ တုံ့ခနဲ ငြိုင်
ရပ်သွားကြသည်။ အကြောင်းမှာ -

တောတိုးလာသံ၊ တောပြိုလာသံလို အသံတစ်ခုကို လေး
ောက်စလုံး ကြားနေကြသဖြင့် ဖြစ်သည်။ သူတို့ လေးယောက်
ည် ခြေလှမ်းရပ်၍ နားစွင့်လိုက်ကြ၏။ အစကမူ တောခွေး
သားကောင် လိုက်လာကြသော အသံများလားဟု ထင်လိုက်
သေး၏။

သို့သော် တောခွေးများ သားကောင်လိုက်လာကြသံ
တ်သည်မှာ ထင်ရှားလှသည်။ တောခွေးများ သားကောင်
်လာကြသံ၊ တောတိုးသံဆိုလျှင် မြေပြင်ကသာ ကြားရမည်။
သူတို့ကြားနေရသော အသံမှာ မြေပြင်မဟုတ်။ အပေါ်သစ်
ားထက်မှ ဖြစ်သည်။

ထိုအခါ တောကြီးထဲ လေဆင်နှာမောင်း ဝင်ဝှေ့တာလား
ငြိမ်းကျလာတာလား ဟူသော အထင်နှင့် တစ်တောလုံး တစ်
ါ တသောသော မြည်လာသံဘက်ကို အထိတ်တလန့် လှမ်း
နေကြသည်။

တဝေါဝေါ မြည်လာသံမှာ ပိုကျယ်လာပြီး တစ်တောလုံး
်လာသံလို အသံနက်ကြီး မြည်ဟီးလာသည်။ ထိုအသံ၏
ားချက်မှာ ပုံတင်မပြန်ဘဲ တစ်သမတ်တည်း တစ်ကြောင်း
တစ်နေရာက မြည်ဟီးလာနေသံပင်။

လူလေးယောက်မှာ မှင်တက်မိကာ ဘာသံပါလိမ့်ဟု အ
ားရာဘက် မှင်တက်မိ ငေးကြည့်နေကြစဉ် မဟာမြိုင်တော

www.burmeseclassic.com



ကြီးတစ်ခုလုံးမှာ နှင်းရိပ်နှင်းမှုံများနှင့် မှိုင်းတိုက်လာသလို ငို
သွားသည်။ စောစောက သစ်ပင်ကိုင်းခက် ရွက်လက်ရိုးတံကြ
ထိုးဆင်းဖြာကျနေသော နေရောင်ခြည် အစက်အပြောက် အ
တန်းများကိုလည်း ချက်ချင်း မမြင်ရတော့။ အရာအားလုံးသ
တစ်ခဏချင်း မှုန်ဝါးသွားသည်။

ဘယ်လိုဖြစ်ပါလိမ့်ဟု ငယောင်းနှင့် လူအောင်တို့က
ကြီးဖြစ်သူ ဦးပြားနှင့် ဦးသာဖြည့်တို့ မျက်နှာကို လှည့်ကြည့်
သည်။ သို့သော် ဦးသာဖြည့်နှင့် ဦးပြားတို့မှာလည်း ဘာမှ
သိသဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် ဖျတ်ခနဲ ကြ
မိကြပြန်သည်။ အသံကြီးကမူ ပို၍ ကျယ်လာသဖြင့် သူတို့
ယောက်ထဲတွင် အသက်အရွယ် အငယ်ဆုံးဖြစ်သော ငယော
က -

"ဘကြီးဖြည့် ဘာလဲဟင်၊ တောခြောက်တယ်ဆိုတာလ

ဟု ထိတ်ထိတ်လန့်လန့်နှင့် မေးလိုက်၏။ တစ်ဆက်တ
မှာပင် ငယောင်းသာမဟုတ် လူအောင်ကလည်း -

"ဟင် . . . ဦးလေးပြား၊ ဘာသံကြီးလဲဗျ၊ တစ်တော
လည်း ချက်ချင်း မှောင်သွားပါပကော"

ဟု အသံ တုန်တုန်ယင်ယင်နှင့် မေးမိလိုက်ပြန်၏။
အချိန်ထိလည်း လူကြီးနှစ်ယောက်မှာ လူငယ်နှစ်ယောက်အ
ကို ဘာဖြေရမှန်းမသိ။ အသံကြီးမြည်ဟည်းလာသံဘက်ကို
ပါးစပ် အဟောင်းသားနှင့် ငေးကြည့်နေကြတုန်း။

ထိုအချိန်မှာပင် သူတို့နှင့် ဝါးလေးငါးပြန်ခန့်အကွာ



ဆိုင်အောက် သစ်ပင်ကြိုသစ်ပင်ကြားထဲတွင် လူတစ်ယောက်
တ်နီးပါးရှိ မည်းမည်းလုံးလုံး နှင်းခဲလိုလို တိမ်လိုလို အလုံးအခဲ
က အသံကြီး မြည်ဟည်းလာသံဘက်မှ တစ်လုံးပြီးတစ်လုံး
လာကြပြီး လွင့်မျောသွားနေကြသည်ကို မြင်နေကြရပြန်သည်။

"ကိုကြီးဖြည့် ပျားကြီးတွေ အသိုက်ပြောင်းလာတာ လား

ဤစကားကို ဦးသာဖြည့်အား ဦးပြားက မျက်နှာလှည့်
ည့်၍ မေး၏။

ဦးပြား ဤစကားကို မေးခြင်းမှာ တောထဲ တောင်ထဲ၌
ကြီးခေါင်းများကို လူလာဖွပ်၍ စည်းပေါက်ကာ ပျားကြီးများ
သိုက်ပြောင်းသည်ကို ကြုံဖူးသဖြင့် သူထင်ရာကို မေးခြင်းဖြစ်
သည်။

ဦးပြား ထင်မည်ဆိုကလည်း ထင်စရာပင်။ ပျားကြီးများ
သည် လူသား စွန့်ရဲများ သူတို့အုံကို လာ၍ဖျက်ဆီးခဲ့ရပြီ ဆိုလျှင်
ထိတ်တလန့်နှင့် အသိန်းအသန်းမကသော ပျားကောင်များသည်
ခင်းပြေးရင်းနှင့် တစ်ကောင်ပေါ် တစ်ကောင်တက်ကာ အလုံး
ဖြစ်ပြီး သစ်တောထဲတွင် ဟိုအပင်ကပ်နီး ဒီအပင်ကပ်နီးနှင့်
စ်တောထဲ လွင့်မျောနေတတ်ကြသည်။ ထိုသို့လွင့်ပြီး သစ်ခေါင်း
မ သို့မဟုတ် သူတို့စွဲကပ်နိုင်သော သစ်ခွ၊ သစ်ကိုင်းကြီးများကို
တော့မှ တစ်အုံပြီးတစ်အုံ ဝင်ကပ် စွဲခိုတ်တတ်ကြသည်။

ရာသီမှာလည်း လူများ ပျားဖွပ်ရာသီနှင့် စွန်သတ်ရာသီ
ရာ ဦးပြားအထင်မှာ ဖြစ်နိုင်ခြေရှိ၏။ တစ်တောလုံး အမှ

www.burmeseclassic.com

www.burmeseclassic.com



တောင်လုံး မှုန်ဝါးသွားလောက်အောင် တောထဲ.တောင်ထဲ၌ မြူ ကျတတ်သည်မှာလည်း တစ်ခါတစ်လေ ဖြစ်တတ်သော သဘာဝပင်။

ထို့ကြောင့် ဦးသာဖြည့်က ဦးပြေး၏ အမေးကို -

"အေးကွ၊ ပျားကြီးများ အသိုက် ပြောင်းကြတာလား" ဟု စေ့ခွဲမရသံနှင့် ဆိုလိုက်၏။

တောတောင်ထဲရှိ ပျားများ နေရာပြောင်းကြသည်မှာ အကြောင်းသုံးခုရှိသည်။ ပထမတစ်ခုမှာ သူတို့အုံကို လူများ လာဖွပ်၍ ဖြစ်သည်။ ဒုတိယတစ်ခုမှာ သူတို့အုံကို စွန်ရဲများ သတ်ခံရ၍ ဖြစ်သည်။ တတိယမှာ ပျားနှင့်အင်တွဲပွေ့ညှက်ကောင် များ အအုံအသိုက်လုပြီး ပျားများ ထွက်ပြေးရခြင်းဖြစ်သည်။

ရာသီရင့်၍ ပျားအုံထဲရှိ ပျားသလက်မှ ပျားကောင်များ အဆီရည် တည်ချိန်ဆိုလျှင် စွန်ရဲများသည် သစ်တောင် ဝဲပျံကာ ပျားအုံများကို လိုက်ရှာကြသည်။ ပျားအုံကိုတွေ့လျှင် မိုးပေါ်မှ ထိုးဆင်းလာပြီး ပျားအုံပေါ်ရှိ ပျားကောင်ငယ်များ အတောင်ပံနှစ်ဖက်နှင့် ရိုက်ဖယ်လိုက်ကာ အထဲက ပျားသလက် ကို ကိုက်ချီ စားသောက်တတ်ကြသည်။ သူတို့၏ ပျားသလက် ပျားသူငယ်များကို ကိုက်ချီသွားသော စွန်ရဲများနောက်ကို အသက် အသန်းမကသော ပျားကောင်များမှလည်း ဝိုင်းလိုက်ကိုက် တတ် တတ်ကြသည်။ သို့သော် ပျားများ၏ အတောင်ပံမှာ ပါးပါးလွှာ လွှာလေးဖြစ်ရာ စွန်ရဲများလို လေပြင်းဒဏ်ကို မခံနိုင်ကြသဖြင့် အောက်သို့ ပြန်ဆင်းပြေးလာကြရသည်။ စွန်ရဲများကမူ မိုးထက်



အာကာသထဲက လေပြင်းဒဏ်ကို ခံနိုင်ကြသည်။ ထို့ကြောင့် သည်း မိုးပေါ်မြင့်မြင့် တက်ပြေးရင်းနှင့်ပင် ပျားသူငယ်များကို ပုံရင်း စားပစ်လိုက်ကြသည်။ ကုန်သွားလျှင်နောက်တစ်ကြိမ်လာ၍ တိုက်ခိုက်ကြပြန်သည်။ ဤသို့အကြိမ်ကြိမ် တိုက်ခိုက် လုယက်ခြင်းကို ခံရသောအခါ ပျားအုံပျက်၍ ပျားကောင်များမှာ အသိုက်အအုံ ပြောင်းပြေးကြရလေသည်။

ပွေ့ညှက်ကောင်များ ပျားအုံကို တိုက်ခိုက်သည်မှာတော့ ပျားသူငယ်များကို စားရန်ထက် သစ်ခေါင်းကို ဝင်လုခြင်းဖြစ်သည်။ ပွေ့ညှက်ကောင်များမှာ ပျားထက် အကောင်သေးသော်သည်း အဆိပ်ပြင်းသဖြင့် ဘယ်ပျားကမှ ပွေ့ညှက်ကောင်ကို ခံမတိုက်ရဲကြပေ။ ထို့ကြောင့်လည်း ပျားစွဲနေသော သစ်ခေါင်းများကို တောလည်၍ ရှာကာ ပျားကောင်များကို ကိုက်သတ်မောင်းထုတ်ပြီး ပျားခေါင်းထဲ၌ သူတို့အိမ်ဖွဲ့ကြ၏။

ယခု ဦးသာဖြည့်တို့အဖွဲ့ မြင်နေကြရသော အလုံးအခဲများမှာ ပျားများကို စွန်သတ်၍ သို့မဟုတ် ပွေ့ညှက်ကောင်များ မောင်းထုတ်လိုက်၍ ပြေးလာကြခြင်းလား ဆိုသည့် အထင်နှင့် ငေးကြည့်နေကြစဉ် တဖြည်းဖြည်းနှင့် တစ်တောလုံး တစ်တောင်လုံး ပြန်လင်းလာကာ မြည်သံများလည်း တိတ်သွားသည်။

ထိုအခါ သစ်ပင်ကြို သစ်ပင်ကြား တဝဲလည်လည် ဖြစ်နေကြသော မည်းမည်းအလုံးများလည်း ပျောက်သွားသည်။

ထို့ကြောင့်လည်း ဦးသာဖြည့်တို့အထင်မှာ မှန်နေသလိုပင်။ တစ်တောလုံး တစ်တောင်လုံး ဆူညံလာသံမှာ အသိမ်းအ

www.burmeseclassic.com



သန်းမကသော ပျားကောင်များ၏ တောင်ပံခတ်သံဟု ထင်လို
ကြသည်။ သို့သော် အမှန်တကယ်သာ ပျားများအုံအသိုက် ပြော
ပြေးလာကြလျှင် တစ်ကောင်နှင့်တစ်ကောင် တိုးတိုက်မိ၍ သေ
ကျန်ခဲ့သော ပျားကောင်များနှင့် မသေမရှင် ခြေကျိုးအတော
ကျိုး ပျားကောင်များကို မြေပြင်၌ တွေ့ကြရမည်မှာ အမှန်
ဖြစ်သည်။

ယခုမူ မြေပြင်၌ သေကျန်ခဲ့၊ မသေမရှင်ကျန်နေခဲ့သော
ပျားကောင်ဆို၍ တစ်ကောင်တစ်မြီးကိုမျှ မမြင်ရပေ။

ထိုအခါ လင့်အိမ်ထဲ၌ ကျန်နေခဲ့သော ငအောင်များ
စုံတစ်ခု အမှားအယွင်းများ လုပ်မိ၍ တောတိုက်ခံရတာလား
သော အတွေးကို လူကြီးနှစ်ယောက်က တွေးမိလိုက်ကြပြန်သည်

သို့သော် သူတို့ပတ်ဝန်းကျင်ရှိ တောတောင်တို့မှာ ပက
ပုံမှန်အတိုင်း ဖြစ်သွားသဖြင့် သူတို့လေးယောက်သည် မနေ
တွေ့ထားခဲ့ကြသော ကြိမ်ပြစ်တောကို ဦးစွာခုတ်ကာ ညနေ
စောင်းကြီးတွင် လင့်အိမ်တဲသို့ ကြိမ်ထမ်းပြီး ပြန်လာကြလေသည်

လင့်အိမ်တဲနား ရောက်သည်နှင့် ဦးသာဖြည့်နှင့် ဦး
ပြားတို့သည် ခုတ်ထမ်းလာကြသော ကြိမ်လှိုင်းကိုပင် ပခုံးပေါ်
မချကြသေးဘဲ လင့်အိမ်တဲအောက်တွင် ထမင်းဟင်း ချက်ပြု
နေသော ငအောင်ဆီ အကြည့်ရောက်သွားကြသည်။

ထမင်းအိုး မွှေနေရာက သူတို့ပြန်လာကြသည်ကို လှ
ကြည့်၍ ငအောင်က မတ်တတ်ထရပ်လိုက်သည်။ ထိုအခါ ယော
မနှင့်ထမင်းအိုးမှာ တန်းလန်းဖြစ်နေ၏။ ဤသည်ကို လှမ်း



သော သူ့အဖေ ဦးငပြားက -

"ဟေ့သား၊ ထမင်းအိုးနဲ့ ယောက်မကို အဲသလိုကြီး မ
ထားပါနဲ့ကွ" ဟု လှမ်းပြောလိုက်၏။

အမှန်မှာ တောမတက်ကြမီကပင် တောထဲတောင်ထဲ၌
မည်သို့မည်ပုံ ချက်ပြုတ်ရမည်။ မည်သို့နေရမည် ဆိုသည်ကို သူ့
အဖေနှင့် ဦးသာဖြည့်တို့က သင်ကြား မှာထားပြီးသား။ သို့သော်
တစ်ခါတစ်ခါ လူငယ်ပီပီ သတိလွတ်၍ အမှုမဲ့ အမှတ်မဲ့ လုပ်မိ
တတ်သည်။

ယခု တောထဲရောက်နေသည်မှာ သုံးရက်နှင့်နှစ်ညသာ
ရှိသေးသဖြင့် တောအထာမကျသေး။ သတိထားရင်းက စိတ်လွတ်
ကိုယ်လွတ် လုပ်မိတာရှိသည်။ ငအောင်မှာ ဆယ့်လေးငါးနှစ်သား
အလေးအရွယ်သာ ရှိသေးသဖြင့် တစ်နေ့လုံး လင့်အိမ်ထဲ၌ တစ်
ယောက်တည်း နေရသည်ကို စိတ်ထဲ တစ်မျိုးကြီးခံစားနေရသည်။
သိပ်မကြာသော်လည်း သူ့စိတ်ထဲ လုံခြုံမှုမရှိသလို ခံစားနေရ၏။

ထို့ကြောင့် သူ့အဖေက လှမ်းပြောလိုက်သောအခါ ဦး
သာဖြည့်နှင့် သူ့အဖေတို့ တောမတက်မီကပင် မှာကြားထားသော
စကားများကို ချက်ချင်း သတိရလိုက်၏။

"တောထဲ တောင်ထဲမှာ ထမင်းဟင်း ချက်ပြုတ်ရင် ထ
မင်းအိုးနဲ့ ယောက်မကို တန်းလန်းကြီးမထားရဘူး။ ဇွန်းနဲ့ပန်း
ကန်ကိုလည်း တပ်မထားရဘူး။ အိုးဖုံးတွေကို ပက်လက်မထား
ရဘူး။ ထင်းကို ဒူးခေါင်းနဲ့ ကလန့်ပြီး မချိုးရဘူး။ ရေအိုးနဲ့ရေ
ခွက်ကိုလည်း တန်းလန်းကြီးမထားရဘူး။ သက်မဲ့ အရာဝတ္ထုတွေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စကားမပြောရဘူး။ လာ ထမင်းစားကြမယ်ဟု အကျယ်ကြ
အဝေးကလူကို လှမ်းမခေါ်ရဘူး" ဟု ပြောထားကြသည်။

"တောမှာ တောင်မှာ လာဗျို့ ထမင်းစားကြမယ်" ဟု
ဗျိုးဟစ်ခေါ်လျှင် မကောင်းဆိုးဝါး နာနာဘာဝ သရဲသဘက်မှ
ဝင်စားတတ်သည်ဟု အယူရှိကြသည်။ ထို့ကြောင့်လည်း တော
မှာတောင်မှာ တစ်ယောက်နှင့်တစ်ယောက် ခေါ်လျှင်လည်း နာ
မည်ကို ထုတ်မခေါ်ရ။ နာမည်ကို ထုတ်ခေါ်လျှင် မကောင်းဆိုးဝါး
များက နာမည်ကိုသိသွားပြီး ညကျလျှင် ထိုသူအား ဥပါယ်တံမျဉ်
တစ်ခုခုအကြောင်းပြုပြီး လိမ်ခေါ်တတ်သည်ဟု ဆိုသည်။

ထို့ကြောင့် တောမှာတောင်မှာ တစ်ဦးနှင့်တစ်ဦးခေါ်
လျှင် "ဟေး . . ဝေး" ဟု ခေါ်ရသလို ထူးသူကလည်း "ဝေး . .
ဝူး . . . ဟေး" ဟုသာ ထူးရသည်။

သက်မဲ့ ဟုဆိုသော ထမင်းချက်သောအခါ "ဒီထမင်း
အိုးကလည်း ဆူခဲလိုက်တာ၊ နပ်ခဲလိုက်တာ" ဟု မညည်းရ။ ထို
ညည်းလျှင် ထိုထမင်းဟင်းတို့သည် တကယ်ပင် မနပ်မကျက်
နူးတော့ဟု ဆိုသည်။

သူ့အဖေ လှမ်းပြောလိုက်မှ ဤသည်တို့ကို သတိရသွား
သော ငအောင်သည်ချက်ချင်းပင် ယောက်မကို ကမန်းကတန်း
ကောက်ကိုင်ပြီး ထမင်းအိုးကို မွှေရသည်။ ထိုအခါမှ သူ့အဖေ
အားလုံးတို့ကလည်း ထမ်းရွက်လာသော ကြိမ်စည်းများကို ပ
ပေါ်က ချကြသည်။

သူတို့ထမ်းလာကြသော ကြိမ်ပင်ဖျားမှ ကြိမ်ခါးဖူးမျာ



ကို ဖြတ်ပြီး ညနေ တို့စရာအဖြစ် မီးဖုတ်ကြသည်။

သို့သော် ကြိမ်ခုတ်ရာက ပြန်လာသော လူကြီးလေး
ယောက်၏စိတ်ထဲမှာ နေ့ခင်းနေ့လယ်က ငအောင်တစ်ခုခု မ
တော်မတည့် လုပ်မိ၍များ သူတို့ တောခြောက်ခံကြရလေသလား
ဟုသော အတွေးကို တွေးမိနေကြတုန်း။

သို့သော် ငအောင်ကိုတော့ သူတို့တောထဲ၌ တောခြောက်
ခံလာခဲ့ကြရသည်ကို မည်သူကမျှ ငအောင်ကို မပြောကြ။ တော
စကား တောပျောက်၊ တောင်စကား တောင်ပျောက် ဆိုသည့် အ
တိုင်းပင် နှုတ်ပိတ်နေကြသည်။

ဤသည်မှာ ငအောင်ကြောက်ပြီး လင့်တဲအိမ်ထဲ မနေရဲ
မှာစိုး၍ မပြောဘဲ ထားကြသလို ပြောရိုးထုံးစံလည်း မရှိ။ ဤအ
ကြောင်းများကို သူတို့သည် နောက်တစ်နှစ် သို့မဟုတ် ရွာပြန်
ရောက်မှ ငအောင်လေးကို နောက်နှစ်နောင်ခါ ထိုသို့မဖြစ်စေရန်
ပြောပြကြပေလိမ့်မည်။

သို့သော်လည်း ယခု ငအောင် ချက်ပြုတ်နေသည်ကိုတော့
အမှားအယွင်း မရှိရလေအောင် သတိထားပြီးအကဲခတ်ကာ မသိ
မသာ ကြည့်နေကြသည်။ ယခင်နေ့များကမူ ကြိမ်ခုတ်လည်း မ
ထွက်ကြသေးသဖြင့် ထမင်းဟင်းချက်ရာ၌ အားလုံး ဝိုင်းကူလုပ်
ကြ၏။ ယခုအခါမူ လူကြီးတွေမှာ နေ့စဉ် ကြိမ်ခုတ်ထွက်ကြရ
တော့မည် ဖြစ်သဖြင့် ငအောင်မှာ နေ့စဉ်နေ့တိုင်း ထမင်းဟင်း
ချက်ရတော့မည်။ ထိုအခါ မတော်မတည့် မလုပ်မိရန် အရေးကြီး
လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် ညနေ ရေမိုးချိုး ထမင်းစားခါနီး၌ တောထ
စံအတိုင်း အသက်အရွယ် အကြီးဆုံးဖြစ်သူ ဦးသာဖြည့်က စား
စားဖျားကို ယခင်နေ့များကလို တင်မြှောက်သည်။ တောပိုင်
တောင်ပိုင် များကိုလည်း တောင်းပန်သည်။ ဦးသာဖြည့် ထိုကိ
လုပ်ပြီးမှ အားလုံး လင့်အိမ်တဲအောက်၌ ညနေစာ ထမင်း
စားကြသည်။

သူတို့ ထမင်းစားသောက်ပြီးသည်နှင့် နေလုံးကလည်
အနောက်တောထဲ ငုတ်လျှိုးသွားရာ အပေါ်အပါးသွားပြီး လင့်အိ
တဲပေါ်ကို အငယ်ဆုံးငအောင်က စ,တက်ရသည်။ ပြီးမှငယော
လူအောင်နှင့် ဦးငပြားတို့ တက်ကြရ၏။ ဦးသာဖြည့်ကမူ လင့်
အိမ်အောက်ရှိ မြေပြင်ကို တုတ်တစ်ချောင်းနှင့် ဝိုင်းပတ်ကာ စည
ချသည်။ ဤသည်မှာ လုပ်ရိုးလုပ်စဉ် နေ့စဉ်လုပ်နေကျဖြစ်သည
မြေပြင်တွင် တုတ်နှင့် စည်းချဝိုင်းဖြစ်သော်လည်း အမှန်တက
မှာမူ မြေပြင်၌ အရာပင် မထင်ပေ။ လုပ်ရိုးလုပ်စဉ်သဘော
လုပ်ခြင်းသာ။

သစ်ကြီးဝါးကြီးနှင့် စိမ့်ပြစ်တော ဖြစ်သဖြင့် ဦးသာဖြ
လင့်တဲပေါ် တက်လာချိန်မှာ မှောင်စပြုနေပြီ။ ဦးသာဖြည့်သ
သူ လင့်တဲအိမ်ပေါ် ရောက်သည်နှင့် အရှင်ထောင်ထားသေ
ကြက်တက်လှေကားငယ်ကို လင့်တဲအိမ်ပေါ် ဆွဲတင်ထားလို
သည်။ ထိုအချိန်ကစ၍ မည်သူမျှ မဆင်းရတော့။

ဦးသာဖြည့် လင့်တဲအိမ်ပေါ်ရောက်၍ မကြာမီမှာပ
ပိုးကောင်မွှားကောင်များသည် ဟိုကသည်က မြည်လာကြသည



ထို့နောက်မှာ ညငှက်များ မြည်သံ၊ ထို့နောက်မှာ ချေဟောက်သံ၊
တတ်တစ်သံ၊ ဝံအီသံများကိုလည်း သူတို့လင့်တဲအိမ်နား ဝန်းကျင်
ကြားလာရသည်။ ယခု တောထဲတွင် နှစ်ညလွန်မြောက်ပြီး
သုံးညသို့ပင် ရောက်နေကြပြီဖြစ်ရာ ဤအသံများမှာ ယခင်နှစ်
ညကလည်း ကြားနေကျမို့ သူတို့အတွက် ရိုးနေလေပြီ။ ထို့ကြောင့်
သူတို့သည် မောမောနှင့် လင့်တဲအိမ်ပေါ်တွင် အိပ်နေကြသည်။

သူတို့ မည်မျှ အိပ်ပျော်သွားကြသည်မသိ။ သူတို့လင့်တဲ
အိမ်နှင့် ကပ်လျက်က ကျားဟိန်းသံကြီး တစ်ခုကြောင့် သူတို့လန့်
နိုးလာကြသည်။ တောဘုရင်ဖြစ်သော ကျားကြီးဟိန်းလိုက်သံ
ကြောင့် ညဦးကပင် တစီစီတညံညံ မြည်တွန်နေကြသော တော
တိရစ္ဆာန် အားလုံးတို့၏ အသံများမှာ ချက်ချင်း တိုင်ပင်ထား
ကြသလို အားလုံး တိတ်ဆိတ်သွားကြသည်။ တိတ်ဆိတ်သွားသည်
ချောက်ချားစရာ ကောင်းလောက်အောင် တိတ်ဆိတ်သွား၏။
တစ်ကောင်တစ်မြီးသော တောတိရစ္ဆာန်ကမှ အသံမထွက်ရဲကြ
တော့။

ယခင်နှစ်ညကမူ သူတို့လင့်အိမ်တဲနှင့် အတော်ဝေးဝေး
သော ကြားမိကြသောကျားဟိန်းသံမှာ ယခု နီးနီးကပ်ကပ် သူတို့
လင့်တဲအိမ်နားလာ၍ မြည်နေသောအခါ သူတို့မှာ ပြန်အိပ်မ
ပျော်နိုင်ကြတော့။ ကျားကြီးကလည်း သူတို့ လင့်တဲအိမ်ကို လှည့်
ပတ်၍ ဟိန်းဟောက်နေ၏။ ကြားနေရသော အသံမှာ နီးနီးနား
နား ညဦးက ဦးသာဖြည့် စည်းချဝိုင်းထားခဲ့သော စည်းပြင်နား
လာ၍ မြည်ဟိန်းနေသလို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



တောကြမ်း၍လား၊ ငအောင်လေးပဲ မဆင်မခြင် တစ်စုံတစ်ခု မတော်မတည့် လုပ်မိ၍လား ဆိုသည်ကိုတော့ မည်သူမျှ တပ်အပ်သေချာ မသိကြ။ လင့်တဲအိမ်အောက်တွင် မီးဖိုကြီးတစ်ဖို ရှိနေသော်လည်း ဤမျှ ရဲတင်းစွာ အနီးကပ် လာမြည်နေသည်ကိုတော့ ယခင်က တောထဲတောင်ထဲ တစ်ခါမှ မကြားဘူး မကြုံဘူးခဲ့ကြသဖြင့် လူတွေမှာ ပိုကြောက်လာကြသည်။ ကျားကြီး၏ ဝေါင်းခနဲ ဝေါင်းခနဲ တစ်ချက်တစ်ချက် မြည်ဟိန်းလိုက်သံမှာ မြေပြင်တစ်ခုလုံး တုန်သွားပြီး ချက်ချင်းပင် လင့်တဲအိမ်ပေါ် ခုန်တက်လာတော့မလား ထင်ရသည်။

ငအောင်နှင့်ငယောင်းတို့မှာ တောအတွေ့အကြုံကလည်း မရှိကြသေးသဖြင့် ပိုကြောက်နေကြသည်။ အကယ်၍ ကြက်တက်လှေကားလေးကိုသာ အပေါ်ဆွဲမတင်ထားမိလျှင် ထိုကြက်တက်လှေကားကပင် ကျားရဲသတ္တဝါကြီး လင့်အိမ်တဲပေါ် ချက်ချင်းတက်လာတော့မလား ထင်ရလောက်အောင် အနီးကပ် လာမြည်ဟိန်းဟောက်နေသည်။

ဤသည်ကို ဦးသာဖြည့်က မည်သို့မည်ပုံ ထင်လိုက်သည် မသိ၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို တိုင်တည်ကာ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်ဖတ်နေသည်။ ဦးသာဖြည့် ရွတ်ဖတ်၍လား၊ မီးဖိုကြီးကြောင့်လား၊ စည်းချထား၍လားတော့ မသိ။ ကျားရဲကြီးသည် လင့်တဲအိမ်ကို သုံးလေးပတ် လှည့်ပတ်အော်မြည် ဟိန်းဟောက်ပြီးသောအခါ တောနက်ဘက်သို့ မြည်ဟိန်းပြီး ထွက်သွားသည်။



ကျားကြီး ထွက်သွားချိန်မှာ သန်းခေါင်ပင် နီးနေပြီ ထင်၏။ တဖြည်းဖြည်း ဝေးသွားသော ကျားဟိန်းသံအစား လင့်ိမ်တဲနား ဝန်းကျင်တွင် မကြာမီ ညဦးကလို ပိုးမွှားတိရစ္ဆာန်တို့ မြည်သံက ညံစီလာပြန်သည်။ ထိုပိုးကောင်မွှားကောင်များ၏ ည်သံများမှာ ပကတိ တောသဘာဝ၏ အသံ ဆိုသည်ကိုတော့ သာဖြည့်တို့ အဖွဲ့က သိထားကြသည်။

အထူးသဖြင့် လသာညတွင် လေးလေးမှန်မှန် သံနေသံ ားနှင့် မြည်တတ်သော ဇီးကွက်များ မြည်သံနှင့် ဒီးဒုတ်ကြီးတို့ ဟောက်သံက ဦးသာဖြည့်တို့ အဖွဲ့အား "ခင်ဗျားတို့ အိပ်ကြ တော့၊ စိတ်ချလက်ချသာအိပ်ကြတော့။ ကျားစေဦးလဲကြီး နောက် သာတော့ပါဘူး" ဟု သတိတရ ပြောကြား အော်မည်နေသလို ်။ ထိုအခါမှ ဦးသာဖြည့်တို့ အဖွဲ့မှာလည်း စိတ်ချလက်ချ န်အိပ်ရကြတော့သည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



ဤနေ့ည ဦးသာဖြည့်တို့အဖွဲ့ ညနေစာ ထမင်းစားပြီ
လင့်အိမ်ပေါ် လူစုံရောက်ချိန်မှာ တောထဲ၌ မှောင်စပြုနေပြီ။ ထ
အချိန်မှာပင် လူတစ်ယောက်၏ ခေါ်သံကို လင့်တဲအိမ်နှင့်
လေးငါးပြန်လောက် အကွာက ကြားကြရသည်။ ကြားစကမူ မည်
သူ့ကို ခေါ်မှန်းမသိ။ သဲသဲကွဲကွဲလည်းမဟုတ်။ အသံကလည်
မပီမသ။ ထို့ကြောင့် ညကြီးမိုးချုပ် ဘယ်သူ့ကိုများ ခေါ်နေ
လိမ့်ဟု အားလုံး နားစွင့်ထားမိကြသည်။

တောစည်းတောင်စည်းအရ ဤလို အချိန်မျိုး၌ ဝေးဝေး
လှမ်းလှမ်းက မည်သူ့ကိုမျှ မခေါ်ရ။ ယခု သူတို့ကြားနေရသေ
အသံမှာ "ဟေး . . . ဝေး . . . ဝေး" ဟူသော တောစည်းတော
စည်းနှင့်လည်း မညီ။ တစ်စုံတစ်ယောက်၏ နာမည်ကို ထု
ဖော် ခေါ်နေသလိုပင်။ ထို့ကြောင့် သူတို့ပိုပြီး နားစွင့်ကာ တ
ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ထိုအချိန်မှာပ
ဝေးဝေးလှမ်းလှမ်းက ခေါ်နေသံမှာ သူတို့နှင့် နီးသထက်နီးလ
၏။

"လူအောင် . . . လူအောင် . . ."

ဤတစ်ခါတော့ အားလုံး မျက်လုံးပြူးသွားကြသည်
ကာယကံရှင် လူအောင်မှာမူ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွ



က မျက်နှာမှာ သွေးပင်ဆုတ်သွားသလား ထင်လိုက်ရလေ
သည်။ ထို့ကြောင့်ပင် ထင်၏၊ လူအောင်က လှုပ်ရှားလိုက်သော
အခါ ဦးသာဖြည့်က စိုးရိမ်တကြီးနှင့် လူအောင်ပါးစပ်ကို လက်
နှင့် ချက်ချင်း လှမ်းပိတ်ထားလိုက်သည်။

ဤသည်ကို လူအောင်က "ဘကြီး ကျွန်တော်သိပါတယ်။
ထူးပါဘူး" ဟု ဦးသာဖြည့်ကို လေသံတိုးတိုးနှင့် ပြော၍ ဦးသာ
ဖြည့်လက်ကို ဖယ်ရှားလိုက်သည်။

ထိုအခါ ဦးသာဖြည့်ကလည်း -

"မင်း မထူးလိုက်နဲ့နော်၊ မထူးလိုက်နဲ့။ ဘာမှန်းလဲ မသိ
"

ဟု တိုးတိုးသတိပေးပြန်၏။ ကျန်လူသုံးယောက်ကမူ ပါး
အဟောင်းသားနှင့် အသံကြားနေရာဘက် လှမ်းကြည့်ကာ
တ်ထိတ်လန့်လန့် ဖြစ်နေကြသည်။

"လူအောင်၊ လူအောင်"

ခေါ်သံကမူ ရပ်မသွား။ ဆက်၍သာ ခေါ်နေ၏။ အသံ
ကြားရာဘက် လှမ်းကြည့်ကြတော့လည်း မှောင်နှင့်မည်းမည်း ဖြစ်
၍ သစ်တောကြီးထဲ ဘာမှ မမြင်ကြရ။ အသံကမူ လေးလေး
န်နှင့် ဆက်ခေါ်နေတုန်း။

သို့သော် တစ်ခု ထူးခြားသည်မှာ စောစောကသာ သူတို့
နီးလာသည်ဟု ထင်သောလည်း ယခုထိ သူတို့အနား ရောက်
။ ခေါ်နေသံမှာလည်း တစ်နေရာတည်းမှ မဟုတ်ဘဲ တောင်
က်ကလိုလို၊ မြောက်ဘက်ကလိုလို၊ အရှေ့ဘက်ကလိုလို၊

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်ကလိုလို ဖြစ်နေရာ "ဘယ်ဘက်ကပါလိမ့်" ဟု
တို့ ပိုပြီး ဂရုစိုက်နားစွင့်မိကြသည်။

"လူအောင် . . ၊ လူအောင် . ."

ဟု တောင်ဘက်က ကြားလိုက်လျှင် လူအောင်နှင့်
အားလုံးလူ၏ မျက်နှာက တောင်ဘက် လှည့်ကြည့်မိကြသ
မြောက်ဘက်က ကြားပြန်လျှင် တိုင်ပင်မထားဘဲ အားလုံး
နှာဖတွေက မြောက်ဘက် လှည့်ကြည့်မိကြပြန်သည်။ သို့သော်
ရပ်လေးမျက်နှာက လှည့်ပတ် ခေါ်နေသံကိုသာ ကြားကြ
အကောင်အထည်ကိုကား မမြင်ကြရ။ လဆန်းလ၏ လရောင်
လည်း သစ်တောထဲ ထိုးဖောက် ကျမလာသေး။ သစ်တော
ရွက်အုပ်ကြီးဖြစ်သဖြင့် လဆန်းလေးငါးရက် လရောင်ထိုး၍လ
သစ်တောထဲ လူလုံးကွဲလောက်အောင်တော့ မြင်နိုင်စွမ်းမရှိ

"လူအောင်၊ လူအောင်" ဟု ခေါ်နေသံကလည်း ပျော
မသွား။ တောင်ဘက်က ကြားလိုက်၊ မြောက်ဘက်ကကြားလို
အရှေ့အနောက်ဘက်တွေက ကြားလိုက်နှင့်သာ သူတို့၏လင့်
တဲကို ပတ်ခြာလှည့်၍ ခေါ်နေသလိုပင်။ ပို၍လည်း နီးမ
ကွာ၍လည်း ဝေးမသွား။

ထိုအခါ ကျန်လူ လေးယောက်က လူအောင်မျက်နှ
မသိမသာ အကဲခတ်ကြည့်မိကြသည်။ သူတို့အကြည့်မှာ လူအေ
သည် ကြိမ်ခုတ်သွားရင်း မတော်မတည့် တောမကြိုက်၊ တော
ကြိုက်တာ တစ်ခုခုကို လုပ်မိလေသလား ဟူသော သဘော
အခါ လူအောင်မှာ အောက်ကခေါ်နေသံကြောင့် ကြောက်ရ



ဘစ်မျိုး၊ အချင်းချင်း အကြည့်ကြောင့် မျက်နှာ မထားတတ်
ည်ကတစ်မျိုးနှင့် သူ့မျက်နှာမှာချွေးပြန်လာသည်။

တောစည်းကမ်း၊ တောင်စည်းကမ်းအရ "မင်းနေ့ခင်းက
တော်မတည့် ဘာများ လုပ်ထားခဲ့လဲ" ဟုလည်း မမေးကောင်း
လူအောင်မှာလည်း "ကျွန်တော်တော့ နေ့ခင်း နေ့လည်က
ာမှ အမှားအယွင်း မလုပ်ခဲ့မိပါဘူးဗျာ" ဟုလည်း ပြောရိုးထုံး
ရှိလေရာ ကျန်လူလေးယောက်ကတော့ လူအောင်ကို မတော်
ည့် တစ်ခုခု အမှန်လုပ်ထားခဲ့၍သာ ဤသို့သူ့ကို နာနာဘာ
တွေက လှသံပေး၍ ခေါ်၍ လာခြောက်နေကြသည်ဟု ထင်နေ
ကြသည်။

သို့သော် ထိုကိစ္စကို ရွာရောက်မှ သို့မဟုတ် နောက်တစ်
တောတက်ခါနီးမှ လူအောင်ကိုမေးကြရမည်။ လူအောင်က
ည်း ထိုအခါမှ သူ တောထဲတွင် မည်ကဲ့သို့ လုပ်မိသဖြင့် ညကျ
ာအခါ သူ့နာမည်ကို မိစ္ဆာတစ္ဆေများ လာခေါ်ခံခဲ့ရကြောင်း
က်လူများ သင်ခန်းစာယူရန် ပြောပြပေလိမ့်မည်။

ယခုမူ မျက်လုံးအပြူးသား မျက်နှာဆီးရွက်လောက်နှင့်
လင့်ကဲအိမ်ရပေါ် ဒူးတုန်ကိုယ်တုန် နေနေရသည်။ လူအောင်
း နာမည်ထုတ်ပြီး မပီမသ ခေါ်နေသံမှာ ငါးမိနစ်၊ ခြောက်
စ်ခန့်ပင် ကြာသည်။ ထိုအချိန်မှာ သူတို့လင့်အိမ်ခေါင်းရင်း
်ရှိ ကညင်ပင်ကြီး တစ်ပင်ထက်မှ ရှဉ့်ငပေါတစ်ကောင်၏
်ဆိုးလိုက်သံကိုလည်း အားလုံး ကြားလိုက်ကြရသည်။

ရှဉ့်ငပေါ မြည်လိုက်သံနှင့် လူအောင်အား လာခေါ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော မကောင်းမိစ္ဆာကောင်၏ အသံမှာ မည်သို့မည်ပုံ ပတ်သ
နေကြသည်မသိ။ ရှဉ့်ငပေါက တကျွတ်ကျွတ် စုတ်ထိုးလိုက်သေ
အခါ လူအောင်အား လာခေါ်နေသော မိစ္ဆာကောင်၏ အသံ
ချက်ချင်း ပျောက်သွားလေသည်။

ထိုအခါမှ မဟာဂနိုင် တောမြိုင်ကြီးတစ်ခုလုံးမှာ ပုံ
အနေအထားအတိုင်း ပိုးကောင်၊ မွှားကောင်များ၏ တစီစီ
သံ၊ မြွေတွန်သံ၊ ဝံအီသံ၊ ချေဟောက်သံ၊ ညငှက်မျိုးစုံတို့၏
သံများနှင့် ပကတိ တောသဘာဝအတိုင်း ဖြစ်သွားပြန်လေသ
ထို့ကြောင့် ဦးသာဖြည့်တို့ အဖွဲ့မှာလည်း ထိုတစ်ညတာကို
ပျော်ရင်းနှင့် ကုန်လွန်ခဲ့ကြပြန်လေသည်။

* * * * * *

ဤတော ဤတောင်တွင် ကြိမ်ပုတ်၊ ကြိမ်တော
တော ပေါများသည်။ သူတို့ တောတက်လာစဉ်က ဤနေရာ
စခန်းတွင် လှည်းတစ်စီးတိုက် ကြိမ်ပင်များကို တစ်ပတ်နှ
ခန့် ရှာဖွေ ခုတ်ယူကြရလိမ့်မည်ဟု ထင်ခဲ့ကြသည်။ ထို့ကြေ
လည်း လင့်အိမ်တဲကို သူတို့ အတော်ခိုင်ခိုင်ခန့်ခန့် ဆောက်လု
ကြခြင်း ဖြစ်သည်။



ယခုမူ သုံးလေးရက်ခန့် ရှာခုတ်လိုက်ကြသည်နှင့် လှည်း
စီးတိုက်နီးနီး ရနေကြပြီ။ သူတို့လင့်တဲအိမ် ပတ်ဝန်းကျင်တွင်
မ်ပုတ်၊ ကြိမ်ပင်၊ ကြိမ်ဖြစ်တောတွေပင် အများအပြား ရှိနေကြ
၏။

သူတို့တွေ့သမျှ ကြိမ်ပင်တွေကိုသာ အကုန် ခုတ်နိုင်လျှင်
ည်းသုံးစီးတိုက်ခန့် ရနိုင်သည်မှာ သေချာနေသည်။ သို့သော်
နေသည်မှာ တောက ကြမ်းလွန်းအားကြီးသည်ဟု ဆိုရမည်။
ခဲ့သောညက လူအောင်အား အရပ်လေးမျက်နှာက လှည့်ပတ်
သွားသော မိစ္ဆာကောင်ကို နာနာဘာဝဟုပင် မည်သူမျှမထင်
။ တကယ့် ကြိမ်ခုတ်သမား တစ်ဖွဲ့ဖွဲ့ကလူတစ်ယောက် လာ
သွားသည်ဟုသာ အားလုံးက အတပ်ထင်လိုက်ကြသည်။

ဖြစ်ရပုံမှာ -

ထုံးစံအတိုင်းပင် ညနေ ထမင်းစားသောက်ကြပြီး လင့်
ပေါ် တက်ကြသည်။ မနေ့ကနှင့်စာလျှင် ယနေ့ သူတို့လင့်
ပေါ် တက်လာကြသည်မှာ စောသည်။ ဤသို့ စောစောလင့်
ိမ်ပေါ် တက်လာကြခြင်းမှာ မနေ့က လူအောင်ကို အခေါ်ခံ
သော ပယောဂလည်း ပါသည်။ တစ္ဆေခြောက်မှန်း သိသော်
အနည်းနှင့်အများ လူတိုင်းစိတ်ထဲမှာ ကြောက်နေကြသည်
တော့ အမှန်ပင်။

"မောင်လူအောင်၊ မင်း မိန်းမ မီးဖွားနေလို့ မြန်မြန် ရွာ
လာခဲ့ပါ မှာလိုက်တယ်"

လူအောင်အား လင့်တဲအိမ်အောက်က လာပြောသူမှာ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဝလာ၊ အကျီမပါ၊ ခါးတောင်းကျိုက်နှင့် ပခုံးတွင် ကြိမ်ခုံ
ဓား တစ်စင်းကိုလည်း ထမ်းထားသည်။ ခေါင်းတွင် ပုဆိုးပိုင်
တစ်ခုကို ဖြစ်သလို ပေါင်းထားသဖြင့် မျက်နှာကိုတော့ ပီပီပြ
ပြင် မမြင်ရ။

နေလုံးမှာ အနောက်တောင်တန်းပေါ် ငုတ်လျှိုးသွား
ဖြစ်သလို သစ်တောထဲမှာ ဝိုးတိုးဝါးတား အလင်းရောင်တော့
နေသေးသည်။ သို့သော် ထိုလာပြောသူမှာ မတ်တတ်ရပ်၍
သေချာချာ ပြောခြင်းမဟုတ်။ သွားရင်း ပြောသွားသဖြင့် သ
ပင်တွေကြား၌ ပျောက်သွားသည်။

သူ့ပုံကို အားလုံးမြင်လိုက်ကြသည်မှာ ခရီးသွားဟန်
ကမန်းကတန်း လာပြောသွားသည့်ပုံ။ အချိန်မှာ ညနေမိုးချုပ်ခါ
ဖြစ်သဖြင့် သူသည်လည်း လူအောင်တို့ အဖွဲ့လိုပင် မိုးမချုပ်
လင့်အိမ်တက်ရမှာမို့ ကမန်းကတန်း ပြောသွားလေသလားဟုလည်
ထင်စရာ ဖြစ်ကြသည်။

ထို့ကြောင့်လည်း သူတို့အဖွဲ့လိုပင် ကြိမ်ခုတ်ရောက်
သော တစ်ဖွဲ့ဖွဲ့က လူကြီးတစ်ယောက်ဟု စောစောကတော့ ထ
လိုက်မိကြ၏။ သို့သော် "ဘာလေးမွေးလဲ၊ ယောကျ်ားလေးလာ
မိန်းကလေးလား" မေးချိန်ပင် မရလိုက်ရာ သံသယဝင်စရာ ဖြ
ကြရပြန်သည်။

သို့နှင့် လူအောင်ကို ဦးသာဖြည့်က မေး၏။

"မင်းမိန်းမ ကလေးမွေးနေပြီဆိုတော့ မင်းမိန်းမ ကို
ဝန်က"



"အဲဒါ စောစောကပင် ကျုပ်ပြောလိုက်မလို့ဘကြီး။ ကျုပ်
မအေးကြည် ကလေးမွေးရအောင် သူ့ဗိုက်က ခြောက်လကျော်
ရှိသေးတာ ကျုပ်သိပါတယ်"

ဦးသာဖြည့် စကားမဆုံးမီပင် လူအောင်က ဖြတ်ပြော
၏။

"တို့ မောင်တင်စိန် မိန်းမလို လမစေ့ဘဲနဲ့များ မွေးလို့
ကွ"

ဤစကားကိုတော့ ဦးပြေးက ပြော၏။ ထိုအခါမှ လူ
အောင်ကလည်း -

"အေး ဟုတ်များ၊ ဟုတ်နေမလားနော်၊ မနေ့က ကျုပ်နာ
ကို ဒီနားတစ်ဝိုက် လှည့်ပတ်ခေါ်သွားတဲ့ လူကလည်း အဲဒီ
များ ပြောချင်လို့ ခေါ်ကြည့်သွားတာများလား၊ နောက်တော့
တို့ကလည်း ဘာသံမှ မပြုမိကြတော့ ဒီနားတစ်ဝိုက် ကျုပ်
မရှိဘူးထင်လို့ သူလည်း လင့်အိမ်ဘက် ပြန်သွားတာများ
နော် ဘကြီး"

"အိမ်း . . . ဘကြီးလည်း မထင်တတ်သကောနော်။ ဒါ
ယ့် မနေ့က မင်းကို ခေါ်သွားတဲ့လူဟာ တကယ်ဆို တို့လင့်
နဲ့ ဝေးတာမှ မဟုတ်တာ လင့်အိမ်ကို မြင်သင့်တာပေါ့"

"မြင်သင့်တယ် ဆိုပေမယ့် မိုးကလည်း ချုပ်နေပြီဆို
သူလည်း လင့်တက်ဖို့ လိုတာနဲ့ ဝတ်ကျေတန်းကျေများ
ခေါ် ပြောသွားတာလား ကိုကြီး"

"မင်းတို့အားလုံး ကြားလိုက်ကြတာပဲ မဟုတ်လား တို့

www.burmeseclassic.com



လင့်တဲနားတစ်ဝိုက်ပဲ အရပ်လေးမျက်နှာက လှည့်ခေါ်သွားတ
လေကွာ"

"ဟုတ်ကဲ့ အသံလေး ပြုမိလိုက်ကြလည်း ကောင်းသာ
နော်"

"အေး ငါလဲ စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားတာနဲ့ အသံ
ပြုဖို့ ပြောမိလိုက်တာဘဲကွ၊ အဲဒီတော့ မနက်ကျ လူအောင် မ
ရွာဆင်းလိုက်တာ ကောင်းမယ်ထင်တယ်။ တို့ကြိမ်ကလည်း လှ
တစ်စီးတိုက်နီးနီး ရနေကြပြီပဲ၊ ဘယ့်နှယ်လဲ"

"ဟုတ်ကဲ့ ဘကြီး၊ ဆင်းသွားလိုက်တာ ကောင်းမယ်ထ
တယ်၊ ရွာရောက်လို့ အေးကြည် ကျန်းကျန်းမာမာဆိုရင် ကျ
ဒေါ်လေးသင်တို့ နောက်တစ်နေ့မနက် လှည်းဆင့်လာခဲ့ပါ့မယ်
ဒေါ်လေးကိုသာ ရိက္ခာအတွက် ဦးလေးပြား မှာလိုက်ပေါ့"

"အေးအေး ရိက္ခာ နောက်တပတ်စာတော့ လိုတ
လေကွာ။ မင်းဒေါ်လေးနဲ့ မင်းပဲ ကြည့်စီစဉ်လာခဲ့ကြ၊ မင်း ချ
ချင်း တောမတက်ဖြစ်ရင်လည်း မေသင်တို့သားအမိပဲ လွှတ်လို
ကွာ"

"ကလေးတော့ ခေါ်မလာပါနဲ့ကွာ ရွာကလေးတွေ
တွက် တောစိမ်းလို့ပါ"

မနက်ဖြန် လူအောင် ရွာဆင်းမည့် ကိစ္စ ပြောဆိုတိုင်ပ
ကြဲ့ရင်း ဦးသာဖြည့်က တောစိမ်းသည့်အပြင် ပြေူးလေးမှာ မ
စာများနှင့်ပင် ကစားဖူးသူ ဆိုသဖြင့် ခေါ်မလာရန် ပြောသည
ဦးသာဖြည့်၏ စကားကို လူအောင်က "ဟုတ်ကဲ့"



ပြာပြီး ဦးပြောမျက်နှာကို တစ်ချက် လှည့်ကြည့်သည်။

"ကိုကြီးဖြည့်ပြောတာ ဟုတ်ပါတယ်ကွာ။ ပြေူးကို ခေါ်
လာပါနဲ့၊ ဒီကောင်လေးက ပါးစပ်ရော လက်ရော ငြိမ်တာ မ
တ်ဘူး။ မေသင်က တစ်ယောက်တည်း လှည်းနဲ့ မပြန်ဝံ့ဆိုရင်
ည်း သူ့မောင် တေင့်ကို ခေါ်လာပါလို့ ငါမှာလိုက်တယ်ပြော"

"ဟုတ်ကဲ့၊ ဦးလေး"

မနက်ဖြန်မနက် လူအောင် ရွာဆင်းမည့်ကိစ္စ လူကြီးသုံး
ယာက် တိုင်ပင် ပြောဆိုနေကြသည်ကို ငယောင်းနှင့်ငအောင်
ကတော့ လဲ့ရင်းသာ နားထောင်နေကြသည်။ တောထုံးစံအတိုင်း
ာတစ်ခွန်းမှ ဝင်မပြောကြ။ တောထဲတွင် အရာအားလုံးသည်
ဆိုးကောင်းကောင်း လူကြီးတွေ သဘောသာ။

သည်လိုနှင့် လူအောင် ရွာဆင်းမည့်ကိစ္စ ပြောဆိုကြပြီး
အိပ်လိုက်ကြရာ မိုးပင်မလင်းသေး။ လင်းကြက် တွန်စမှာပင်
အောင်ကို လူတစ်ယောက် လာခေါ်နေသံ ကြားကြရပြန်သည်။

လူအောင်ကို လာခေါ်နေသော အသံကို ပထမဦးဆုံး
ြားလိုက်ရသူမှာ ငအောင်ဖြစ်သည်။

လူအောင်ကိုခေါ်သံ ကြားကြားချင်း ငအောင်က သူ့အဖေ
ပြားကို လက်ကုတ်နှိုးသည်။ ထိုအချိန်မှာ လူအောင်ကား
ဘိုးတုန်တုန်ငှက်နှင့်ပြိုင်၍ ဟောက်ကောင်းနေတုန်း၊ မိုးလင်း
း လသာလျှင် အမြဲအော်မြည်နေတတ်သော ပန်းတိမ်ငှက်နှင့်
သံပြိုင်တုန်း။

ငအောင် လက်ကုတ်နှိုး၍ နိုးလာသော ဦးပြောကလည်း

www.burmeseclassic.com



လူအောင်အား လင့်အိမ်တဲနှင့် အနီးလေးမှ တစ်စုံတစ်ယောက် နာမည်ထုတ်၍ ခေါ်နေသံကို ကြားလိုက်ရပြန်သည်။ ထိုအခါ ဦးပြေားက တစ်ခါ ဦးသာဖြည့်ကို လက်ကုတ်၍ နှိုးရပြန်၏။ ဦးသာဖြည့်နိုးလာသည်။

ဦးပြေား ပြောနေစရာမလို၊ လူအောင်အား လူတစ်ယောက် လာခေါ်နေသံကို ဦးပြေားလည်း ကြားနေရပြန်သည်၊ ဦးသာဖြည့်၊ ဦးပြေားနှင့် ငအောင်တို့ သုံးယောက် အသာလေး ဝမ်းလျားမှောက်ပြီး အသံကြားနေရာဘက်သို့ လင့်အိမ်ပေါ်က လှမ်းကြည့်ကြသည်။

လဆန်း ဆယ့်သုံးလေးရက်လပင် မဝင်တတ်သေးသဖြင့် လရောင်ရိပ်က သစ်ပင်ကိုင်းခက် ရွက်လက်ရိုးတံ အကြိုအကြား၌ အစက်အပြောက် ထင်နေသေးသည်။ မြေပြင်၌မူ အလင်းရောင် မရှိသေး။ လရောင်ကြောင့် အမှောင်ကြီးလည်း မဟုတ်။ ရိုးတိုးရိပ်တိတ်တော့ လူပမာဏကို မြင်ရနိုင်သည်။

သို့သော် အသံကြားရာ လူအောင်ကို ခေါ်နေရာဘက်၌ သစ်ပင်ကြို သစ်ပင်ကြားတွင် တစ်စုံတစ်ယောက်သော လူကိုမူ မမြင်ရ။ လူအောင်အား ခေါ်သံကိုသာ မနိုးမဝေးက ကြားနေရ၏။

သို့သော် လူအောင်နှင့် ငယောင်းတို့ကား ဟောက်သံအပြိုင်နှင့် အိပ်နေကြဘုန်း။

"အသံပြုပြီး လှမ်းမေးလိုက်ကြရင် ကောင်းမယ် ကိုကြီး"

ဦးပြေားက ဦးသာဖြည့်ကို တီးတိုးပြောသည်။ အမှန်က



လူအောင်မိန်းမ မီးမဖွားနိုင်၍ သေလျှင်လည်း အကာလညထဲ၌ ဘာမြိုင်တောထဲ မည်သူမျှ လာပြီး သတင်းပြောရဲမှာမဟုတ်။ သင်းမှ လာပြောဝံ့ကြမည်။ သို့သော် လူအောင်အား ရွာပြန်ဘ်ရန်လည်း ညဦးကပင် ပြောထားကြပြီးဖြစ်ရာ ဦးသာဖြည့် ၍တစ်ခါ ဂယနဏ မမေးမိလိုက်လျှင် သူ့အပြစ် ဖြစ်နေမည် သဖြင့် -

"အေး ဒီတစ်ခါတော့ လှမ်းမေးမှ ကောင်းမယ်"

ပြောပြောဆိုဆိုနှင့်ပင် ဦးသာဖြည့် အသာထထိုင်သည်။

"အဟမ်း ဘာလဲဟေ့"

"လူအောင်မိန်းမ မီးမဖွားနိုင်လို့ သေပြီ"

"ဟင် မင်းဘယ်လူလဲ၊ ဘယ်ကလဲ"

ဦးသာဖြည့် အထိတ်တလန့် မေးလိုက်သည်။ ဘာသံမှ ကြားရတော့။ ဦးသာဖြည့် အသံကြောင့် လူအောင်နှင့်ငယောင်း သာ နိုးလာကြသည်။

မနက်မိုးလင်းလျှင် ရွာဆင်းရမည်ဖြစ်သော လူအောင် ချက်ချင်း ငုတ်တုတ်ထထိုင်ပြီး -

"ဘကြီး ဘာလဲဟင်" ဟု ထိတ်ထိတ်ပျာပျာ မေးလိုက် သည်။

"အစ်ကို ..." ဟူသော ငအောင်၏ စကားကို ကြား ပြီး ဦးသာဖြည့်က -

"ဘာမှ မဟုတ်ပါဘူးကွာ။ တို့တဲနား လူသံလိုလို ကြား လို့" ဟုပြောလိုက်ရသလို ဦးပြေားကလည်း သူသာ ငအောင်

www.burmeseclassic.com



ကို လူကြီးတွေထက် စကားချွန်ရမလားဟု ပေါင်ကို လိမ်ဆိတ်လိုက်သည်။

"မိုးလင်းဖို့ လိုပါသေးတယ်ကွာ။ ကဲ အိပ်ကြဦး"

နောက်ထပ် လူအောင် တစ်စုံတစ်ရာ မေးလာမည်ကို စိုးရိမ်သွားသော ဦးသာဖြည့်သည် ပြောပြောဆိုဆိုနှင့်ပင် အိပ်ရာထဲ လှဲချလိုက်သောအခါ . . .

လူအောင်မှာလည်း နောက်ထပ် ဘာမှမမေးတော့ဘဲ အိပ်ရာထဲသာ ပြန်လှဲချလိုက်သည်။ ထိုအချိန်မှာ မိုးလင်းပိုင်း တောကြက်တွန်သံကို အရပ်ရှစ်မျက်နှာက ကြားနေရသည်။ သို့သော် ဤတောဤတောင်တွင် ဤအချိန်၌ မည်သူမျှ လင့်တဲအိမ်အောက် ဆင်းလေ့ဆင်းထ မရှိကြသေးသဖြင့် အားလုံး ပြန်မှေးနေကြသည်။

*   *   *   *   *

မနက် မိုးစင်စင်လင်းတော့မှ အားလုံး လင့်အိမ်တဲပေါ်က ဆင်းကြသည်။ ညဉ့်ဦးကပင် မှာစရာရှိတာတွေ မှာထားကြပြီဖြစ်သဖြင့် လူအောင် ရွာဆင်းလာသည်။ ဦးသာဖြည့်နှင့် အဖွဲ့ကမူ မဟာမြိုင်တောကြီးထဲ ကျန်နေခဲ့ကြ၏။ သူတို့သဘောမှာ ဤနေ့တစ်ရက် ကြိမ်ခုတ်လိုက်ကြလျှင် လှည်းတစ်စီးစာ အပြည့်ရနိုင်သဖြင့် ပျော်နေကြသည်။



ရွာဆင်းလာသော လူအောင်မှာတော့ မပျော်နိုင်။ တစ်လမ်းလုံး သူ့မိန်းမ အကြောင်းသာ တွေးလာသည်။ လမစေ့ဘဲ မွေးဖွားလာသော သူ့ကလေးသည် အသက်မှ ရှင်ပါ့မလား။ မောင်အင်စိန်မိန်းမ ထွေးတင် ခုနစ်လနှင့်မွေးသော ကလေးက အဖတ်တင်ခဲ့။ သူ့ကလေးလည်း ခုလောက်ဆို သေလို့ မြေမြှုပ်ပစ်လိုက်ကြပလား။ ယောကျ်ားလေးလား၊ မိန်းကလေးလား။ သေသေရှင်ရှင် သူ့ကလေးကိုတော့ သူ ကြည့်လိုက်ချင်သည်။ လမစေ့ဘဲ ကလေးမွေးသော အေးကြည်ကော နေမှ ကောင်းရဲ့လား။

လူအောင် တစ်လမ်းလုံး အတွေးသီလာသည်။ ရွာကို နေမွန်းမတည့်မီ ရောက်လာ၏။ နောက်တစ်နေ့ ကြိမ်တိုက်လှည်း တောပြန်တက်လျှင် စားနပ်ရိက္ခာကို ကြိုတင်ရှာထားရန် ဒေါ်မေသင်ကို ဦးဆုံး သွားအကြောင်းကြားရမည် ဖြစ်သော်လည်း သူ့ခြေလှမ်းက ဒေါ်မေသင်တို့ အိမ်ဘက် မလှမ်းမိ။

တောထဲက ကမောက်ကမ ဖြစ်လာသော သောကစိတ်ကြောင့် သူ့အိမ်ဘက်သို့သာ မပြေးရုံတစ်မည် ပေါက်ချလာသည်။ သူ့မိန်းမအေးကြည်ကို အိမ်ရှေ့ ဖိနပ်ချွတ်နား၌ ဆန်ပြာ၍ မြင်ရသောအခါ အံ့အားသင့်သလို ဖြစ်သွားသည်။ တောထဲကပါလာသော ဘယောက်ဘယက်စိတ်ကြောင့် အေးကြည်ကို မြင်ရမှ သူ့စိတ်က ပိုပြီး ကယောင်ခြောက်ချား ဖြစ်သွားပြန်သည်။ ထို့ကြောင့် သူ့မိန်းမကို ချက်ချင်း နှုတ်မဆက်ဝံ့သေးဘဲ အတွေးက ခြောက်လှန့်လိုက်ပြန်သည်။

ယခင် သူတို့အဘိုး လက်ထက်လောက်က သစ်ခုတ်သ

www.burmeseclassic.com

www.burmeseclassic.com



မားကြီး တာတီးသည် သစ်ခုတ်ရန် သစ်စခန်းသို့ လိုက်ပါသွား
သည်။ အိမ်က မိန်းမမှာမူ ကိုယ်ဝန် ခုနစ်လ ရှစ်လခန့်နှင့်က
ခဲ့၏။ သစ်ခုတ်စခန်းတွင် တစ်လကျော်ကျော် သစ်ခုတ်ပြီး သူ့မိ
မ မီးဖွားခါနီးကိုမှန်းပြီး တာတီး ရွာဆင်းလာသည်။

အိမ်ရှေ့တွင် သူ့မိန်းမကို ဗိုက်ကြီး တကားကားနှင့် ေ
ရသည်။ သူထင်သလိုပင် သူ့မိန်းမ ကလေးမမွေးသေး။ သစ်ခုင
၍ ငွေကြေးကလည်း အတော်အသင့် ပါလာရာ တာတီးမှာ
တော်ပျော်သွားသည်။ ချက်ချင်း သူ့မိန်းမကို ငွေအပ်သည်။
မိန်းမ ကျန်းမာရေးကို မေးသည်။

သူ့မိန်းမက တာတီးအပ်သောငွေကို လက်မခံ "ရှင်
သိမ်းထားပါ။ ကျွန်မ ဒီနေ့ သရိုးသရီတွေ့တယ်။ ဒီညများ မွေ
မလား မသိဘူး" ဟု ပြော၏။

ထိုအခါ အချိန်ကလည်း မှောင်စပြုနေပြီဖြစ်ရာ တာ
မှာ ညနေစာ ထမင်းစားရန်ကိုပင် သတိမရနိုင်ဘဲ လက်သ
ခေါ်ရန် ရွာဘက်သို့ ပြေးလာသည်။

သူတို့ သစ်ခုတ်သမားတဲစုမှာ ရွာနှင့် တစ်ခေါ်သာသ
ဝေးသဖြင့် တာတီးမှာ ရွာကို အပြေးကလေးသာ လာရသည်။ ဉ
ကြီးမိုးချုပ် သူ့အိမ်ပေါ် ပြေးတက်လာသော တာတီးကို မြင်လို
ရသောအခါ လက်သည်မိန်းမကြီးက လန့်ဖျပ်ပြီး အော်မိလို
သည်မှာ အိမ်နီးနားများပင် လန့်သွားကြသည်။ ထို့ကြောင့် လ
သည်မိန်းမကြီး အိမ်နားကို ဝိုင်းလာကြသည်။

တာတီးက "အဒေါ်ကြီး ဘာဖြစ်တာလဲ။ ကျုပ်ကို ဘ



သန့်စရာရှိလဲ။ ခု ကျုပ်မိန်းမ ဒီည မွေးမလား မသိဘူးဗျ။ သ
ရိုးသရီ တွေ့တယ်ပြောလို့ ခု အဒေါ်ကြီးကို ကျုပ်လာခေါ်တာ"
ဟု ပြောလိုက်၏။

တာတီးစကားကို ကြားလိုက်ရသောအခါ လက်သည်မိန်း
မကြီးမှာ "အမယ်လေးတော့ လုပ်ကြပါဦး" ဟုအော်ပြီး အိမ်ပေါ်
က ဆင်းပြေးသည်။

လက်သည်မိန်းမကြီး ပထမတစ်ခါ လန့်အော်လိုက်
ကတည်းကပင် ဝိုင်းနေကြသော လူအုပ်က လက်သည်မိန်းမကြီးကို
ဝိုင်းဖမ်းကြပြီး "ကျုပ်တို့ ရှိတယ်၊ ခင်ဗျား ဘာမှ မဖြစ်စေရဘူး။
မင်းက ဘာလဲကွ၊ ဒါဘယ်တတ်နိုင်မလဲ။ တို့တစ်ရွာလုံးမကဘူး
ရွာနီးချုပ်စပ်တစ်ဝိုက် ဒေါ်ဂျမ်းမွေးပေးထားတဲ့ ကလေးတွေ လက်
ညှိုးထိုးမလွဲဘူး။ မင်းမိန်းမကျမှ မွေးမရ ဖြစ်ပြီး ဆုံးပါးသွား
တာတော့ ဘယ်တတ်နိုင်မလဲကွ။ မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲ၊ တို့
ရွာသူကို လာပြီး စော်ကားမယ်တော့ မကြံနဲ့၊ မင်းပါ မင်းမိန်းမ
နောက် လိုက်သွားရမယ်မှတ်"

ဟု လူကြီးတစ်ယောက်က ကြိမ်းလိုက်ရာ တာတီးခမျာ
မှာ "ဗျာ ကျုပ်မိန်းမ သေပြီ ဟုတ်လား" ငိုသံပါကြီးနှင့် ပြောကာ
အရုပ်ကြိုးပြတ် လူအုပ်ရှေ့ ထိုင်ချလိုက်သည်။

အမှန်တကယ်မှာမူ ကျန်ခဲ့သော ညကပင် တာတီးမိန်း
မကား မီးမဖွားနိုင်၍ ဆုံးပါးသွားရှာပြီ။ လက်သည်မှာလည်း
၍ဒေါ်ဂျမ်းပင်ဖြစ်သည်။ တာတီးအား ကြိမ်းမောင်းပြောသော
လူကြီးပြောသလို ဒေါ်ဂျမ်းမှာ နာမည်ကြီး လက်သည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း တာတီးမိန်းမ မီးမဖွားနိုင် ဖြစ်နေ၍ ဒေါ်ဂျမ်း
လာခေါ်ကြရာ ဒေါ်ဂျမ်း လိုက်သွား၏။

သို့သော် သူတို့ သစ်ခုတ်စုရှိ မိန်းမသူများကရမ်းသ
လုပ်ထားကြသဖြင့် တာတီးမိန်းမမှာ ဒေါ်ဂျမ်း ရောက်သွားချိန်
အသက် ငွေ့ငွေ့သာ ကျန်တော့သည်ဟု သိကြရသည်။ ဤသည်
ဒေါ်ဂျမ်းလည်း မကယ်ခဲ့နိုင်ဘဲ တာတီးမိန်းမ ဆုံးပါးသွားသည်
တာတီးမိန်းမ မီးမဖွားနိုင်၍ ဆုံးပါးသွားသည့် အကြောင်းကို သ
ခုတ်စု လူတွေက ကျွဲသမားတွေနှင့် မှာလိုက်သည်ဟု ဆိုသည်

သစ်ဆွဲ ကျွဲသမားတွေ ဆိုသည်မှာလည်း ကျွဲခေါင်း၊
အုပ်တွေဆီ အကြောင်းကြားရ၊ ကျွဲပိုင်ရှင်တွေနှင့် တွေ့ဆုံညှိနှိုင်း
ကြရနှင့် သစ်စခန်းကို ထိုနေ့က တာတီး ရွာဆင်းသွားပြီး ည
လာပြောနိုင်ကြသည်ကို နောက်မှ သိကြရသည်။

တာတီးကို တွေ့တွေ့ချင်း လက်သည်မိန်းမကြီး ဒေါ်ဂျ
လန့်၍အော်သည်မှာ သူ့မိန်းမ ဆုံးပါးသွားရသည်မှာ သူ့ကြေ
ထင်ပြီး တာတီးသည် ခရီးရောက်မဆိုက် မူးမူးနှင့် သူ့ကိုသတ်
လာသည် ထင်သဖြင့် ကြောက်ရွံ့ပြီး အိမ်ပေါ်က ဆင်းပြေးခြ
ဖြစ်သည်။

ရွာသူရွာသားတို့၏ ပြောစကားကို ကြားရတော့မှ တာ
ခမျာမှာ အော်ငိုပြီး သစ်ခုတ်စုရွာ တောင်ခြေကို ပြန်ပြေးသွားသည်
ရွာသူရွာသားတွေက သူ့မိန်းမ မီးမဖွားနိုင်၍ သေသွားသည်
ခြင်းကို လုံးဝမယုံ။ စောစောကမှ သူကိုယ်တိုင် ကိုယ်ဝန်ကြီး
ရင့်အမာနှင့် သူတွေ့ခဲ့သော သူ့မိန်းမ သေသွားပြီဟု ပြောလို



ကြခြင်းမှာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဟု သူက သစ်ခုတ်စုရွာကို
ပြေးဝင်လာသည်။

သစ်ခုတ်သမားကြီး တာတီးခမျာမှာ ဘယ်လိုမှ မယုံကြည်
၍ မရတော့။ စောစောကမှ သူနှင့်သူ့မိန်းမ နှစ်ယောက်တည်းတွေ့
ခဲ့ကြသောအိမ်မှာ ယခုအခါ ဆီမီးခွက်တွေ ထွန်းပြီး၊ သစ်ခုတ်စု
တဲများမှ မိန်းမယောကျ်ား လေးငါးယောက်ကို အိမ်ပေါ်၌ တွေ့
ရလေသည်။

သူ့ကို မြင်သည်နှင့် သစ်ခုတ်စု အသိတွေက -

"မင်းကွာ. . . သစ်ခုတ်ခ ချက်ချင်း မရသေးလည်း ဆင်း
လာဖို့ ကောင်းတာပေါ့။ တို့ရှိပါတယ်။ ခုတော့ မင်းမိန်းမ အ
လောင်းတောင် မင်း မမြင်လိုက်ရတော့ဘူး" ဟု အပြစ်တင်သူက
တင်၊ ငိုသည့်မိန်းမတွေကငိုနှင့် တာတီးခမျာမှာ ထိုအခါမှ ကမ္ဘာ
ပျက်တော့သည်။

အရပ်ထုံးစံအရ မီးမဖွားနိုင်၍ ဆုံးပါးသွားသူကို နောက်
တစ်ည အကူးမခံဘဲ သင်္ဂြိုဟ်ပစ်လိုက်ကြလေပြီ။

ဤအကြောင်းကို တွေးမိလိုက်သော ယခု လူအောင်မှာ
သူ့မိန်းမ အေးကြည်ကို မျက်ဝါးထင်ထင် မြင်နေရပါလျက်
သောထဲက ခြောက်လှန့်လိုက်သော စိတ်ကြောင့် ချက်ချင်း အေး
ကြည်နားမကပ်ရဲသေး။ အိမ်ရှေ့မှာ မတ်တတ်ရပ်ပြီး အေးကြည်
၏ အခြေအနေကိုသာ အကဲခတ်နေသည်။

လူအောင် လန့်မည်ဆိုကလည်း လန့်စရာတော့ဖြစ်၏။
သူ့မိန်းမ အေးကြည်ကလည်း သူ့ကိုမြင်ခါမှ ဆန့်ပြာနေရှာ မ

www.burmeseclassic.com

www.burmeseclassic.com



ယောင်မလည်နှင့် ဆင်းသွားပြီး ဘေးအိမ်ရှိ ဒေါ်ကြီးလှ ဆ
ယောင်းနေရာနား သွားရပ်နေသည်။ ဤသည်ကို လူအောင်
ထဲက စနိုးစနောင့် ဖြစ်သွားပြန်သည်။

ခါတိုင်းဆိုလျှင် သူကြိမ်ခုတ်ရာက ပြန်လာသည်နှင့်
ပျာသလဲ နှုတ်ဆက်သည်။ ကြိမ်ရ မရ မေးသည်။ ကိုယ်ဝင်
မိန်းမသူတို့၏ သဘာဝအတိုင်း ခင်ပွန်းသည်နား ကပ်နေ
သည်။ ယခု နှုတ်ပင်မဆက်။ ဘယ်လိုဖြစ်ပါလိမ့်။ ငါ ခုမြင်
ရတာ လူ မအေးကြည်မှ ဟုတ်ရဲ့လား။ သူမရှိတုန်း မပြောကော
မဆိုကောင်း တာတီးမိန်းမလို သေပြီးများ ငါ့ကို တစ္ဆေခြော
နေတာလားဟု အကြောက်လွန်ကာ တွေးမိပြန်သည်။

"ဟဲ့ လူအောင်၊ ဒီတစ်ခါ ရွာဆင်းလာတာ မြန်လှ
လား၊ တောထဲတောင်ထဲ ဘာအကြောင်း ဖြစ်လာလဲ လူလေး

"ဟင်၊ ဒေါ် . . ဒေါ်ကြီးလှ၊ ကျုပ်တို့ ဘာမှ မဖြစ်
လား။ ဒီမှာ ဘာဖြစ်လို့လဲဟင်"

ဒေါ်ကြီးလှ မေးလိုက်ခါမှ လူအောင်မှာ ပိုလန့်သွာ
လိုပင်။

"အေးကွယ် လူလေးတို့ ဘာမှမဖြစ်ဘူး ကြားရမှ ဒေါ်
စိတ်အေးရတော့တယ်။ မင်းတို့ တောကြီး တက်သွားကြတ
ကြားတော့ ဒေါ်ကြီးတို့လည်း ပူရတာပ ကလေးရယ်။ အေးကြ
လေးကလည်း ကျန်းကျန်းမာမာ မဟုတ်တော့ ကိုယ့်တူတွေအတ
ပိုပူမိတာပေါ့။ ဟိုကောင်ပြောကလည်း ဟို သူ့သား သူငယ်
စားလေးတောင် တောကြီးထဲ ခေါ်သွားတယ်ကြားလို့ ဒင်းကို



ကျိန်နေတာ၊ လောဘလည်း ကြီးလိုက်ကြ"

ဒေါ်ကြီးလှ ဘာတွေ လျှောက်ပြောနေပါလိမ့်။ ဘာတွေ
ဖြစ်နေကြပါလိမ့်ဟု တွေးပြီး လူအောင်က -

"ဦးလေးပြားနဲ့ ကျုပ်တို့သွားတာ အကြီးကောင်ပါ ဒေါ်
ကြီးလှရယ်။ ငအောင်လေ ငပြူးလေးကို သူ့အမေနဲ့ ပြန်လွှတ်
လိုက်တာပဲ၊ ဘာဖြစ်လို့လဲ"

ပြောရင်းက လူအောင်သည် ဒေါ်ကြီးလှနှင့် သူ့မိန်းမ
အေးကြည်တို့အနား လျှောက်လာသည်။

"အေး အဲဒီ ငပြူးလေးကို ခေါ်သွားတာကိုက နင့်ဦးလေး
မဟုတ်တာ။ အဲဒီကောင်လေးက နတ်ယဉ်တယ် ဆိုတာ သိသား
နဲ့ ဟို ကညင်ချောင်းဘက်မှာတုံးကပင် မှင်စာလေးတွေနဲ့ ကစား
လာတယ်ဆိုတာ နင်တို့ မကြားမိဘူးလား။ အဲ့ရောဟယ် . . . ဟို
ကောင်မ မေသင်ကလည်း ခုထိ မသိတတ်ဘူး။ အသက်ပဲ လေး
ဆယ်ကျော်နေပြီ နင်ဟိုလည်း ကြားပြီးရော့ပေါ့။ ဟို ခအောင်း
တုန်းက အောင်ပွင့် သားလေးအကြောင်း၊ ငါကတော့ အဲဒီသူငယ်
လေး မမြင်ဖူးပါဘူး။ မိန်းကလေးတွေပြောတော့ လှကလှနဲ့တဲ့၊
ပြီးတော့ လင်မယားက ညားခါစ တစ်လတောင် မပြည့်သေးဘူး
တဲ့။ ကောင်မလေးခမျာ ခုတော့ ပဋာမြေလူးဆိုပဲ"

ဒီမိန်းမကြီး ဘာတွေ လျှောက်ပြောနေပါလိမ့်ဟု လူ
အောင် ဇိတ်ညစ်သွားသည်။ ထို့ကြောင့် -

"ဦးအောင်ပွင့်သား ကျော်သန်းလား ဒေါ်ကြီးလှ"ဟု
မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နာမည်တော့ ငါဘယ်သိမလဲ ဟဲ့"

"ဟုတ်တယ်"

ဒေါ်ကြီးလှ စကားမဆုံးမီပင် သူ့မိန်းမ အေးကြည် ဟုတ်ကြောင်း ပြော၏။

လူအောင်စိတ်က လွင့်ထွက်သွားပြန်သည်။

ဦးအောင်ပွင့်သား ကျော်သန်းကို ရပ်နီးရွာနီးချင်းမို့ လှူပွဲ ဘုရားပွဲများတွင် သူ မြင်ဖူးသည်။ အမှန်တကယ် လူအေ လူလှပင်။ မိန်းကလေးများ မျက်စိကျစရာ ရုပ်မျိုး။ ယခု သူ့မိ မ အေးကြည်ပင် ကျော်သန်းနာမည်ကို သိ၍ "ဟုတ်တယ်" ပြောလိုက်ခြင်းမှာ အေးကြည်မလည်း ကျော်သန်းကို မျက်စိက လိမ့်မည်ဟု တွေးမိလိုက်ပြန်သည်။ ထို့ကြောင့် -

"ကျော်သန်း ဘယ်လိုဖြစ်လို့လဲ ဒေါ်ကြီးလှ" ဟု မေ လိုက်၏။

"ဘယ်လို ဖြစ်ရမလဲကွယ်၊ တောကြီးတက် ကြိမ်ခုတ် တာလေ။ မဟာမြိုင်ထဲမှာ ကြိမ်ကလည်းပါတော့ တစ်လ ကိုး တင်း ဆင်းမလာကြဘူးတဲ့။ မိန်းမရခါစ ဆိုတော့ကလည်း ရှာဖွေ့ရေ့ပေါ့။ အဲဒါ သူ့မိန်းမ နေမကောင်းလို့ အခေါ်လွှတ်ပါတ ဆိုပြီး လူမျှောင်တာတဲ့။ မှောင်ရီဖျိုးဖျ လူမျှောင်လာခေါ်တေ ရှာပြန်လိုက်ပယ်လို့ လင့်အိမ်ပေါ်ကလည်း ဆင်းရော မြေ တောင် မရောက်လိုက်ဘူး မြိုင်ကြီးကျား ခုန်ဆွဲသွားတာတဲ့။ ဒါ ဟိုတစ်နေ့ကမှ အလောင်း အပေါ်တစ်ပိုင်းရတယ်တဲ့"

ဒေါ်ကြီးလှပြောသော ဟိုတစ်နေ့က ဆိုသည်မှာ သူ



င့်တဲအောက် ကျားလာဟိန်းသွားသော နေ့ဟုထင်ကာ လူအောင် ယခုမှ ကျောချမ်းမိသည်။

ဒေါ်ကြီးလှ စကားကမူ မဆုံးသေး။

"အဲဒါ ချက်ချင်းပဲ ကိုယ်ထင်လာပြတာတဲ့။ သူ့မိန်းမက ောင် ပြန်လာကြပလားလို့ မေးမိလိုက်သေးတယ်တဲ့။ သူတို့အဖွဲ့ တောတက်ကြတာလည်း လူကြီးတွေ ပါမသွားကြတော့ လူငယ် ပီပီ တောအကြောင်း တောင်အကြောင်း မသိဘဲ အခင်းများ ပေါ့"

ဒေါ်လှကြီးစကားကို ကြားရတော့မှ သူ့မိန်းမ ချက်ချင်း အနား မကပ်ရဲဘဲ ဒေါ်လှကြီးနား ရှောင်ထွက်သွားသည်ကို အောင် ယခုမှ သတိရတော့သည်။ ကျော်သန်း၏ အဖြစ်မှာ တ်မကောင်းစရာ။ ကျော်သန်းကို လူမှောင်နတ်မှောင့် လာခေါ် လို သူ့ကိုလည်း မှောင်ရီဖျိုးဖျတွင် လာခေါ်တာ ခံခဲ့ရ၏။

'သို့သော် လူအောင်တို့မှာ မဟာမြိုင်တောကြီး အတွေ့ ကြုံရှိသော ဦးသာဖြည့်ကြီး ပါလာ၍သာ။ သို့မဟုတ်လျှင် လူ ှာင်လာခေါ်သည်ကို တကယ်ထင်၍ ထူးမိမည်။ သို့မဟုတ် လာ ခေါ်သူ၊ လာပြောသူကို အကျိုးအကြောင်း မေးရန် လင့်တဲအိမ် အောက် ဆင်းလိုက်မိလိမ့်မည်။ ထိုသို့သာ ဆင်းလိုက်မိလျှင် သူ ည်လည်း ခအောင်းကုန်းက ကျော်သန်းလိုပင် ကျားစာဖြစ်မှာ သချာသည်။ ခုတော့ ဦးသာဖြည့်က ပါးစပ်ပိတ်ထား။ လင့်အိမ် အောက် မဆင်းခိုင်းသဖြင့်သာ တော်သေးသည်ဟု တွေးကာ ခမ ျက်သီးထမိ၏။ ထို့ကြောင့် သူ့မိန်းမမှာလည်း ကိုယ်ဝန်ကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေရာ ကြောက်လန့်သွားမှာစိုး၍ မဟာမြိုင်တောကြီးထဲ၌ သူတို့ ကြုံခဲ့ရသည်ကို လုံးဝ ပြန်မပြောပြ၍ မသင့်သည်ကို လူအောင် သဘောပေါက်သွားသည်။

ထိုအခါမှ -

"ဟား . . . ဟား . . . ဟား . .၊ ခစ်ခစ် . . ခစ်ခစ်"

"တော်က ဘာရယ်တာလဲ၊ ဒါရယ်စရာလားတော့"

တခစ်ခစ် လှုပ်ရယ်ရယ်နေသော လူအောင်ကိုကြည့်ပြီး အေးကြည်မက ဆိုသည်။

"ခစ် . . ခစ် . . ခစ်၊ ရယ်စရာပေါ့ဟ၊ နင်က သူများ အကြောင်း ကြားတာနဲ့ တောကပြန်လာတဲ့ ကိုယ့်ယောက်ျားကို နေ့ခင်းကြောင်တောင်ကြီး သရဲတစ္ဆေထင်လို့ အရိုးလှအနား ပြေးကပ်သွားတာ ရယ်စရာ မဟုတ်လား"

"သိနိုင်လားတော့၊ မဟာဂနိုင်ကပြန်လာတဲ့ တော့ပုံက လည်း ကြောင်တိကြောင်တောင်ဆိုတော့ ကျုပ်က ကျော်သန်း တို့အကြောင်း ကြားတာနဲ့ တော်တို့အတွက် စိတ်ပူနေရတာ။ ဦး ဆောင်သွားသူကလည်း နတ်ယဉ်တဲ့ ပြေူးအဖေ ဦးကြီးပြားဆို တော့ စိုးရိမ်မိတာပ"

"ဘာမှမစိုးရိမ်နဲ့၊ တို့အဖွဲ့ လူကြီးတွေပါပါတယ်။ ဦးပြည့် ကြီးဆို ငယ်စဉ်ကပင် သစ်ခုတ်၊ ဝါးခုတ်၊ ပျားဖွပ်၊ ချေလိုက်၊ ဝက် လိုက်နဲ့ မဟာဂနိုင်ထဲ ထုံးလိုမွှေ ရေလိုနှောက်ခဲ့သူပါဟ။ ခုသာ အသက်ကြီးသွားလို့ တောသိပ်မတက်တော့တာ။ ကဲ ငါထမင်း ဆာတယ်ဟာ ဘာဟင်းချက်လဲ"



"ဟင်းရော ထမင်းရော ရှိပါတယ်တော့" ဟူသော ကြည်မ၏ စကားမဆုံးမီ ဒေါ်ကြီးလှက -

"အေးကြည်မ ကြီးကြီးလှဆီမှာ ငါးခြောက်နဲ့ ခရမ်းချက် ယ် လူလေးစားဖို့ ယူသွားဦး" ဟု ဆိုသည်။

ထမင်း စားသောက်ပြီးသောအခါ လူအောင်သည် ဒေါ် သင်တို့ အိမ်ဘက် ထွက်လာသည်။ မနက်ဖြန် ကြိမ်တိုက်လျှင် သွားရမည့် ရိက္ခာကိစ္စကို ဒေါ်မေသင်က စီစဉ်ပေးလိုက်ရမည်။ လှည်းကမူ ကိုယ်ပိုင်ရှိသဖြင့် ပူစရာမလို။ လူအောင်တစ်ခု ခိုန်လိုက်သည်မှာ ဟိုနတ်ယဉ်သော ပြေူးလေး နားပူနားဆာ ပြီး သူ့အမေ မေသင်နှင့် လိုက်လာမှာသာ စိုးရိမ်နေသည်။ င်သည့်အတိုင်းပင် -

"ဟာ ကိုကြီးလူအောင်တို့ ပြန်လာကြပြီအမေ။ မနက် အဖေတို့ဆီ ကြိမ်တိုက် လိုက်ရတော့မယ်။ ကိုကြီး ငအောင် မပျောက်ပါဘူးလားဟင်"

သူ့ကိုမြင်သည်နှင့် အိမ်ပေါ်က အော်ဟစ်ပြေးဆင်းလာ ပြေူးလေးက အတင်း သူ့ကို လာဖက်သောအခါ လူအောင် ရှတ်တရက် လန့်ပင် လန့်သွားမိသည်။ ထို့ထက် သူပို၍လန့် သည်မှာ ဒေါ်မေသင်၏ ပြောပြသောစကား။

ဒေါ်မေသင်သည် ခအောင်းကုန်းက ကျော်သန်း အ ကြောင်းကို ပြောပြသလို သူနှင့်ပြေူးလေးတို့ ပြန်လာကြစဉ်က ကြောင်းများကိုလည်း လူအောင်အား ပြေူးလေး မကြားအောင် တိုးတိတ်တိတ် ပြောပြသည်။ ထိုအခါ လူအောင် မဟာဂနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ပို၍ ကြောက်လန့်သွားလေသည်။

ထို့ကြောင့်လည်း ဤတစ်ခေါက် လှည်းတစ်စီးတိုက်ထဲ ဝေစုရလျှင်ပြီးရော။ နောက်တစ်ခေါက် ဦးသာဖြည့်ကြီးတို့နှင့် မဟာဂနိုင်ထဲ ကြိမ်ဆက်ခုတ်ကြမည့် အလုပ်ကို သူ ဆက်မလုပ် ရဲတော့။ သူယောကျ်ား ဦးပြေားတို့အဖွဲ့အတွက် မှာလိုက်သော ငါးခြောက်ငါးခြမ်း ဆန်၊ ဆီ၊ ဆားတို့ကိုသာ ရှာဖွေပေးလိုက်သည်။ သူကမူ မဟာမြိုင်တောကြီးထဲ ကြိမ်တိုက် မလိုက်ဝံ့တော့။ ကြိမ်ခုတ်အဖွဲ့သားများအား တောကြီးထဲ ပို့ထားခဲ့ပြီး အပြန်မှာ တွေ့ကြုံခဲ့သော အဖြစ်ကို တွေးမိလျှင် ယခုထိ ကြက်သီးထတုန်း။

သို့သော် လူငှားနှစ်ယောက် ရှာ၍ မဟာမြိုင်တောထဲ ဦးပြေားတို့အဖွဲ့က ခုတ်ထားပေးသော ကြိမ်တိုက်လှည်းနှင့် မဟာမြိုင်တောထဲ မလိုက်ရ၍ ပြေူးလေးကမူ တငိုငို တအီအီ လုပ်နေသဖြင့် သူ့တင်ပါးကို မေသင်က လက်ဝါးပြားနှင့် သုံးလေးချက် တီးလိုက်တော့မှ အသံမထွက်ရဲတော့ပေ။ ဤပြေူးလေးဆိုသော ကောင်လေးကား ကညင်ချောင်းနားတွင် လွန်ခဲ့သော သုံးလေးပတ်က မှင်စာများနှင့်ပင် အတူ ကစားလာသူဖြစ်ရာ ယခုအခါ မဟာမြိုင် ဂနိုင်တောကြီးထဲသာ ထည့်ပေးလိုက်လျှင် တစ္ဆေသရဲများနှင့်ပင် တောထဲတောင်ထဲ ကစားနေမည့် ကောင်လေးလားဟု လူအောင်မှာ ပြေူးလေးကိုကြည့်ကာ မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် အံ့သြမဆုံး ဖြစ်သွားလေသည်။

* * * * *



လူအောင် ရွာဆင်းသွားပြီး နောက်တစ်နေ့ နေမွန်းမ ည့်မီ လူအောင်လည်း ပြန်ပါလာမည်။မေသင်နှင့် ကာလသား က် တစ်ယောက်ယောက်လည်း ပါလာလိမ့်မည်ဟု ဦးပြေားတို့ ကြိမ်ခုတ်အဖွဲ့က မျှော်နေကြသည်။ သို့သော် ရောက်လာသော အခါ လူအောင်လည်းမပါ။ မေသင်လည်း မပါသည်နှင့် မြင်ရသောအခါ ဦးပြေားတို့ အဖွဲ့မှာ အံ့သြသွားကြသည်။

အကျိုးအကြောင်း မေးကြည့်ကြသောအခါ မေသင်မှာ ာလောဆယ် ခေါင်းကိုက်နေ၍၊ လူအောင်မိန်းမမှာလည်း မသာ ဖြစ်နေ၍ဟု လူငှားနှစ်ယောက်ဖြစ်သော ထွန်းစံနှင့် ဦးကွိန်တို့က ပြောကြသည်။

ထိုအခါ မေသင်မှာ ရိုးရိုးသားသား အမှန်တကယ် ခေါင်းကိုက်နေသည် ဆိုသောစကားကို ယုံကြည်ကြသော်လည်း လူအောင်ကမူ မဟာမြိုင်တောထဲ၌ အခေါ်ခံရသဖြင့် ကြောက်ပြီး မလိုက်လာဝံ့သည်ကို ဦးပြေားတို့အဖွဲ့က သဘောပေါက်သွားကြသည်။ ခအောင်းကုန်းက ကျော်ဆန်းကိစ္စနှင့် မေသင်တို့ အပြန် ကိစ္စကိုမူ တောမှာတောင်မှာ ဖြစ်သဖြင့် ဦးထွန်းစံနှင့် ဦးကွိန် တို့ကလည်း မပြောပြကြ။

သို့သော် မဟာမြိုင်တောထဲ၌ ကြိမ်ခုတ်ကြမည့် ကိစ္စမှာ

www.burmeseclassic.com

www.burmeseclassic.com



ဦးသာပြည့်တို့အဖွဲ့ အနေနှင့် ပြဿနာရှိလာသည်။ တောထဲ၌ နေ၍ ဆက်ပြီး ကြိမ်ခုတ်ကြမည်ဆိုလျှင် လူလေးယောက်နှင့်မဖြစ်။ တောတောင်တို့ သဘာဝ အလေ့အထမှာ သုံးယောက်၊ ငါး ယောက်သာ ဖြစ်ရပြီး လေးယောက်၊ ခြောက်ယောက် စုံမနေ ကောင်း။

ထို့ကြောင့် ကြိမ်တိုက်လာသော လှူနှစ်ယောက်ထဲမှ တစ် ယောက်ယောက်ကို သူတို့အဖွဲ့နှင့် ကြိမ်ခုတ်နေပေးရန် ဦးသာပြည့် တို့က ဆွယ်တရား ဟောကြသည်။ ထွန်းစံကမူ လူငယ်ဖြစ်သည့် အပြင် သူ့မိဘများကိုလည်း မပြောမဆိုခဲ့သဖြင့် ကြိမ်လှည်းနှင့် ပြန်မည်ဟု ပြောသည်။ ဦးငကွိန်ကမူ သားမယားမရှိ၊ မူဆိုးဖို ရွာမှာလည်း မည်မည်ရရ အလုပ်အကိုင် မရှိသဖြင့် ဦးပြောတို့ အဖွဲ့နှင့် ကြိမ်ဆက်ခုတ်ကြရန် မဟာမြိုင် တောကြီးထဲနေလိုက် ရန် သဘောတူလေသည်။

ရွာကိုကြိမ်သွားပို့ရန်ကိစ္စမှာ ကြိမ်လှည်းကို မောင်းသွား ရုံသာဖြစ်သဖြင့် နေမွန်းတိမ်းစမှာ ထွန်းစံက ကြိမ်လှည်းတစ်စီး တိုက်နှင့် ရွာပြန်သွားသည်။ ဦးငကွိန်နှင့် ဦးသာပြည့်တို့အဖွဲ့က ကြိမ်ဆက်ခုတ်ရန် မဟာမြိုင်တောကြီးထဲ၌ ကျန်နေခဲ့ကြ၏။

သို့သော် ယခုလက်ရှိစခန်း လင့်အိမ်ဆောက်၍ နေကြ သောနေရာမှာ တောကြမ်းသည်ကို သိထားကြသော ဦးသာပြည့်တို့ အဖွဲ့က သဲချောင်းတစ်ဖက်ကမ်း မြောက်အရပ်သို့ စခန်းရွှေ့ရန် ချက်ချင်း ပြင်ဆင်ကြသည်။ ဦးငကွိန်မှာ ယနေ့မှ ရွာကရောက် လာသူ လူသစ်ဖြစ်သဖြင့် စခန်းသစ်နှင့်သာ သင့်တော်သည်မှာ



း တောသဘာဝပင်။ ထို့ကြောင့် ဦးသာပြည့်တို့ ကြိမ်ခုတ် းအဖွဲ့သည် တောကြမ်းသော စခန်းဟောင်းတွင် ယနေ့တစ် ာ နေခဲ့ကြပြီး နောက်တစ်နေ့ နံနက်ထမှာပင် စခန်းသစ် သို့ ရွှေ့ကြရန် စီစဉ်ကြရသည်။ သို့သော် ဤစခန်းဟောင်း နောက်စခန်းသစ်တွင် မည်ကဲ့သို့သော တောကြမ်းကြီးနှင့် တွေ့ ဒုးတွေ့ တွေ့ကြရမည်ကိုကား ဦးသာပြည့်တို့အဖွဲ့က မတွေးခဲ့မိကြပေ။

* * * * *

သူတို့သည် ပထမစခန်း တောကြမ်းကြီးနှင့် ရေခြားမြေ ဖြစ်သွားအောင် ဟူသော သဘောဖြင့် သဲချောင်းခြောက်ကို ကူးရန် ဆင်းလာကြသည်။ ထိုအချိန်တွင် သဲချောင်းထဲကို ချောင်ခြည်က မကျရောက်သေး။ သစ်ကြီးဝါးကြီး ပေါများ အရပ်ဖြစ်သဖြင့် သဲချောင်းထဲတွင် စိမ့်အေးနေတုန်း။

ကြိမ်ခုတ်ပစ္စည်း ကိရိယာများနှင့် ဝန်စည်စလယ်များကို ပို၍ သဲချောင်းတစ်ဖက်ကမ်းသို့ တက်နိုင်သော ကမ်းပြန့် ၍လျှောက်လာကြသည်။ သဲချောင်းထဲတွင် ရေစပ်စပ်သာ သော်လည်း ချောင်းနှစ်ဖက်ရှိ ကမ်းပါးယံကြီးတွေမှာ လူနှစ်

www.burmeseclassic.com

www.burmeseclassic.com



ရပ်ခန့်ပင်မြင့်သည်။ ထို့ကြောင့်လည်း သူတို့သည် လူတွေအလွယ်တကူ တက်နိုင်သော ကမ်းပြန့်ကိုရှာရင်း ချောင်းညာဘက်သို့ တက်လျှောက်လာကြသည်။

သဲချောင်းမှာ မိုးတွင်း၌သာ ရေအပြည့်နှင့် ရေစီးရေလာ ကြမ်းသော်လည်း ယခုအခါ ရေအိုင် ရေခွက်တွေလောက်သာ ချောင်းထဲ၌ တွေ့နေရသည်။ ရေအိုင်တစ်ခုနား အရောက်တွင် ရှေ့ကသွားနေကြသော ဦးသာဖြည့်နှင့် ဦးပြေးတို့က ရုတ်တရက် ခြေလှမ်းတို့ ရပ်သွားကြသည်။ လူကြီးနှစ်ယောက်က ခြေလှမ်းတုံ့ပြီး ရှေ့ကို ငေးကြည့်နေကြသောအခါ နောက်ကလိုက်ပါလာကြသော ဦးကျွန်၊ ငယောင်း၊ ငအောင်တို့မှာလည်း အလိုလို ခြေလှမ်းရပ်သွားကြသည်။

ဦးသာဖြည့်တို့ ငေးကြည့်နေကြသောဘက်ကို အားလုံး လှမ်းကြည့်နေကြသည်။ ရေအိုင်နားတစ်ခုတွင် လူကြီးခြေသလုံး သာသာရှိ မြွေကြီးတစ်ကောင် စန့်စန့်ကြီး ရှိနေသည်ကို အားလုံး လှမ်းမြင်နေရသည်။ သဲလာလူးနေတာလား၊ ရေလာသောက် တာလား ဟူသောအတွေးနှင့် ခဏငေးကြည့်နေကြရာ မြွေကြီး မှာ လုံးဝ လှုပ်ရှားမှုမရှိဘဲ ငြိမ်နေ၏။

"ငြိမ်နေတာထောက်ရင် မြွေကြီးဟာ အစာချောင်းနေ တာလား၊ မင်းတို့ကာလသားတွေက မျက်စိကောင်းတယ် ကြည့် ကြစမ်းကွာ ငယောင်း"

ဦးသာဖြည့်က ကြည့်ကြ ဆိုသဖြင့် အားလုံးလှမ်းကြည့် နေကြသည်။ မြွေကြီးကမူ သစ်တုံးကြီး တစ်တုံးကို ချထားသလို



ကောင် လုံးဝမလှုပ်။

"မြွေကြီးကြည့်ရတာ သေနေတယ်ထင်တယ် ဘကြီးဖြည့်"

"ဟာ ဟုတ်ပါပြီ၊ လာ လာ၊ လာကြ"

ငယောင်းစကား အဆုံးမှာ ဦးသာဖြည့်က လာကြဟု ပြောပြီး ရှေ့ဆက်သွားသည်။ မှန်သည်။ မြွေကြီးကား သေနေပြီ။

"ဒီမြွေကြီးက ဒဏ်ရာလည်း မတွေ့ပါလား၊ ဘာဖြစ်လို့ သေသွားလဲ မသိဘူး"

မြွေကြီးအနားက ဖြတ်သွားကြသောအခါ ငအောင်က သိသလိုနှင့် နှုတ်ထွက်သွားသည်။

"ဟိုမှာ ဦးနှောက် ဖောက်စားခံထားရတာလေ မင်းတို့ မမြင်ဘူးလား"

ဦးသာဖြည့် ပြောတော့မှ မြွေကြီးခေါင်းကို ငုံ့ကြည့်ကြ သည်။ မြွေဦးခေါင်းတွင် သွေးစသွေးနများနှင့် အရေခွံလန်နေ သည်ကို မြင်ကြရသည်။

"ဒီလောက် အကောင်ကြီးကို ဘယ်လိုအကောင်က ဦး နှောက်ဖောက်စားထားတာလဲ ဘကြီး"

"တောပွင့်ကူကြီးတွေပေါ့ကွ။ သူတို့က မြွေဆို အသေ နိုင်ကြတာ။ မြွေဦးနှောက်ဆိုလည်း ပင့်ကူကြီးတွေက အရမ်း ကြိုက်ပဲ။ အဲဒါကြောင့် ဟို . . ."

ချောင်းဖျားဘက်မှ နွားလှည်းတစ်စီး ဆင်းလာနေသံကို ကြားလိုက်ကြရသဖြင့် ရုတ်တရက် စကားဖြတ်၍ အားလုံး လှည်း သံကြားရာဘက် လှမ်းကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နွားလှည်းတစ်စီး သဲချောင်းအတိုင်း မောင်းဆင်း… သံနှင့်အတူ ချောင်းကွေ့ အချိုးတွင် ကြိမ်အပြည့်တင်ထား… လှည်းက ဘွားကနဲ ပေါ်လာသည်။

"ဟာ . . . ယောက်ဖကြီးတို့ပါလား"

လှည်းပေါ်ကလူမှာ ဦးပြေး၏ နှမယောက်ျား ဦး… ဖြစ်သည်။ ဦးဝေဒိုးတို့ရွာနှင့် ဦးပြေးတို့ရွာမှာ တစ်မွန်း… ခရီးထောက်သည်။ ကိစ္စကြီးငယ်ရှိမှ သွားလေ့သွားထ ရှိကြ… ယခု သူ့ယောက်ဖကြီးအား မဟာမြိုင်တောထဲတွင် မမျှော်လင့်… တွေ့လိုက်ရသောအခါ ဦးဝေဒိုးမှာလည်း ဝမ်းသာအားရ… သွားသည်။

"အေးကွ၊ မင်းတို့ မဟာဂနိုင်ထဲ ရောက်နေတာ ကြာ… ပလား"

"မကြာသေးပါဘူး။ သီတင်း တစ်ပတ်ကျော်လော… ရှိပါသေးတယ်"

"ငါတို့လည်း အဲဒီဘက်တက်ကြမလို့ကွ၊ ကြိမ်အခြေ… နေကော ဘယ့်နှယ်လဲ"

"ကောင်းတယ် ယောက်ဖကြီး၊ ဒီသီတင်းတပတ်… လောက်မှာ ကျုပ်တို့ ဒါပါဆို လှည်းနှစ်စီးတိုက်ရပြီ"

"အေး ဒါဆို ကောင်းတာပေါ့ကွ။ မင်းတို့ ဘယ်က… လဲ"

"အဲဒါတော့ ဘာခေါ်လဲနော် ကျုပ်လည်း မသိ… ယောက်ဖကြီး ဒီကနှစ်ကွေ့လောက် ရှေ့ဆက်တက်သွားရင်…



မြို့တွေ့ပါလိမ့်မယ်။ အဲဒီက တက်လို့ရတယ်"

"မောင်ဝေဒိုးပြောတာ ငါသိပါပြီ၊ ကျောက်ကြီးမြို့ဖြစ်ပါလိမ့်မယ်"

ဦးပြေးနှင့်ဦးဝေဒိုးတို့ ပြောနေကြသည့်ကြားထဲ ဦးသာပြည့်က သူသိသဖြင့် ဝင်ပြောလိုက်၏။

"အေး အဘတို့တော့သိမယ်။ ရှေ့မှာ တန်းတင် ရေစီး တစ်ခုလည်း ရှိတယ်လေ အဘ"

"ဟုတ်ပါတယ်၊ မင်းတို့အဖွဲ့က လူဘယ်နှစ်ယောက်လဲ"

"ကျုပ်တို့အဖွဲ့က လူတောင့်တယ် အဘ၊ ခုနစ်ယောက်"

ဦးဝေဒိုးမှာ သူ့ယောက်ဖ ဦးပြေးနှင့် ပြောနေရာမှ ဦးသာပြည့်ဆီ စကားဆက်ရပြန်သည်။

"အေးကွ၊ မင်းတို့ရွာက မဟာမြိုင်ထဲမှာ ဘယ်နှစ်ဖွဲ့လောက်ရှိလဲ"

"ကျုပ်တို့ပါမှ နှစ်ဖွဲ့ပါ။ ဒီဘက်ကတောနက်တော့ သိပ်တက်ကြဘူး။ ညာဏ်တောဘက်ပဲ သွားကြတာ များပါတယ်"

"မင်းတို့စခန်းက ဘယ်နေတုံး။ တို့တော့ ငါးခုချောင်းဘက် သွားကြမလားလို့"

"ဒါဆို ကျုပ်တို့စခန်းနဲ့ မဝေးပါဘူး အဘကောင်းတာပေါ့၊ ကျုပ်တို့က မျှောက်မွေးကုန်းလို့ ဘိုးတင်က ပြောတာပဲ"

"မင်းတို့အဖွဲ့မှာ ဘိုးတင်က ခေါင်းလား"

"သူက လှည်းရှိတဲ့လူ ဆိုတော့ ခေါင်းပေါ့အဘရာ။ ဒီ လှည်းက သူ့လှည်းလေ"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အေး . . ၊ ငါတို့ကတော့ မင်းယောက်ဖကြီး လည်းပဲ။ ကဲ မင်းလည်း မွန်းမတည့်မီ ရွာအရောက်သွားရမ သွား သွား . . ၊ ငါတို့လည်း ကျောက်ကြီးပြန့်က တက်မယ်ကွ ဘိုးတင်ကိုလည်းပြောလိုက်၊ ငါးခူချောင်းဘက်မှာ ငါတို့ ရှိနေ လို့"

"နီးသားပဲအဘ၊ ကျုပ်လည်း မနက်ဖြန် ပြန်တက်လာ ပဲ။ ပြန်ရောက်ရင် အဘတို့ ယောက်ဖကြီးတို့ဆီ တစ်နေ့ လာ ဦးမယ်။ သွားမယ်နော် ယောက်ဖကြီး"

"အေး . . အေး၊ ငါတို့လည်း ကြိမ်ခုတ်နေကြတယ်ဆို မင်းမိန်းမကို ပြောလိုက်"

"ဟုတ်ကဲ့ ယောက်ဖကြီး"

ပြောပြောဆိုဆိုနှင့်ပင် ဦးဝေဒိုးလည်း ထွက်သွားသ ဦးသာဖြည့်တို့ အဖွဲ့လည်း သဲချောင်းဖျားဘက် ဆန်တက်လာ ၏။

သူတို့မှာ ယနေ့၌ လင့်အိမ်တဲလည်း ဆောက်ကြရဦးမ ဖြစ်သဖြင့် ပြန်နိုင်သမျှ မြန်မြန် တက်လာကြလေသည်။ မ မီ ကျောက်ကြီးပြန့်ကို ရောက်လာကြရာ ထိုမှ သူတို့စခန်း မည့် ငါးခူချောင်းဘက် တက်လာကြ၏။ သူတို့နှင့် မနီးမဝေ တွင် ဘိုးတင်တို့အဖွဲ့လည်း ရှိနေသည်မို့ ပို၍ စိတ်ချရသည်

ထုံးစံအတိုင်းပင် လင့်အိမ်တဲဆောက်၍ ကောင်း နေရာကိုရှာပြီး တစ်နေ့လုံး လင့်အိမ်ဆောက်ကြသည်။ မိုးမ မီပင် လူငါးယောက် တက်အိပ်နိုင်သော လင့်အိမ်အကြမ်းထ



ပြီးသွားသည်။ ညနေစာ စားပြီးချိန်မှာ မှောင်ရီဝိုးတဝါးရှိနေ၏။ ထို့ကြောင့် လင့်တဲအိမ်ပေါ် တက်လာကြ၏။ ဤဘက်မှာ သူတို့ ခေန်းဟောင်းနှင့် စာလျှင် တောပိုနက်သဖြင့် မိုးချုပ်နေဝင် စောသည်။

သူများတွေက ကြမ်းခင်းပေါ် ကျောချပြီး အိပ်ရန်လုပ် နေကြသော်လည်း ယနေ့မှ အရေးပေါ် ကြိမ်ခုတ်လိုက်လာသော ဦးငကွိန်ကတော့ မနေ့က စခန်းသစ်၌ကဲ့သို့ပင် တင်ပျဉ်ခွေထိုင် ကာ ဘာတွေရွတ်ဖတ်နေသည်မသိ၊ တတွတ်တွတ် ရွတ်ဖတ် သဇ္ဈာယ်နေသည်။ သူ့အသံက နည်းနည်းကျယ်သည်ကို မကြိုက် ကြသော်လည်း ဦးငကွိန်မှာရွာ၌လည်း ဤသို့ပင် ဟိုရွတ်သည်ရွတ် တီးယောင်ယောင်၊ သမထယောင်ယောင်၊ ဝိပဿနာယောင် ယောင်လုပ်တတ်သည်မို့ မပြောကြတော့။ ပြီးတော့ သူ့ကို ခေါ် ရသည်မှာလည်း ဘော်လံဒီယာ ဖြစ်သဖြင့် စိတ်ဆိုးပြီး ရွာ ပြန်သွားမှာစိုး၍ ငြိမ်နေလိုက်ကြသည်။ ဦးငကွိန်မှာ ရွာ၌လည်း ည့်သူနှင့်မျှ အပေါက်အလမ်း တည့်သူမဟုတ်။ တစ်လုံးပေါက် ရောက်ကန်းဟု သမုတ်ထားကြသူ။

မကြာပါချေ။ ချောင်းဖျားဘက်မှ ကလေးငိုသံလိုလို ကြောင်အော်သံလိုလို အသံတစ်ခုကို ထူးထူးခြားခြား ကြားမိကြ သည်။ ဦးငကွိန်တော့ ကြားမကြားမသိ။ တခြားလူတွေတော့ အားလုံးကြားနေကြသည်။ ဦးငကွိန်က ဆက်ရွတ်နေ၏။ ချောင်း ဖျားဘက်က ကလေးငိုသံလိုလို ကြောင်အော်သံလိုလို အသံကို လည်း ဆက်၍ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးကောင်မွှားကောင်များနှင့် ညငှက်များ၏ အော်မြည် နေကြသံများထဲတွင် ထိုအသံက ပို၍ကျယ်လောင်သည်။ အ မျိုးစုံကို ဖုံးလွှမ်းနေသည်။ တောတောင် အတွေ့အကြုံများသေ ဦးသာဖြည့်က သစ်ကျားမ၊ ကြောင်မများ မိတ်ခေါ်သံလား နားစွင့်ထားသည်။ သို့သော် သူကြားဖူးသော သစ်ကျားမ၊ ကြော မများ မိတ်ခေါ်သံမဟုတ်။ ကလေးငိုသံနှင့်သာ ပိုတူသည်။ ခင်က ဦးသာဖြည့် ဤအသံမျိုးကို တောထဲတောင်ထဲ တစ်ခ မကြားဖူးဘူး။

ထို့ကြောင့် သူတို့ စခန်းသစ်ကို လာကြရာ၌ အလာ သို့မဟုတ် လင့်အိမ်တဲဆောက်ကြရာမှာ သို့မဟုတ် တစ်ယော နှင့်တစ်ယောက် အပြောအဆိုမှာ သို့မဟုတ် စားရသောက် မှာ ဘာများ အမှားအယွင်း ရှိခဲ့ကြပါလိမ့်ဟုလည်း ဦးသာဖြည့်က ပြန်စဉ်းစားပြီး တွေးနေသည်။

ယခု သူတို့ရောက်နေသော နေရာမှာ တောနက်သဖြ အမှားအယွင်း ခံမည်မဟုတ်။ တစ်စုံတစ်ခု မတော်မတည့် လ မိလျှင် ချက်ချင်း တောကြမ်းလာတတ်သည်။ ဦးသာဖြည့် ထို တွေးနေစဉ် ဦးငကွိန်ကလည်း အရွတ်အဖတ် ရပ်သွားသည်။ ဦး ငကွိန် အရွတ်အဖတ် ရပ်သွားသည်နှင့် ကလေးငိုသံလိုလို အသ မှာလည်း ချက်ချင်းဆိုသလို ပျောက်သွားပြန်သည်။

သို့သော် ထိုကိစ္စကို ဦးသာဖြည့်က မေးလည်းမမေး၊ ပြော လည်းမပြောသဖြင့် နောက်လူတွေကလည်း မမေးမပြောဘဲ နှ ဆိတ်ကာ အိပ်ပျော်သွားကြသည်။



မည်မျှအိပ်ပျော်၍ မည်သည့်အချိန်မှန်းတော့ မသိလိုက်။ င့်တဲအိမ် တစ်ခုလုံး သိမ့်ခနဲ လှုပ်ယမ်းသွားသဖြင့် အားလုံး န့်နိုးလာကြသည်။ လင့်တဲပေါ် ထိုးကျနေသော သစ်ရွက်သစ် ၏ အကြိုအကြား လရောင်ထဲက ဦးသာဖြည့် မျက်နှာကို အား စိုက်ကြည့်လိုက်ကြသည်။

"တို့ လင့်တဲကို ပြောင်တိုက်သွားတာ ထင်တယ်"

ဦးသာဖြည့်က ဒါပဲ ပြောသည်။ ဦးသာဖြည့် ပြောသည် လည်း ယုတ္တိတော့ ရှိ၏။ သူတို့ လင့်တဲအိမ် အဝန်းအဝိုင်းကို ည့်ဦးကပင် စည်းချထားသဖြင့် တစ္ဆေခြောက်တာတော့ မဖြစ် ဟု ထင်လိုက်ကြသည်။ သူတို့စည်းမှာ တောမိစ္ဆာများ အန္တ ယ်ကိုသာ ကာကွယ်နိုင်သော်လည်း တောတိရစ္ဆာန်များကိုတော့ ကာကွယ်နိုင်။

တစ်ခါတစ်ရံတွင် လင့်တဲအိမ်အောက်၌ မီးဖိုကြီးရှိနေ သော်လည်း မီးကို မြင်ဖန်များပြီး မီးယဉ်နေသော တောတိရစ္ဆာန် က အနီးအနား လာချင်လာတတ်ကြသည်။ သို့မဟုတ် မိတ် က်၍လည်းကောင်း၊ အချင်းချင်း တိုက်ခိုက် ကိုက်ခဲကြ၍လည်း ကောင်း၊ ကမူးရှူးထိုးနှင့် လင့်အိမ်တဲတိုင် သစ်ပင်ကြီးငယ်များ ဝင်တိုက်မိတတ်ကြသည်လည်း ရှိလေသည်။

ထို့ကြောင့် ဦးသာဖြည့်စကားနှင့် စိတ်ပြေကာ ပြန်အိပ် ပျော်သွားကြသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ ထုံးစံအတိုင်းပင် လင့်အိမ်တဲကို ချောသပ် ပြုလုပ်ကြသည်။ နောက်တစ်နေ့ ကြိမ်စခုတ်ကြ ကြိမ်ပင်၊ ကြိမ်ပုတ်၊ ကြိမ်တော ရှာသူကရှာနှင့် တစ်နေ့ကုန် ပြန်သည်။

ကြိမ်ပင်၊ ကြိမ်ပုတ်၊ ကြိမ်တောရှာရာက ပြန်လာ ငယောင်းက -

"ငအောင် မင်းအတွက် ငါ ဟိုဘက်စမ်းပေါက်နား ငှက်စာ ငှက်ပျောတစ်ပုတ် တွေ့ထားခဲ့တယ်။ ဟင်းမရှိတဲ့နေ့က ငှက်ပျောပင်သွားခုတ်ပြီး ချက်ပေါ့ကွာ။ မြေပဲတွေ၊ ငရုပ်သီး စိမ်းတွေလဲ ပါသားပဲ" ဟု ဆိုသည်။

တောစာငှက်ပျော၊ ငှက်စာငှက်ပျော ဆိုသည်မှာ ငှက် ပျောကောင်းအတိုင်းပင်။ အသီးကမူ တောဝင်ထားသဖြင့် စေ့များပြီး လူစား၍မရ။ ထို့ကြောင့် ငှက်များသာ စားသ မျောက်များပင် အစေ့များသဖြင့် သိပ်မစားကြ။ သို့သော် အ ယ်များကို ခုတ်ဖြတ်လှီးသင်ပြီး အထဲက အသားနုနုများကို သီးစိမ်း၊ မြေပဲကြိတ်အုပ်ပြီး စိမ်းစားငါးပိနှင့် စပ်စပ်ချက် လျှင် ထမင်းမြိန်သဖြင့် ငယောင်းက ပြောသည်။

ဦးငကွိန်ကလည်း အားကျမခံဘဲ -



"ငါတော့ ဖင်ပြွန်းပင် တစ်ပင် သီးကင်းစတွေနဲ့ တွေ့ခဲ့ ယ်ကွ။ ဟိုဘက်တောင်ကြောမှာ။ မင်း ဟိုနေရာလောက်က မ်းကြည့်ရင်တောင် မြင်ရမယ်။ အပင်ကတော့ တော်တော် တယ်။ တက်နိုင်ရင် မင်းသွားတက်ခူးပြီး ဖင်ပြွန်းသီးဟင်း ည်း ချက်လို့ရတာပဲ" ဟု ကြိမ်ပင်ရှာသွားရင်း သူတွေ့ခဲ့ရသည် ပြောပြန်သည်။

ထိုနေ့က လူကြီးနှစ်ယောက်ဖြစ်သော ဦးသာဖြည့်နှင့် ပြားတို့ကမူ လင့်တဲအိမ်ကို အချောသပ်နေကြသဖြင့် ကြိမ်ပင်၊ မ်ပုတ်ရှာ လိုက်မသွားကြ။ နောက်တစ်နေ့၌မူ လေးယောက်စ ကြိမ်ခုတ်ထွက်ကြပြီး လင့်တဲအိမ်တွင် ငအောင်လေးတစ် ယောက်သာ ထမင်းဟင်းချက် ကျန်နေမည်ဖြစ်သည်။

သည်လိုနှင့် ညနေစာ ထမင်းစားပြီးသောအခါ လင့်အိမ် ပေါ် တက်ကြသည်။ ညက ပြောင်တိုက်တာလား၊ ဝက်တိုးတာ ၊ တစ္ဆေခြောက်တာလားဟု ခွဲခွဲခြားခြား မခန့်မှန်းတတ်သော သာဖြည့်သည် တောထုံးစံအတိုင်း နောက်ဆုံး လင့်အိမ်တဲပေါ် က်မီ စည်းသုံးတန် သုံးခါပင် တောစောင့်နတ်၊ တောင်စောင့် တ်များကို တိုင်တည် တောင်းပန်၍ ပီပီပြင်ပြင်ချသည်။ ပြီးမှ င့်အိမ်တဲပေါ် တက်လာ၏။

သူတက်လာသော ကြက်တက်လှေကားကို သူတက်ပြီး ည်နှင့် ငယောင်းက ဆွဲတင်ရာ၌လည်း ပြန်ထောင်သောအခါ ရင်းအဖျား မှန်မမှန်ကို ဦးသာဖြည့်က သတိထားကြည့်သည်။ သူတို့အားလုံး လင့်တဲအိမ်ပေါ် တက်လာကြပြီးဖြစ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် မြေပြင်မှ လင့်တဲပေါ်ကို မည်သူမျှ တက်လာစေ မရှိတော့ ဟူသောသဘောကို ဆောင်ကာ ယောင်းက လင့်တဲ ပေါ်တွင် ကြက်တက်လှေကားရှင်ကို ပြောင်းပြန် ထောင်ထားလိုက် သည်။

မျောက်ပေါသောအရပ်တွင် တစ်ခါတစ်ခါ မျောက်များ က လင့်တဲအိမ် သစ်ပင်များပေါ် ခုန်ကူးလာပြီး ထိုကြက်တက်လှေ ကားမှ လင့်အိမ်ပေါ် ဆင်းလာတတ်ကြသဖြင့် လှေကားထိပ်တွင် ငါးပိသုတ်ထားရသည်။ ငါးပိနံ့ရလျှင်တော့ မျောက်တွေက ဆင်း မလာတော့။

သို့သော် လင့်အိမ်တိုင် လုပ်ထားကြသော သစ်ပင်များပေါ် တွင် ခါချဉ်ကောင်များ၊ ပိုးပုရွက်များ ရှိလျှင်တော့ ငါးပိနံ့ကို လိုက် ရှာပြီး အုံနေတတ်ကြသည်။

ယခု သူတို့ဆောက်ထားကြသော လင့်တဲအိမ် တဲတိုင်များ ပေါ်တွင် ခါချဉ်ထုပ်၊ ပုရွက်ဆိတ်များ မရှိသဖြင့် လှေကားထိပ် ကို ငါးပိသုတ်စရာ မလိုပေ။ ဤသည်ကို ယောင်းကလည်း သိ သဖြင့် ကြက်တက်လှေကားကို လင့်တဲအိမ်ပေါ်တွင် ပြောင်းပြန် ထောင်ထားလိုက်သည်။ သူတို့ မနက်မိုးလင်း၍ အောက်ကိုဆင်း ကြတော့မည်ဆိုလျှင် ပြောင်းပြန်ထောင်ထားသော ကြက်တက် လှေကားကို လှဲလိုက်ရုံဖြင့် အရင်းအဖျား ပုံမှန်ဖြစ်သွားပေမည်။

ဤသည်မှာ တောစည်းကမ်း၊ တောင်စည်းကမ်းနှင့်အညီ ပြုလုပ်ရခြင်းဖြစ်သည်။

ကြက်တက်လှေကားငယ်ကို သုံးလေးပတ် ပြောင်းပြန်



ညီ၍ ဆင်းရန် မလုပ်ရ။ တစ်ခါတည်း လှဲချလိုက်သည်နှင့် အ သင့် လူဆင်းရန် ဖြစ်ရမည်။

နေရောင်ခြည် ကွယ်သွားသည်နှင့် တောကြီးထဲရှိ ညဥ့် ငှက်နှင့် ပိုးကောင်၊ မွှားကောင်တို့မှာ မြည်လာကြသည်။ အတော် ဝေးဝေးကမူ ချေဟောက်သံနှင့် ကြက်မတစ်ကောင် ကတော် ထိုက်သံ၊ ရှဉ့်ပေါ စုတ်ထိုးသံ၊ ဝံအီသံတို့မှာတော့ နေ့စဉ်ကြား နေကျ အသံများပင်ဖြစ်သည်။

လဆန်းရက် ဖြစ်သဖြင့် တောနက်သော်လည်း လရောင် ကြောင့် အမှောင်ကြီးတော့မဟုတ်။ သစ်ရွက်ကြို သစ်ရွက်ကြားမှ ထိုးဆင်း ကွက်ကျနေသော လရောင်ကလည်း ရှိလေသည်။

ဦးသာငြိမ်တို့ အဖွဲ့မှာ မအိပ်ကြမီ ဆေးတံ၊ ဆေးလိပ် သောက်၍ လင့်တဲပေါ်တွင် ငုတ်တုတ်ထိုင်ကာ မနက်ဖြန် ကြိမ် ခုတ် ယွက်ကြရမည့် ကြိမ်ပုတ်၊ ကြိမ်တော ခုတ်ကွက်များကို စ ကားနိုးနှော တီးတိုးပြောနေကြသည်။

ထိုအချိန်တွင် လူသုံးလေးယောက်သည် သူတို့ကဲ့သို့ပင် စကားတီးတိုး ပြော၍ သူတို့လင့်တဲအိမ်ရှိရာဘက် လာနေကြသံကို ကြားကြရသည်။ ဤလိုအချိန်မျိုး၌ မြေပြင်တောနက်ကြီးထဲတွင် အန္တရာယ် အရေးအကြောင်းကြောင့် လျှောက်သွားနေကြသည်မှာ ကြက်သီးထစရာ၊ အံ့ဩစရာပင်။

ဤတောဤတောင်၌ အ,ကာလ ညအခါတွင် သရဲတစ္ဆေ များကို မကြောက်တတ်လျှင်ထားဦး။ ကျား၊ ဝံ၊ သစ်ကျား၊ ကျား သစ်များ ပေါလှသောတောထဲတွင် ညကြီးမင်းကြီး စကားတီးပြော

www.burmeseclassic.com

www.burmeseclassic.com



ပြောနှင့် လျှောက်သွားနေကြသည်မှာ မည်ကဲ့သို့သော လူတွေပါ လိမ့်။

ဦးသာဖြည့်တို့အဖွဲ့မှာ အံ့သြတကြီးဖြစ်ပြီး လင့်အိမ်တဲပေါ်က အသံကြားရာဘက် ချက်ချင်း လှမ်းကြည့်ကြသည်။ သို့သော် လူတွေကို မမြင်ရသေးဘဲ အသံကိုသာ ကြားနေကြ၏။ တီးတိုးတီးတိုးနှင့် ပြောလာနေကြသံမှာ သူတို့လင့်တဲအိမ်ဘက်ကို ဦးတည်လာနေကြကြောင်း သိသာသည်။ အသံတွေက ပိုကျယ်လာသည်။

ဦးသာဖြည့်ကမူ သူ့နှမယောက်ျား၊ ဦးဝေဒိုးတို့ကို သတိရ၍ စိုးရိမ်မိလိုက်သည်။ သူတို့ ကြိမ်ခုတ်စခန်းတွင် တစ်ယောက်ယောက်များ အသည်းအသန် နာမကျန်းဖြစ်၍ ရွာကိုပို့ရန် ဆင်းလာကြလေသလား သို့မဟုတ် ကျားကိုက်၊ ဝံကိုက်၊ ဝက်ပက်၊ မြွေကိုက်ခံလိုက်ရ၍များ ညကြီးမင်းကြီး အထမ်းနှင့် ချလာကြလေသလား။

ဘိုးတင်၊ ဝေဒိုးတို့ စခန်းမှာ သူတို့စခန်းနှင့် အထက်အောက်ဖြစ်သဖြင့် လူမမာကို ရွာပို့ရန် ဆင်းလာကြလေသလားဟု အသံကြားခါစက တွေးမိလိုက်သေးသည်။

သို့သော် အကယ်၍ သူထင်သလို မိုးလင်းအောင်ပင် မစောင့်နိုင်သော အရေးကြီးလူမမာကို ရွာသို့ပို့ရန် ဆင်းလာကြလျှင် မီးရှူးမီးတုတ်တော့ ပါလာကြရမည်။ ယခုမူ မီးရောင်မီးတုတ်ကို လုံးဝမမြင်ရ။ တီးတိုးတီးတိုးနှင့် ပြောဆိုလာကြသံကသာ သူတို့လင့်အိမ်တဲနှင့် နီးသည်ထက်နီးလာသည်။



ထိုအချိန်မှာ ထိုင်ပြီး ဆေးတံဖွာနေသော ဦးသာဖြည့်က ဆေးတံကို ကိုင်လျက်ကပင် ကြမ်းခင်းပေါ် ဝမ်းလျားမှောက်ချလိုက်သည်။ နောက်လူ အားလုံးကိုလည်း သူကဲ့သို့ ဝမ်းလျားမှောက်နေကြရန် လက်ပြလက်ကုတ် လုပ်လိုက်ရာ အားလုံးမှာ ဦးသာဖြည့်ကြီး နည်းတူ ကြမ်းခင်းပေါ် မှောက်ခုံ မှောက်လိုက်ကြသည်။ အားလုံး အသံတိတ်မှောက်လျက်က အသံကြားရာဘက်ဆီသို့ အသက်အောင့်ပြီး လှမ်းကြည့်နေကြသည်။

မြင်ရပါပြီ။ စောင်တစ်ထည်ကို ဝါးလုံးတစ်လုံးပေါ် ဟိုဘက်သည်ဘက် လူမမာကို စောင်ထဲထည့်ကာ ရှေ့တစ်ယောက် နောက်တစ်ယောက် ထမ်းလာကြ၏။ အထမ်းသမား နှစ်ယောက်၏ ရှေ့နောက်တွင် နောက်လူနှစ်ယောက်က ပါလာသည်။ မည်သူမည်ဝါဟု ကွဲကွဲပြားပြား မသိရသော်လည်း လရောင်ပြိုးပြိုးပြောက်ပြောက်တွေများကြောင့် လူလေးယောက်မှန်းသိသာသည်။

ဦးသာဖြည့်က ဘာမှ လှုပ်ရှားမှုကို မပြဘဲ သူတို့လင့်တဲအိမ်ဘက် လျှောက်လာကြသော သစ်ပင်ကြို သစ်ပင်ကြားမှ လူလေးယောက်ကို မျက်တောင်မခတ် စောင့်ကြည့်နေသည်။

ဦးပြေးကမူ သူထင်သည့်အတိုင်း ဘိုးတင်တို့၊ ဝေဒိုးတို့စခန်းမှ တစ်ယောက်ယောက်တော့ မုချ တစ်ခုခုဖြစ်ပြီ ထင်လိုက်သည်။ လူနာမှာ သူ့ယောက်ဖ ဝေဒိုးများလားဟု စိုးရိမ်တကြီး ငေးကြည့်နေမိသည်။

'မိုက်လိုက်ကြတဲ့အကောင်တွေ၊ ဒီလောက်တောနက်ကြီးထဲ မီးတုတ်မီးရှူးယူဖို့ ဘာလို့ သတိမရကြပါလိမ့်' ဟုလည်း စိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲက အပြစ်တင်နေမိသည်။

လာနေကြသူများကို လှမ်းပြော လှမ်းမေး၍ပင် ရှိ
သော အကွာအဝေးသို့ ရောက်လာကြပြီ ဖြစ်သော်လည်း ဦးသ
ပြည့်က တိတ်တိတ်နေကြရန် လက်ပြထားသဖြင့် မည်သူမျှ
အသံမထွက်ပံ့ကြသေး။ လှမ်းမမေးရဲကြသေး။

လှမ်းကြည့်နေကြရသော အကွာအဝေးမှ ငုံ့ကြည့်ကြ
သော သူတို့လင့်တဲအိမ်အောက် ရောက်လာကြသည်။

ထူးခြားသည်မှာ သူတို့ လင့်တဲအိမ် အောက်ကိုလည်
ရောက်ရော လူမမာထမ်းလာကြသူတွေ အသံတိတ်သွားကြသည်
ညဥ့်ဦးက ဦးသာပြည့် ချထားခဲ့သော စည်းနားအရောက်မှာ
လှမ်းရပ်သွားကြ၏။

အကယ်၍ ဝေဒိုးတို့သာဆိုလျှင် သူ့ကိုလှမ်းခေါ်ကြမည်
ယခု သူတို့ လင့်တဲအိမ်အောက်ကို ရောက်နေကြလျှက် ဦးပြေ
အား လှမ်းမခေါ်ကြသည်မှာတော့ ထူးဆန်းနေသည်ဟု ဦးပြေ
က တွေးသည်။

'ဘယ်သူတွေပါလိမ့်' ဟုလည်း လင့်တဲအိမ်ပေါ်က မ
မသာ ခေါင်းပြူလည်ဆန့်၍ ကြည့်ရ၏။

သို့သော် သူတို့ လင့်တဲအိမ်အောက်၌ မီးဖိုရှိနေသေ
လည်း မီးဖိုမှာ မီးတောက်မရှိ။ ထင်းတုံးကြီး၌ မီးရဲနေသည်
သာ မြင်ရသဖြင့် လူတွေကို မည်သူမည်ဝါဟု ပုံဖမ်း၍မရ။

ထိုအချိန်မှာပင် လူမမာ ထမ်းလာကြသော လူ
ယောက်သည် ဦးသာပြည့်တို့ လင့်တဲအိမ်ပေါ် မတ်တတ်ရပ်



မော့ကြည့်ကြသည်။

ထိုအခါ စောင်ပုခက်ထဲရှိ လူမမာဆီက ညည်းသံထွက်
သာ၏။

ထိုအချိန်ထိ ဦးပြေးကမူ -

'တောမှာ တောင်မှာ ဖြစ်နေ၍ လှမ်းမခေါ်ကြတာလား'
ဟု တွေးလိုက်စဉ် အထမ်းလွတ် နှစ်ယောက်လူက ဦးပြေးတို့
လင့်တဲအိမ်ပေါ် လက်ပြနေသည်။

အသံတိတ်ဖြင့် လက်ပြနေသူ၏ သင်္ကေတမှာ -

'လှေကားချလိုက်ပါ၊ သူတို့ အပေါ်ကို တက်လာပါရစေ'
ဟု အကြိမ်ကြိမ် လက်ဟန်နှင့်ပြနေသည်။

နောက်တစ်ယောက်ကမူ ဦးသာပြည့်တို့ လင့်တဲအိမ်ပေါ်
က ခေါင်းထုတ် ကြည့်နေကြသည်ကို တစ်ယောက်စီ လက်ညှိုး
ထိုး၍ ရေတွက်ကြည့်နေသည်။

ထိုအခါမှ ဦးသာပြည့်က ထိတ်လန့်ကြောက်ရွံ့နေသံ
ကြီးနှင့် -

"ဟေး ဟေး မင်းတို့ ပြန်လူလား၊ လာလူလား။ တော
ပိုင်ကြီးတို့ တောင်ပိုင်ကြီးတို့ကို တိုင်တည်ပြောကြ"

"ဟေး ဟေး မင်းတို့ ပြန်လူလား၊ လာလူလား။ တော
ပိုင်ကြီးတို့ တောင်ပိုင်ကြီးတို့ကို တိုင်တည်ပြောကြ"

"ဟေး ဟေး မင်းတို့ ပြန်လူလား၊ လာလူလား။ တော
ပိုင်ကြီးတို့ တောင်ပိုင်ကြီးတို့ကို တိုင်တည်ပြောကြ"

ဟု မောက်လျက်က သုံးကြိမ်သုံးခါ အော်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသဘောမှာ အကြောင်းအမျိုးမျိုးကြောင့် အမှန်တကယ် မနေသာ လူသားစစ်စစ်တို့ ဒုက္ခတစ်ခုခု ရောက်လာကြ၍ တစ်ည သူတို့လင့်အိမ်တဲ၌ တည်းခိုနေရန် လာကြလျှင် -

"ကျွန်တော်တို့လာလူပါ၊ ဘာကြောင့်၊ ဘာကိစ္စ ဆိုသည်ကို တောပိုင်တောင်ပိုင်ကြီးများ ကြားပါစေ၊ သိပါစေ" ဟု ပြောပြီး တိုင်တည်ကျိန်ပြော၍ အကူအညီ တောင်းကြရသည်။

ယခုမူ အပေါ်သို့ မော့ကြည့်ပြီး လက်ဟန်ခြေဟန်နှင့်သာ ပြနေကြသူများဆီက ဘာစကားမှ ထွက်မလာ။ စောင်ပုခြုံထဲက လူမမာ၏ ညည်းသံသာ ပိုကျယ်လာပြီး လူညည်းသံနှင့်မတူ မကောင်းမိစ္ဆာကောင်တို့က မပီမသ ညည်းအော်နေသံလို ကြားနေရသည်။

ထို့ကြောင့်ထင်သည်၊ ဦးသာဖြည့်က -

"ဟေး ဟေး မင်းတို့ လာလူလား၊ ပြန်လူလား။ တောပိုင်ကြီးတို့ တောင်ပိုင်ကြီးတို့ကို တိုင်တည်ပြောကြ။ တိုင်တည်ပြောကြ"

တုန်တုန်ယင်ယင် အသံနက်ကြီးနှင့် လှမ်းအော် တောင်းဆိုလိုက်ပြန်၏။

ဒါလည်း အောက်က လူတွေမှာ ဘာသံမှထွက်မလာ။ လက်ဟန်ခြေဟန်နှင့်သာ 'လှေကားချလိုက်ပါ၊ သူတို့တက်လာပါရစေ' ဟူသောသဘောနှင့် အသံတိတ် တောင်းဆိုနေကြသည်။

"ဟေး - တို့စခန်းက ရွာပြန်လူလည်းမရှိ။ လာမယ့်လူလည်းမရှိ။ မင်းတို့နေရာ မင်းတို့ပြန်ကြ။မင်းတို့နေရာ မင်းတို့



ပြန်ကြ။ တို့စခန်းမှာ လာသူကိုလက်မခံ၊ ပြန်သူမတက်ရ၊ သွားကြ သွားကြ၊ သွားဟ သွားဟ"

ခုနစ်သံချီနှင့် အော်ဟစ်လိုက်ကာ ချက်ချင်း မတ်တတ်ထရပ်ပြီး လင့်ပေါ်က သေးပေါက်ပန်းချလိုက်သည်။

ထိုအခါမှ အောက်က လူလေးယောက်မှာ ဦးသာဖြည့်ကြီး အမိန့်ပေးလိုက်၍လား၊ ဦးသာဖြည့်ကြီး သေးရည်စဉ်မှာ ကြောက်၍လား မသိ။ ဘာသံမှ လူမမာဆီကပင် မကြားရတော့ဘဲ တိတ်တိတ်ဆိတ်ဆိတ် လာလမ်းအတိုင်း ပြန်သွားကြသည်ကို လင့်အိမ်တဲပေါ်က ခေါင်းပြူကြည့်နေကြသူ အားလုံး မြင်လိုက်ကြရသည်။

ထို မကောင်းဆိုးဝါး လေးငါးကောင်မှာ သစ်ပင်ကြိုသစ်ပင်ကြားထဲ ပျောက်ကွယ်သွားတော့မှ ဦးသာဖြည့်ခမျာမှာလည်း ဟင်းခနဲ သက်မကြီး ချလိုက်ကာ လင့်တဲအိမ် ကြမ်းခင်းပေါ် ပြန်ထိုင်ချလိုက်ရသည်။

ဦးသာဖြည့်ကြီး ထိုင်ချလိုက်တော့မှ လင့်အိမ်တဲ ကြမ်းခင်းပေါ် ဝမ်းလျားမှောက် ကြည့်နေကြသော ဦးပြေားတို့အားလုံးမှာ ချက်ချင်း တိုင်ပင်ထားသလို ထိတ်ထိတ်လန့်လန့်နှင့် ထထိုင်လိုက်ကြသည်။ 'ပြီး ဘယ်လိုသဘောလဲ' ဟူသော အကြည့်နှင့် ဦးသာဖြည့်ကြီး၏ မျက်နှာကို ဝိုင်းကြည့်နေကြသည်။

သို့သော်လည်း မိစ္ဆာကောင်များကို အသံကျယ်ကြီးနှင့် မောင်းထုတ်လိုက်ရ၍ မောသွားသော ဦးသာဖြည့်မှာ ရုတ်တရက် သူ့လူများကို ဘာမှပြန်မပြောနိုင်သေး။ တုန်ယင်နေသောလက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် လင့်အိမ်တဲတိုင်ပေါ် ဆွဲချိတ်ထားသော ရေဝါးကျည်တောက်ကို လှမ်းဖြုတ်၍ ရေအဝ သောက်လိုက်သည်။

ပြီးတော့လည်း သူမှာ သူလူများကို စကားမပြောနိုင်သေး သို့မဟုတ် မည်သို့ ပြန်ပြောရမည်ကို စဉ်းစားမရ၍လားမသိ ဆေးတံထဲ ဆေးတစ်ဆုံထည့်ပြီး မီးညှိကာ တစ်ဖွာနှစ်ဖွာ ရှိုက်ဖွာလိုက်ပြီးမှ စကား ပြောနိုင်တော့သည်။

"အဲဒါ မင်းတို့ မှတ်ထားကြ။ တောကြမ်းတောင်ကြမ်းတွေမှာ ဒီလို အဖြစ်မျိုးကို 'ပြန်လူလာတယ်' လို့ခေါ်တယ်။ လူမကြားရဘဲနဲ့ လင့်အိမ်ပေါ်က လှေကားကို ဘယ်တော့မှအလွယ်တကူ ချမပေးရဘူး"

"ချပေးလိုက်ရင်ကော ကိုကြီးဖြည့်"

ဦးသာဖြည့်က လှေကားကို ချမပေးရဘူးလောက်သာ ပြောပြီး ရပ်ထားသည်ကို ယနေ့ကမှ တောထဲရောက်လာသူ ဦးကျွန်က အားမလို အားမရ မေးသည်။

သူတို့အဖွဲ့မှာ ဧအောင်တို့၊ ငယောင်းတို့လို လူငယ်တွေလည်းပါသဖြင့် အထိတ်တလန့် ကြောက်ရွံ့ကြမှာ စိုးသဖြင့် အလိုက်ကန်းဆိုး မသိတဲ့ ဦးကျွန်က မေးနေသောအခါ ဦးသာဖြည့်ကြီးမှာ ရုတ်တရက် ဘယ်လိုပြောရမှန်းပင် မသိ ဖြစ်သွားသည်။

အမှန်က ထိုမိစ္ဆာကောင်များကို လှေကားသာ ချပေးလိုက်လျှင် တကယ့် လူများလိုပင် လင့်တဲအိမ်ပေါ် တက်လာကြမည်။ စည်းအပြင် လင့်တဲအောက်၌ ရှိစဉ်ကသာ သူတို့မှာ လူသားများကို စကား ပြောမထွက်သော်လည်း လူသားများက 'လာ



ကြပါ၊ တက်ကြပါ' ဟု ဖိတ်ခေါ်လိုက်လျှင်တော့ စည်းပေါက်သွားပြီ။ ထိုအခါ စည်းထဲ ဝင်လာနိုင်ကြသလို လင့်တဲပေါ် ရောက်သောအခါမှာလည်း သူတို့၏ လူမမာမှာ ဝက်ပက်ခံရ၍၊ ကျားကုတ်၊ ကုတ်ခံရ၍ သို့မဟုတ် ပြောင်တိုက်၊ ပြောင်နင်းခံရ၍ ဒဏ်ရာရသည်သူပါဟု နာနာ ဘာဝတွေက ဥပါယ်တံမျဉ်ဆင် ပြောတတ်ကြသည်။

သူတို့သည် သူတို့လူမမာကို လင့်အိမ်တဲပေါ်၌ တစ်ညလုံး ပြုစုကြရမည်။ လင့်အိမ်တဲပေါ်ရောက်မှ လူမမာကလည်း ဟိုနေရာက နာလိုက်တာ၊ ဒီနေရာက နာလိုက်တာနှင့် တစ်ညလုံး ညည်းညူနေမည်။ ထိုအခါ နာနာဘာဝတွေက သူတို့လူမမာကို တစ်ညလုံး ပြုစုနေကြလိမ့်မည်။

လင့်အိမ်တဲပေါ်ရှိ လူသားများကမူ တစ်နေ့လုံး သစ်ခုတ်ဝါးခုတ် လုပ်ထားကြ၍ ပင်ပန်းနေကြရာ ညဉ့်နက်လာသောအခါ အားလုံး အိပ်ပျော်သွားကြပေလိမ့်မည်။

ထိုအခါ လင့်တဲပေါ် ရောက်နေကြသော နာနာဘာဝမိစ္ဆာများသည် လူသားများအား ထိတ်လန့်ကြောက်ရွံ့အောင် နည်းနည်းဖြင့် ခြောက်လှန့်ပြီး လူသားများ လင့်တဲပေါ်က ဆင်းပြေးသွားကြအောင် လုပ်တတ်ကြသည်။

နာနာဘာဝ မိစ္ဆာများကို ကြောက်ရွံ့ပြီး လင့်တဲပေါ်က ဆင်းပြေးလာကြသူများမှာ မြေပြင်သို့ ရောက်လာကြသောအခါတွေမှာ တောထဲ၌ ကျားကိုက်၊ ဝံကုတ်၊ ဝက်ပက်ခံရပြီး သေသော၊ ဒဏ်ရာရသူ၊ အကြောက်လွန်ကာ ဂယောင်ဂတန်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်နှင့် ဒုက္ခမျိုးစုံ ရောက်ကြရသည်။

ထို့ကြောင့်လည်း "တောထဲတောင်ထဲ သစ်ခုတ်သွား... လျှင် နှစ်ယောက်တည်း မသွားကြတော့ဘဲ သုံးယောက်၊ ... ယောက်၊ ခုနစ်ယောက် 'မ'ချည်း သွားကြရမည်ကို သိခဲ့ကြသည်...

"စုံ"သွားလျှင် တစ်ခုမဟုတ် တစ်ခု တောထဲ၌ ပြဿ... ပေါ်တတ်သည်ဟု အယူရှိကြ၏။

သို့သော် ယခု ဦးသာဖြည့်တို့ဆီသို့ တည်းခိုရန် ရော... လာကြသော မိတ္တာကောင်များမှာ လူနာပါ ငါးယောက်ဖြစ်သ... ဤသည်နှင့် ပတ်သက်၍လည်း ဦးသာဖြည့်ကား ကြားဖူးန... ရှိထားသူပင်။

တောထဲတောင်ထဲ၌ အမှန်တကယ်ဆိုလျှင် လူမမာ... လူမမာသယ် သွားတော့မည်၊ သယ်ကြတော့မည် ဆိုလျှင် ... ကောင်းလူမွန်တွေနှင့် ပြောင်းပြန် လုပ်ကြရသည်။

လူမမာအား တောထဲ တောင်ထဲရှိ အမှောင့်ပယော... တစ်စုံတစ်ရာမဝင်မကပ်နိုင်ရန် တန်ပြန်တိုက်သည့်သဘော... ဤတစ်ခါ "စုံ"သွားကြရသည်။ လူမမာအပါအဝင် "စုံ" ဖြ... မည်။ လေးယောက်၊ ခြောက်ယောက်၊ ရှစ်ယောက်စသည်ဖြ...

ဤသည်တို့ကြောင့်လည်း ယခု သူတို့လင့်ဖဲအိမ်အော... တစ်ညတည်းရန် လာကြသူများမှာ လူမမာပါ ငါးယောက် ... နေသည်ကို ဦးသာဖြည့်သည် မြင်ကတည်းက သံသယ ဝင်... သည်။ တောစည်းတောင်စည်းကို သိသူများသာဆိုလျှင် ဤ... ဘယ်နည်းနှင့်မှ မလာကြ။ တစ်ယောက်ယောက်ကို ချန်...



...ကြရမည်။ သို့မဟုတ် လူမမာနှင့်ပါ စုံဖြစ်အောင် နှစ်ယောက် ...များလျှင် များသလို ချန်ထားခဲ့ကြမည်သာ။

ယခု လာသူများမှာ လူမမာပါငါးယောက် "မ"ဖြစ်နေ...ကတည်းက ဦးသာဖြည့်ကား ယခု လာသူများမှာ မကောင်းမိတ္တာ...ကောင်များ ဆိုသည်ကို အတပ်မသိသော်လည်း သံသယကား ရှိ...နှင့်ပြီ။ ထို့ကြောင့်လည်း "လာလူလား၊ ပြန်လူလား"ဟု မေးခြင်း...ဖြစ်သည်။

ပြန်လူ ဆိုသည်မှာ သူတို့အဖွဲ့က အကြောင်းတစ်ခုခု...ကြောင့် ရွာပြန်သွားသူ ပြန်လာသည်ကို ဆိုခြင်းဖြစ်သည်။

လာလူ ဆိုသည်မှာ ရွာ၌ သူတို့မိသားစုထဲက တစ်ဦးဦး...သရေးရှင်ရေးဖြစ်၍ အခေါ်လွှတ်လိုက်သူကို ဆိုလိုသည်။

ထိုသူ နှစ်မျိုးနှစ်စား စလုံးသည် အမှန်တကယ် လူသား...စစ်ဖြစ်ပါက -

"ကျုပ် ပြန်လူပါ။ ကျုပ်လာလူပါ။ လူသားစစ်စစ် အမှန်...ပါတယ်ဆိုတာ တောပိုင် တောင်ပိုင်များ သိပါတယ်။ လှေ့...ားချပေးပါ" ဟု ပြန်ပြော တောင်းဆိုလာရမည်။

ယခု ဦးသာဖြည့်က "ပြန်လူလား၊ လာလူလား" မေးသည်... ဘာတစ်ခွန်းမှ နှုတ်တုံ့မပြန်ကြခြင်းမှာလည်း ဤသူများသည် ...ကောင်းဆိုးဝါးများ စစ်စစ်ဖြစ်ကြောင်း သက်သေပြနေသလိုပင်။

သို့သော် ဤအကြောင်းများကို တောထဲတောင်ထဲတွင် ...ပြောပြနေလျှင် လူငယ်များ ကြောက်ရွံ့ထိတ်လန့် ကုန်ကြမည်...သဖြင့် ဦးသာဖြည့်က မပြော။ ရွာပြန်ရောက်ကြမှ ပြောပြရ

www.burmeseclassic.com

www.burmeseclassic.com



မည့်ကိစ္စ။

ထို့ကြောင့်လည်း ဦးငကွိန်မေးသည်ကို -

"ချပေးလို့ မဖြစ်တာ မင်းလည်း မြင်သားနဲ့၊ ဘာ... နေစရာ လိုသေးလဲ" ဟုသာ ပိတ်ပြောလိုက်သည်။

ဦးသာဖြည့်မှာ ပင်ကိုကလည်း စကားနည်းသူ၊ မလို... ဘဲ မည်သူ့ကိုမျှ စကားမပြောသူ ဖြစ်သဖြင့် ဦးငကွိန်ကလည်... ဆက်မမေးတော့ပေ။

သို့သော် ဦးငကွိန်ကလည်း သူ့ဇိဇနှင့်သူ။

"တောက ကြမ်းချင်တယ်ဆိုတော့ အရံအတား... လုပ်ထားလိုက်မှ" ဟု ပြောသည်။

ဦးငကွိန်မှာ ဦးသာဖြည့်ပြီးလျှင် အကြီးဆုံး ဖြစ်သ... သူက အရံအတားလုပ်မည် ဆိုသည်ကို မည်သူကမျှမမေး၊ မ... ကြ။ ဦးသာဖြည့်ကလည်း တစ်ချက်သာ လှမ်းကြည့်ပြီး နှုတ်ဆိ... နေ၏။ အချိန်မှာလည်း သက်ငယ်ခေါင်းချချိန် နီးနေပြီဖြစ်... သူ့နေရာတွင်သာ သူ လှဲအိပ်လိုက်ကြသည်။

ဦးငကွိန်ကမူ မနေ့ကလိုပင် သူခေါင်းရင်းပြုရမည့်... ကို ဦးသုံးကြိမ်ချကာ တင်ပျဉ်ခွေ ထိုင်လိုက်ပြီးရွတ်ဖတ် သရဇ္ဈာ... တော့သည်။

မကြာပါချေ။ မနေ့ညကလိုပင် ကလေးငိုသံလိုလို ကြေ... မြည်သံလိုလို ထူးထူးခြားခြား အသံတစ်ခုကို စ,ကြားကြရပြန်သ...

ကြောင်မ၊ ကျားမများ မိတ်ခေါ်သံနှင့် မတူသည်ကို... မနေ့ကပင် တွေးမိထားသော ဦးသာဖြည့်က ထိုအသံကို ပို၍...



...တ် နားထောင်သည်။ ကြားနေရသော အသံကမူ တကယ့် က... ...းလေး ငိုသံလိုပင်။

နားစွင့်နေစဉ်မှာပင် ထိုအသံက တစ်သံတည်းမဟုတ်။ ...မှသည်မှ တစ်သံ၊ နှစ်သံ၊ သုံးသံ၊ လေးသံကို သူတို့ လင့်တဲအိမ် ...းကျင်မှာ ကြားလာရပြန်သည်။

ဤတစ်ခါတော့ ဦးသာဖြည့်သာမဟုတ်။ ဦးပြောနှင့် ...ခြားလူများပင် ခေါင်းထောင်လာကြသည်။ ဦးသာဖြည့်၏မျက် ...ကို လရိပ်လပြောက်ထဲ၌ ကြည့်မိကြသည်။ သို့သော် ဦးသာ ...ည့်ကမူ ဘာလှုပ်ရှားမှုမှ မပြသေး။ ပကတိငြိမ်သက် နားစွင့် ...တုန်း။

"မဆိုနဲ့"

"မ . . . ဆို . . . နဲ့ . ."

"မရွတ်ပါနဲ့ . . ၊ မရွတ်နဲ့"

နားစွင့် နေနေကြရာမှ ဤတစ်ခါတော့ ဦးသာဖြည့် ...ပါအဝင် ဦးပြောနှင့် ငယောင်း၊ ငအောင်တို့မှာ ပါးစပ်အ ...ာင်းသား ဖြစ်သွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက် ...ကြည့်မိလိုက်သည်။

ဤတစ်ခါတော့ ဦးသာဖြည့်မှာလည်း ဘာမှန်းမသိတော့။ ...ာကြမ်း၍ သရဲတစ္ဆေ အခြောက်ခံရပြီ ဆိုသည်ကိုတော့ ပြော ...ပင် မလိုတော့ပေ။ သို့သော် ဘာတွေရွတ်မှန်းမသိ ရွတ်ဖတ် ...သော ဦးငကွိန်၏ အသံကလည်း တိတ်မသွား၊ ရွတ်မြဲရွတ် ... ဆက်ဆိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေ ကြောက်လို့"

"ကလေးတွေကြောက်လို့"

"မဆိုနဲ့၊ မရွှတ်နဲ့၊ မဆို . . ."

"ဟား . . ဟား . . ဟား၊ ဟီး . . ဟီး . . ဟီ

ဘာတွေ ရွှတ်မှန်းမသိ ရွှတ်နေသော ဦးငကွိန်က ဆ ခနဲ မတ်တတ်ထရပ်လိုက်ပြီး ပါးစပ်က အယုတ္တအ ဆဲဆိုလိုက်သည်ကို ဦးသာဖြည့်နှင့် အားလုံးတို့က တစ်နေ့ တောထဲရောက်လာသော ဦးငကွိန်သည် ကလေးငိုသံ၊ မဆ မရွှတ်နဲ့ ဟူသော အသံတွေကိုလင့်တဲအိမ် တစ်ဝိုက်မှ ဟိုက က ကြားလာကြရာ အကြောက်လွန်ပြီး ရူးတူးတူး ပေါက်တော တောက် ချက်ချင်း ဖြစ်သွားသည်ဟု ထင်လိုက်သဖြင့် ဦး ဖြည့်ကပင် ရုတ်တရက် ကြောက်လန့်သွားပြီး ဆတ်ခနဲ ထ လိုက်မိသည်။

"ဟဲ့ - ငကွိန်၊ ငကွိန်" ဟုလည်း လန့်အော်လိုက်သ

ထိုအခါ ဦးပြောနှင့် ငယောင်း၊ ငအောင်တို့က ဤ ခါမှ ဒုက္ခလှလှကြီး ရောက်ကြပြီဟု အကြောက်လွန်ကာ ဆ နဲ့ ထထိုင်လိုက်ကြရုံမက တစ်ယောက်ကို တစ်ယောက်ပင် ထားမိပြီးသား ဖြစ်သွားကြသည်။

ဦးသာဖြည့်က ငကွိန်တော့ ကြောက်လန့်ပြီး သွေး သွေးတန်းနှင့် လျှောက်အော်နေသည်ဟု ထင်သဖြင့် မအေ အယုတ္တအနတ္တ ဆဲဆို အော်ဟစ်နေသော ဦးငကွိန်၏လ ဆတ်ခနဲ လှမ်းဆွဲကာ -



"ဟေ့ကောင် ငကွိန်၊ သတိထား၊ သတိထား။ ဒါ ဒါ ကြမ်းတာ၊ တော တောခြောက်တာ၊ မကြောက်နဲ့၊ မကြောက် မကြောက်ပါနဲ့။ ငါတို့ရှိပါတယ်" ဟု ပြောရသည်။

အမှန်မတော့ မကြောက်ပါနဲ့ ဆိုနေသော ဦးသာဖြည့် အသံကလည်း တုန်တုန်ယင်ယင် ထစ်ထစ်အအနှင့်သာ။

ဦးသာဖြည့်က ဘယ်လိုပဲ ပြောပြော ဦးငကွန်ကား ယုတ္တအနတ္တ အဆိုအဆဲ မရပ်သေး။ မအေနှမ ဆဲတုန်းဆိုတုန်း။

တစ်ခု ထူးခြားသည်မှာ ဦးငကွိန်က မတ်တတ်ထရပ်ပြီး အနှမ ဆဲဆိုလိုက်သည်နှင့် ကလေးငိုသံများနှင့် 'မဆိုနဲ့၊ မ နဲ့၊ ကလေးတွေကြောက်လို့' ဟု အရပ်ရှစ်မျက်နှာက မြည်နေ အော်နေ ပြောနေကြသံတို့မှာ ချက်ချင်း ပျောက်သွားပြီး တဟား ။ တဟီဟီ ရယ်သံတွေကိုသာ လင့်အိမ်တဲ ပတ်ဝန်းကျင်မှ ကြားလာရခြင်းပင်။

သို့သော် ဦးငကွိန် အကြောက်လွန်ပြီး ရူးသွပ်သွားသည် ထင်မိလိုက်သော ဦးသာဖြည့်က -

"ဟေ့ကောင် ငကွိန်၊ သတိထား၊ သတိထားလေကွာ၊ ထိုင် ပါ။ ဒါ ဒါ ဒါ . ."

ဟူသော စကား မဆုံးမီမှာပင် ဦးငကွိန်က အဆဲအဆို ကာ -

"ကိုကြီးဖြည့် ကျုပ် ဘာမှ မဖြစ်ပါဘူးဗျ" ဟု ပြောကာ သာဖြည့် လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း ဦးသာဖြည့်ထိုင်နိုင်း လို လင့်အိမ်တဲ ကြမ်းခင်းပေါ် ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးငကွိန် အဆဲရပ်ပြီး ထိုင်ချလိုက်သောအခါမှ လင့်အ
တဲ၏ အရပ်ရှစ်မျက်နှာက တဟားဟား တဟိဟိ ရယ်နေကြ
တို့မှာ ချက်ချင်း ပျောက်သွားပြန်သည်။

"ဘာမှ မဖြစ်ရင် မင်း မင်း၊ တောထဲ တောင်ထဲည
မင်းကြီး ဘာလို့ ထအော် ဆဲဆိုနေရတာလဲ"

"ဩော် . . . ဒါလား၊ ဟဲ ဟဲ"

ဦးငကွိန်က 'ဒါလား ဟဲဟဲ' ဟု ရယ်ကျဲကျဲနှင့် ပြော
သူ့အိတ်ထဲက ဆေးတံကို ထုတ်လိုက်သောအခါ ဦးသာဖြည့်
အားလုံးမှာ ဦးငကွိန် ရယ်လိုက်သံကိုပင် သူတို့နားထဲ ကျော
စရာလို ကြားမိလိုက်ကြပြန်သည်။

"ဒါ မဟုတ်လို့၊ မင်းကို ငါက တခြား ပြောစရာ ရှိ
လား"

ဦးငကွိန်က ဆေးတံကို မီးညှိလိုက်ပြီး ဟင်းဟင်းနှင့်ရ
လိုက်သောအခါ မီးခိုးသီးသွားပြီး 'အဟမ်း အဟမ်း' ဟု လ
ချောင်းရှင်းလိုက်သည်။

ပြီးတော့မှ -

"ကိုကြီးဖြည့်၊ ဟိုကောင်တွေကို ကြောက်ပြီး သတိလွ
သွားတာ ဖြစ်ပါလိမ့်မယ်။ ကျုပ်အဘိုးလေး ငစောင်ဂျမ်း ကို
ဖြည့် မီလိုက်လား" ဟု ဆေးတံကို မီးထပ်ညှိရင်းက ဦးသာဖြည့်
မျက်လုံးတစ်ဖက် စွေကြည့်၍ မေး၏။

"မင်းအဘိုးလေး ငစောင်ဂျမ်းကို ငါ မြင်ဖူးလိုက်ပါတ
မှုဆိုးလေကွာ အဲဒါ ဘာဖြစ်လဲ"



"အဘိုးလေးက ကျုပ်တို့ ငယ်ငယ်တုန်းက ပြောပြဖူး
တယ်"

ဦးငကွိန်က ဆေးတံဖွာပြီး စကား ရပ်သွားပြန်သဖြင့်
ဦးသာဖြည့်က -

"အိမ်း ဘာလဲ" ဟု မေးရပြန်၏။

သူများတွေကသာ ယခုအထိ အကြောက်လွန်ပြီး သူ့မျက်
ကို ငေးကြည့်ကာ အံ့ဩနေကြသော်လည်း ဦးငကွိန်ကား စော
က ဘာမှ မဖြစ်ခဲ့သလို ဆေးတံဖွာပင် မပျက်။

"ဒီ မဟာမြိုင် တောကြီးထဲမှာ ဂနိုင် နှစ်ခုရှိတယ်တဲ့။
အထက်ဂနိုင် နဲ့ အောက်ဂနိုင် လို့ ပြောတယ်။ အထက်ဂနိုင်
ကိုကြီးဖြည့်လည်း ရောက်ဖူးမှာပါ။ ဆင်ပုန်းအိုင်နဲ့ အထက်
း တောနက်ကြီးကို အထက်ဂနိုင်လို့ ခေါ်တယ်တဲ့။ အောက်
းပေါ့နော်၊ ခု ကျုပ်တို့ လင့်အိမ်တဲဆို အောက်ဂနိုင်ပေါ့"

"အင်း - ပြောပါဦး"

ဦးငကွိန်က တည်တည်ငြိမ်ငြိမ် ပြောနေသည်ကို မြင်ရ
ဖြင့် ဦးသာဖြည့်ကြီးကလည်း ဦးငကွိန် နည်းတူ ဆေးတံကို
ာက်ကိုင်လိုက်သည်။

အကြောက်မပြေကြသေးသော လူငယ်နှစ်ယောက်နှင့်
ပြားတို့ကတော့ ယခုထိ ဦးငကွိန်၏ မျက်နှာကို စိုက်ကြည့်
ကြတုန်း။

"မဟာမြိုင်တောကြီးရဲ့ အထက်ဂနိုင်မှာ နတ်ကောင်း
မြတ် ဣဒ္ဓိပါဒ် ကြီးမားကြတဲ့ နတ်တွေ နေကြတယ်တဲ့။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရသေ့ရဟန်း၊ သူတော်စင်တွေ၊ ဝိဇ္ဇာဖော်ဂျီ တပသီတွေ နေကြတယ်တဲ့။ တရား လာအားထုတ်ကြတဲ့ ရသေ့ရဟန်း သူ တော်ကောင်းတွေ ပို့သတဲ့ မေတ္တာကိုလည်း ရယူကြတယ်တဲ့။ ရ သေ့ရဟန်း သူတော်စင်တွေကိုလည်း တောသစ်သီး၊ တောင်သစ် သီးတွေနဲ့ ပူဇော်ကြတယ်တဲ့။ ဆင်တွေ၊ မျောက်တွေကတော တရား လာအားထုတ်ကြတဲ့ ရသေ့ရဟန်း လူသူတော်စင်တွေ ပန်းမန်သစ်သီး ဆက်ကပ်ကြတယ်တဲ့။

အဲ . . . အောက် ဂနိုင်မှာတော့ သရဲသဘက်၊ ပြိတ္တာ မြေဖုတ် မကောင်းဆိုးဝါး နာနာဘာဝ တစ္ဆေမှင်စာတွေ နေ တယ်တဲ့။ သူတို့က ရသေ့ရဟန်း သူတော်စင်တွေ မေတ္တာပို့တာ အမျှအတန်း ဝေတာတွေကိုလည်း မခံနိုင်ကြဘူး။ အဲသလို လာ လုပ်ကြရင် ကြိုက်လည်း မကြိုက်ကြဘူးတဲ့။

ဘိုးလေး ပြောဖူးတာကတော့ အောက်ဂနိုင်မှာ အဲသ ရသေ့ရဟန်းတွေ တရား လာအားထုတ်ကြ၊ မေတ္တာပို့ကြ၊ အမျှ ဝေကြရင် 'မဝေနဲ့၊ မပို့နဲ့၊ မလိုချင်ဘူး' လို့ ဝိုင်းအော် ခြောက် လှန့်ကြတယ်တဲ့။ ပြောမရရင် ကိုင်မြှောက်ကောက်ချိုးပြီးတော့ လွှင့်ပစ်တတ်ကြတယ်တဲ့

ဒီနေ့ ကျုပ်တို့က မေတ္တာပို့ အမျှဝေတော့ သူတို့မကြိုက် လို့ မရွတ်နဲ့၊ မဆိုနဲ့လို့ ဟန့်တားကြသံ ကျုပ်တရားစာတွေ ရွတ် ဖတ်နေရင်းက ကြားလိုက်ရတယ်"

"မရွတ်နဲ့ မဆိုနဲ့တင် ဘယ်ကမလဲဗျ။ မင်းအဘိုးလေး ပြောတာ ဟုတ်မယ်။ ကလေးငိုသံတွေ ကျုပ်ကြားနေရတာ



ငိုသံကြားရဲ့ ဘယ်ဟုတ်မလဲ၊ ကလေးတွေကြောက်တယ် ဆိုတာ လည်း အသံနက်ကြီးတွေနဲ့ အော်ကြတာလေဗျာ။ ကျုပ်တို့နားနဲ့ ဆတ်ဆတ်ကြားရတယ်"

အခုမှ အကြောက်ပြေသွားသော ဝယောင်းကဝင်ပြော၏။

"ဟုတ်လား၊ ကလေးငိုသံတော့ ငါ မကြားမိလိုက်တာ အမှန်ပဲကွ။ 'မဆိုနဲ့၊ မရွတ်နဲ့၊ ကလေးတွေကြောက်လို့' ဆိုတာ တော့ ကြားမိတယ်။ အဲဒါကြောင့်လည်း တို့အဘိုးလေး ပြောခဲ့ တာ သတိရပြီး နတ်ဆိုးနတ်ယုတ်တွေ ရှိတဲ့ အောက်ဂနိုင်မှန်း သိလိုက်လို့ ငါလည်း ကြောက်ကြောက် လန့်လန့်နဲ့ အဘိုးလေး ပြောသလို မအေနှမ ကိုင်တုတ် ကြည့်လိုက်တာပဲ။ တဟားဟား ဝိုင်းရယ်လိုက်ကြသံ မင်းတို့ ကြားတယ်မဟုတ်လား"

"ကြားပြီလား ဦးလေးရာ၊ တစ်တောလုံးကို ညံသွားတာ ပဲ"

"အေး - အဲဒါပဲကွ၊ နတ်ဆိုးနတ်ယုတ်တွေက သူတို့ကို ဆဲနိုင်ဆိုနိုင်မှ သဘောကျတယ်တဲ့။ ခုလည်း ငါ မအေနှမ ထ တုတ်တော့ သူတို့က သဘောကျပြီး တဟားဟား ဖြစ်သွားကြတာ လေ။ စောစောက ငါ မေတ္တာပို့၊ တရားစာတွေရွတ်တော့ မအေ တွေက သူတို့ နားမခံသာလို့ ဟန့်တားကြတာ နေမှာပေါ့။

မေတ္တာပို့လို့ ရတယ်ဆိုတဲ့ အကောင်တွေကလည်း ကျွတ် ထိုက်တဲ့အကောင်တွေမှ ရကြမှာကိုး။ သာဓုခေါ်ကြမှာကိုး။ မ ကျွတ်ချင်၊ မရချင်လောက်အောင် အကုသိုလ်ကြီးနေတဲ့ အကောင် တွေကတော့ ကုသိုလ် မေတ္တာကို ဘယ်လိုချင်မလဲနော်။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ငါ ထဆဲလိုက်တော့ အကောင်တွေက သဘောကျလိုက်ကြတာ၊ တဟားဟားနဲ့၊ ခုတော့လည်း မင်းတို့ ဘာသံကြားသေးလဲ"

ဦးငကွဲန်က 'ဘာသံကြားသေးလဲ' ဆိုမှ အားလုံးမှာနားစွင့်မိလိုက်ကြပြန်သည်။

မှန်၏။ ယခုဆိုလျှင် တောတောင်တို့၏ သဘာဝအတိုင်း ပိုးကောင်မွှားကောင်နှင့် ညဉ့်ငှက်များ အော်မြည်နေကြသံကလွဲပြီး ဘာသံကိုမှ မကြားကြရတော့ပေ။ လူသံဆို၍လည်း သူတို့ပြောဆိုနေကြသံ တီးတိုးလောက်သာ။

"တရားမမှ လာအားထုတ်ကြတဲ့ ရသေ့ ရဟန်းတွေကို အောက်ဂနိုင်က မိစ္ဆာတွေ ကောက်ချိုလွှင့်ပစ်တယ်လို့ မင့်အဘိုးလေး ပြောတာကတော့ မဟုတ်ဘူး ထင်ပါတယ်ကွ။ ငါလည်း မင်းလိုသာ မရွတ်မဖတ်ပေမယ့် အိပ်ရာဝင်ခါနီးတော့ တို့တောင်တန်းဆရာတော်ကြီး အမြဲ မေတ္တာပို့တဲ့ -

"စကြဝဠာ အနန္တတွင် ရှိကြကုန်သော နတ်၊ လူ၊ သတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဆိုတာကိုစိတ်ထဲက အမြဲ အာရုံပြု မေတ္တာပို့နေကျပါကွ"

ဤစကားကိုတော့ ဦးပြောက ပြော၏။

"ဟာ - ဆရာတော်ကြီးက တောထဲတောင်ထဲ အမြဲနေတဲ့ ပုဂ္ဂိုလ်ပဲဗျ။ နတ်၊ လူ၊ သတ္တဝါ အားလုံးဆိုတာ လူနဲ့နတ်ကောင်းနတ်မြတ်တွေကို ပြောတာနေမှာပေါ့။ သတ္တဝါ ဆိုတာက သာမန်



အနေလေ။ မင်းကြားဖူးလား၊ ဘုရားရှင်လက်ထက်က ရှင်သာရိပုတ္တရာ ရဟန္တာအရှင်မြတ်ကြီး တရား ထိုင်နေတာကိုတောင် ဘီလူးယုတ်က တင်းပုတ်နဲ့ လာထုသေးတာပဲလေ။ သာမန်ရသေ့ရဟန်းလောက်တော့ နတ်ဆိုးနတ်ယုတ် ဘီလူးသဘက်တွေက ဘယ်မှုလိမ့်မလဲနော်"

"အေးကွ၊ မင်းပြောသလိုဆိုရင် အောက်ဂနိုင်က အကောင်တွေကို နေ့တိုင်း မအေနှမ ဆဲဆိုရမလို ဖြစ်နေပြီ"

ဦးငကွဲန်နှင့် ဦးပြောတို့ ပြောနေသည်ကို ငြိမ်နားထောင်နေသော ဦးသာဖြည့်ကြီးကတော့ ယခုမှ ဝင်ပြောတော့သည်။

"ဟုတ်တယ်လေဗျာ ကိုကြီးဖြည့်၊ အယုတ်တမာကောင်တွေကို ဆိုနိုင် ဆဲနိုင်မှဗျ။ သူတို့ကြမ်းရင် ကိုယ်က သူတို့ထက်ပိုကြမ်းပြနိုင်မှဗျ။ လူကြမ်း နတ်ကြမ်းမနိုင် ဆိုသလိုပေါ့ဗျာ။ ကဲကဲ အိပ်ကြမယ်။ ဒီအောက်ဂနိုင်က အကောင်တွေကို ကျုပ်လည်းနောက်တော့ ဘယ်တော့မှ မေတ္တာမပို့တော့ဘူး။ ဒီကောင်တွေ သူ့ထိုက်နဲ့ သူ့ကံ နေကြပေရော့ပဲ"

ဦးငကွဲန် ပြောသည်မှာလည်း ဟုတ်များ ဟုတ်နေလားမသိ။ ဦးငကွဲန် မအေနှမ ထဆဲ ကလော်တုတ်လိုက်ပြီးသော ညနေ၍ နောက်ထပ်ဘာသံကိုမှ မကြားရတော့။ ပိုးမွှားကောင်များ မြည်သံ၊ ညဉ့်ငှက်မြည်သံကလွဲလျှင် မဟာဂနိုင်မှာ ပကတိ တောတောင် သဘာဝ အတိုင်းသာ။

သည်လိုနှင့် ဦးသာဖြည့်တို့အဖွဲ့မှာ လေးငါးရက် ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ခုတ်လိုက်ကြသောအခါ လှည်းတစ်စီးတိုက်စာ ကြိမ်ရသဖြင့် ငယောင်းကို လှည်းဆင့်ရန် ရွာသို့ လွှတ်လိုက်ကြသည်။ ကျန်လူများက ကြိမ်ဆက်ခုတ်၊ လင့်တဲအိမ်နား ပုံထားသော ကြိမ်ပင် ကြိမ်နွယ်များကို သဲချောင်းနား လှည်းဆိပ် ပြောင်းရွှေ့ လုပ်ကျန်ခဲ့ကြသည်။

ငယောင်း ရွာပြန်သွားသောညဌ် သူတို့သည် ညနေစာ ထမင်းစားပြီးသည်နှင့် လင့်အိမ်တဲ စောစော တက်ကြသည်။ သတိ၊ ဝီရိယနှင့်လည်း နေနေကြသည်။ အဘယ့်ကြောင့်ဆိုသော် တောကြမ်းထဲ ရွာပြန်သွားသော ငယောင်းက အကြောင်းတစ်ခုခုကြောင့် ရွာမရောက်ခဲ့ဘဲ ညကြီးမိုးချုပ် ပြန်လာရဟန် အယောင်ဆောင်ကာ မိစ္ဆာတစ်ကောင်ကောင်ကများ လင့်အိမ်တဲအောက် ရောက်လာလေမလားဟု စိုးရိမ်ကြ၍ ဖြစ်သည်။ ဤသို့ လာခြောက်လျှင် ဤသည်ကို 'ပြန်လူလာသည်' ဟု ခေါ်ကြလေသည်။

သို့သော် ငယောင်းလှည်းဆင့်ရန် ရွာပြန်သွားသော ညက ဘာမှ ထူးထူးဆန်းဆန်း မဖြစ်ခဲ့ကြ။ ပကတိ ခါတိုင်းညများအတိုင်းသာ။

ထို့ကြောင့်လည်း ငယောင်းသည် နောက်တစ်နေ့ နေမွန်းမတည့်မီပင် ကြိမ်ပုံထားသော သဲချောင်းနား လှည်းဆိပ်ကို လူငှားတစ်ယောက်နှင့် ရောက်လာလေသည်။ ရောက်ရောက်ချင်းပင် ရရှိထားကြသော ကြိမ်ပင်များကို လှည်းပေါ်တင်ကာ ရွာလူငှားနှင့် ရွာကို ကြိမ်လှည်းတစ်စီးတိုက် ပို့လိုက်နိုင်ကြသည်။



သို့သော် နောက် တစ်ရက်၊နှစ်ရက် အကြာမှာ ထူးဆန်းသော အဖြစ်တစ်ခုကို သူတို့ ကြုံကြရပြန်သည်။

ထိုနေ့က ကြိမ်ရှာခုတ်သွားသူ ငယောင်းသည် လင့်အိမ်တဲသို့ စောစော ရောက်လာသည်။ ခရီး ရောက်မဆိုက်ပင် ငှက်ပျောပင် ဟင်းချက်ရန် လုပ်နေသော ငအောင်အား -

"မင်းကလည်း ငှက်ပျောတော မကုန်မချင်း ငှက်ပျောပင်ဟင်းချည်း ချက်နေတော့တာပဲ။ မင်းကို ငါ ငှက်ပျောခင်းပြမိတာတောင် မှားပါတယ်ကွာ" ဟု ပြောသည်။

"ကိုကြီးကလည်း တောအထာ မကျသေးတော့ ကျုပ်လည်း စမ်းပေါက်အိုင် ကလိုက်ထဲသွားပြီး ငါးရှာဖားရှာ မလုပ်ရဲသေးလို့ပေါ့ဗျ။ မနက်ဖြန်ကျရင်တော့ ဟိုဘက် သဲချောင်းထဲမှာ ခရုသွားတူးပြီး ကြိမ်ဖူးနဲ့ ချက်မလားလို့ မှန်းထားပါတယ်ဗျ"

နေ့စဉ် ငှက်ပျောဟင်းချည်း စားနေရသည်ကို ငြီးငွေ့ကား ဆိုနေသော ငယောင်းအား ငအောင်က သူ စိတ်ကူးထားသည်ကို ပြန်ပြောပြလိုက်သည်။

အမှန်က လင့်တဲအိမ်၌ ထမင်းချက်ဟင်းချက် လိုက်လာရသူကိုလည်း ကြိမ်ခုတ်ရသမျှထဲက ငွေတစ်စုကို ပေးရလေ့ရှိရာ ထမင်းချက် ဟင်းချက်တွေမှာ သားငါး ရှာဖွေတတ်ရသည်။ စမ်းချောင်းထဲတွင် သားငါး၊ ကျောက်ပုစွန်၊ ကဏန်း၊ ခရုတို့မှာ ပေါပေါ ဖြစ်၏။ တစ်ချို့ ထမင်းချက်တွေဆိုလျှင် ကြက်ငှက်တွေကိုပင် သုတ်ကိုင်းထောင်၍ လေးခွ၊ ဝါးပြောင်းတို့ဖြင့် ပစ်ခတ်ကာ ချက်ကျွေးတတ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ငအောင်မှာ မဟာဂနိုင်ထဲ၌ အမျိုးမျိုး အခြောက်အလှန့် ခံထားရရာ လင့်တဲနှင့် ဝေးဝေးကိုသွားပြီး သားငါးမရှာဝံ့သေး။ ဤသည်ကို ငယောင်းက တကယ်ပင် မကျေနပ်၍ ပြောခြင်းလားတော့ မသိ။

“လုပ်မနေနဲ့ ဟောကောင်၊ မနေ့က ငါ ကြိမ်ခုတ်အပြန် ဟိုချောင်းခြောက်နား သဲဖုန်ဖုန်မှာ ကြောင်ခြေရာတွေ တွေ့ခဲ့တယ်ကွ။ အဲဒါ ဒီနေ့ ကြောင်သုတ်ကိုင်း သွားထောင်မလို့ ငါ စောစော ပြန်လာတာ” ဟု ပြောပြီး ရွာကို ကြိမ်တစ်ခါ သွားပို့တုန်းက ယူလာပုံရသော သုတ်ကိုင်းကြိုး တစ်ပင်နှစ်ပင်နှင့် ချောင်းခြောက်ဘက် ဆင်းသွားသည်။

မကြာမီ ချောင်းခြောက်ထဲ တောကြောင်သုတ်ကိုင်း သွားထောင်သော ငယောင်း ပြန်ရောက်လာသလို ဦးသာဖြည့် ဦးငပြားနှင့် ဦးငကွိန်တို့သည်လည်း ကြိမ်တစ်စည်းစီနှင့် စခန်းသို့ ပြန်ရောက်လာကြသည်။ ပြီးတော့ စမ်းချောင်းထဲ ရေသွားချိုးကြပြီး ငအောင်ချက်ထားသော တောစာ ငှက်ပျောပင်ဟင်းနှင့် စားပြီး လင့်တဲအိမ်ပေါ် တက်လိုက်ကြသည်။

နောက်တစ်နေ့ နံနက်စာကို သူများတွေ စားနေကြချိန်၌ ငယောင်းသည် မနေ့ညနေက ထောင်ထားသော သုတ်ကိုင်းကို သွားကြည့်သည်။ သုတ်ကိုင်းတွင် အမှန်ပင် တောကြောင်ကြီးတစ်ကောင် မိနေသဖြင့် ကြိမ်ခုတ်ဓားနောင့်နှင့် ခေါင်းကို ထုသတ်ယူလာသည်။ ကြိမ်ခုတ်ဓားနှင့် ခုတ်မသတ်ဘဲ သွေးမပေါက်အောင်ဓားနောင့်နှင့် ထုသတ်ယူလာခြင်းမှာ တောအထာ ဖြစ်သည်။



ဓားနှင့် ခုတ်သတ်၍ သားကောင်ကိုယ်ပေါ်က သွေးစက်တွေကျလာလျှင် မကောင်းဆိုးဝါး မိစ္ဆာကောင်များ ကပ်ပါလာတတ်သည်ဟု အယူရှိကြသဖြင့် သွေးမထွက်အောင် လုပ်ရသလို သွေးနံ့ရလျှင် ညကျ သွေးစက်သွေးနံ့ခံကာ ကျားနှင့်တကွ သားစားကောင်များ ရောက်လာမည်စိုး၍ သွေးစက်မကျအောင် ထုသတ်လာခြင်းဖြစ်သည်။

ငယောင်း လင့်အိမ်တဲနားသို့ ရောက်လာသောအခါတွင် ဦးသာဖြည့် အပါအဝင် လူကြီးသုံးယောက်မှာ တစ်ယောက်တစ်လမ်းစီ ကြိမ်ရှာခုတ် ထွက်သွားကြပြီ။ ထို့ကြောင့် ငယောင်းသည် ရလာသော တောကြောင်ကြီးကို ငအောင်ရှေ့ ပစ်ချပြီး ကမန်းကတန်း နံနက်စာ ထမင်းစားသည်။ ထမင်းစားရင်းကလည်း -

“ငအောင် မင်း ဖုတ်တဲ့အခါကျရင် အမွေးကို စင်အောင်ခြစ် ကြားလား၊ ကျက်အောင်လည်း ဖုတ်၊ လည်ပင်းခေါက်ကို ဆည်မချက်နဲ့၊ ငါညနေ ပြန်လာရင် ရေနွေးကြမ်းနဲ့ မွှေးမွှေးလေးမြည်းချင်လို့” ဟု ပြောသည်။

ပြီး သူမှာ ကြိမ်ခုတ် နောက်ကျနေမည် စိုးသဖြင့် ငအောင် ထုပ်ထားပေးသော ထမင်းထုပ်နှင့် ရေဝါးကျည်တောက်ကို ဆွဲကာ ကပျာကယာ ကြိမ်ခုတ်ထွက်သွားသည်။

ငအောင်လည်း ချက်ချင်းပင် ထင်းခြောက်တွေ ကောက်ကာ မီးဖိုကြီးဟု သူတို့ခေါ်သော လင့်အိမ်တဲ အောက်မှ မီးဖိုဆီသို့ ထင်းခြောက်တွေထည့်ပြီး ကြောင်ကို ပက်လက်လှန် မီးဖုတ်ထားလိုက်သည်။ ကြောင်မွေးကို မီးကျွမ်းလျှင် ခြစ်ချရန်

www.burmeseclassic.com

www.burmeseclassic.com



ဝါးကြောတစ်ခုနှစ်ခုကိုလည်း ခွဲစိတ်၍ ကနပ်ချောင်းလုပ်နေသည်

ထိုစဉ် ထင်းခြောက်တွေက မီးတောက်လာရာ ကြော ကျောကုန်းက အမွေးတွေကို မီးစလောင်ပြီး ညှော်နံ့စရသဖြ ငအောင်က ကြောင်ဖုတ်ထားရာသို့ တစ်ချက် လှမ်းကြည့်လို သည်။ သူ့သဘောမှာ ကြောင်နောက်ကျောမွေးတွေကို မီးမြှိ ခြစ်ချပြီးမှ ကြောင်ကို မှောက်ခုံတစ်ခါ မီးမြှိုက် ခြစ်ချမည် ဖြ သည်။

သို့သော် ငအောင် ကြောင်ကျောကုန်းက အမွေးတွေ မခြစ်ချလိုက်ရ။ ကျောကုန်းတစ်ခြမ်းရှိ အမွေးတွေကို မီးစလော သည်နှင့် တောကြောင်ကြီးသည် "ဖရှူး ဖရူး ရှုး ရှုး" အော်က မီးဖိုထဲမှ ထပြေးသွားသည်။

ရုတ်တရက်မို့ ငအောင်မှာလည်း လန့်ဖျပ်သွားပြီး မှ တက်မိ ငေးကြည့်နေ၏။ သတိရ၍ လင့်တဲအိမ်နား ဝန်းကျ တွင် တောကြောင်ကြီးကို လိုက်ရှာသောအခါ တောကြောင်ကြ ကျောကုန်းကို မီးမြှိုက်၍ကျန်ခဲ့သော ညှော်နံ့ကိုသာ ရှူရှိုက်မိ တောကြောင်ကြီးကား ဘယ်ရောက်သွားသည် မသိတော့။

အံ့ဩတကြီးနှင့် လင့်တဲအိမ်နား တစ်ဝိုက်ကို ပတ်ရှ သော်လည်း တောကြောင်ကြီးကိုကား လုံးဝ ရှာမတွေ့တော့ပေ

သည်လို့နှင့် ညနေ တောကြောင်သားဟင်းနှင့် ထမ စားရန် စောစောရောက်လာသော ငယောင်းနှင့် မရှေးမနှော မှာပင် လူကြီးသုံးယောက်လည်း ရောက်လာကြလေသည်။

ငအောင်မှာ မျက်စိမျက်နှာ ပျက်နေ၏။ လူကြီးတွေ



ည်သို့ ပြန်ပြောရမည်မသိ။ အထူးသဖြင့် ငှက်ပျောပင်ဟင်း င်ချည်း ညနေတိုင်း စားနေရသည်ကို မကျေမနပ် ဖြစ်နေသော ယောင်းကို ပို၍ ဘာပြောရမှန်း မသိ။

မီးပုံပေါ်က တောကြောင်ကြီး ထွက်ပြေးသွား သည်မှာ ည်း အမှန်။ သူ မျက်မြင် ကိုယ်တွေ့ပင်။

သို့သော် မတတ်နိုင်။ ထုံးစံအတိုင်း ငှက်ပျောပင်ဟင်း းကို ထမင်းဝိုင်းထဲ ချလိုက်သောအခါ ငယောင်းက ပန်းကန် က ထမင်းကို နယ်ဖတ်နေရာက ငအောင်ကို တစ်ချက်မော့ ည့်၏။

သူ့သဘောမှာ -

'ကြောင်သားရှိလျက်နှင့် ချက်ပြန်ပလား ငှက်ပျောပင် င်း' ဟူသော သဘော။

လူကြီးသုံးယောက်ကမူ မနက်က ငယောင်း ကြောင်ရခဲ့ ည်ကိုလည်း မသိကြသေးသဖြင့် ပန်းကန်ထဲက ထမင်းဖြူကို ယ်ပြီး ထုံးစံအတိုင်း တင်မြှောက်ကာ တစ်လုပ်နှစ်လုပ် ထမင်း စားလိုက်ကြသည်။

ငအောင်ကလည်း သူ့အဖေနား ထမင်းစားရန် ဝင်ထိုင် ိက်ရာ -

"ဟေ့ကောင်၊ ကြောင်သားအိုး ချဦးလေကွာ"

ဟု ငယောင်းကဆို၏။

"ကြောင်၊ ကြောင်က မီးဖုတ်ထားတုန်း မီးဖိုပေါ်ကနေ ထွက်ပြေးသွားတယ် ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ"

"ဟေ"

အကုန် သူတို့မှာ အံ့ဩတကြီး ဖြစ်သွားကြပြီး အေော
၏မျက်နှာကို ဝိုင်းကြည့်လိုက်ကြသည်။

"ကြံကြံဖန်ဖန်ကွာ၊ ဘယ်လိုလုပ် မီးဖိုပေါ်က ထွက်ပြေ
ရမှာလဲ"

"မင်းတို့ ဘယ်တုံးက ကြောင်ရကြလို့လဲ"

ယောင်း၏ စကားမဆုံးမီ ဦးပြောကလည်း မေး၏

"မနေ့ညနေက ကျုပ်သွားထောင်ထားတဲ့ သုတ်ကိုင်း
တောကြောင်ကြီး တစ်ကောင်မိလို့ ဒီမနက် ကြိမ်ခုတ်မထွက်
လေးတင် သတ်ပြီး ဒီကောင့်ကို ချက်ထားဖို့ ပေးထားခဲ့တာ
ခုတော့ ကြံကြံဖန်ဖန်ကွာ၊ မီးဖုတ်ထားတဲ့ကြောင် မီးဖိုပေါ်က
ထွက်ပြေးရတယ်လို့"

"ဟုတ်တယ်ကိုကြီး၊ အံ့ဩစရာပဲ။ ကျုပ်လည်း လန့်သွ
တာဗျ။ အနီးအနားတစ်ဝိုက် ကျုပ်တစ်နေ့ခင်းလုံး လိုက်ရှာ
တွေ့ကိုမတွေ့တော့ဘူး။ အစကတော့ သွေးရူးသွေးတန်းနဲ့ သ
ပင်ပေါ်များ တက်ပြေးသွားသလားလို့ လိုက်ရှာကြည့်သေးတာ
ဘယ်မှာမှ မတွေ့တော့ဘူး။ တကယ် ထူးဆန်းတာ၊ ကျုပ်လည
မပြောတတ်တော့ဘူး"

"မင်းတို့ဟာက မဟုတ်သေးပါဘူး၊ တောဝင် . ."

"တော်စမ်းပါကွာ၊ ငါပြောမယ် ယောင်း မင်း ကြေ



တ်ပြီး အမြီး၊ နှာဖျား၊ ခြေ၊ လက်၊ နားရွက်တွေဖြတ်ပြီး တင်ခဲ့
ကခဲ့လား"

ဦးပြောက တောဝင်ပြီး အပမှီပြီဟု ပြောမည့်စကား
းမီ မုဆိုးမြေးဖြစ်သူ ဦးကွန်က သူ့အဘိုး မုဆိုးစောင်ဂျမ်း
ပြဖူးသည်ကို သတိရ၍ ဝင်မေး၏။

"ကျုပ်လည်း ကြိမ်ခုတ် နောက်ကျမှာစိုးတာနဲ့ ကမန်း
တန်းနဲ့ဆိုတော့ အဲဒါတော့ မလုပ်ခဲ့မိဘူး။ မင်းကော မလုပ်
ဘူးလား အောင်"

"ကျုပ် အဲ . . အဲဒါတော့ မသိလို့ မလုပ် . ."

"ဟာကွာ၊ မင်း ဒီလောက်တောင် မသိ . ."

"ဟော့ကောင် ယောင်း၊ အဲဒါက မင်းလုပ်ရမှာကွ၊ သေ
ချင်း မင်းလုပ်ရမဲ့ ကိစ္စပဲ။ ကလေးက ဘယ်လိုလုပ်သိမလဲ"

ဦးကွန်က အောင်လေးအား မကျေမနပ်နှင့် အပြစ်
နေသော ယောင်းကို မင်းလုပ်ရမယ့် ကိစ္စဟု ဆိုလိုက်သော
ယောင်းမှာလည်း ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်
ပြန်သည်။

"ငါပြောမယ်၊ အမှန်က ပြောပြောသလို တောဝင်တာ
းမဟုတ်၊ ဘာအပမှ မမီဘူး။ မင်းတို့ တောထင်တောင်ထင်
င်ကြနဲ့၊ ဒီအကောင်က ကမန်းကတန်းနဲ့ဆိုတော့ မင်းသတ်
တဲ့ကြောင်ကိုက မသေသေးဘဲ သတိလစ် မေ့မြောနေတာ
မယ်။ ခု မီးပူလာတော့ သတိပြန်ရပြီး ထွက်ပြေးသွားတာပဲ၊
ာင်ဆိုတာ တော်တော်နဲ့ သတ်လို့သေတာ မဟုတ်ဘူး။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကြောင်ရိုက်မနာ ဆိုတာ စကားပုံ ကြားဖူးတယ် မဟုတ်
လား။ တို့ အဘိုးလေးက ပြောတယ်။ တောမှာတောင်မှာ သာ
ကောင်ရရင် အမြီး၊ နှာဖျား၊ ခြေဖျား၊ လက်ဖျား၊ နားရွက်လိုးဖြ
တင်မြှောက်ကြတယ်။ ဘာရယ်ညာရယ် ဆိုတာတော့ အမှန်
သားကောင် သေမသေ သိရအောင် အမြီး၊ နှာဖျား လှီးဖြတ်ကြ
တဲ့ သဘောပဲတဲ့။ ခုကြောင်က မသေလို့ ထွက်ပြေးသွားတာ
မင်းက ရရချင်း သေမသေကို အမြီး၊ နှာဖျား ဖြတ်ပြီး လုပ်
ထားခဲ့ရမှာ။ ကလေးကို အပြစ်မတင်ပါနဲ့။ အေး ငအောင်
မင်းမှားတာ တစ်ချက်တော့ရှိတယ်။ အဲဒါ နောက်ဆို မမှားအော
မှတ်ထား။ ငယောင်း သတ်ပေးထားခဲ့တဲ့ ကြောင်ကို ဖုတ်တဲ့အ
မင်းဘယ်လိုဖုတ်လဲ"

"မီးဖိုပေါ် ပက်လက်တင်ဖုတ်တယ် ဘကြီး"

"ဘယ်မီးဖိုလဲ၊ မင်းဘာသာမင်း ကြောင်ဖုတ်ဖို့ မွှေး
မီးဖိုလား"

"လင့်အောက်က မီးဖိုကြီးမှာပါ"

"အေး - အဲဒီ လင့်အောက်က မီးဖိုမှာလည်း မဖုတ်ရဘူ
လင့်အောက်က မီးဖိုကို မီးဖိုကြီးလို့ ခေါ်တယ်။ ထမင်းဟင်းခ
တာကလွဲပြီး တောကောင်တွေကို မဖုတ်ရဘူး။ လင့်အိမ်တဲ
ကတည်းက အိမ်မီးဖို၊ ရွာမီးဖိုလို့ သဘောရတယ်။ တောထဲက
သားကောင်ကို ရွာမီးဖို အိမ်မီးဖိုမှာ မဖုတ်ရဘူး။ သီးသန့် မီး
လုပ်ပြီး ဖုတ်ရတယ်။ ကြားလား၊ မှတ်ထား"

"ဟုတ် - ဟုတ်ကဲ့ပါ"



"ကဲ မင်းတို့ ကြောင်ကိစ္စ တော်ပါတော့။ ထမင်းစား
ကြ လင့်အိမ် မြန်မြန်တက်မယ်"

ပင်ကိုကပင် စကားနည်းသော ဦးသာဖြည့်မှာ ဦးငကွိန်
စကားများများ ပြောပြီး မှဆိုးသင်တန်း ပြောနေရာ စကားအမှား
မည် စိုး၍လား၊ သို့မဟုတ် ဘာကို အတွေးတစ်မျိုး ပေါက်၍
သား မသိ။ စကားဖြတ်ပြီး တချိန်လုံး ငြိမ်နားထောင်နေရာမှ
လင့်အိမ် စောစောတက်မည်ဟု အမိန့်ပေးသလို ဆိုလာသည်။

အမှန်က ဦးငကွိန် ယုတ္တိယုတ္တာ ရှိရှိ ဘာဘဲပြောပြော
ဘာယကံရှင် နှစ်ဦး ဖြစ်ကြသော ငယောင်းနှင့် ငအောင်အပါ
အဝင် ဦးသာဖြည့် ဦးပြေားတို့မှာလည်း တောဝင်ပြီး၊ တောမှောင့်
ပြီ တို့ကြောင့်သာ သေနေသော ကြောင်က မီးဖုတ်ခါမှ ထပြေး
သွားသည်၊ ပြီးတော့ ဦးငကွန် ပြောသလို အမြီး၊ နှာဖျား၊ နားရွက်၊
ခြေဖျား၊ လက်ဖျား ဖြတ်မတင် မမြှောက်မိခဲ့ကြခြင်းကြောင့်
ကြောင်ဖုတ်ဝင်ပြီး ထပြေးသွားသည်ဟု ထင်နေကြသည်။

ဤကဲ့သို့ မကြုံစဖူး ထူးထူးဆန်းဆန်း အဖြစ်တို့ကြောင့်
လည်း ခါတိုင်းနေ့တွေလို လင့်တဲအောက် မြေပြင်တွင် မှောင်စ
ပြုနေသည်အထိ မနေရဲကြတော့ဘဲ ဦးသာဖြည့်ကြီးကပါ စော
စော လင့်အိမ်တက်မည်ဟု ပြောလာခြင်းဖြစ်သည်။

ဤမကြုံစဘူး အဖြစ်အပျက်ကို ထူးလွန်းသည် ဆန်း
လွန်းသည် ကင်မိကြသော ဦးသာဖြည့်တို့ အဖွဲ့အတွက် နောက်
ကြာမီ ဤထက် ထူးဆန်းသော အဖြစ်အပျက် တစ်ခုကိုလည်း
ကြုံကြရဦးမည် ဆိုသည်ကိုကား ထိုနေ့ ထိုအချိန်က တွေးပင်

www.burmeseclassic.com

www.burmeseclassic.com



မတွေးမိခဲ့ကြပေ။ ထို့ကြောင့်လည်း သူတို့မှာ ဤနေ့အဖြစ် ပျက်ကိုသာ ထူးဆန်းလွန်းသည်ဟု ထင်ခဲ့ကြခြင်းဖြစ်လေသည်

ဤထက် ထူးဆန်းသော နောက်အဖြစ်အပျက် တ မှာမူ - - -

* * * * *

နံနက်ထ ထမင်းစားပြီးကြသည်နှင့် လူကြီးလေးယော ကြိမ်ခုတ်ကြိမ်ရှာ တစ်ယောက်တစ်လမ်းစီ ထွက်သွားကြသ ထိုအခါ ငအောင်မှာလည်း သဲချောင်းအိုင်ဘက် ထွက်လာသ

သဲချောင်း ချောင်းဖျားတွင် ဟိုနားတစ်ကွက်၊ သည် တစ်ကွက် ရေမခန်းခြောက်သေးသော အိုင်များရှိသည်။ ထို ထဲတွင် ကျောက်ပုစွန်များ၊ ငပြေးစုတ်များ၊ ငါးသလဲထိုးများရှိ သလို အိုင်ပတ်လည် ချောင်းကမ်းဘေး၌ ခရုများကိုလ ရတတ်သည်။ သို့သော် ခရုများမှာ ငါးများလို ရေထဲ၌မဟု ရွှံ့နွံ ပျော့ပျော့ထဲတွင် မြုပ်နေကြသဖြင့် တူးယူရသည်။ ကဏန်းများကမူ ချောင်းကမ်းပါး နံရံထဲတွင် ကျင်းနှင့်နေကြ အင်းထဲက ငါးများကို နှိုးယက်သဲ့နှင့် သဲ့ယူရသည်။ ချောင်း ပါးတွင် ကျင်းနှင့် နေနေကြသော တောင်ကဏန်းများကိုမူ



ခမှ မှျားယူရသည်။ မှျားစာမှာ ထမင်းလုံးကို ငှက်ပျောပတ်လျှော် ဖျားတွင်သီ၍ ကျင်းဝက တဆဆလှုပ်လိုက်လျှင် တောင်ကဏန်း များ ကျင်းထဲက ထွက်လာတတ်ကြသည်။ ထိုအခါ ကျင်းဝနှင့် ဝေးဝေးသို့ မှျားခေါ်လာပြီး ကျင်းကို ပိတ်ကာဖမ်းရလေသည်။

သို့နှင့် ငအောင် သားငါးရှာရန် ချောင်းဖျားရေအိုင်ဘက် တက်လာသည်။ ထိုမှာတွင် ကုန်းကုန်း ကုန်းကုန်းနှင့် ခရုတူးနေသူ တစ်ဦးကို ရေအိုင်နားတစ်ခုတွင် တွေ့ရသည်။ သူသည်လည်း ကြိမ်ခုတ်အဖွဲ့ တစ်ခုခုမှ သူ့လို ထမင်းချက်ဟင်းချက် တာဝန် ယူရသူမှန်း ငအောင်က မမေးဘဲနှင့် သိလိုက်သည်။ ထို့ကြောင့် လည်း -

"ကိုကြီး ဘယ်စခန်းကလဲ" ဟု ငအောင်က သူ့အနား သွား၍ မေးရ၏။

"ငါ ဘိုးတင်တို့ စခန်းကပဲ။ မင်းကကော"

"ကျုပ်က ဦးသာပြည့်တို့ စခန်းကပါ။ ဟာ . . ."

ရုတ်တရက်မူ ငအောင်လေး လန့်သွားမိသည်။

စောစောက နောက်ခိုင်းပြီး ရေအိုင်နား ခရုတူးနေသူ ကို နောက်ကကြည့်ပြီး သူနှင့် အသက် သိပ်မကွာသူဟု ထင်ပြီး "ကိုကြီး" ဟု ခေါ်လိုက်မိသည်။ ယခု ထိုသူက ငအောင်ကို လှည့် ကြည့်၍ မျက်နှာကို မြင်လိုက်ရသောအခါ သူ့အဖေထက်ပင် ကြီးသည်ဟု ထင်ရသော အဘိုးကြီးတစ်ယောက် ဖြစ်နေသည်ကို မြင်လိုက်ရ၍ "ဟာ" ဟု ပါးစပ်က ထွက်သွားမိခြင်း ဖြစ်သည်။

သို့သော် အဘိုးကြီးကမူ သူ့ကို လုံးဝ မအံ့သြသည့် ပုံစံ

www.burmeseclassic.com

www.burmeseclassic.com



နှင့်သာ ပြောလာသည်။

"ဟို ယောင်ခြောက်ဆယ် ကွေိန်လည်း မင်းတို့အဖွဲ့ထဲ ပါတယ်ဆို"

အဖွဲ့ခေါင်းဆောင်၏ အမည်ကို ပြောလိုက်သည်။ သူတို့အဖွဲ့တွင် ဦးကွေိန်ပါသည်ကို ဤအဘိုးကြီး အတပ်သိ သည်မှာ သိက္ခမ်းကြပြီးသူများဟု နားလည်လိုက်သည်။

ကြိမ်ခုတ် အဖွဲ့များတွင် အားကောင်းမောင်းသ မဟုတ်သော ကလေးသာသာ အရွယ်နှင့် သက်ကြီးရွယ်အိုမှာ ထမင်းချက်အဖြစ် ပါနေကြသည်မှာတော့ ထုံးစံဖြစ်သဖြင့် အံ့ သြစရာ မရှိတော့။ ထို့ကြောင့် သူတစ်ခါမှ မမြင်ဘူးသော်လည်း ဤအဘိုးကြီးမှာ သူ့အမေမောင် ဦးဝေဒိုးတို့ စခန်းကမှန်း သိ လိုက်သဖြင့် -

"အဘတို့အဖွဲ့မှာ ကျုပ်ဦးလေးလည်း ပါပါတယ်" ဟု ပြောလိုက်ရ၏။

"ဘယ်သူတုံးကွ၊ မင်းဦးလေးဆိုတာ"

"ဦးဝေဒိုးပါ"

"သြော် .. ဟုတ်လား"

အဘိုးကြီးက တူရွင်းပြားတိုလေးကို မြေပေါ်ထော ထားပြီး၊ ဧအောင်မျက်နှာကို မော့ကြည့်၍ ဆို၏။

ဤတစ်ခါတော့ ဧအောင်လေးမှာ တကယ်ပင် လန့်ဖျ သွားတော့သည်။

သူ့ကို မော့ကြည့်လိုက်သော လူကြီး၏ မျက်နှာမှာ



စောစောက မြင်လိုက်ရသလို အဘိုးကြီးတစ်ယောက် မဟုတ်ပြန်။ အသက်သုံးဆယ်ကျော်အရွယ် အားကောင်းမောင်းသန် ယောကျ်ားကြီးတစ်ယောက်သာ ဖြစ်သွားပြန်သည်။

"မင်းတို့ စခန်းက ဘယ်နားတုံး"

"ဟိုဘက်နားတင်ပါ၊ ဟိုမြင့်မြင့် မြင်နေရတဲ့ စင်ပြွန်းပင်ကြီး တောင်ဘက်မှာလေ—ဦးလေး"

"အေး အေး၊ မင်းတို့ လင့်အိမ်တဲ ငါလာခဲ့ဦးမယ်၊ ဟို ယောင်ခြောက်ဆယ်ကောင်ကိုလည်း ပြောထားလိုက်၊ ညညကျရင် ခေတာအော်တောင်အော် မအော်ပါနဲ့လို့"

"ဟုတ်ကဲ့၊ အမ် . ."

ဦးကွေိန်မှာ သမထသမားလိုလို ဝိပဿနာသမားလိုလို လုပ်နေသည်ကို သူသိနေ၍ဟု နားလည်လိုက်သော်လည်း ဦးကွေိန်၏ အသက်မှာ ဧအောင့်အဖေထက်ပင် ကြီးသည်။ ဧအောင့်အဖေကိုလည်း မင်းနှင့်ငါနှင့်ပင် ပြော၏။ ဤလို အသက်သုံးဆယ်ကျော် အရွယ်က ဦးကွေိန်ကို ယောင်ခြောက်ဆယ်ကောင်ဟု ပြောလိုက်ခြင်းကို အံ့အားသင့်ကာ 'အမ်' ဟု ပါးစပ်က အသံထွက်သွားမိပြန်သည်။ ယခု ခရုလာတူးနေသူမှာ အသက်သုံးဆယ်ဝန်းကျင်သာရှိပြီး ဦးကွေိန်အသက်မှာကား ငါးဆယ်ကျော် အရွယ်ဖြစ်သည်။ ထို့ကြောင့်လည်း အံ့အားသင့်မိသွားရာမှ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများပင် ချက်ချင်း ထသွားသည်။

"ကဲ ကဲ နေလည်းမြင့်ပြီ၊ ငါပြန်မယ်။ မင်း ခရုတူးဖို့ လာရင် ဟိုနား သွားတူးကွ၊ တောင်ခရုတွေ လွှတ်ပေါလဲ ကဲ ငါ

www.burmeseclassic.com

www.burmeseclassic.com



သွားမယ်" ဟု ပြောကာ ကမ်းပြန့်တစ်နေရာမှ တောထဲ တ
သွားလေသည်။

ထိုလူကြီး လက်ညှိုးထိုးပြခဲ့သော ရေအိုင်နား ဝန်းတ
တွင် ငအောင် ခရုတူးကြည့်သည်။ ထိုလူကြီးပြောသလို အ မှန်
ခရုများက အပြင်လိုက်ကို မြေအောင်း၍ တွေ့ရလေသည်။ ရေ
မှ ခရုများကို ငအောင်က ပလိုင်းထဲထည့်သည်။ ညနေမှာ
ခါးဖူး တို့စရာ၊ ခရုပြုတ်ဟင်းနှင့် ကြိမ်ခုတ်အဖွဲ့သားများကို
ရန် မှန်းလာသည်။

လင့်အိမ်တဲ ရောက်သည်နှင့် ရလာသော ခရုများကို
အောင်က ဆေးကြောသည်။ ညနေစာအတွက် ထမင်းအိုးကို
ရင်တည်သည်။ ခရုများကိုမူ ဆားခတ် ရေထည့်ပြီး အဆင်
လုပ်ထား၏။ ထမင်းအိုးငှဲ့နေတုန်း ခရုအိုးကို မီးဖိုပေါ်တင်ထ
လိုက်သည်။

ထိုအချိန်မှာပင် သူ့အဖေဦးပြော ခုတ်ကြိမ်တစ်လှိုင်း
လင့်အိမ်တဲသို့ စောစောရောက်လာသည်။ ထမင်းအိုးငှဲ့နေ
ငအောင် သူ့အဖေကို တစ်ချက်လှမ်းကြည့်လိုက်၏။ ပြီး ထ
ရည် မစစ်သေးသဖြင့် ဆက်ငှဲ့နေသည်။

"လူလေး ဘာအိုးတည်ထားလဲ"

"ဒီနေ့ သဲချောင်းထဲ ခရုသွားတူးလို့ ခရုဟင်းအိုး တ
ထားတယ် အဖေ"

"ဟုတ်လား၊ ဟင် ဟာ . . ."

သူ့သားငအောင် တည်ထားသည်ဆိုသော ခရုအိုးကို လှ



ကြည့်လိုက်သော ဦးပြောမှာ 'ဟင် ဟာ' ဟု အသံထွက်သွားသ
ဖြင့် ငအောင်ကလည်း သူတည်ထားသော ခရုအိုးကို တစ်ချက်
လှမ်းကြည့်လိုက်သည်။

ခရုများသည် အိုးနှုတ်ခမ်းပေါ် အကုန်ရောက်နေကြပြီ။
ငအောင် ထိတ်ထိတ်လန့်လန့် ဖြစ်သွားချိန်မှာပင် သူ့အဖေကား
ခရုအိုးနား ပြေးထိုင်ပြီး အိုးနှုတ်ခမ်းပေါ်က ခရုများကို အိုးထဲ
သပ်ချလိုက်သည်။ ပြီး အိုးကိုလည်းကမန်းကတန်း အဖုံးဖုံးလိုက်
ပြီး ခရုအိုးကို မီးဖိုပေါ်မှ ပြန်ချထားလိုက်သည်။

ထိုအချိန်မှာပင် ထမင်းရည်ငှဲ့နေသော ငအောင်၏လက်
ထဲက ထမင်းအိုးမှာလည်း ထမင်းရည်စစ်သွားပြီ ဖြစ်သဖြင့် ခွင်
ပေါ်ပြန်တည် နှပ်ထားလိုက်သည်။

ဦးပြောက ငအောင်၏မျက်နှာကို စိုက်ကြည့်ပြီး -

"ခရုကို မီးဖိုပေါ်တည်ရင် အဖုံးပိတ် အလေးနဲ့ ဖိထား
ရတယ် သားရယ်၊ ဆားခတ်ထားတော့ ခရုတွေ မျက်စိစပ်ပြီး မီး
ကလည်းပူလာတော့ အိုးနှုတ်ခမ်းပေါ် တွားတက်လာကြတာပေါ့။
နောက်ကို သတိထား"

"ဟုတ်ကဲ့"

"ခရုကိုပြုတ်ရင် ရေနွေးအရင်တည်ရတယ်။ ရေနွေးပွက်
ပွက်ဆူတော့မှ ခရုအိုးထဲ ရေနွေးပူပူလောင်းချပြီး တည်ရတယ်။
ဒါမှ ခရုတွေ သေသွားပြီး အိုးနှုတ်ခမ်းပေါ် မတက်နိုင်တော့ဘူး
ပေါ့"

ဦးပြောကြီးက သူ့သားငအောင်ကို ခရုချက်နည်း ပြော

www.burmeseclassic.com



ပြီး စမ်းဘက် ရေချိုးရန် ဆင်းသွားသည်။

ထမင်းအိုးနှပ်သောအခါ ငအောင်က သူ့အဖေပြောသလို ရေနွေးတစ်အိုးကို အရင်တည်သည်။ ရေနွေး ပွက်ပွက်ဆူတော့မှ သူ့အဖေပြောသလို ခရုအိုးထဲ ရေနွေးပွက်ပွက်ဆူ လောင်းထည့်ပြီး ခရုအိုးကို မီးဖိုပေါ် တည်ထားလိုက်သည်။

ရေချိုးပြီး စမ်းထဲက တက်လာသော ဦးပြေားသည် သူ့စောစောက ခုတ်ထမ်းလာသော ကြိမ်ပင်များထဲက ကြိမ်လုံးကြီးတွေ အဖျားမှ ကြိမ်ဖူးတွေကို ရွေးခုတ်သည်။ ဤသည်မှာ ဦးပြေား တစ်ယောက်တည်းသာ မဟုတ်။ လင့်တဲကို စောစောရောက်သူတိုင်းက ညနေ ကြိမ်ဖူးကို ချက်ပြုတ်ရန်လည်းကောင်း၊ အတို့အမြှုတ် လုပ်ရန် မီးအုံး၍ လည်းကောင်း လုပ်နေကြဖြစ်သည်။ သူတို့မှာ တစ်နေ့တလေ၌ ကြိမ်ဖူးနှင့် စမ်းထဲမှရသော ငါးသေးငါးလေးများကို ဆီပြန် ရောချက်စားရတာလည်း ရှိသည်။ ယနေ့တော့ ငအောင်က စမ်းချောက်ချောင်းထဲ ဆင်းပြီး၊ ခရုတူးထားသဖြင့် ခရု အရည်သောက်ဟင်းနှင့် တို့စရာကြိမ်ဖူး ညနေစာကို မြိန်ရေရှက်ရေ စားကြရမည် ဖြစ်သည်။

"ဟင် အဖေ"

သူ့သား၏ အာမေဋိတ်သံကြောင့် ကြိမ်ဖူးဖြတ်နေသော ဦးပြေားက ငအောင်ဘက် လှည့်ကြည့်သည်။ ငအောင်မှာ ဒွန်း တစ်လက်ကို လက်ကကိုင်ပြီး ခရုအိုးကို ငုံ့ကြည့်ကာ ကြက်သေသေနေ၏။

"ဘာဖြစ်ပြန်လို့လဲကွ၊ သား"



"အဖေ လာကြည့်ပါဦး"

ငအောင်က ခရုအိုးကို ဒွန်းနှင့်မွှေရင်း ပြောလိုက်၏။

ဓားနှင့် ကြိမ်ဖူးတစ်ပိုင်းကိုပင် လက်ကမချဘဲ ဦးပြေားက မီးဖိုနား ပြေးလာကာ ခရုအိုးကို ငုံ့ကြည့်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲဟင် အဖေ၊ ဒီမှာတွေ့လား၊ ခရုတစ်လုံးမှ မရှိတော့ဘူး။ အကုန်လုံး ကျောက်ခဲလေးတွေချည်းပါလား"

ခရုအိုးကို ငုံ့ကြည့်ပြီး သူ့သား မွှေနှောက်ပြသည်ကို မြင်လိုက်ရသောအခါ ဦးပြေားမှာလည်း ဘာပြန်ပြောရမှန်း မသိတော့ဘဲ ကြက်သေသေသွားသည်။

"ဟင် အဖေ၊ ဒီမှာတွေ့လား ခရုဆိုလို့ အိုးထဲ တစ်လုံးမှ မရှိတော့ဘူးဗျ။ အကုန် ကျောက်ခဲလေးတွေချည်းပါလား"

ယခုထိ ကြက်သေသေကာ ဘာပြန်ပြောရမှန်း မသိ ဖြစ်နေသော ဦးပြေားမှာ ငအောင်မျက်နှာကို ငေးကြည့်ပြန်ကာ သက်သော အကြိမ်ကြိမ်ချနေမိသည်။

"လူလေး မင်း ချောင်းချောက်ထဲက တူးလာတာ ခရုတွေပဲ မဟုတ်လား။ ဘယ်လိုဖြစ် . ."

"ဟာ အဖေကလည်း ခရုမဟုတ်ပဲ ကျောက်ခဲတွေတော့ သားက ရူးလို့ ကောက်ယူလာမှာလား။ မီးပူလာလို့ အိုးနှုတ်ခမ်းပေါ် တက်နေကြတာ အဖေတောင် စောစောကမှ သပ်ချလိုက်သေးတာကော"

မှန်သည်။ မျက်စိစပ် မီးပူ၍ အိုးနှုတ်ခမ်းပေါ် တက်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသော ခြေမ၊ လက်မခရုလုံးများကို စောစောက သူ အိုးယဲ ပြန်သပ်ချလိုက်ပြီး သူ့သားကိုပင် ခရုချက်နည်း ပြောပြခဲ့သေးသည်။ ယခု ဘယ်လိုဖြစ်ပါလိမ့် အိုးထဲက ကျောက်ခဲများကို သူပင်ဖွန်းနှင့် ထပ်မွှေကြည့်ရပြန်သည်။ ခရုဆို၍ကား တစ်လုံးမှ မတွေ့တော့။ အိုးထဲရှိသမျှတွေမှာ အားလုံး ကျောက်ခဲတွေချည်းသာ။

"အိမ်း ဘယ်လိုဖြစ်ပါလိမ့်၊ ငါ့သား မင်း တစ်ခုခုတော့ မှားလာပြီထင်တယ်။ မင်း ချောင်းခြောက်ထဲ ခရုသွားတူးတုန်းက ဘာထူးခြားသေးလဲ အဖေ့ကို ပြောပြစမ်း"

"ဘာမှလဲ ထူးခြားတယ်ရယ်လို့တော့ မဖြစ်ခဲ့ပါဘူး အဖေ။ ဦးလေးဝေတို့ စခန်းက လူတစ်ယောက် . . . . အေးနော် ကူးဆန်းတယ် ပြောရမလား မသိဘူး။ ကျုပ် ချောင်းခြောက်ထဲ ခရုတူးဖို့ ဆင်းသွားတော့ ခရုတူးနေတဲ့ အစ်ကိုကြီးတစ်ယောက်ကိုတွေ့တယ်။ သူကနောက်ခိုင်းပြီး ခရုတူးနေတာဆိုတော့ ကျုပ်က 'ကိုကြီး ဘယ်စခန်းကလဲ' လို့ မေးတော့ ဦးလေး ဘိုးတင်တို့ စခန်းကလို့ ပြောတယ်။ ကျုပ်ကိုလည်း ဘယ်ကလည်းမေးတယ်။ ကျုပ်စောစောက အစ်ကိုကြီးအရွယ်ထင်တဲ့ လူက ကျုပ်ကိုလည်း မော့ကြည့်ရော အဘိုးကြီးတစ်ယောက် ဖြစ်နေတယ်။ ပြီးတော့ ဟို ယောင်ခြောက်ဆယ် ငကွိန်လည်း မင်းတို့အဖွဲ့ထဲ ပါလားလို့ မေးတယ်။ ကျုပ်က သူနဲ့သိလို့ ပြောတယ်ထင်တာ။ သူ ကျုပ်တို့တဲ လာဦးမယ် ပြောတယ်။ ဟို ယောင်ခြောက်ဆယ် အကောင်ကိုလည်း ပြောထားလိုက်၊ ညညကျရင် တောအော် တောင်အော် မအော်ပါနဲ့လို့လည်း မှာလိုက်သေးတယ်။ အဲဒီအခါမှ သူ့မျက်နှာကို



ကျုပ် သေသေချာချာကြည့်တော့ မင်းကျွန်ကြီးတစ်ယောက် အရွယ် ဖြစ်သွားပြန်ရော။ ကျုပ်က အကြည့်မှား အမြင်လွဲတာလို့ ထင်လိုက်တာ။ သူကပဲ ကျုပ်ကို ခရုကျင်း ညွှန်ပြသွားတယ်။ ကျုပ်တူးလာတာ သူညွှန်ပြတဲ့ ခရုကျင်းက ခရုတွေပဲအဖေ။ ဘယ်လိုဖြစ်တယ် ဆိုတာ ကျုပ်လည်း မပြောပြတတ်တော့ဘူး"

သူ့သားငအောင်စကားကို ကြားလိုက်ရသောအခါ ဦးငပြားမှာလည်း ဘယ်လိုမှ မဝေဖန်တတ်၊ မထင်တတ်အောင် ဖြစ်သွားသည်။

"သား ဦးလေးဝေတို့ စခန်းကဆိုတဲ့ လူနာမည်ကော သား မေးကြည့်လိုက်သေးလား။ ဘယ်လူတဲ့လဲ"

"သူ့နာမည်တော့ သားလည်း မမေးမိလိုက်ဘူး"

"မင်း သူ့ကိုမြင်ရင် မှတ်မိပါ့မလား"

"ကျုပ် ခုံတွေးကြည့်တော့ ဇဝေဇဝါတောင် ဖြစ်နေတယ် အဖေ၊ သူက လူမှ ဟုတ်ရဲ့လား မသိဘူးနော်"

ဤတစ်ခါလည်း ဦးပြားမှာ သူ့သားကို မည်သို့ပြန်ပြောရမှန်း မသိ ဖြစ်ရပြန်သည်။

"မောင်ဝေဒိုးတို့ စခန်းကလူတော့ ဖြစ်ပါလိမ့်မယ်။ သား အိုးကို အဖုံးမပိတ်မိလို့ တောမှား တောင်မှားတာနေမှာ။ နောက်ကို သတိထား၊ ခုကိစ္စ ငကွိန်တို့ ငယောင်းတို့ကိုတော့ မပြောနဲ့နော်။ ညကျမှ ဘယ်လိုဖြစ်တယ်ဆိုတာ ဦးသာဖြည့်ကြီး ငါ တိုးတိုးတိတ်တိတ် မေးကြည့်မယ်။ ဒီကိစ္စ သားကလွှာ နောက်မှ သူတို့ကို ပြောပြ၊ ဦးသာဖြည့်ကြီး ဘာပြောလဲဆိုတာ

www.burmeseclassic.com



ကိုလဲ ရွာကိုပြန်ရောက်တော့ သားကို အတွေ့အကြုံရအောင် အဖေ ပြောပြမယ်။ ခု လောလောဆယ် တောထဲတောင်ထဲ ဘယ်သူ့မှ မပြောရဘူးနော်"

"ဟုတ်ကဲ့"

သူ့အဖေပြောစကားကို မဟာမြိုင်တောကြီးနား မွေးဖွားကြီးပြင်းလာသူပီပီ ငအောင်ကလည်း ကောင်းကောင်း သဘောပေါက်သည်။

သူတို့သည် ယခုတောထဲ၌ တွေ့ကြုံခဲ့ရသမျှကို နောင်လာနောက်သား တောတက်သမားများ သင်ခန်းစာ ယူနိုင်အောင် ရွာကိုရောက်မှ ဖွင့်ပြောပြရမည် ဖြစ်သည်။ ယခုနေအခါ မိမိအတွေ့အကြုံများကို တောထဲတောင်ထဲ၌ ပြောရိုးထုံးစံ မရှိကြပေ။

ထို့ကြောင့်လည်း ဦးသာဖြည့်၊ ဦးငကွိန်၊ ငယောင်းတို့ ကိုယ်စီကိုယ်င ကြိမ်လှိုင်းကိုယ်စီနှင့် လင့်တဲအိမ်နား အလျှိုလျှိုရောက်လာကြသောအခါ ဦးပြေးတို့ သားအဖမှာလည်း သူတို့ကျောက်ခဲခရုအိုးကို လက်စလက်န ဖျောက်ကာ ဣန္ဒြေမပျက် ခါတိုင်းနေ့တွေလိုပင် နေလိုက်ကြသည်။

ထိုနေ့ညက သူများတွေသာ တခေါခေါ အိပ်ပျော်ကြသော်လည်း ဦးပြေးတို့ သားအဖမှာ တော်တော်နှင့် အိပ်မပျော်နိုင်ကြ။ ညဦးက ခရုကျောက်ခဲအိုးနှင့် ငအောင် ချောင်းခြောက်ထဲတွင် ခရုသွားတူးစဉ်က တွေ့ခဲ့ရသော လူအကြောင်း စဉ်းစားမိတိုင်း ကြောက်ရွံ့နေကြသည်။



ထိုသူက 'မင်းတို့လင့်အိမ်တဲ ငါ လာခဲ့ဦးမယ်၊ ဟိုယောင်ခြောက်ဆယ်ကောင်ကိုလည်း ပြောထားလိုက်၊ ညညကျရင် တောအော်တောင်အော် မအော်ပါနဲ့လို့' ဟူသော စကားကို အမှတ်ရတိုင်း ငအောင်လေးမှာ ကျောချမ်းနေသည်။ ထိုသူသည် တကယ်ပင် သူတို့ လင့်အိမ်တဲ ရောက်လာလေမလားဟုလည်း ကြောက်နေမိသည်။ သူက ပြောမထားသော်လည်း ဟိုတစ်နေ့ည သူထဆဲသောအခါကပင် ဘာသံမှ သူ့ပါးစပ်က ထွက်မလာသော ဦးငကွိန်ကိုတော့ ကျေးဇူးတင်စရာ ဖြစ်နေ၏။

ဦးငကွိန်သာ အိပ်ခါနီး တစ်စုံတစ်ခု ရွတ်ဖတ်သရဇ္ဈာယ်နေမှာ စိုးရိမ်ခဲ့ရသေးသည်။ ဦးငကွိန်ကလည်း တောတောင်အခြေအနေကို သိသွား၍လား မသိ။ သူထဆဲသောနေ့ကပင် သန်းခေါင်ကျော်တော့မှ အိပ်ပျော်သွားခဲ့လေသည်။ ထိုညက ဘာအနှောင့်အယှက်မှတော့ မကြားရ မမြင်ရဘဲ မိုးလင်းသွားလေသည်။

* * * * *

ချောင်းခြောက်ထဲ ခရုသွားမတူးရဲသော ငအောင်မှာ ဝါးနီးယက်သဲ့နှင့် ရေအိုင် ရေခွက်ထဲက ငါးပုစွန်များကိုတော့ နေ့တိုင်းလိုလို ချောင်းခြောက်ထဲ ဆင်း၍ရှာရ၏။ ရသမျှ ငါးလေး

www.burmeseclassic.com

www.burmeseclassic.com



ပုစွန်လေးများနှင့် ကြိမ်ခါးဖူးဟင်း ချက်လိုက်၊ ငှက်ပျောပင်ဟင်း ချက်လိုက်နှင့် ရွာကို ကြိမ်လှည်း သုံးစီးတိုက်ခန့် ပို့ပြီးသော နောက်တစ်နေ့မှာတော့ ငအောင်သည် ဦးငကွိန်ပြောထားသော စင်ပြွန်းပင် ရှိရာဘက် စင်ပြွန်းသီးခူးရန် ထွက်လာလေသည်။

စခန်းရောက်စကပင် ဦးငကွိန် လက်ညှိုးထိုးပြထား၍ စင်ပြွန်းပင်ကြီး ရှိရာကို သိထားလေရာ ဆယ်မိနစ်ပင်မကြာ တောင်ကုန်းပေါ်က စင်ပြွန်းပင်ကြီးအောက် ရောက်လာလေသည်။

ငအောင်သည် စင်ပြွန်းပင်ကြီးပေါ် တစ်ချက်မော့ကြည့်လိုက်၏။ စင်ပြွန်းပင်ကြီးမှာ သက်ရင့် နှစ်ကြာပင်ကြီးဖြစ်သဖြင့် လူဆယ်ရပ်ခန့်မက မြင့်သည်။ ဤလို တောစိုးသစ်ပင်ကြီးများတွင် ပျားနသန်နှင့် သစ်ခေါင်းပျားများလည်း စွဲကပ်တတ်သဖြင့် အပင်ပေါ်ကို သေသေချာချာ မော့ကြည့်သည်။

စင်ပြွန်းပင်ကြီး သစ်ခေါင်းထဲတွင် ပျားအုံရှိနေလျှင် သူ စင်ပြွန်းတက်ခူးချိန်၌ ပျားတုပ်ခံရမှာ စိုးရသည်။ ပျားနသန်ကောင်များ အတုပ်ခံရလျှင် နွားမတန်းမများပင် သေးဖျန်းဖျန်းပါပြီး ပစ်လဲတတ်သည်ဟု ကြားဖူးထား၏။ ပြီးတော့ ဤရာသီမှာ ပျားရည်ရွှမ်းသော ရာသီဖြစ်သဖြင့် ဝက်ဝံတို့၏ အန္တရာယ်ကိုလည်း သတိထားရ၏။

ပျားရည်ကြိုက်သော ဝက်ဝံများသည် တစ်ခါတစ်ခါ သစ်ပင်ပေါ်တက်ပြီး ပျားဖွတ်စားနေတတ်ကြသည်။ အစာရမှုက်နှင့် လူကို ရန်ရှာတတ်သည်။ ထို ဝံများသည် သစ်ပင်ပေါ်က လူ့ကိုယ်ပေါ် ခုန်ချပြီး ကိုက်တတ်သည်။ ထိုဝံများမှာ အကောင်



သေးသလောက် ရန်လိုပြီး ရဲဝံ့သည်။ တောနက်ထဲဆိုလျှင် လူကိုပင် ပမာမခန့်တတ်ဟု တောတက်သူများ ပြောပြသည်ကို ကြားဖူးထားသည်။

ထို့ကြောင့် ငအောင်သည် စင်ပြွန်းပင်ပေါ် သေသေချာချာ လှည့်ပတ်မော့ကြည့်နေသည်။ စင်ပြွန်းသီးတွေကတော့ ဦးငကွိန် ပြောထားသလိုပင် ကိုင်းဖျားကိုင်းနား ပြွတ်ခဲနေသည်။ စင်ပြွန်းပင်ပေါ် သူ လှည့်ပတ် မော့ကြည့်နေစဉ် ရှဉ့်ငပေါတစ်ကောင်၏ စုတ်ထိုးလိုက်သံကြောင့် ရုတ်တရက် လန့်သွားမိသည်။

ရှဉ့်ငပေါမှာ တစ်ကောင်တည်းမဟုတ်။ အထီးအမနှစ်ကောင်။ အထီးက ငအောင်ကိုမြင်၍ စုတ်ထိုးသောအခါ အမကလည်း အမြီးတနှန့်နှန့်နှင့် လိုက်ပြီး စုတ်ထိုးနေပြန်သည်။ ရှဉ့်ငပေါများ လူမြင်၍ စုတ်ထိုးသည်မှာတော့ တောထဲတောင်ထဲ အန္တရာယ်ကြီးတကြယ်ကိစ္စ မဟုတ်သဖြင့် ငအောင်က ဂရုမစိုက်။

စင်ပြွန်းပင်ကြီးပေါ်တွင် ပျားအုံရှိမရှိ သတိထားရသလို ခါချဉ်ထုပ်များကိုလည်း သတိထားရပြန်သေးသည်။ ခါချဉ်ကောင်များမှာ တစ်ထပ်တစ်ထုပ်ဆိုလျှင် အကောင်းပေါင်း သိန်းချီသန်းချီသည်။ ခါချဉ်ကောင်များသည် စင်ပြွန်းရွက် မကြွေမီကပင် စင်ပြွန်းရွက်များကို သူတို့ပါးစပ်က အာစေးနှင့် ကပ်ဆွဲပြီး အအုံကြီးကြီး လုပ်ထားတတ်ကြသည်။ တချို့ခါချဉ်ထုပ်များဆိုလျှင် ခြင်းနီးပါးခန့်ရှိသည်။

ထို့ကြောင့် အရွက်ခြွေ၍ သီး..ဂင်းတွေဝေနေသော စင်ပြွန်းပင်ကြီးပေါ်တွင် ခါချဉ်ထုပ်ကြီးတွေကိုတော့ မြင်သာ

www.burmeseclassic.com

www.burmeseclassic.com



လွယ်သည်။ သူ စင်ပြွန်းပင်ပေါ် ပင်စည်ကြီးကို တွယ်တက်လာစဉ် အဖျားဘက်မှ ပြေးဆင်းလာကြသော ရှဉ့်ငပေါ လင်မယားက သူ့ကိုယ်ပေါ် ကျော်နင်း ပြေးဆင်းလာကြမည် စိုးသဖြင့် ငအောင်သည် ခဲတစ်လုံးကို ကောက်ပြီး ရှဉ့်ငပေါ လင်မယားဆီ လှမ်းပစ်လိုက်သည်။

ရှဉ့်ငပေါ လင်မယားကို သူပစ်လိုက်သော ခဲလုံးက မထိသော်လည်း စင်ပြွန်းသီး ရင့်ရင့်တွေကိုရှာစားနေကြသော ရှဉ့်ငပေါလင်မယားသည် တကြွတ်ကြွတ် စုတ်ထိုးကာ စင်ပြွန်းပင်ကြီး ထိပ်ပိုင်း ကိုင်းဖျားများမှ ဆင်းပြေးလာကြသည်။ သို့သော် ငအောင်ထင်သလို ပင်စည်မှ ဆင်းပြေးလာကြခြင်းမဟုတ်။ စင်ပြွန်းပင်ကြီးနှင့် ကိုင်းချင်းဆက်မတတ် ဖြစ်နေသော မျောက်ဒိုပင် တစ်ပင်ပေါ် ခုန်ကူး ပြေးသွားကြလေသည်။ ထိုအခါမှ ငအောင်လည်း စင်ပြွန်းသီးခူးရန် စင်ပြွန်းပင်ပေါ် တက်လာလေ၏။

စင်ပြွန်းပင်ပေါ် ရောက်သည်နှင့် စလွယ်သိုင်းလာသော ပုဆိုးပိုင်းထဲ စင်ပြွန်းသီးတွေ ခူးထည့်၏။ ငအောင်၏ စိတ်ကူးမှာ ယနေ့ညနေသာမက မနက်ဖြန် အတွက်ပါ များများခူးနေသည်။ စင်ပြွန်းသီး ခူးဆွတ်ပြီး တစ်ထုပ်ကြီး ရသောအခါ စင်ပြွန်းပင်ပေါ်က ဆင်း၏။

သို့သော် စင်ပြွန်းသီး တစ်ထုပ်ကြီးမှာ အဆင်းတွင် နိုလိုးခုလု ဖြစ်နေသည်။ အတက်တုန်းကမူ သူ့ကိုယ်ပေါ်တွင် ဘာမှပါမလာသဖြင့် အခက်အခဲ မဖြစ်ခဲ့။ ယခု အဆင်းမှာမူ စင်



ပြွန်းသီး တစ်ထုပ်ကြီးနှင့် လိမ့်ကျမှာစိုးသဖြင့် စင်ပြွန်းပင်ခွကြား တစ်ခုတွင် ခဏနားပြီး အောက်ကို ငုံ့ကြည့်လိုက်သည်။

စောစောကမူ စင်ပြွန်းသီး ရလိုမှု စိတ်စောနေသဖြင့် အနိမ့်အမြင့်ကို ဂရုမစိုက်မိခဲ့။ ယခု အပေါ်က ငုံ့ကြည့်လိုက်တော့မှ သူ ရောက်နေသော စင်ပြွန်းပင်ထက်မှာ တော်တော်မြင့်နေသည်ကို သတိထားမိလိုက်သည်။ ထို့ကြောင့် စင်ပြွန်းထုပ်ကြီးနှင့် ဆင်းရန် မလွယ်သဖြင့် စင်ပြွန်းသီးထုပ်ကို အောက်သို့ပစ်ချလိုက်ရန် မြေပြင်နေရာကို ငုံ့ကြည့်လိုက်ပြန်သည်။

စင်ပြွန်းရွက်ကြီးတွေ ကြွေကျပြီး ထူထပ်နေသော ရွက်ကြွေခြောက်များပေါ် စင်ပြွန်းသီးထုပ်ကို ပစ်ချလိုက်၏။ စင်ပြွန်းသီးထုပ် မြေပြင်ကို ဘုတ်ခနဲ ကျသံနှင့်အတူ ချေငယ်တစ်ကောင် အလန့်တကြား အော်ဟစ်ပြေးသွားသံကို ချက်ချင်းကြားလိုက်ရသည်။

သူ စင်ပြွန်းပင်ပေါ်က အထုပ်ပစ်ချလိုက်သံနှင့် ချေသူငယ် လန့်အော် ပြေးသွားသံမှာ တစ်ပြိုင်နက်တည်းလိုလို ဖြစ်သွားသဖြင့် ငအောင် မြေပြင်ကို အံ့သြတကြီး ငေးကြည့်နေမိသည်။ လန်းပြေးသွားသော ချေသူငယ်မှာ သူ့ဦးလေး ဦးဝေဒိုးတို့စခန်းဘက် ထွက်ပြေးသွားသံကိုလည်း ကြားနေမိသည်။

ငအောင် စင်ပြွန်းပင်ပေါ်က မြေပြင်ကို ငေးကြည့်နေမိချိန်မှာပင် လူကြီးတစ်ယောက်သည် ချေပေါင်တစ်ဖက်ကို ကိုင်ကာ စင်ပြွန်းပင်ကြီးအောက် ရောက်လာသည်။ ငအောင်မှာ အံ့သြတကြီးဖြစ်ပြီး၊ ထိုလူကြီးကို အပေါ်က ငုံ့ကြည့်နေချိန်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးက စင်ပြွန်းပင်ပေါ် တစ်ချက် မော့ကြည့်လိုက်သ... ငအောင်၏ မျက်စိထဲမှာ သူ့ဦးလေး ဦးဝေဒိုးဟု မြင်လိုက်မိသ...

ဦးဝေဒိုးသည် စင်ပြွန်းပင်ပေါ်က ငအောင်ကို တစ်... သာ မော့ကြည့်ပြီး 'ရော့ မင်းတို့စားဖို့ ငါ ချေပေါင်တစ်ချော... ပေးခဲ့မယ်' ဟု ပြောကာ သူ့လက်ထဲကိုင်လာသော ချေပေါင်... ဖက်ကို မော့စောက ငအောင် ပစ်ချလိုက်သော စင်ပြွန်းသီ... ထုပ်ပေါ် တင်ထားခဲ့ပြီး ထွက်သွားသည်။

တို့အခါမှ ငအောင်က ဦးလေးဝေဒိုးတို့ ချေလိုက်... ဘာကိုး၊ သူတို့ ချေတစ်ကောင်ရတာနဲ့ ငါ့ကိုမြင်လို့ ချေ... တစ်ချောင်း ဖုံ့ပေးသွားခဲ့တာဟု ဝမ်းသာအားရ ဖြစ်ကာ စင်... ပင်ပေါ်က ဆင်းလာသည်။ ချေပစ်ရန် ချောင်းနေကြသော... ဦးလေး ဦးဝေဒိုးတို့သည် သူ စောစောက စင်ပြွန်းပင်ပေါ်... သွားသည်ကို မြင်ထား၍ ချေပေါင်တစ်ချောင်း လာပေး... သည်ဟု အတွေးပေါက်သွားသည်။

ငအောင်သည် သူ့ဦးလေး ဦးဝေဒိုး ပေးထားခဲ့... ချေပေါင်တစ်ဖက်နှင့် စင်ပြွန်းသီးထုပ်ကို ထမ်းကာ မိမိတို့... အိမ်တဲရှိရာသို့ ပြန်လာသည်။ လင့်အိမ်တဲသို့ ရောက်သော... ချေပေါင်ကို မီးမြှိုက် အမွေးခြစ်ချရန် ဝက်ကားတိုင်ရိုက်၍... လေးတစ်ဖိုကို ဝက်ကားတိုင်အောက်တွင် ဖိုသည်။ ပြီး ဝက်... တိုင် ခွကြားနှစ်ခုပေါ်တွင် ချေပေါင်ကို တန်းထိုးတင်၍ မီး... ထားသည်။

ငအောင်က ချေပေါင်မီးမြှိုက်ရန် သီးသန့်မီးဖိုလေး...



...အသစ် ဖိုရခြင်းမှာ ယခင် လေးငါးရက်လောက်က တော ...ကြောင်ကို မီးမြှိုက်စဉ် သီးသန့်မီးဖိုနှင့် ဖုတ်ရသည်ဟု ဦးငကွိန် ...ထားသဖြင့် ဖြစ်သည်။

ငအောင်မှာ ဆန်ဆေး ထမင်းအိုးတည်လိုက်၊ စင်ပြွန်း ...း အညှာခြွေလိုက်၊ မီးမြှိုက်ထားသော ချေပေါင်ကိုအမွေးခြစ် ...လိုက် လုပ်နေသည်။ ထမင်းအိုးနပ်ပြီး၊ စင်ပြွန်းသီး ဟင်းချက် ...ချိန်တွင် ချေပေါင်ကို မီးမြှိုက် အမွေးစင်ခြစ်ပြီး ဖြစ်သဖြင့် ...က်ရန် ခုတ်ထစ်နေစဉ် သူ့အဖေ ဦးပြောနှင့် ဦးသာပြည့်တို့ ...ကြိမ်တစ်လှင်းစီနှင့် လင့်တဲအိမ်နားကို ရှေ့ဆင့်နောက်ဆင့် ...ရောက်လာကြသည်။

ငအောင် ဟင်းခုတ်ထစ်နေသည်ကို မြင်သဖြင့် ဦးသာ ...ပြည့်နှင့် ဦးပြောတို့က သားကြီးဟင်းကြီး ခုတ်ထစ်နေမှန်း ချက် ...း သိလိုက်ကြသည်။ ထို့ကြောင့် -

"ဘာဟင်းတုံးကွ" ဟု ဦးသာပြည့်က အရင်မေး၏။ ဦးင ...ကမူ နောက်မှ "ဘယ်ကရလဲ" ဟု မေးပြန်သည်။

"ကျုပ် စင်ပြွန်းသီး သွားတက်ရင်း ချေလိုက်နေကြတဲ့ ...လေးဝေဒိုးတို့နဲ့ တွေ့လို့ ချေပေါင်တစ်ချောင်း ပေးလိုက်တာ ...အဖေ" ဟု ချေပေါင်ကို ခုတ်ထစ်နေရာက ပြန်ပြောသည်။ ထို ...ခါ ဦးပြောကလည်း ငအောင်ကို လာကူ လုပ်ပေးသည်။

"အဖေ ခုတ်ထစ် ဆေးကြောပေးမယ်၊ သား ရေပ်သီး ...ကောင်း" ဟု ပြောပြီး ချေပေါင်ကို ဆက်ပြီးခုတ်ထစ်နေသည်။ ...ကြာမီ ငယောင်းနှင့် ဦးငကွိန်တို့လည်း ပြန်ရောက်လာကြရာ

www.burmeseclassic.com

www.burmeseclassic.com



ညနေစာကို ချေသားနှင့် စားကြရမည် ဖြစ်သဖြင့် ဝမ်းသာ သွားကြသည်။

သူတို့ ချေသားအိုးကို မီးဖိုပေါ် တည်ထားချိန်မှာပင် ဦးဝေဒိုးသည် ဖက်စိမ်းနှင့် ထုပ်ဆွဲလာသော အထုပ်တစ်ထုပ်နှင့် ဦးပြေားတို့ လင့်အိမ်တဲသို့ ရောက်လာသည်။ ဦးဝေဒိုးက လင့်တဲအိမ်ရှေ့ မတ်တတ်ရပ်လျက်ကပင် -

"ယောက်ဖကြီး၊ ဒီနေ့လယ်က ကျုပ်တို့ ကြိမ်ခုတ်ရာနား ဝက်ပက်ခံရလို့ထင်တယ် ချေတစ်ပေါင်ကျိုးတစ်ကောင် အော်ပြီး ပြေးလာတာတွေ့လို့ ဝိုင်းသတ်လိုက်ကြတာ အဲဒါ ခု ယောက်ဖကြီးတို့အတွက် ချေသား လာပေးတာ" ဟုပြောရင်းက -

"ရော့ကွ ငအောင်၊ မင်းတို့ညနေ ချက်စားကြဖို့" ဟု တစ်ဆက်တည်း ပြောရင်း သူ့လက်ထဲက ဖက်စိမ်းနှင့်ထုပ်လာသော ချေသားထုပ် ဆိုသည်ကို ငအောင်အား လှမ်းပေးသည်။

ငအောင်မှာ အံ့ဩသွားပြီး ဦးဝေဒိုး လှမ်းပေးနေသော ချေသားထုပ် ဆိုသည်ကို ချက်ချင်း လှမ်းမယူရဲသေးဘဲ -

"နေ့လယ် စင်ပြွန်းပင် အောက်မှာတုန်းကလည်း ဦးလေးငယ် ကျုပ်ကို ချေပေါင်တစ်ချောင်း ပေးလိုက်သေးတယ်ကော"ဟု မေးလိုက်၏။

"ဟင် မင်းနဲ့ ငါ ဘယ်မှာတွေ့လို့ မင်းကို ချေပေါင်ပေးရမှာလဲ၊ ကြံကြီးစည်ရာကွာ"

ဤတစ်ခါ ပါးစပ် အဟောင်းသားနှင့် အံ့ဩသွားသူမှာကား ဦးဝေဒိုးပင်။ အမှန်က ဦးဝေဒိုးတစ်ယောက်သာ မဟုတ်



ဦးဝေဒိုး နှင့် ငအောင်လေးတို့ စကားကို အားလုံးက အံ့ဩတကြီး ဖြစ်သွားကြသည်။

"ဟင် ငအောင် မင်းနဲ့ငါ နေ့လယ်က ဘယ်မှာတွေ့လို့ မင်းကို ငါက ချေပေါင် ပေးရမှာလဲ၊ ပြောစမ်းပါဦး"

"ကျုပ် စင်ပြွန်းသီး တက်ခူးနေတုန်း ဦးလေးငယ်ပဲ စင်ပြွန်းပင်အောက်ကို ရောက်လာပြီး ရော့မင်းတို့စားဖို့ ငါ ချေပေါင်တစ်ချောင်း ပေးခဲ့မယ်ဆိုကော။ ခု ချက်ထားတာ ဦးလေးငယ် ပေးခဲ့တဲ့ ချေပေါင်ပဲလေ"

"ဟင် မင်း၊ စင်ပြွန်းသီး တက်တာလည်း ငါမသိ။ ချေပေါင်လည်း ငါ လာမပေးရပါလားကွ။ ငါတို့ ကြိမ်ပဲ ခုတ်နေကြတာ။ ပေါင်တစ်ချောင်း မပါတဲ့ ချေတစ်ကောင် အော်ပြေးလာတော့ တို့က ဝက်ပက်လွတ်လိုက်လို့ ပေါင်တစ်ချောင်း ပဲ့ကျန်ခဲ့တဲ့ ချေထင်ပြီး ဝိုင်းလိုက်သတ်ခဲ့ကြတာလေ။ မင်းပြောသလိုဆို တစ်မျိုးကြီးပါလား။ ငါလည်း မင်းကို လာမပေးရဘဲနဲ့ ဒါ ဘယ်လိုဖြစ်တာလဲ"

"ကျုပ်ကို ချေပေါင်တစ်ချောင်း လာပေးသွားတာ။ ကျုပ်မျက်စိထဲတော့ ဦးလေးငယ်လို့ပဲ မြင်လိုက်တယ်"

"ဟော့ကောင်တွေ မင်းတို့ ပြောစကားအရ ဆိုရင် ငါ သဘောပေါက်ပြီ။ ဒါ တောပင်းပစ်တယ်လို့ ခေါ်တယ်တဲ့"

"ဟင် တော . . တောပင်းပစ်တာ"

ဦးဝေဒိုးနှင့် ငအောင်တို့ အချီအချ ပြောနေကြသည်ကို ငြိမ်နားထောင်နေသော ဦးကွိန်က ယခုမှဝင်ပြီး တောပင်းပစ်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဟု ဆိုလိုက်သည်။

ဤသည်ကို ဦးသာဖြည့်ကြီးပင် တစ်ခါမှ မကြားဖူးဘူးသဖြင့် ဦးသာဖြည့်ကြီး ပါးစပ်ကပါ -

"ဟင် တော. . တောပင်းပစ်တာ" ဟု အံ့သြတကြီး အသံထွက်လာပြန်သည်။

"ဟုတ်တယ်ဗျ၊ ကျုပ်အဘိုး မုဆိုးကြီးက ပြောဖူးတယ်။ ဂနိုင်ထဲ တောပင်း ပစ်တယ်ဆိုတာ ရှိတယ်တဲ့။ ဒါ တောပိုင်တောင်ပိုင်တွေက တို့ကို တမင်ပေးတာ"

"ကိုကြီးကွဲ့န် ဒါမျိုး ကျုပ်တို့တော့ မကြားဖူးဘူးဗျာ၊ အံ့စရာပဲ။ ယောက်ဖကြီးတို့ ဒီအသား မစားကြနဲ့နော်၊ ကြောက်စရာကြီး ကျုပ်လည်း စခန်းကလူတွေ မြန်မြန်ပြေးပြောမှ။ ခုဆို စားတောင် စားနေကြပြီလား မသိဘူး"

ပြောပြောဆိုဆိုနှင့်ပင် ဦးဝေဒိုးသည် သူယူလာသော ချေသားထုပ်ကိုပင် လက်ကမချမိဘဲ သူတို့စခန်းဘက် ကမန်းကတန်း ပြေးထွက်သွားသည်။

ဤသည်ကို ဦးငကွဲ့န်က လှမ်းအော်ပြော၏။

"ဝေဒိုး . . ၊ ဝေး . . ဝေဒိုး အဲဒီအသားက စားကောင်းတယ်ကွ၊ မင်းတို့အားလုံး စားလိုက်ကြ။ အဲဒီအသားကိုစားရင် တောထဲတောင်ထဲ ဘေးရန်အားလုံး ပြီးတယ်တဲ့။ ငါတို့အဘိုး ဂနိုင်ကြီးမုဆိုးက ပြောဖူးတယ်ဟ။ စားသာ စားကြပါကွာ၊ ဘာဥပါဒ်မှ မဖြစ်ပါဘူးတဲ့ဝေး"

ဦးငကွဲ့န်ကဘာပဲပြောပြော ယခုချက်ထားသော ငအောင်



၏ ချေတစ်ပေါင်သားကိုမူ ဦးသာဖြည့်တို့ စခန်းက လူတွေသည်း မည်သူမျှ မစားဝံ့ကြတော့။

ဦးငကွဲ့န်ကမူ-

"ကိုကြီးဖြည့် စားစမ်းပါဗျ၊ ဟော့ကောင်ငပြား စားပမ်းပါဆို ငါ့အဘိုး မုဆိုး ငစောင်းဂျမ်းက ဒီလို တောကြီးအပင်းသား ဟာ အင်မတန် စားရခဲတယ်တဲ့။ ဒါ ကံ့စားထိုက်လို့ တောင်တောင်ပိုင်တွေက ပေးတာတဲ့။ အဘိုးဟာ ဒီဂနိုင်ထဲမှာ ဒီလိုအသားမျိုး တစ်ခါရဘူး၊ စားဖူးတယ်တဲ့။ အဘိုးစောင်းဂျမ်းတို့ ရတုန်းကတော့ ချေမဟုတ်ဘူး။ ဆတ်မလေးလို့ ပြောတယ်။ ရွာကိုတောင် အန္တရာယ်ကင်းဝေ့ပြီး တမင် စားခိုင်းကြရတာတဲ့။ ငါ့အဖေလည်း တောကြီး အပင်းပစ်သား အဘိုးစားခိုင်းလို့ တစ်ဖဲ့နှစ်ဖဲ့ စားရသေးတယ်တဲ့။ ငါ့အဘိုး ဘာဖြစ်လဲ။ အသက်ကိုး ဆယ်ကျော်မှ လူအိုပြီး သေတာ။ အဘိုးကို ကိုကြီးဖြည့်လည်း မီလိုက်တာပဲဟာ။ ဘာမှ မဖြစ်ဘူး စားကြပါဆို"

ငအောင်ယူလာသော ချေတစ်ပေါင်သားကို စားရန် ဦးငကွဲ့န်က အားလုံးလူတွေကို တိုက်တွန်း ပြောဆိုသည်။ သို့သော် ဦးငကွဲ့န် မည်သို့ပြောပြော ဦးသာဖြည့်ကအစ မည်သူမျှ မစားဝံ့ကြတော့။

ဦးငကွဲ့န်ကမူ တစ်ယောက်တည်း ချေတစ်ပေါင်သားကို အားမကုန်သဖြင့် နောက်တစ်နေ့ မနက်စားရန်ပင် ချန်ထားလိုက်သေးသည်။ ဤသည်နှင့်ပင် အားမရသေးဘဲ နောက်တစ်နေ့ မနက်မှာ ဦးဝေဒိုးတို့စခန်း လိုက်သွားပြီး တောကြီးပင်းပစ် ချေ

www.burmeseclassic.com



သားအားလုံးကို ထမ်းချလာကာ လင့်တဲအောက်တွင် ကျပ်တိုက်ထားလိုက်သေးသည်။ ရွာပြန်သောအခါ ရွာက သူ့ဆွေမျိုးတွေကို အန္တရာယ်ကင်း ဘေးကင်း တစ်ယောက် နည်းနည်းစီ ကျွေးထားရမည်ဟု ဆို၏။

ဤအသားကို စားထားလျှင် ဂုန်းပင်း၊ နတ်ပင်း၊ တောပင်း၊ တောင်ပင်း အမှောင့်ပယောဂ အားလုံးပြီးသည်။ လူပြုစား၍လည်း မရဟုပြောလေသည်။ ထို့ကြောင့်လည်း ဦးငကွိန်ကား ချေတစ်ပေါင်သားကို တစ်ယောက်တည်း အကုန်စားလေသည်။

ဦးငကိုန်ပြောသည်မှာ ဟုတ်ကောင်း ဟုတ်နိုင်ပေသည်။ သူတို့သည် ထိုနေ့ ထိုရက်ကစပြီး အောက် မဟာဂနိုင် တောမြို့ကြီးထဲတွင် တစ်ပေ၊ ကိုးသီတင်း ကြိမ်လှည်း ငါးစီးတိုက် ရသည်အထိ နေခဲ့ကြသည်။

တောရောက်စကလို ပြန်လူလာခြင်း၊ လူမျှောင်ခြင်း အသံဗလံများနှင့် ခြောက်လှန့်ခြင်းတို့ကို နောက်ပိုင်းမှာ တစ်နေ့မှ မကြားရ၊ မတွေ့ကြုံကြရတော့ပေ။

ဝေယံလင်းခေါင်

www.burmeseclassic.com